
www.burmeseclassic.com

# ပုညခင်



BURMESE CLASSIC .com

www.burmeseclassic.com


www.burmeseclassic.com

ရွှေသမင်စာပေ၏ စီစဉ်တင်ဆက်မှု

# မှုညခင်

BURMESE CLASSIC .com

# ချစ်သူရှိတဲ့မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



# ချစ်ခြင်းနှင့် မေတ္တာ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

"ကလောင် ... ကလင် ... ၊ ကလောင် ကလင် ..."

နည်းနည်းလေးမှ သာယာနာပျော်ဖွယ် မရှိသော နာရီနှိုးစက်သံနှင့်အတူ ဦးဖေသက်ထွင် အိပ်ရာမှ ထ,လာရပါသည်။

"အေးဟေ့ ... ထပြီဟ ... ထ,ပြီ ... တိတ်တော့ ... တိတ်တော့ ..."

သူက ခုတင်ဘေး စားပွဲပေါ်မှာ ဆူဆူညံညံ ပေးနေသော နာရီ alarm ခလုတ်ကို မျက်လုံး မဖွင့်ဘဲ ဖြင့် စမ်း၍ လှမ်းပိတ်လိုက်ပြီး လူတစ်ယောက်ကို သလို လှမ်းပြောလိုက်သည်။

သူ အိပ်ရာမှ ထ,ဖို့ ပထမဦးဆုံး ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com

သည့် အနေဖြင့် မျက်လုံးတွေကို စ,ဖွင့်ရပါသည်။ သူ့မြင်ကွင် ထဲသို့ ပထမဦးဆုံး ဝင်ရောက်လာသည်က ကြမ်းပြင်ပေါ် ပြုတ်ကျနေသည့် ရေသန့်ဘူးခွံများ၊ စားလက်စ ချော့ကလက် တောင့်များ၊ နေကြာစေ့ခွံများ၊ ခုတင်အောက်ထိ လိမ့်ဝင်နေ သည့် Coca Cola ဘူးခွံ၊ ပြန့်ကျဲနေသည့် ကွန်ပျူတာ Game ခွေများ၊ စာအုပ် တချို့၊ စက္ကူ အပိုင်းအစများ နောက် ... ကွန်ပျူတာ တစ်လုံး၊ အခန်းရဲ့ တစ်ဖက် နံရံမှာ ကပ်လျက် ရှိနေသည့် တူတော်မောင် နေမင်းထင် အိပ်စက်ရာ ခုပင် ပေါ်မှာတော့ တွဲလောင်းကျနေသော ပုဆိုး တစ်ထည် ရှုပ်ပွကာ ထင်သလို ပစ်ခတ်ထိုးကြိတ်ထား ခဲ့သော စောင် ခေါင်းအုံး၊ ဖက်လုံးကလည်း ခုတင်အောက် ပြုတ်ကျနေ သေးသည်။ ခုတင်ဘေး အင်္ကျီချိတ်သည့် စင်ပေါ်မှာ ခါးပ နှစ်ချောင်းက တွဲလောင်းကျကာ နေသည်။ ဘောင်းဘီရှည် တွေကလည်း ယောင်လောက်ကန့်လန့် ချိတ်ထားတာမို့ ရွဲ့စောင်း ကာ အောက်ပြုတ်ကျလုဆဲဆဲ ရှိနေရပါသည်။

ဒါဟာ ... သူ့အတွက်တော့ နံနက်ချိန်ခ ရှုခင်းပသာဒ တစ်ခုပင် ဖြစ်ပါသည်။ အိမ်မှာက အိပ်ခ ဆိုလို့ ဒီတစ်ခန်းပဲ ရှိတာမို့ တူဝရီး နှစ်ယောက်သား နံ တစ်ဖက် တစ်ချက်ဆီမှာ ခုတင်တစ်လုံးစီ နေရာချ



BURMESE CLASSIC .com



ဤအခန်းကို စပ်တူ ပိုင်ဆိုင်ထားခဲ့ကြတာပင် ...။ ဟိုးအရင် ဒီကောင် နယ်ကနေ ရန်ကုန် ရောက် မလာခင်ကတော့ ဒီအခန်းကို သူ တစ်ယောက်တည်း သီးသန့် ပိုင်ဆိုင်ခွင့် ရထားခဲ့သည်။ အဲဒီတုန်းကဆို သူ့အခန်းဟာ အမြဲ ရှင်းလင်း ပြောင်လက်နေပြီသား ...။ သူက သူ့အခန်းထဲကို ဘယ်သူ ဝင်ရှင်းတာကိုမှ မကြိုက် ...။ အိမ်က အကူ ကောင်မလေး ကိုလည်း အဝင်မခံ ...။ သူ့ဘာသာ သန့်ပြီး တောက်ပြောင် နေအောင် အမြဲ ရှင်းလင်းထားခဲ့သည်။

တူတော်မောင် ရောက်လာတော့မှ သူ့မှာ အခန်းကို တစ်ဝက် ခွဲပေးလိုက်ရသည့် အပြင် စည်းမရှိ ကမ်းမရှိ ပိုးစိုးပက်စက် နေတတ်သော တူတော်မောင်ရဲ့ အရှုပ်ထုပ်တွေကပါ သူ့အပေါ် ဖိစီးလာခဲ့ရသည်။ မနက် မိုးလင်းလို့ မျက်စိနှစ်လုံး ဖွင့်တာနှင့် ရှုပ်ပွနေသော မြင်ကွင်း ကို မြင်ရမြဲပင် ...။ အမြင် မတော်တိုင်း ကောက်ကောက် သိမ်းနေရသော သူ့မှာသာ တစ်နေ့ တစ်နေ့ ဖတ်ဖတ် မော နေသည်။ နေ့တိုင်း နောက်ကျမှ ထ,တတ်သော နေနေ တစ်ယောက် ဒီနေ့ကျမှ စောစောစီးစီး ဘယ် ထ,သွားသည် မသိပါ ...။

"ဩော် ... ဒုက္ခ ... ဒုက္ခ ... ဒီအခန်းကို နေ့တိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဒီလို ရှုပ်ပွနေအောင် လုပ်ဖို့အတွက် သူ့မှာ တာဝန် ရှိနေသလိုပါပဲလား ... ၊ တာဝန် ကျေလိုက်တာ ... ၊ တခြား ကိစ္စတွေပါ ဒီလောက် တာဝန်ကျေလိုက်ရင် ဘယ်လောက် ကောင်းလိုက်မလဲကွာ ...”

သူက အမြင်မတော်သော အရှုပ်အပွတွေ
ာစ်ခုပြီး တစ်ခု လိုက်ကောက်စုစည်းနေဆဲ ဗိုက်က ဆာ
ါသည်။ အိပ်ရာ နိုးတာနှင့် တစ်ပြိုင်တည်း ဗိုက်ဆာတတ်
ဗိုက်ဆာလာလျှင်လည်း အိပ်ရာမှ နိုးတတ်တာက သူ့
ျင့် ဖြစ်ပါသည်။ သူကြိုက်တဲ့ ပဲပြုတ်ကို အသေးလေးက
ာ ထားကာ ဝယ်ထားပါ့မလားလည်း မသိပါ ...။
ါလောက်မှာမှာ ... ဘာပဲ မှာမှာ မှတ်မထားတတ်သော
သးလေး အကျင့်ကလည်း သူ့ကို အမြဲ စိတ်ဒုက္ခ ပေး
ါပါသည်။ သူ့ ပါးစပ်က ပွစိပွစိ တဖျစ်တောက်တောက်
ရင်း ပစ္စည်းတွေကို ကောက်သိမ်းနေဆဲ အိမ်ရှေ့ ဧည့်ခန်း
အသေးလေး အသံက စီခနဲ လွင့်ထွက်လာသည်။

“ဟော့ ... တုံတုံ ... ဟော့ ... ပေါချော ... ညမွှေးပန်း ရော ပါလားဟေ ... မမေးပါလေ၊ အေးပါ ဟေ ... လုံခြုံ စိတ်ချ နူးညံ့ပါသလေ ... ညမွှေးပန်း ပါ ... အေ ...”





“ဩော် ... ဒီ အသေးလေးဟာ မနက် စောစောစီးစီး ကျက်သရေ မရှိ ... မင်္ဂလာ မရှိ ဘာတွေ ဆိုမှန်း မသိပါဘူး ...”

သူက သိမ်းလက်စ ပစ္စည်းတွေကို စားပွဲပေါ် ဆောင့်ချကာ အခန်းပြင်ကို ခပ်သုတ်သုတ် ထွက်လာသည်။ သူ အခန်းဝမှာ ရပ်မိတော့ ပုံမကျပန်းမကျ ခုန်ဆွဆွ လုပ်နေသော အသေးလေးကို လှမ်းမြင်ရပါသည်။ ဒင်းက လက်ထဲမှာ ကြက်မွေး တံမြက်စည်းကို ဟန်ပါပါ ကိုင်၊ တစ်ဖက်က ထဘီ တစ်စကို အသာမ,ကာ အသံသေး အသံကြောင်ဖြင့် အားပါးတရ သီချင်း အော်ဆိုနေသည်။ ဆယ့်လေးနှစ်သာ ရှိသေးသော အသေးလေးကို ရိုးသားသည့် အချက်ကလေးကြောင့်ပင် အလုပ် ခန့်ထားရပေမယ့် ကျန်သည့် နေရာတွေ ချာတူးလန်ကာ စိတ်ကိုက ရူးတူးပေါ်တော ဖြစ် နေသေးသည်။

“ဟော့ ... တုံတုံ ... ဟော့ ... ပေါချော ...”

“ဟဲ့ ... အသေးလေး ...”

“အမလေး ကြောက်ပါတယ် အန်ကယ်သက်ရဲ့”

အသေးလေးက ပေါချောကို ခေါ်ဆဲ ... သူက အသေးလေးကို အော်ခေါ်လိုက်တာမို့ အသေးလေးက



www.burmeseclassic.com

www.burmeseclassic.com

လန့်ခုန်ကာ အသံပြာပြာဖြင့် ထ,အော်လိုက်သည်မှာ ဝက်ဝက်ကွဲ၍ သွားလေသည်။

"နင့်ကို ဘာလုပ်ရသေးလို့ ဒီလောက် အော်ရတာလဲ မြင်ရ ကြားရတာ နည်းနည်းလေးမှ အချိုးမပြေဘူး ..."

"ဟို ... အန်ကယ်က ဖြုန်းခနဲ အော်လိုက်တော့ ကျွန်မက လန့်တာပေါ့ ..."

"အေး ... ခေါ် သိလား ... ခေါ်၊ အဲဒီ ဦးကြီးပဲ ခေါ် ...၊ နင့်ကို ဒီလို မခေါ်ပါနဲ့လို့ ပြောထားတာ ဘယ်နှစ်ခါ ရှိပြီလဲ၊ လေးလေးဖြင့် လေးလေး ... ဦးလေးဖြင့် ဦးလေး ... အန်ကယ်သက်ဖြင့် အန်ကယ်သက် ခေါ်ပါလား ...၊ နင့်ကို ပြောရင် ဘယ်တော့မှ မှတ်မထားဘူး၊ ငါ့မှာ နင် အဲဒီလို တစ်ခါခေါ်တိုင်း အသက် တစ်နှစ် ကြီးကြီးသွားသလိုပဲ ..."

"ဟို ... ဦးကြီးက လူကြီး ဆိုတော့ ပြီးတော့ လူပျိုကြီး ဆိုတော့ ..."

"တော် ... တော်တော့ ... အသေးလေး ...၊ ဆင်ခြေမပေးနဲ့ ...၊ နင့်ကို ငါ သတိပေးမယ် ... မနက်မိုးမလင်းခင် နင့် ပါးစပ်က မဟုတ်က ဟုတ်က





သီချင်းတွေ အော်အော် ဆိုမနေနဲ့ ...၊ ဆိုလိုက်မှဖြင့် ကြော်ငြာ သီချင်းချည်းပဲ၊ ဘာ ကြော်ငြာလို့ ကြော်ငြာမှန်း မသိ ... ပါးစပ်က တတွတ်တွတ် ဆိုနေတာ၊ ကြားရတာ နားမချမ်းသာဘူး ...၊ ည,ည တီဗွီဖွင့်တိုင်း ကြော်ငြာတွေ မကြည့်ချင်လည်း ကြည့် ... ကြည့်ချင်လည်း ကြည့်နေရတာက တစ်ဒုက္ခ ...၊ ဒီကြားထဲ နင့်အသံ ထပ်ကြားရတာလည်း တစ်ဒုက္ခ"

BURMESE CLASSIC .com

သူက အသေးလေးကို ဆူပွက်ရင်း စားပွဲခုံပေါ် လက်ညှိုးဖြင့် ပွတ်ဆွဲလိုက်သောအခါ ဖုန်တွေကညည်းခနဲ ပါလာသည်။

"နင် အခု ဘာလာလုပ်နေတာလဲ အသေးလေး ..."

"ဟို ... ဦးကြီး ... အဲ ... အန်ကယ်သက် မြင်တဲ့အတိုင်းပဲလေ ...၊ တံမြက်စည်း လှည်းနေတာ ..."

"ဒါလား ... တံမြက်စည်း လှည်းတာ၊ နင် တံမြက်စည်းကို ဟုတ်တိပတ်တိ လက်ကြောတင်းတင်း မလှည်းဘဲ တံမြက်စည်း မြှောက်ပြီး သီချင်းအော်ဆိုနေတာ ငါ့ မျက်မြင်ပဲ ...၊ ကဲ ... ဒီမှာကြည့်စမ်း၊ မြင်လား ... ငါ့ လက်ညှိုးမှာ ဖုန်မှုန့်တွေ မည်းနေတာ၊ နင် အသုံးမကျတာ အသိသာကြီးပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ခုန လေးလေး လက်ညှိုးနဲ့ ပွတ်ဆွဲကြည့်လိုက်တဲ့ နေရာက ကျွန်မမှ မလှည်းရသေးတာ"

"နင့် ပြောလိုက်တိုင်း ဆင်ခြေချည်းပဲ၊ ကဲ ... အဲဒါအသာထားလိုက်ဦး၊ ငါ ဗိုက်ဆာတယ်၊ စားဖို့အဆင်သင့် ဖြစ်ပြီလား ..."

"ဟုတ်ကဲ့ ... ဖြစ်ပါပြီ၊ ကော်ဖီ ဖျော်ထားပါတယ်"

"ကော်ဖီ ... ဟုတ်လား၊ ကော်ဖီ ငါမသောက်တာနင် မသိဘူးလား၊ ပဲပြုတ်နဲ့ ထမင်း နယ်တာပဲ ငါစားနေကျဆိုတာ နင့် ဦးနှောက်က မှတ်မထားဘူးလား"

"ဟို ... ပဲပြုတ်သည် ခေါ်တာ မမီလိုက်လို့ ..."

"ကျွတ် ... တစ်သည် မမီ နောက် တစ်သည်ခေါ်ပေါ့ ... ဟော ... ဟော ... ကြားလား ... ပဲပြုတ်တဲ့ခေါ်လိုက် ... သွားခေါ်လိုက်စမ်း ..."

သူက ဆူပွက်နေဆဲ ... ပဲပြုတ်သည်ရဲ့ အသံရှူးရှူးကို ကြားလိုက်ရတာမို့ အသေးလေးကို ပျာပျာသလဲ တိုက်တွန်းရပါသည်။ အသေးလေးက ပဲပြုတ်သည် လာရာ အိမ်ရှေ့ဘက်ဆီ မပြေးမထွက်ဘဲ နောက်ဖက်သို့ ခြေလှမ်းပြင်ကာ ...





"ဟယ်တော် ... ဒုက္ခပဲ၊ ဟင်းအိုး တည်ထားတာခုမှ သတိရတယ် ...၊ တူးကုန်ပြီလား မသိဘူး၊ အန်ကယ်သက် ... အန်ကယ်သက်ပဲ ခေါ်လိုက်ပါတော့နော် ..."

အသေးလေးက မီးဖိုချောင်ဘက် ပျာယာခတ်ပြီး ပြေးဝင်သွားတော့ သူ ဘာလုပ်ရမှန်း မသိဘဲ ကျန်ရစ်ရသည်။

"ဟောဒီက ပဲပြုတ် ..."

ပဲပြုတ်သည်ရဲ့ အသံက ကျယ်လာတော့ သူ ခေါင်းတစ်ချက် ကုပ်မိသည်။ လမ်းနှင့် အိမ်က အတော်လေး လှမ်းသည်။ သူ အော်ခေါ်လိုက်ဖို့ကို ဝန်လေးနေရပါသည်။ 'ပဲပြုတ်သည် လာပါဦးဗျို့' လို့ အော်ခေါ်ရမှာလား၊ 'အစ်မရေ ... ပဲပြုတ် ဝယ်ချင်လို့ ခင်ဗျ' လို့ ခေါ်ရမှာလား။ သူ ... စကားလုံး ရွေးချယ် နေမိပါသည်။ ကိုယ် သုံးမိသည့် အသုံးအနှုန်းက ရိုင်းပျသွားမှာကိုလည်း စိုးရိမ်မိသေးသည်။ သူ ဒီလို ဈေးသည် အော်ခေါ်ရသည့် အလုပ်မျိုး တစ်ခါမှ မလုပ်ခဲ့ဘူးပါ။

သူက အတန်ကြာ အကျပ်ရိုက်နေပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ မိန်းမတွေများ အဲဒါ ခက်တာပေါ့၊ စေတနာနဲ့ ပြောလည်း နားမလည်ဘူး၊ ခွေးကောင် မိုးသား ... မင်းလည်း ကြပ်ကြပ် သတိထား၊ တွေ့မှ လာအလွမ်း သယ်မနေနဲ့ ....၊ ပြော ... ငါ့ဖို့ ဘာပါလဲ ..."

"မင်းကလည်း အရင်လိုလိုက်တာကွာ၊ နောက်တော့ ပေးမှာပေါ့ ..."

နေနေသည် မိုးသားကို တရင်းတနှီး စကား ပြောနေသော်လည်း စိတ်ထဲကတော့ ကြိတ်၍ အကဲခတ်နေ မိပါသည်။ မိုးသား မျက်လုံးတွေဟာ တစ်ခုခုကို ဖုံးကွယ် ထားသလိုပဲဟုတော့ သူထင်သည်။ အဲ့ဒါဟာ ဘာဖြစ်သလဲ ... ညလေး ရှေ့မှာတော့ မိုးသားကို ဘာမှ မမေးချင်ပါ ...။ ယောကျ်ားချင်းမို့ မိုးသားဟာ ညလေးကို အရင်လို မချစ်တော့ဘူး ဆိုတာကိုတော့ သူ့စိတ်က အလိုလို သိနေပါသည်။

ညလေးကတော့ မိုးသားကို ပြန်တွေ့ရပြီး တခြား ဘာဘာညာညာ မစဉ်းစားတော့ဘဲ စိတ်ထဲမှာ ကြည်လင်နေရပါသည်။ နေနေရဲ့ အကဲခတ် မျက်ဝန်းတွေကို လည်း ညလေး သတိမပြုမိပါ ...။ ခုချိန်မှာတော့ အပျော်စိတ် တစ်ခုသာ ညလေးကို ဖုံးလွှမ်းနေခဲ့ပါသည်။





"အဟမ်း ..."

ချောင်းဟန့်သံက သူတို့ နောက်နားဆီမှ ပေါ်လာတာမို့ အားလုံး ပြိုင်တူ လှည့်ကြည့်မိကြပါသည်။ ပေါင်မုန့် ဖုတ်သည့် ဝတ်စုံဖြူ ဝတ်ထားသော အန်ကယ်သက်က ပြုံးလျက် ခေါင်းတစ်ချက် ညွှတ်ပြကာ ...

"ဧည့်သည် ရောက်နေတာလား ...၊ အထဲကို ကြွပါ ခင်ဗျာ ..."

ညလေးက အန်ကယ်သက်ကို ကြည့်လျက် ကြည်လင်စွာ ရယ်မောလိုက်ရင်း ...

"အန်ကယ်သက် ... မိုးသား ပြန်လာပြီ သိလား၊ ဒါ ညလေး ပြောပြောနေတဲ့ မိုးသားလေ၊ အန်ကယ်သက် ထင်တဲ့အတိုင်းပဲ မိုးသားက ညလေးအပေါ် သစ္စာရှိတယ်၊ နောက်ဆုံးတော့လည်း ညလေးဆီပဲ ပြန်လာရတာပဲ ..."

"ဪ ... အေး ... အေး ... ဝမ်းသာပါတယ်ကွာ"

ဦးဖေသက်ထင်သည် ညလေး၏ အပျော် မျက်နှာကို ကြည့်ရင်း ရင်ထဲ ငြိမ်းချမ်းသွားရပါသည်။ သို့သော် ချက်ချင်း ရင်ပြန်ပူလာရသည်။ ဟိုကောင့် မျက်နှာ ကြည့်ရတာတော့ အကြည်ကျနေပုံပဲ၊ ကေန္တတော့ သူ့စာ



www.burmeseclassic.com

www.burmeseclassic.com



အမြန်ပြန်ဝင် ... အသေးလေးကို ပဲပြုတ်နှင့် ထမင်းကို ဆီဆမ်းထားဖို့ မှာထားခဲ့ပြီး မျက်နှာ အမြန်ပြေးသစ်ရသည်။ သူ မျက်နှာသစ်ပြီး အိမ်ရှေ့ပြန်ထွက်လာတော့ အခန်းထဲ လှစ်ခနဲ ဝင်သွားသော နေနေ့ကို လှမ်းမြင်လိုက်ရသည်။ သူက ပဲပြုတ်နှင့် ထမင်းကို မစားအားသေးဘဲ အခန်းထဲ ဝင်လိုက်လာရသည်။ အခန်းထဲ ရောက်တော့ ခုတင်ပေါ်မှာ မှောက်ရက်ကြီး ဆန့်နေသော တူတော်မောင်ကို တွေ့လိုက်ရပါသည်။

"ဟောကောင် ... နေနေ၊ မင်း ... မနက်အစောကြီး ဘယ် ထ,ထွက်သွားတာလဲ ..."

လမ်း ထ,လျှောက်တာပါ အန်ကယ်သက်ရာ၊ ဟိုဘက်ခြံက ညီအစ်မ နှစ်ယောက် လမ်း ထ,လျှောက်တာ မြင်တာနဲ့ လမ်းလည်း လျှောက်ရင်း လိပ်ဥလည်း တူးရင်းပေါ့ ..."

"အေး ... မင်း လိပ်ဥတူးတာက အရေးမကြီးဘူး နေနေ ...၊ အခု ဒီမှာ ကြည့်စမ်း ... မင်း ရှုပ်ထားတဲ့ ပစ္စည်းတွေ ပွထ,နေတာ မြင်လို့ကို မကောင်းဘူး၊ ဘယ့်နှယ့်ကွာ ယောကျ်ားဖြစ်ပြီး နေကြာစေ့ကလည်း ကြိုက်သေး ...၊ ငါ မြင်ဖူးတာတော့ နေကြာစေ့ စားတာ မိန်းကလေးတွေပဲ၊ ကဲ ... ကဲ ... ဒီမှာ





တစ်ဆိတ်လောက် ထ, ကြည့်လိုက်စမ်းပါဦး ... မောင်မင်းကြီးသားရယ်၊ နေကြာစေ့ခွံတွေကလည်း တစ်ခန်းလုံး အနှံ့အပြား၊ စားထား သောက်ထားတာ တွေကလည်း တိုးလို့တွဲလောင်း ... မြင်ရ တွေ့ရတာ နည်းနည်းမှ မျက်စိပသာဒ မဖြစ်ဘူး၊ ငါ တစ်ယောက်တည်း ဒီအခန်းမှာ နေတုန်းကဆို ရှင်းလို့ လင်းလို့ ... မင်းကို လက်ခံထားမိတော့မှပဲ ငါးပါးမှောက်တော့တယ် ..."

"အန်ကယ်သက်ကလည်းဗျာ ... လူမျိုးကြီးလို့ကို မပြောရဘူး ... အမြဲ ဗျစ်တောက် ဗျစ်တောက် လုပ်နေတော့တာပဲ၊ ရှုပ်နေရင် အိမ်ဖော် ကောင်မလေးကို ခေါ်ရှင်းခိုင်းလိုက်ပေါ့ ..."

"ဒါ ... လူပျို အခန်းကွ၊ ဘယ်တုန်းကမှ ဘယ်မိန်းမကိုမှ ငါ့ အခန်းထဲ အဝင်ခံတာ မဟုတ်ဘူး၊ တစ်သက်လုံး ကတည်းက ငါ့ဘာသာ ရှင်းလင်းလာတာ ...၊ ကဲ ... ထ,ကွာ ... ထ,စမ်း ... ဒီမှာ ရှုပ်ပွနေတာတွေ ရှင်းစမ်း၊ ငါက ပေါင်မုန့်ဆိုင် အချိန်မီ သွားဖွင့်ရဦးမယ်၊ မင်း ... ဒါတွေ ရှင်းပြီး လိုက်လာခဲ့ ... ဆိုင်မှာ လူကျရင် ငါ မနိုင်ဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



"ပြီးမှ ရှင်းမယ် အန်ကယ်သက်ရာ၊ ကျွန်တော် ပြန်အိပ်လိုက်ဦးမယ် ..."

"ပြီးမှ ရှင်းမယ် ... ပြီးမှ ရှင်းမယ်နဲ့ မင်း ဘယ်တုန်းကများ ရှင်းဖူးသလဲ ... နေနေ၊ ငါပဲ အမြဲ ရှင်းနေရတာ မဟုတ်လား ...၊ တစ်နေ့ တစ်နေ့ ကွန်ပျူတာရှေ့ ထိုင်ပြီး ပညာရှာတာက နည်းနည်း၊ Game ကစားတာက များများ၊ လတ်လျား လတ်လျားဟိုလျှောက် သွား ... ဒီလျှောက်သွား၊ ငါ ပေါင်မုန့်ဖုတ်သင်ပေး ပါ့မယ် ဆိုတော့လည်း မသင် ... မင်းသာပေါင်မုန့် ဖုတ်တတ်ရင် ငါ နည်းနည်းပါးပါး နားရတာပေါ့ကွ"

"ယောကျ်ားကြီး ဖြစ်ပြီး ပေါင်မုန့်ဖုတ်ရတာ မမိုက်ပါဘူး အန်ကယ်သက်ရာ ... မလုပ်ချင်ပါဘူး"

"အေး ... အဲဒီ မမိုက်တဲ့ အလုပ်ကိုပဲ ငါ လုပ်လာတာ နှစ် နှစ်ဆယ် ရှိပြီ ...၊ ဒီအလုပ်နဲ့ပဲ ငါ့ညီမတွေကို ငါ ကျောင်းထားပေးခဲ့တာ၊ လူတစ်လုံး သူတစ်လုံး ဖြစ်အောင် လုပ်ပေးခဲ့တာ၊ မင်းကို ထမင်းကျွေးထားခဲ့တာ ... ကျေးဇူး မမေ့နဲ့ ..."

သူကသာ အာပေါက်အောင် ပြောနေပေမယ့်





သူ့ တူကတော့ နည်းနည်းမှ မလှုပ်ပါ ...။ ဆံပင်ပုံစံက မျက်နှာအေးမှာ ဝဲနေသည့် ခပ်ရှည်ရှည် ဖြောင့်ဖြောင့်၊ ထရက်ဆုံ အဖြူရောင်လွလွကို ရှိုးများများနှင့် ဝတ်သွားပြီး ပြန်လာတော့ အဝတ်မလဲဘဲ ဖြစ်သလို ထိုးအိပ်နေသည်။ စိတ်တိုင်း မကျသမျှသာ လိုက်ပြောရလျှင် သူ့ပဲ လူပျိုကြီးပီပီ ဗီဇာကြောင်တယ်ရယ်လို့ ဖြစ်ရဦးမည် ...။ သို့သော် သူကလည်း မပြောဘဲ မနေနိုင်ပါ ...။

"မင်း ကြည့်ရတာကွာ လမ်းလျှောက်ချင်တာက နည်းနည်း ရှိုးထုတ်ပြီး မိန်းမ ပိုးချင်တာက များများပါ၊ မင်း အခု ဝတ်ထားတဲ့ ထရက်ဆုက ဟိုတလောက ငါ့ဆီက မုန့်ဖိုးတောင်းပြီး သွားဝယ်တဲ့ ထရက်ဆု မဟုတ်လား ...၊ တန်ဖိုးကြီးကြီးတော့ ဝတ်တာတ်ပြီး စည်းကမ်းမရှိရင် အလကားပဲ၊ ကြိုက်တော့ အဖြူရောင် ... ပြီးတော့ ... ဖြစ်သလို ထိုးအိပ်နေလိုက်တာ ...၊ အကျီက တွန့်ကြေပေမွပြီး ချွေးတွေ ဂျီးတွေနဲ့ ပစ်ရတော့မှာပဲ ..."

သူက ပါးစပ်ကသာ တတွတ်တွတ် ပြောရပေမယ့် လက်ကတော့ သူ့ တူ ရှုပ်ထားသည့် ပစ္စည်းတွေကို ကောက်သင်းကောက်သလို လိုက်ကောက်နေရပါသည်။ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကမှ မရှင်းလျှင် သူကလည်း ရှင်းမည့်ပုံ မဟုတ်ပါ။ ဒီအတိုင်း ပစ်ထားလိုက်လျှင်တော့ သူ့အခန်းက အမှိုက်ပုံ ဖြစ်သွားနိုင်ပါသည်။ သူက အနည်းငယ်လည်း စိတ်မရှည် ဖြစ်လာရကာ ...

"ဟော့ကောင် နေနေ ..."

"ခင်ဗျာ ...၊ ဟာ ... အန်ကယ်သက်ကလည်းဗျာ၊ ဒီမှာ အိပ်ပျော်တော့မယ့် ဆဲဆဲ ..."

"ဒီမှာ မင်း မျက်လုံးကို ဖွင့်ပြီး ဒီဘက်ကို လှည့်ကြည့်လိုက်စမ်း ..."

သူ့တူက အိပ်ချင်မူးတူး ရုပ်ဖြင့် လှည့်ကြည့်လာသည်။

"ငါ ရှင်းထားတာ မင်း တွေ့တယ် မဟုတ်လား၊ နောက်ကို မင်း ရှင်းရမှာ ပျင်းရင် မရှုပ်ပါနဲ့ ...၊ အေး ... မနေနိုင်လို့ ရှုပ်မယ် ဆိုရင်တော့ ငါ ... အခန်းကို တစ်ဝက် ဝက်လိုက်မယ်၊ မင်းဘက်ခြမ်းမှာ မင်း ကြိုက်သလောက် ရှုပ်၊ ငါ့ဘက်ခြမ်းကို ဘာမှ လွင့်စင် ပြုတ်ကျ မလာစေနဲ့ ..."

သူက မြေဖြူတစ်ခဲ ယူကာ ကြမ်းပြင်ပေါ်





မှာ ခြစ်ဆွဲလျက် ဟိုဘက် ဒီဘက် ခွဲပစ်လိုက်ပြီး အခန်းပြင် ပြန်ထွက်လာခဲ့သည်။ နာရီ ကြည့်တော့ ကိုးနာရီ ထိုးတော့မည်။ သူ့ ပဲပြုတ်နှင့် ထမင်းဆီဆမ်း ပန်းကန်ကို ခပ်မြန်မြန် ယူစားရပါသည်။ တစ်ဇွန်း ခပ်စားလိုက်တော့ အရသာက ပေါ့ရွှတ်နေသည်။ အသေးလေးကို ခေါ်ရပြန်သည်။

"အသေးလေး ..."

"ရှင် ..."

"နင် ပဲပြုတ်ဆီဆမ်း ပန်းကန်ထဲ ဆား မထည့်ဘူးလား ..."

"အဲ ... မေ့လို့ ..."

ထပ်မံ ဆူပွက်နေလျှင် ဆိုင်ဖွင့်ချိန် မမီဖြစ်တော့မှာမို့ သူ့ဘာသာသူ ထ,ကာ ဆားပုလင်း သွားယူ၊ ကော်ထည့်၊ ခပ်မြန်မြန် ခပ်စားပြီး ဆိုင်ဘက်သို့ ခပ်သုတ်သုတ် ကူးလာခဲ့ရသည်။ သူ ခန့်ထားသော သူ့ အလုပ်သမားက သူ့ထက် နောက်ကျစမြဲမို့ သူ့ဘာသာ ဆိုင်ဖွင့်လိုက်ရသည်။ အဝတ်လဲသည့် အခန်းလေးထဲ ဝင်ကာ ပေါင်မုန့် ဖုတ်လျှင် ဝတ်လေ့ရှိသည့် ဝတ်စုံဖြူလေး ဝတ်ပြီး ခေါင်းဆောင်းကိုပါ စနစ်တကျ ဆောင်းလိုက်ပါသည်။ ဝတ်စုံပြည့် ဖြစ်တော့မှ ဆိုင်ရှေ့ မှန်တံခါးမှာ ချိတ်ထားသည့် close



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့် ကတ်ပြားလေးကို open ဘက်သို့ ပြန်လှည့်ချိတ်လိုက်သည်။

အဲဒီနောက်တော့ ဆိုင်ရှေ့ ရောက်လာသော ပေါင်မုန့် ဝယ်နေကျ ဖောက်သည် တစ်ယောက်ကို သူက လက် နောက်ပစ်၍ ခါးကို ညွှတ်ကာ ခပ်ပြုံးပြုံး မျက်နှာထားဖြင့် ...

"မင်္ဂလာပါ ခင်ဗျာ ..."

ဟု ဦးညွှတ် ကြိုဆိုလိုက်ပါသည်။ သူ့ ပေါင်မုန့် ဆိုင်ကလေးမှာတော့ သူပဲ အလုပ်ရှင် သူပဲ အလုပ်သမား ဖြစ်လေသည်။



♥ ♥ ♥

သူ့ဘဝသည် အဲဒီလိုနှင့်ပင် မနက် မိုးလင်းတိုင်း ဆူညံသော နှိုးစက်သံဖြင့် အိပ်ရာ ထ,လိုက်၊ အိမ်ဖော်ရဲ့ အချိုးမပြေသော လုပ်ရပ်တွေကို ဆူပွက်လိုက်၊ အချိုးမပြေသော စားစရာတွေကို မျိုမျိုချလိုက်ဖြင့် နှစ်ပေါင်းများစွာ အသားကျခဲ့ပြီး ဖြစ်လေသည်။

သို့သော် ... သူက သူ့ဘဝကို သူ တစ်ခါမှ စိတ်မပျက်ခဲ့ဘူးချေ ...။ သူ့ဘဝဟာ လိုအပ်ချက်တွေဖြင့် ပြည့်နေရသည်လို့လည်း စိတ်တိုင်းမကျ ယူကျုံးမရ မဖြစ်မိချေ။ မျက်စိထဲ မြင်ရာ တွေ့ရာ စိတ်တိုင်းမကျတာ တွေ့လျှင် တောတဖြုတ် ဗျစ်တောက်ဗျစ်တောက် ပြောပြီး မကြာမီ မေ့သွားလေသည်။ သူ့ စိတ်ထဲတွင် ဘာအငြိုးအတေး



www.burmeseclassic.com

www.burmeseclassic.com



အာဃာတမှ ကင်းအောင်းမနေခဲ့တာမို့ သူ့ စိတ်သည် အမြဲလို ပေါ့ပါး ကြည်လင်၍ နေရလေသည်။

သူ ငယ်ငယ်ကတည်းက မိဘတွေ ဆုံးပါးသွားခဲ့တာမို့ မိဘမဲ့ ညီမတွေကို သူကပင် ဦးဆောင်၍ ပြုစုပျိုးထောင်ခဲ့ရတာ ဖြစ်သည်။ သူကသာ နှမတွေကို ချစ်ရ, သနားရ, ညှာတာရပေမယ့် သူ့ ညီမတွေကတော့ လိမ္မာ လှတယ်ရယ်လို့ မဟုတ်ပေ ...။ သူ့မှာတော့ နှမတွေ အပျိုအရွယ် ဖြစ်ပြီး လှချင် ပချင်လာချိန်မှာ တစ်မျိုးပြီး တစ်မျိုး ပူဆာသမျှကို ဖြည့်ဆည်းနိုင်ဖို့ တစ်နေ့တစ်နေ့ ပေါင်မုန့်ဖိုထဲကကို ထွက်ရတယ်ရယ်လို့ မရှိခဲ့ပေ ...။

"အစ်ကိုကြီး ... အစ်ကိုကြီးက ညီမလေးကို မချစ်ပါဘူး၊ ညီမလေးမှာ အမြဲ မျက်နှာငယ်ရတယ် ...၊ ကျောင်းမှာ သူများတကာတွေ အဝတ်အစား သစ်သစ်လွင်လွင် ဝတ်လာကြတဲ့ အချိန်မှာ ညီမလေးက ဒါနဲ့ဒါပဲ ထပ်ခါထပ်ခါ ဝတ်နေရတာ ... အဝတ်အစားတွေက ခေတ်မှ မမီတော့တာ ..."

"အေးလေ ... အစ်ကိုကြီးက အဲဒီအတိုင်းပဲ၊ တို့ကို ဆို ဘယ်တော့မှ ဂရုမစိုက်ဘူး၊ သူ့ ပေါင်မုန့်ဖိုထဲမှာပဲ အချိန်ကုန်နေတာ ..."





"နှင်း တို့မှာ ကောင်းကောင်းလည်း မဝတ်ရ ...၊ ကောင်းကောင်းလည်း မစားရ ...၊ ဂရုလည်း အစိုက်မခံရ၊ ယောက်ျားယူလိုက်တာပဲ ကောင်းလိမ့်မယ် ထင်တယ် ..."

သူ့ ညီမတွေ စကားကြောင့် သူ့မှာ အထိတ်အလန့် အမောဆို့သွားကာ ...

"မြတ်စွာဘုရား ... ဘာတွေ ပြောနေကြတာလဲ၊ မကြံစည်ကောင်းတာတွေ မကြံစည်ကြပါနဲ့ကွာ ...၊ ညီမလေးတို့ အရွယ်က ခုမှ လှူလာ့းမြောက်စ, ငယ်ငယ်ရွယ်ရွယ်လေးမှာ ယောက်ျားယူလိုက်ရင် ဒုက္ခတွေ ရောက် ... ငါးပါးမှောက်ကုန်တော့မှာပေါ့၊ ဒီမှာ ... ညည်းတို့ ဘာလိုချင်လဲ ... အစ်ကိုကြီး အားလုံး ဖြည့်ဆည်းပေးမယ်၊ မရ မရှိစေရဘူး၊ အစ်ကိုကြီးက ညီမလေးတို့ကို ဂရုမစိုက်တာ မဟုတ်ပါဘူးကွာ ...၊ အလုပ်တွေ များလွန်းလို့ အသေးမစိတ်မိတာလေးပဲ ရှိပါတယ်၊ အဝတ်အစား ဝယ်မပေးတာကလည်း ဒီခေတ်ကြီးမှာ ဘာတွေ အသစ်အဆန်း ပေါ်လို့ ပေါ်မှန်းမှ အစ်ကိုကြီး မသိတာဘဲ ...၊ အစ်ကိုကြီး ကိုယ်တိုင်ကတော့ ဟောဒီ စွပ်ကျယ်လေးနဲ့ ရှပ်အင်္ကျီ



www.burmeseclassic.com

www.burmeseclassic.com



ဖြူလေးနဲ့ ပေါင်မုန့်ဖုတ်တဲ့ဝတ်စုံလေး ရှိရင် ရပြီ ဆိုတော့ အဝတ်အစား ကိစ္စတွေကို လုံးဝကို မသိတော့တာ၊ ကောင်းကောင်း မစားရတာကတော့ အစ်ကိုကြီးမှာ ချက်ဖို့ ပြုတ်ဖို့ အချိန်မရလို့ပါ၊ ဇကဲပါကွာ ... ညီမလေးတို့ရဲ့ ရှုပုပ်နေတဲ့ မျက်နှာလေးတွေကို ပြုံးလိုက်စမ်းပါ၊ စိတ်မကောက်ကြနဲ့၊ စိတ်ကောက်ရင် မလှဘူးဗျ၊ အင်း ... ရုပ်တွေကတော့ ရှုပုပ်နေကြတုန်းပဲ၊ ချော့လို့ လည်း မရပါလား ...၊ ကဲ ... ဒါဆို ဒီလိုလုပ်ကွာ၊ ဒီနေ့တစ်ရက် အစ်ကိုကြီး ဆိုင်ပိတ်ပြီး ညီမလေးတို့ကို ဗိုလ်ချုပ်ဈေး လိုက်ပို့မယ်၊ လိုချင်တာ ဝယ်ပေးမယ်၊ ညနေစာကို လည်း အစ်ကိုကြီး ကိုယ်တိုင် ချက်ကျွေးမယ်၊ ဘယ်လိုလဲ ... ကျေနပ်ကြလား ...”

“ဟေး ... ဒါမှ တို့ အစ်ကိုကြီးကွ ...”

သူ့ နှမတွေ ပျော်ကြသောအခါ သူလည်း အမောပြေ၍ သွားလေသည်။ သူက သူ့ နှမတွေနှင့်အတူ ဈေးဝယ်ထွက်ခဲ့ရပြီး သူ့နှမတွေ လက်ညှိုးထိုး ပူဆာသမျှကို ဝယ်ပေးရင်း တစ်ဘက်ကလည်း တဖြည်းဖြည်း ပါးလာသော ပိုက်ဆံအိတ်ကလေးကို စမ်းသပ်ရင်း ရင်မောနေရလေသည်။





“အစ်ကိုကြီးရေ ... ဟိုမှာ ကြည့်စမ်း၊ အဲ့ဒီ အကျႌလေး ညီမလေး လိုချင်နေတာ ကြာပြီ၊ လှတယ် မဟုတ်လား အစ်ကိုကြီး ...၊ ဝယ်လိုက်မယ်နော် ...”

“အေး ... အေး ... လှပါတယ် ... လှပါတယ်၊ ဒါနဲ့ ဈေးက ဘယ်လောက်တဲ့လဲ ...၊ အစ်မကြီး ဒါ ... ဘယ်လောက်လဲ ခင်ဗျ ...”

“သြော် ... အဲ့ဒါလေးက ဒီဇိုင်းအသစ်လေ၊ ဒီနေ့မှ ရောက်တာ ...၊ ငါးထောင်ပါကွယ် ...”

“ဟယ် ... ဈေးကလည်း အရမ်း မများပါဘူး၊ လင်းလည်း အဲ့ဒါမျိုးလေးပဲ ကြိုက်တယ်၊ ဝင်း ... နင်ရော ကြိုက်လား ...”

“အေး ... ကြိုက်တယ်”

“ဒါဆို တို့ သုံးယောက် ဆင်တူ သုံးထည် ယူလိုက်မယ်နော်၊ အစ်ကိုကြီးရေ ... ယူလိုက်ပြီနော် ...”

“နေဦးလေ ... ညီမလေးရဲ့၊ ဟို ... ဟိုကွာ ဒါက သိပ် မတန်သလိုပဲ၊ တခြားဟာ ... တခြားဟာလေး ဘာလေး ကြည့်ကြည့်ပါဦးလား”

“ဟာ ... အစ်ကိုကြီးကလည်း ... ဒါပဲ ကြိုက်ပါတယ် ဆိုမှ ...”



www.burmeseclassic.com

www.burmeseclassic.com



အဲဒီခေတ်က ပိုက်ဆံ ငါးထောင်ဆိုတာ နည်းလှတာ မဟုတ်ချေ ...။ သူ့ စည်းစိမ် ပြွတ်လုမတတ်ပင် ရှိရသည်။ သို့သော် နမတွေ ပျော်နေတာကို ကြည့်ကာ 'တစ်ခါတလေပဲလေ' ဟု ဖြေတွေးတွေးရင်း သူ့မှာ ခွင့်ပြုရလေသည်။

လင်းလင်းထင် ... ဝင်းဝင်းထင်နှင့် နှင်းနှင်းထင် ဟူသော သူ့ နှမ သုံးယောက်မှာ အချောအလှလေးတွေချည်း ဖြစ်ရာ ထိုသို့ တစ်တွဲတွဲ သွားလာရတိုင်း သူ့မှာ အကုသိုလ် တက်ရမြဲ ဖြစ်သည်။ ငနာလေးတွေက သူ့နှမတွေ နား ရစ်သီ ရစ်သီ လာလုပ်တိုင်း သူ့မှာ မျက်နှာ ရှစ်ခေါက်ချိုးဖြင့် ဘီလူးဆိုင်းတီးကာ စောင့်ရလေသည်။ (သူ့နှမတွေက သူ့အလစ်မှာ အပြုံးကလေးတွေဖြင့် မျှော်လင့်ချက် ပေးရင်း မျက်လုံးလေး ဝင့်ဝင့် ကြည့်တတ်ကြတာကိုတော့ သူမသိခဲ့ရပေ ...)

တစ်နေကုန် သွားချင်ရာ သွားပြီး ဖတ်ဖတ်မောလာကြသောအခါ အိမ်ပြန်ရောက်တာနှင့် သူ့ နှမများက အခန်းထဲ ဝင်ကာ ဝယ်လာသမျှကို ဝတ်ကြည့်ရင်း စကားတွတ်ထိုးနေကြချိန်တွင် သူကတော့ မီးဖိုထဲဝင်ကာ ညစာ ချက်ပြုတ်ရလေသည်။ ထိုအချိန်မျိုးတွင် စပ်စုအတင်းပြော





ာတ်သော အိမ်နီးချင်း အဒေါ်ကြီးက အိမ်လည် ရောက်လာကာ ...

"ဟဲ့ ... မောင်ဖေသက်ထင်၊ မီးဖိုချောင်ထဲမှာ တကုပ်ကုပ်နဲ့ ဘာလုပ်နေတာတုန်းကွယ့် ..."

ဟု မေးလေသည်။ သူက ကိုင်လက်စ ါးချူကြီးကို မြှောက်ပြရင်း ...

"အိမ်က ညီမလေးတွေလေ ... အစားကောင်း မစားရဘူးလို့ ညည်းနေကြတာနဲ့ သူတို့ ကြိုက်တတ်တာတွေ ဝယ်လာပြီး ချက်ကျွေးမလို့ဗျ၊ ဒီမှာလေ ... ဒီငါးခူကောင် ကြီးကြီးက အကြီးမ အကြိုက် ... မန်ကျည်းသီး၊ ငရုတ်သီးစပ်စပ်နဲ့ မဆလာအုပ်ပြီး ကုလားဟင်း ချက်ပေးရမယ်၊ ဒီ ကြက်သားကတော့ အလတ်မ အကြိုက် ကြက်ကုန်းဘောင် စားချင်တယ် ဆိုလို့ ကြက်သွန်များများနဲ့ ငရုတ်သီး အတောင့်လိုက် ကြော်ပြီး စပါယ်ရှယ် ကြော်ရမယ်၊ ပုစွန်က အငယ်မ အကြိုက်လေ၊ မီးဖုတ်ပြီး ရှောက်သီး ချဉ်ချဉ်လေး သုပ်ပေးရမယ် ..."

"မင်းနှယ် ... အလိုလိုက်ရန်ကော မောင်ဖေသက်ထင်



www.burmeseclassic.com

www.burmeseclassic.com



ရယ် ... ၊ မင်း နှမတွေက မင်းအပေါ် နိုင်လို့ရတိုင် နိုင်နေတာကို ... ၊ ဒီလို ချက်ရပြုတ်ရတဲ့ အလုပ်က နှမတွေ လုပ်ရမယ့် အလုပ်ပဲ၊ သူတို့ စားမကောင်းဘူ အော်ညည်းနေမယ့် အစား သူတို့ဘာသာ ချက်ကြ ပြုတ်ကြပေါ့၊ ဒီအရွယ်ပဲ ရောက်နေပြီ ... ဒီလောက် တော့ ကိုယ့် အစ်ကိုကြီးကို ကူညီကြဦးပေါ့၊ တော် ကြာ ယောကျ်ားပဲ ရတော့မယ်၊ ခုထိ အစ်ကိုကြီးကို နိုင်းစားနေကြတုန်း ... "

"ဟာ ... အဒေါ်ကြီး တစ်ယောက်ကလည်း မင် မချွတ် ဘာတွေ လာပြောနေတာလဲ၊ ဖွဟဲ့ ... လွဲပါစေ ဖယ်ပါစေ ... ၊ ကျုပ် နှမတွေက ခုမှ အရွယ်ရောက် လေးတွေ၊ ပန်းပွင့်သာဆို အငုံအဖူးလေးတွေပဲ ရှိသေ တာပါဗျာ ... ၊ နို့နံ့တောင် မစင်သေးတဲ့ ကလေ သာသာ အရွယ်ကလေးတွေပါ၊ ကလေးတွေ အတွ မှားအောင် မဟုတ်က ဟုတ်ကတွေ ဟောင် ဟောင်ဖွာ လာမပြောစမ်းပါနဲ့၊ ဒီအရွယ်ဆိုတ ယောကျ်ားယူဖို့ အစောကြီးပါ ... "

ယောကျ်ား ယူဖို့ စောတယ်သာ ပြောနေ ... ရည်း တွေဖြင့် ရနေတာ ကြာလှပေါ့ ... "





"ဘာ ... ဘာ ... ဘယ်လို ... ဘာပြောလိုက်တယ်၊ ပြန်ပြောပါဦး ... "

"ဩော် ... ရိုးရိုးလေးပါကွယ်၊ မင်း ညီမတွေ ရည်းစား ရှာကုန်ပြီလို့ ... "

သူ့ရင်ထဲ ဒုန်းခနဲ ဒိုင်းခနဲ ဆောင့်ခုန်သွား ာ ခေါင်းထဲပင် မူးမိုက်ပြာဝေ သွားရလေသည်။ သူ လက် နိုင်ပါ။ ဒါ ... မဖြစ်သင့်ဘူး ... မဖြစ်နိုင်ဘူး ...။ သူ့မှာ သူ့ ညီမတွေကို ယုယလို့ မဝ,နိုင်သေး ... ဘယ်လို ောင်မျိုးတွေကများ သူ့ညီမတွေကို ဖျားယောင်းသွေးဆောင် ခဲ့တာပါလိမ့် ... ။

"အဓိပ္ပာယ် မရှိတာဗျာ ... မဖြစ်နိုင်ဘူး၊ ကျုပ် ညီမတွေမှာ ဒီလိုစိတ်မျိုး ရှိတာ မဟုတ်ဘူး၊ ခင်ဗျား ကျုပ်တို့ မောင်နှမကြားမှာ မဟုတ်တရုတ်တွေ လာကုန်းမတိုက်နဲ့၊ သွားဗျာ ... သွား၊ ကျုပ် နားက ခု ထွက်သွား ... "

သူက တုန်ချင်နေသော အသံကို ထိန်းကာ တ်တွတ် ရေရွတ်ရင်း လက်ထဲက ငါးကို ဓားဖြင့် လိုက်လေသည်။

"အား ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဟဲ့ ... ပလုတ်တုတ် ... ၊ ဟယ် ... မော
ဖေသက်ထင် လက်ကို ခါးထိသွားပြီ ... နှင်းနှင်း
လင်းလင်းတို့ရေ လာကြပါဦးဟေ့၊ ဒီမှာ ညည်း
အစ်ကို လက်ကို ခါးထိသွားလို့ ..."

အဒေါ်ကြီးက ဝက်ဝက်ကွဲအောင် ကြုံးအော
လိုက်ရာ သူ့ ညီမတွေက ဝရန်းသုန်းကား ပြေးထွက်လာ
လေသည်။ သုံးယောက်လုံးက သူ့လက်ကို အလုအယ
လှမ်းကိုင်လိုက်ကြရင်း ...

"ဟယ် ... သွေးတွေ ထွက်နေတယ်၊ အနှင်းရေ ...
သွား ... သွား ... အရက်ပျံနဲ့ ဆေးနဲ့ သွားယ
ဩော် ... ဂွမ်းနဲ့ ပလတ်စတာပါ ယူခဲ့ဦးနော် ...

"ရုပ်ထိရုံထိလို့ တော်သေးတာပေါ့၊ အစ်ကို
နာနေလားဟင်၊ ခဏလေးနော် ... ညီမလေး ဆေ
ထည့်ပေးမယ်"

"အစ်ကိုကြီး ... လာ လာ ... ဒီနားမှာ ထိုင်၊ ဒဏ်
ကို အရက်ပျံနဲ့ ဆေးပေးမယ်နော်"

သူ့ ညီမတွေက အလုအယက် ပြုစုကြသော
အခါ သူ့မှာ ဒဏ်ရာအနာကိုပင် မေ့ကာ သူ့ညီမတွေ
နုနယ်အပြစ်ကင်းလှသော မျက်နှာလေးတွေကို လိုက်ကြ





ရင်း မျက်ရည်ဝဲသည်အထိ ကြည်နူးရလေသည်။ ဒါဟာ လူ့ဘဝရဲ့ အနှစ်သာရလေး တစ်ခုပဲဟု သူက ယူဆကာ အတိုင်းမသိ ကျေနပ်မိခဲ့သည်။ ဒီညီမတွေဟာ သူ့ရဲ့ ဘဝဖြစ်သည်။ မိဘတွေ မရှိတော့ကတည်းက သူပဲ အဖေ၊ သူပဲ အမေ လုပ်ကာ စောင့်ရှောက်ခဲ့ရတာ ဖြစ်သည်။ သူက ညီမတွေ ကြားမှာ ပြုံးပြုံးကြီး ကျေနပ်နေရင်း ခဏကြာတော့ စိုးရိမ်စိတ်ဖြင့် ရင်ထဲ ပူလာလေသည်။ အဒေါ်ကြီး ပြောတာ ဟုတ်များ ဟုတ်လေမလားဟု စိတ် တထင့်ထင့် ဖြစ်လာသည်။ မဟုတ်ပါစေနဲ့ ဘုရား ... တပည့်တော်ရဲ့ ညီမလေးတွေဟာ ကလေးသာသာပဲ ရှိသေးတာပါ ဘုရား၊ သူက ဘုရားကိုပင် တိုင်တည် ဆုတောင်းလိုက်မိသည်။

"အစ်ကိုကြီး နာနေသေးလားဟင် ..."

သူ့ ညီမများက စိုးရိမ်တကြီး မေးသောအခါ သူကပြုံးပြုံးကြီး ခေါင်းယမ်းပြမိရင်း ...

"ငါ့ ညီမတွေ ဝိုင်းပြုစုကြတာနဲ့ပဲ အစ်ကိုကြီးမှာ အနာ ပျောက်သွားပါပြီကွာ၊ ကဲ ... ကဲ ... ညီမလေးတို့ သွား နားကြတော့၊ တစ်နေကုန် ဈေးပတ်ခဲ့ရတာ မဟုတ်လား၊ ညောင်းညာမင်ပန်းနေမှာပေါ့ ... ပြန်ရောက်တော့လည်း ဟိုဟာ ဝတ်ကြည့်၊ ဒီဟာ



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ကြည့်နဲ့ အလုပ်ရှုပ်နေကြသေးတာ မဟုတ်လား၊ သွား ... သွား ... သွားနှင့်ကြတော့၊ အစ်ကိုကြီး ဟင်းချက်လိုက်ဦးမယ်၊ ဟင်းတွေကျက်ရင် ခေါ်လိုက်မယ်နော် ... ဟုတ်ပြီလား"

"အစ်ကိုကြီး လက်က နာနေတာ ... ရပါ့မလား"

"ရပါတယ်ကွာ ... အသေးအမွှားပါ၊ ကဲ ... သွားကြ သွားကြ ..."

သူက သူ့ ညီမလေးတွေရဲ့ ခေါင်းကို ချစ်စနိုး ပုတ်လိုက်မိသည်။ ညီမတွေအားလုံး ထွက်ခွာသွားသော အခါ သူက တစ်ယောက်တည်း ဟင်းတွေ တစ်မျိုးပြီးတစ်မျိုး ချက်ပြုတ်ကျန်ရစ်လေသည်။

"သြော် ... မောင်ဖေသက်ထင်ရယ် ... မင်းအစား ငါ ရင်လေးလိုက်တာကွယ် ..."

အဒေါ်ကြီးက ဘာမဆိုင် ညာမဆိုင် ရင်လေးသလိုကြီး ညည်းညူပြီး ခေါင်းတယမ်းယမ်းနှင့် ထွက်ခွာသွားတာမို့ သူက ပခုံး တစ်ချက်ပင် တွန့်လိုက်မိသည်။

ထိုနေ့ ညစာကို သူ့ ညီမတွေကို ပြင်ဆင်ကျွေးမွေးရင်း သူ့ရင်ထဲမှာတော့ လေးလံနေခဲ့ရသည်။ အဒေါ်ကြီး စကားကို မယုံချင်သော်လည်း သူ့ ညီမတွေကိုတော့





မေးကြည့်ချင်သေးသည်။ မေးဖို့ တွေးတာနှင့်ပင် မျက်နှာပူလာတာမို့ သူ့မှာ ဘယ်လို မျက်နှာထား, ဘယ်လို လေသံ၊ ဘယ်လို ဟန်ပန်ဖြင့် မေးရမည် မသိချေ ...။

"ကဲ ... ကဲ ... ကျုပ် နှမတွေ လာကြ ... လာကြ၊ ဒီမှာ အားလုံး အသင့်ဖြစ်ပါပြီဗျာ ...၊ ဒါက အကြီးမ အကြိုက် ... ငါးရှူးကုလားဟင်း၊ ဒါက အလတ်မ အကြိုက် ကြက်ကုန်းဘောင်၊ ဒါက အငယ်မ အကြိုက် ပုစွန်သုပ် ..."

"ဟယ် ... မွှေးနေတာပဲတော့ ..."

သူ တစ်ခုပြီး တစ်ခု ချပေးသော ဟင်းများကို သူ့ညီမများ ပျော်ရွှင်စွာ စားနေကြတာကို ငေးကြည့်ရင်း သူ အလိုလိုနေရင်း ဗိုက်ပြည့်လာရလေသည်။

"အယ် ... ဟင်းတွေက ညီမလေးတို့ အကြိုက်ချည်းပဲ ဖြစ်နေတယ်၊ အစ်ကိုကြီး အကြိုက်ရော မပါဘူးလားဟင် ..."

"အစ်ကိုကြီးက ညီမလေးတို့ ကြိုက်ရင် ကြိုက်တာပါပဲကွာ ...၊ တခြားဘာမှ ထွေထွေထူးထူး သီးသီးသန့်သန့် ကြိုက်လှတယ်ရယ် မဟုတ်ပါဘူး ...၊



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးတို့ စားရရင် အစ်ကိုကြီးမှာ အလိုလို ဗိုက်
ဝ,နေပြီးသားပါ ...”

သူက သူ့ညီမတွေ အားပါးတရ စားနေကြတာကို မေးထောက်လျက် ပြုံးပြုံးကြီး ငေးကြည့်နေခဲ့သည်။ ကြည့်ရင်းကပင် တစ်ချက်တစ်ချက် အဒေါ်ကြီး စကားကို ကြားယောင်ကာ မသိမသာ မျက်နှာ ပျက်ပျက်သွားရတာမို့ မနည်း ပြန်ပြင်ထိန်းနေရသည်။

“အစ်ကိုကြီး လက်ရာကတော့ ရှယ်ပဲ ...”

“ဒီမှာ ငါ့ ပုစွန်သုပ်က အရမ်း စားလို့ကောင်းတယ်၊ စားကြည့် ... လျှာလည်သွားမယ်”

“ငါ့ ငါးရှူကုလားဟင်းက ပိုကောင်းတာ သိလား၊ ချဉ်ချဉ်စပ်စပ် မွှေးမွှေးလေး”

“ငါ့ ကြက်ကုန်းဘောင်ကမှ အကောင်းဆုံး ...”

သုံးယောက်သားမှာ ငြင်းရင်း ခုန်ရင်းကပင် စားသောက်ပြီးစီး သွားကြလေသည်။

“ကဲ ... ဒီက အစ်မကြီးတို့ ... ထမင်းစားပြီးရင် အချိုပွဲ လာမယ် ခင်ဗျ ...”

သူက စားပွဲထိုး စတိုင်လ်ဖြင့် အသီးအနှံတွေ ချပေးလိုက်ပြန်သည်။





ညီမတွေ အချိုတည်းနေချိန်တွင် သူက မတွေ ရှိရာဘက်ကို ကျောခိုင်းလျက် ပန်းကန်တွေ ဆေးနေင်း သူ သိချင်တာကို မေးဖို့ သတ္တိ မွေးလိုက်လေသည်။ ကျောခိုင်းအနေအထားနှင့်မို့ အထားရခက်နေသော သူ့မျက်နှာကို ဝှက်ထားဖို့လည်း မလိုတော့ချေ ...။

“အဟမ်း ...”

သူက ချောင်း တစ်ချက်ဟန့်ကာ ခပ်ကျပ်ကျပ် ဖြစ်နေသော လည်ချောင်းကို ရှင်းလိုက်ပြီး ...

“ညည်းတို့ကို အစ်ကိုကြီး တစ်ခု မေးစရာရှိလို့ ...”

“ဘာလဲဟင် ... အစ်ကိုကြီး၊ ဘာလိုချင်လဲ မေးဦးမလို့လား”

“ဒါတော့ နင် လောဘတက်တာ လွန်နေပြီ နှင်း ...၊ ခုပဲ လိုချင်တာ ရလာခဲ့တာ မဟုတ်လား၊ အဲဒီ နှင်း တစ်ယောက်ဟာ မလိမ္မာပါဘူး၊ အစ်ကိုကြီး ဘာ့မေးမှာလဲ ... မေး၊ သူ့ကို ဂရုမစိုက်နဲ့ ...”

“ဖားနေပြန်ပြီ ...၊ သူ့ ကြည့်ရတာ ငါတို့ ကွယ်ရာမှာ ကြိတ်ပူဆာဖို့ ကြံစည်ထားပုံပဲ ...”

“ကဲ ... တိတ်တိတ်နေကြဟာ၊ ဟိုမှာ မေးမယ့်သူက”



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေရတယ်၊ အစ်ကိုကြီး ဘာ မေးမှာလဲ … မေးလေ”

“ဟို … အဲ … ဒီလိုပါ၊ ခုန … ဟိုဘက်ခြံက အဒေါ်ကြီးက ပြောသွားလို့ … ၊ ညီမလေးတို့မှာ ရည်းစားတွေ ရှိနေကြပြီ ဆိုတာ၊ အဲဒါ … ဟုတ် မဟုတ် အစ်ကိုကြီး သိချင်လို့ … အမှန်အတိုင်း ပြောပြနိုင်မလား … ”

ကျွက်စိကျွက်စိ ဖြစ်နေသော သူ့ညီမသုံးယောက်မှာ ဖြုန်းခနဲ ငြိမ်ကျသွားလေသည်။ သူက အဖြေကို စောင့်ကာ ရင်ထိတ်နေဆဲ … ခဏကြာတော့ ငြင်းဆန်သံတွေ ထွက်လာသည်။

“အလကားပါ … အဲဒီ အဒေါ်ကြီးက ဒီလိုပဲ၊ အိမ်တကာ လှည့်ပြီး ကုတုန်းကတိုက် လုပ်နေတာ … သူပြောတာ ယုံစရာလား အစ်ကိုကြီးရဲ့ … ”

“အေးလေ … ညီမလေးတို့က အစ်ကိုကြီးကို ချွဲလို့နွဲ့လို့တောင်မှ မဝ,သေးတာ … ရည်းစား ထားဖို့ဆိုတာ စိတ်ကူးထဲတောင် ထည့်မထားပါဘူး”

“အေးလေ … ကိုယ့် အစ်ကိုကြီးထက် ပိုပြီး ဘယ်သူ့ကိုမှ မချစ်နိုင်ပါဘူး … ”





သူ့ညီမတွေစကား ကြားရတော့မှ သူ့မှာ ရင်အေးသွားရကာ ညီမတွေဘက် မျက်နှာချင်းဆိုင် ပြန်လှည့်လိုက်ရသည်။

“မေးသာ မေးရတာပါ၊ အစ်ကိုကြီး ညီမတွေကို ယုံပြီးသားပါ … ”

သူက ပြုံး၍ ပြောစဉ် သူ့ညီမတွေက သူ့ထံ ပြေးလာဖက်ပွေ့လိုက်ရင်း …

“ဟောဒီ အစ်ကိုကြီးကို ညီမလေးတို့က ခွဲမသွားနိုင်ပါဘူး၊ အစ်ကိုကြီးလည်း ညီမလေးတို့နဲ့ မခွဲရဘူးနော် … ကတိပေးနော် … ”

“အေးပါ … အေးပါ … မခွဲပါဘူးဗျာ၊ ကတိ ပေးပါတယ် … ”

သူက ကျေနပ်ကြည်မွေ့စွာ ပြုံးရင်း ခေါင်းညိတ်နေခဲ့မိသည်။ အဲဒီ အချိန်တုန်းကတော့ သူ့ညီမတွေရဲ့ စကားတွေဟာ အလိမ်အညာ စကားတွေ ဖြစ်နေလိမ့်မည်ဆိုတာ သူ နည်းနည်းမှ သံသယ မရှိခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



♥ ♥ ♥

သူ့ညီမတွေကို သူက ယုံသော်လည်း သူ့ညီမတွေကတော့ သူ့ကို မယုံခဲ့ပေ ...။

ပေါင်မုန့် ဝယ်နေကျ ဖောက်သည် မိန်းကလေး တစ်ယောက်နှင့်များ မတော်တဆ စကားလက်ဆုံကျမိလျှင် သူ့နှမတွေက မျက်စောင်းတခဲခဲနှင့် လှမ်းကြည့်ရင်း ...

"ကဲ ... အစ်ကိုကြီးရေ ... မပြီးတော့ဘူးလား၊ ဒီမှာ ညီမလေးတို့ ထမင်း အတူစားဖို့ စောင့်နေတာ ကြာလှပေါ့ ..."

"တချို့တွေကလည်းနော် ... ဝယ်စရာ ရှိတာ ဝယ်ပြီး မြန်မြန်ဆန်ဆန် မပြန်ဘူး ... သူများတကာ အားမှန်းမသိ, မအားမှန်းမသိ စကားကြောက ရှည်နေရော"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး မိန်းမ ယူလို့ကတော့ အဲဒီ မိန်းမ သေပြီသာ မှတ် ...၊ မီးဖိုချောင်ထဲကကို မထွက်ရအောင် ခိုင်းစားပစ်လိုက်မယ် ..."

ဟု မကြားတကြား စောင်းကြ မြောင်းကြလေသည်။

"ညီမလေးတို့ကလည်းကွာ ... ဟို မိန်းကလေးကို အားနာစရာ ...၊ အစ်ကိုကြီးတို့က ရိုးရိုးသားသား စကား ပြောနေကြတာပါ၊ ခုတော့ ... သူ့ခများ ညီမလေးတို့ ပြောတာ ကြားပြီး ရှက်သွားပြီ ... သနားပါတယ်ကွာ ..."

"ဘာ သနားတာလဲ ... အစ်ကိုကြီးနော်၊ ချစ်ခြင်းအစ သနားခြင်းကတဲ့၊ ဒါမျိုးတွေ ရိုးနေပြီ၊ ရတ်ရတ် ... ရတ်ရတ် မလုပ်နဲ့၊ အဲဒီ အမျိုးသမီး အိမ်အထိ လိုက်သွားပြီး သဘောမတူနိုင်ကြောင်း ပြောပစ်မယ် ဘာမှတ်လဲ ..."

"သြော် ... ဒုက္ခ၊ ခြိမ်းခြောက်လိုက်ကြတာလည်း လွန်ပါရောလားကွာ၊ ရိုးရိုးလေးပါ ... တကယ့် ရိုးရိုးလေးပါ ..."

"ရိုးရိုးသာဆိုတယ် ... စကား ရပ်ပြောနေတာက





မပြီးနိုင် မစီးနိုင် ...၊ မျက်နှာချင်း ဆိုင်ပြီး တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်လို့ မဝ,တဲ့ ပုံမျိုးတွေနဲ့ ဘာတွေ ပြောနေကြတာလဲ ..."

"သြော် ... ဒါကတော့ကွာ အစ်ကိုကြီးက စ,မေးမိတာပါ၊ သူက ကိုယ့်ဖောက်သည်ဆိုတော့ ကျွန်တော် ဖုတ်တဲ့ ပေါင်မုန့်က စားလို့ကောင်းရဲ့လား ... ဘာလိုသေးလဲ၊ လိုအပ်ချက်ရှိရင် အကြံဉာဏ် ပေးနိုင်ပါတယ် ... ဘာညာ လောကွတ် လုပ်ရတာပေါ့ကွာ"

"အဲဒီတော့ သူက ဘာပြန်ပြောလဲ ..."

"စားလို့ ကောင်းပါတယ် ... ဘာမှ မလိုပါဘူး၊ ဒီဆိုင်က ဖုတ်တဲ့ ပေါင်မုန့်ကိုပဲ သူတို့ တစ်အိမ်သားလုံး စွဲစွဲမြဲမြဲ စားလာခဲ့တာ ကြာပါပြီတဲ့၊ ကြိုက်လွန်းလို့ အဝေးကြီးကနေ အမြဲ တကူးတက လာဝယ်ရတာပါတဲ့ ..."

"အင်း ... အဲဒါကိုက အစ်ကိုကြီး သဘောကျအောင် သာသာထိုးထိုး ပြောပြီး ခင်မင်မှုကို အရယူချင်တာ ထင်ရှားတယ် ..."

"မှန်တယ် ...၊ ဒီနေ့ကစပြီး အဲဒီ မိန်းမ ပေါင်မုန့်



www.burmeseclassic.com

www.burmeseclassic.com



လာဝယ်ရင် အလုပ်ရှိသေးတယ် ပြောပြီး ရှောင်ထွက်လိုက် ...”

“ညည်းတို့ ပြောသလိုဆို ငါ့ ပေါင်မုန့်က တကယ် မကောင်းတာ ကျနေတာပဲ၊ အဲဒီ မိန်းမမှ မဟုတ်ဘူး၊ တခြား ယောကျ်ားတွေလည်း ငါ့ဖုတ်တဲ့ ပေါင်မုန့်ကိုမှ စွဲစွဲမြဲမြဲ စားနေကြတာပဲ၊ ဟိုက သာသာထိုးထိုး ပြောစရာ ဘာအကြောင်းမှ မရှိဘူး၊ ပေါင်မုန့်ကောင်းလို့ ကောင်းကြောင်း အမှန်အတိုင်း ပြောသွားတာ”

“ထားပါ ... ကောင်းလို့ ကောင်းတယ် ပြောတယ်ပဲ ထားလိုက်ပါတော့၊ ပြောနေတဲ့ ပုံတွေက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လို့ ...”

“တစ်ယောက်နဲ့ တစ်ယောက် ကြည့်ပြီး မပြောလို့ ငါက မျက်လွှာလေး ချပြီး ပြောရမှာလား၊ အဲဒီလို ပြောမိပြန်ရင်လည်း ရင်ခုန်နေလို့ မျက်လုံးချင်းဆိုင်မကြည့်ရဲတာတို့ ဘာတို့ ညည်းတို့ပဲ ပြောပြောနေကြတာလေ ...”

“ဘာပဲဖြစ်ဖြစ် အစ်ကိုကြီးရာ ... တစိမ်း မိန်းမတွေဆို ဘယ်မိန်းမမှ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး





မပေါင်းနဲ့၊ ဒါ ... ရဲသုံးဖော် အမိန့်ပဲ၊ အစ်ကိုကြီး ရည်းစားထားတယ် သတင်းကြားလို့ကတော့ နောက်ကနေ လိုက်နှောင့်ယှက်မှာပဲ၊ ယောင်းမ အလိုမရှိဘူး၊ ယောင်းမဆို ဘယ်ယောင်းမမှ ကောင်းတာ မဟုတ်ဘူး ...”

“ဟုတ်တယ် ... အစ်ကိုကြီးသာ မိန်းမ ရရင် အစ်ကိုကြီး မိန်းမက ညီမလေးတို့နဲ့ အစ်ကိုကြီး ကြားမှာ စိတ်ဝမ်းကွဲအောင် ကုန်းတိုက်မှာ သေချာတယ်၊ ညီအစ်ကို မောင်နှမ ကြားထဲ တစိမ်းဝင်လာရင် ကောင်းကို မကောင်းဘူး ...”

“ကဲ ... ကဲ ... ဒီလောက်လည်း စိတ်မပူကြပါနဲ့ ရဲသုံးဖော်ရယ်၊ ငါ့မှာလည်း တစ်နေ့ တစ်နေ့ ပေါင်မုန့်ဖိုထဲ ခေါင်းစိုက်နေရတာနဲ့ အဲဒီ ကိစ္စကို စိတ်မဝင်စားအားပါဘူး ...”

သူ ဘယ်လိုပြောပြော သူ့ ညီမများကတော့ သူ့ကို မျက်လုံး ဒေါက်ထောက်၍ ကြည့်ကြလေသည်။ သူ့မှာ မိန်းမဆိုလျှင် စကားတောင် ရဲရဲမပြောဝံ့ ... ခပ်ကြာကြာလေးတောင် စိုက်မကြည့်ဝံ့ပေ ...။ သူများ မိန်းမ တစ်ယောက်ယောက်နှင့် စကား ကြာကြာ မပြောဖူးလိုက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



သူ့ညီမများက အနားမှာ ရစ်သီ ရစ်သီ လာလုပ်ကာ စောင်းမြောင်း ပြောသူကပြော ... ပစ္စည်းတွေ အသံမြည်အောင် ဆောင့်ချသူက ချ၊ အကြောင်းရှာပြီး လှမ်းခေါ်သူက ခေါ်နှင့် အမျိုးမျိုး အကောက်ကြံတတ်ကြလေသည်။ သူနှင့် ခင်မင်လုနီးပါး မိန်းကလေးများမှာ သူ့ နှမများကို ကြောက်ကာ သူ့ကို ဝေးဝေးက ရှောင်သွားကြတော့သည်။ သူနှင့် ခင်မင်ရင်းစွဲ ရှိသော မိန်းကလေး တစ်ယောက်ကတော့ သူ့ဖြစ်အင်ကို ကြည့်ကာ ...

"ရှင့်မှာလည်း ... နှမတွေကို ကြောက်ရတာ ပျာနေတာပါ ပဲလား ကိုဖေသက်ထင်ရယ် ...၊ ဒီနှမတွေကို ရှင်က ရှာကျွေးနေရတာ မဟုတ်လား၊ ရှင်က သူတို့ရဲ့ အုပ်ထိန်းသူ မဟုတ်လား၊ သူတို့အပေါ် ရှင့်ဩဇာ ညောင်းသင့်တာပေါ့၊ ခုတော့ သူတို့ ဩဇာကပဲ ရှင့် အပေါ် ညောင်းညောင်းနေတာ သဘာဝကို မကျပါဘူး"

"သူတို့ကို ကြောက်တာတော့ မဟုတ်ဘူးပေါ့ဗျာ ...၊ သူတို့လေးတွေခမျာ ကိုယ်ပဲ အဖေ ... ကိုယ်ပဲ အမေ ကိုယ်ပဲ အစ်ကို ... ကိုယ့်ကိုပဲ အားကိုးနေရရှာတာ မဟုတ်လား၊ ငါ ရှာကျွေးရတာပဲ ... ငါ့သဘော





ဆိုပြီး ပစ်ပစ်ခါခါ မလုပ်ရက်ပါဘူးဗျာ၊ သူတို့ခမျာ အားငယ်သွားမှာပေါ့ ...၊ ဒါကြောင့် သူတို့ စိတ်ချမ်းသာအောင် သူတို့ သဘောကို အတတ်နိုင်ဆုံး လိုက်လျောနေရတာပါ ..."

"ခုနေတုန်းတော့ ဒီအစ်ကိုနဲ့ ဒီနှမတွေနဲ့ ဟုတ်နေတာပေါ့ ကိုဖေသက်ထင်ရယ် ...၊ ဒါပေမယ့် ရှင့်ညီမတွေက ရှင့်ကိုသာ က,ဖျက် ယ,ဖျက် လုပ်နေတာ သူတို့ အိမ်ထောင်မပြုဘဲ နေမှာ မဟုတ်ဘူး၊ ရှင့်ညီမတွေ အိမ်ထောင်ပြုသွားတော့မှ ရှင် တစ်ယောက်တည်း ကျန်ခဲ့မယ်၊ အရွယ်မလွန်ခင် ကိုယ့်ဘဝအတွက်လည်း စဉ်းစားဦးမှပေါ့၊ နှမတွေချည်း ငဲ့နေရင် တစ်နေ့ကျ ရှင် အထီးကျန် ဖြစ်မယ်"

အဲဒီ အမျိုးသမီးက သူ့အပေါ် အတော်လေး နားလည်ပေးနိုင်သော မိန်းမတစ်ယောက် ဖြစ်လေသည်။ ပြီးတော့ သူကိုယ်တိုင်ကလည်း အနည်းငယ် စိတ်ဝင်စားသလိုလို ရှိခဲ့ရသည်။ သို့သော် သူ့ နှမများက ကြားက ခံနေသာမို့ အဲဒီ အဆင့်မှာပင် ရပ်တန့်ထားခဲ့ရပြီး ခပ်စိမ်းစိမ်းနေရင်း တဖြည်းဖြည်း ဝေးကွာသွားခဲ့ရသည်။ အမျိုးသမီးက သူ့ကို မျှော်လင့်ပုံ ရသော်လည်း နောက် လ,အနည်းငယ်



www.burmeseclassic.com

www.burmeseclassic.com



အကြားမှာ အိမ်ထောင်ပြု၍ သွားလေသည်။ သူကတော့ အသည်းကွဲတယ်ရယ်လည်း မဟုတ်ဘဲ အနည်းငယ်တော့ တရားကျသလို စိတ်မကောင်းသလို ဖြစ်ကာ စိတ်ထဲ ခပ်လေးလေးနှင့် ...

"အင်းလေ ... ဒါလည်း သဘာဝ ကျတာပဲ ... မသေချာတာကို စောင့်နေလည်း အချိန်ကုန် စိတ်မော၍ ရှိတော့မှာပေါ့ ..."

ဟု တိတ်တဆိတ် ရေရွတ်ခဲ့မိလေသည်။ နောက်တော့လည်း သူ့ စိတ်ထဲ ဘာမှ မရှိတော့ဘဲ နှမများရဲ့ အုပ်ထိန်းမှု အောက်မှာ ပြန်လည် အသားကျသွားခဲ့ရသည်။

နောက် ... လ,အနည်းငယ် အကြာမှာတော့ သူ့ညီမများက ရှေ့ဆင့် နောက်ဆင့် ဆိုသလို အိမ်ထောင်ကျ၍ သွားကြလေသည်။ လိုချင်တာ ရှိတုန်းကသာ တစာစာ ပူဆာတတ်သော သူ့ ညီမများဟာ ယောကျ်ား ယူချင်တော့ သူ့ကိုတောင် အသိမပေးတော့ဘဲ ကောက်ကောက်ပါအောင် ခိုးရာ လိုက်သွားခဲ့ကြတာ ဖြစ်သည်။ သူ့မှာ တစ်ယောက်တည်း အရှူးမီးဝိုင်းသလို ဖြစ်ကျန်ခဲ့ရသည်။ သူ့ နှမများကတော့ ယောကျ်ား ကိုယ်စီနှင့် ပျော်လို့ ရွှင်လို့ ... သူ့ကိုတောင် သတိမရနိုင်အားပေ ...။





မိဘများ လက်ထက်ကတည်းက ထားရစ်ခဲ့သော အတန်အသင့် ကျယ်ဝန်းသော ခြံထဲက အိမ်ကလေး တစ်လုံးနဲ့ အိမ်ရှေ့ဘက်ဆီက ပေါင်မုန့်ဖိုနဲ့ တွဲလျက် ပေါင်မုန့်ဆိုင်ကလေးထဲမှာ သူ တစ်ယောက်တည်း တိတ်ဆိတ် ခြောက်ကပ်စွာ ကျန်ရစ်ခဲ့ရတာ နှစ်တွေပင် အတန်ကြာခဲ့ပြီ။ သူ့ညီမတွေရဲ့ ယောကျ်ားများက တိုင်ပင်ထားကြသလိုပင် ... 'မင်း အစ်ကိုက လူပျိုကြီးဆိုတော့ ပေါင်းရသင်းရ ခက်မှာပေါ့၊ အတူတူ မနေချင်ပါဘူး' ဟု သူ့ကွယ်ရာမှာ ဆန္ဒပြုကာ အိမ်ခွဲသွားကြတာမို့ သူတစ်ယောက်တည်းသာ ငေါင်းစင်းစင်း ဖြစ်ကျန်ခဲ့ရသည်။ သူ့ ညီမတွေက သူ့ထံ တစ်လတစ်ခေါက် လောက် အလည် ရောက်မလာခဲ့တော့ပေ။ သို့သော် သူတို့မှာ တစ်ခုခု အခက်အခဲ တွေ့ပြီ (ဥပမာ–ငွေလိုပြီ၊ လင်မယား ရန်ဖြစ်ပြီ) ဆိုလျှင်တော့ စိတ်ဆင်းရဲစရာတွေကို သူ့ထံ ခွဲဝေဖို့ ရောက်ရောက်လာတတ်သည်။ သူတို့ချင်း အဆင်ပြေလျှင်တော့ သူ့အိမ်ဘက်သို့ ခြေဦးတောင် မလှည့်ကြတော့ချေ ...။

သူသည် ယခုတော့ဖြင့် ကိုဖေသက်ထင် ဘဝမှ ဦးဖေသက်ထင် ဘဝသို့ ရောက်ရှိခဲ့ရပြီ ...။ သူ့ဘဝသည် အပြောင်းအလဲမရှိသော ရေသေလို တစ်သမတ်တည်း



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်နေခဲ့သည်။ ဆွေနီးမျိုးစပ်တော်သည့် အသေးလေးကို တောက်တိုမယ်ရ ခိုင်းဖို့ ခေါ်ထားရသော်လည်း ဘာတစ်ခုမှ အချိုးတကျ မရှိ ... ။ သူ့ အစ်မဝမ်းကွဲ တစ်ယောက်ရဲ့ သားဖြစ်သူ သူ့တူ နေနေ ကလည်း သူ့ကို မှီခိုစားကာ သင်တန်းပေါင်းစုံ လျှောက်တက်ပြီး မည်မည်ရရ အလုပ် မလုပ်ဘဲ ဝန်ပို ဧရှုပ် လုပ်၍ နေလေသည်။

သူကတော့ သိပ် အချိုးမပြေလှသော သူ့ဘဝ ထဲမှာကို ကြိုးစား အားတင်းကာသာ ခပ်မှန်မှန် ဖြတ်သန်း နေရဆဲ ဖြစ်ပါသည်။ သူ့ဘဝသည် ယခုတိုင် တစ်ဆစ် မချိုးသေး ... ။ ဘယ် မိန်းမမျိုးကိုမှလည်း နှစ်နှစ်ကာကာ မချစ်မိဘူးသေး ... ။ အချစ်ဆိုတာ ဘာပါလိမ့်ဟုတော့ သူ တွေးကြည့်ခဲ့မိဖူးလေသည်။ သို့သော် ချစ်ကြသည်ဆိုသော လူတွေ ပူလောင်နေကြရတာ ... သောကတွေ ရောက်နေရတာ ကို မြင်ရ, ကြားရတိုင်း သူက ထို 'အချစ်' ကို လန့်နေခဲ့ သည်။ ခုလိုနေတော့လည်း အပူတွေ အေးတာပဲလေဟု တွေးကာ ပေါ့လီယာနာ စိတ်ထားမျိုး ထားလိုက်သည်။ သူက အေးချမ်းချင်သော လူတစ်ယောက် ဖြစ်ပါသည်။



♥ ♥ ♥

"ဟိုးမှာ တွေ့လား ... ပေါင်မုန့်ဖုတ်တဲ့ ယူနီဖောင်း အဖြူဝတ်ထားတာ ... အဲဒါ ငါ့ဦးလေးပေါ့၊ ဒါ ... သူ ဖုတ်တဲ့ ပေါင်မုန့် ... နင် စားကြည့်၊ အရသာက တော့ ဝွတ်ရှယ်ပဲ ..."

ညလေးညိုသည် နေနေ လက်ညှိုးထိုးပြရာ ပေါင်မုန့်ဆိုင်လေးထဲသို့ လှမ်းကြည့်မိရာ ကိုနေ့ ဦးလေး ဆိုသူကို တွေ့ရလေသည်။

"နာမည်ကတော့ ဦးဖေသက်ထင်တဲ့ ... ငါကတော့ အန်ကယ်သက်လို့ ခေါ်တယ်၊ လူပျိုကြီးဆိုတော့ တစ်မျိုးပေါ့ဟာ၊ နည်းနည်းတော့ ပေါင်းရသင်းရ ကျပ်တာပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



နေနေက သူ့ ဦးလေး သူ အပုပ်ချနေသ
ညလေးညို ကတော့ အန်ကယ်သက်ကို ကြည့်ကာ အနည်
ငယ် ရယ်ချင်သလိုတောင် ဖြစ်လာရလေသည်။ ပေါင်မု
ဆိုင်လေးက ပတ်ပတ်လည်မှာ မှန်တွေသာ ကာထားတာ
အထဲကို လှမ်းမြင်နေရပါသည်။ နေနေက ညလေးကို ခြ
တ စားပွဲလေးမှာ ချည့်ခံရင်း မလှမ်းမကမ်း ဆိုင်ထဲက သ
ဦးလေးကို လှမ်းပြကာ မသိမသာ အတင်းအုပ်နေခြင်း ဖြ
လေသည်။ ညလေးကတော့ အန်ကယ်သက်ကို လှမ်းမြ
မြင်ချင်း ခင်မင်စိတ် ပေါ်လာရပါသည်။ သူ့ပုံက ရယ်စ
ခင်စရာပုံမျိုး ဖြစ်သည်။ အနည်းငယ် ဝ,ချင်သော ခန္ဓာကို
ပေါ်မှာ ဝတ်စုံဖြူကို ထပ်ဝတ်ထားပြီး ခေါင်းပေါ်မှာလည
ခေါင်းဆောင်း အဖြူလေး ဆောင်းထားသည်။ မျက်နှာ
အလွန်အမင်း ပြုံးချိုနေကာ ဈေးဝယ်သူတွေကို ပေါင်မုန့်
ထည့်ပေးလိုက်, ဦးညွှတ်ပြလိုက်၊ ဈေးဝယ်သူက လက်မအ
လျှင် သူကိုယ်တိုင်လည်း မှန်တံခါးကို သွားဆွဲဖွင့်ပေးလို
သေးသည်။ သူ့ မျက်နှာပေါ်က အကြည်ဓာတ်ကို အဝေး
လှမ်းကြည့်နေသူပါ ရောနှော ခံစားရလေသည်။ ဆိုင်ထဲမ
သူ တစ်ယောက်သာ သွက်လက်ပြုံးချိုနေတာ မြင်ရသည





ဝန်ထမ်း ဖြစ်ပုံရသော ကောင်လေး နှစ်ယောက် ကြည့်ရတာ ကတော့ ထိုင်းထိုင်းမှိုင်းမှိုင်း လေးလေးလံလံ ရှိလှသည်။

ညလေးက ကိုနေ ချထားပေးသော ပေါင်မုန့်ကို ယူစားရင်း ...

"နင့် အန်ကယ်သက် ကြည့်ရတာ အလုပ်များပုံရတယ်နော်၊ ဒါပေမယ့် သူ့ ကြည့်ရတာ ပင်ပန်းတဲ့ပုံ မပေါ်ဘူး ..."

"အလုပ်ကတော့ တကယ်များတာ၊ ပေါင်မုန့် ဖုတ်လည်း သူ ... ဈေးရောင်းလည်း သူမှ အဆင်ပြေတယ် ...၊ ဝန်ထမ်း ကောင်လေးတွေက စိတ်ချရတာ မဟုတ်ဘူး၊ ဝယ်သူ လာလည်း သူတို့ ထ,ရောင်းရမှာ ပျင်းရင် မရှိဘူး ပြောလွှတ်ချင်လွှတ်တာ ...၊ အန်ကယ်သက်က သနားလည်း သနားတတ်တော့ အသုံးမကျတာ သိလည်း အလုပ်ဖြုတ်ပစ်ဖို့ကို အင်မတန် ဝန်လေးတာ၊ တော်ရုံစိတ်တိုင်းမကျရင် သူ့ဘာသာ ဝင်လုပ်လိုက်ရော ...၊ အဲဒါနဲ့ပဲ ကောင်လေးတွေကလည်း ရေသာခိုကုန်ရော ...၊ တစ်ခါတလေများဆို အန်ကယ်သက်က အလုပ်သမားလေးလို အောက်သက်ကျေကျေ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်လို့ ... သူတို့က ဆိုင်ရှင်ကြီးလို့ ခပ်တည်တည် အမြိန့်သား ဆိုင်လို့ ...”

“ဒါဆို ... နင်ကရော ဘာလုပ်နေလဲ နေနေ၊ နင် တစ်ယောက်လုံး ရှိတာတောင် အားမကိုးရဘူးလား၊ နင်သာ အန်ကယ်သက်ကို ကူပြီး အပိုးကျိုးကျိုး အလုပ်လုပ်ရင် ဝန်ထမ်းတောင် ခန့်စရာ မလိုဘူး”

“ဟာ ... ယောကျ်ားဖြစ်ပြီး ပေါင်မုန့်ဖုတ်တာကြီး တော့ မလုပ်ချင်ပါဘူးဟာ၊ ဈေးရောင်းတာတို့ ... အစားအသောက် လုပ်တာတို့ ဘာတို့က မိန်းမတွေနဲ့မှ လိုက်ဖက်တာ ...၊ အန်ကယ်သက်တောင်မှ ကြည့်ရင်း ကြည့်ရင်း မိန်းမကြီးနဲ့ တူတူလာလို့ ငါက ကြိတ်ရယ်နေရတာ ...”

“အံမယ် ... ကြည့်စမ်း၊ ကိုယ့်ဦးလေးကိုများ ပြောနေ လိုက်တာ၊ နင် ငရဲကြီးမယ် သိလား ...”

နေနေက တဟားဟား အော်ရယ်နေလေသည်။ ပွင့်လင်းလွတ်လပ်သော နေနေ့ စတိုင်လ်က ခင်မင်ဖွယ် ကောင်းလှတာကို မိုးသား မိတ်ဆက်ပေးစဉ် ကတည်းက ညလေးက အသိအမှတ် ပြုရပါသည်။ ညလေး ချစ်သူ မိုးသား စတိုင်လ်က ကိုနေနှင့် ဆန့်ကျင်စွာ မပွင့်မလင်း





ရှိလှတာမို့ မိုးသား အကြောင်းကိုဆို ချစ်သူချင်းပေမယ့် ညလေး အသေအချာ မသိရပါ ...။ မိုးသားက လျှို့ဝှက်တတ်သူလည်း ဖြစ်ပါသည်။ မိုးသားနှင့် ညလေးကလည်း စရိုက်ချင်း ကွဲလွဲလှပါသည်။ ညလေးက သွက်လက်ချက်ချာကာ မကျေနပ်တာ ရှိလျှင်လည်း ဟောဟောဒိုင်းဒိုင်း ပြောချပစ်လိုက်ဖို့ ဝန်မလေးပါ။ နေနေ့ စရိုက်ကလည်း ညလေးနှင့် အတော် တူတာမို့ မိုးသား သူငယ်ချင်းသာ ဆိုရပေမယ့် ညလေး သူငယ်ချင်းလို့ ပြောရအောင်ပင် မောင်နှမရင်းချာလို ပြောမနာ ဆိုမနာ ခင်မင်ရင်းနှီးနေခဲ့ရသည်။

မိုးသား နိုင်ငံခြား ထွက်သွားပြီး နောက်ပိုင်းမှာတော့ ညလေးမှာ မိုးသားကို လွမ်းတိုင်း နေနေ ပြောပြောပြတတ်သည့် မိုးသား အကြောင်းတွေကို နားထောင်ရင်း အလွမ်းဖြေရပါသည်။

မိုးသား နိုင်ငံခြားကို ထွက်သွားတာကလည်း ညလေးကိုတောင် မတိုင်ပင်ဘဲ သွားခါနီး ကပ်နေမှ အသိပေးကာ ဖြုန်းစားကြီး ထွက်ချသွားခဲ့တာပင် ...။ အလုပ်သွားလုပ်မယ်ဆိုတာသာ သိရလျက် ဘယ်နှစ်နှစ် ကြာမယ်၊ ဘယ်တော့ ပြန်လာမယ်၊ ဘယ်လို အခြေအနေ ရောက်ရင် လက်ထပ်မယ် ဆိုတာလည်း တိတိကျကျ ပြောမသွားခဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com



သူ့အပြောတော့ သူများ နိုင်ငံမှာ အလုပ်လုပ်ရတာ ဘာကိုမှ ရေရေရာရာ မပြောနိုင် ... မမှန်းနိုင်ဘူးဟု ဆိုလေသည်။

"ဟိုကောင့်ဆီက စာလာသေးလား ညလေး ..."

"အေး ... လာတယ်"

စာမှန်မှန် လာနေသည့် အဖြစ်ကလေးကတော့ ညလေးအတွက် အလွန်ပင် ကျေနပ်စရာ အလွမ်းပြေစရာ ဖြစ်ပါသည်။

"ဖုန်းရော လာလား ..."

"ဖုန်းကတော့ မလာတာ ကြာပြီ၊ သူ ... ဟိုကနေ ဖုန်းဆက်ရင် ပိုက်ဆံအရမ်း ကုန်မှာ မဟုတ်လား၊ ပြီးတော့ ငါ နေတဲ့ အဆောင်မှာလည်း ဖုန်းဆက်ရတာ သိပ် အဆင်မပြေဘူး၊ ဖုန်းလာရင်လည်း သူတို့ မအားရင် ခေါ်ပေးတာ မဟုတ်ဘူး၊ စာရေးတာပဲ အဆင်ပြေပါတယ်ဟာ ..."

"ဒီကောင် အလုပ်တွေ များနေတဲ့ကြားက နင့်ဆီ စာမှန်မှန် ရေးတာတော့ ဝမ်းသာစရာပဲဟာ၊ သူက ငါ့လို သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးဆီတောင် စာရေးတာ မဟုတ်ဘူး"

"ဒါပေမယ့် ငါ့ဆီ စာရေးတိုင်း နင့်အကြောင်း





အမြဲပါပါတယ် နေနေရယ်၊ ပြီးတော့ နင်နဲ့က တစ်ခါတလေ ဖုန်းပြောရတယ် မဟုတ်လား ..."

"ဖုန်းဆက်ရင်လည်း အီးတစ်ပေါက်လောက်ပဲ ကြာတာပါဟာ ...၊ ဒီကောင်က ဖုန်းဖိုးကုန်မယ့် ပိုက်ဆံကို အရမ်း နမြောတာ၊ စကားတောင် မဆုံးသေးဘူး၊ သူ ချချင် ချသွားတာ ... ဘယ်လိုကောင်မှန်း မသိဘူး ..."

"ဘယ်လိုပဲဖြစ်ဖြစ် သူ့အချစ်ဆုံး သူငယ်ချင်းကတော့ နင်ပါပဲ နေနေရယ် ..."

"အေးပါ ... အဲ့ဒါ ငါ သိပါတယ် ..."

ညလေးညိုသည် နေနေနှင့် စကားပြောရင်းကပင် မိုးသားကို ပြင်းပြင်းပြပြ သတိရမိလေသည်။ မိုးသားနှင့် ခွဲခဲ့ရတာ တစ်နှစ်ပင် ကျော်ခဲ့ပြီ ...။ သို့သော် ညလေး စိတ်ထဲမှာတော့ ခုနလေးကပဲ အနားမှာ ရှိခဲ့သလို လတ်လတ်ဆတ်ဆတ် ခြေရာထင် ကျန်ခဲ့တုန်းပင် ရှိပါသည်။ မိုးသား ဆံပင် ညိုပျော့ပျော့လေးတွေရယ် ...၊ စူးစူးရှရှနဲ့ သိပ်မနူးညံ့တဲ့ မျက်ဝန်း တောက်တောက်တွေရယ် ...၊ သူ့ရဲ့ ဘုဆတ်ဆတ် အပြောတွေကြားက ညလေးကိုမှ နူးနူးညံ့ညံ့ စကား ဆိုတတ်ပုံတွေရယ် ...၊ သူ စိတ်တိုနေတုန်း ညလေး စကား သွားပြောမိ



www.burmeseclassic.com

www.burmeseclassic.com



လို့ ခပ်ဆတ်ဆတ် အော်ပစ်လိုက်ပြီးမှ မချော့တတ် ချော့တတ်နှင့် ချက်ချင်း ပြန်ချော့တတ်တာတွေရယ် ...၊ တစ်ခါတစ်ရံ သူနဲ့ ညလေး တစ်နေရာရာ သွားဖို့ ချိန်းထားပြီးမှ သူ မလာနိုင်တာမို့ နေနေ့ကို လွှတ်ပြီး ညလေး သွားချင်သည့် နေရာတွေကို လိုက်ပို့ပေးခိုင်းတာတွေရယ် ... အရာရာအားလုံးက အမှတ် ရ,စရာတွေချည်းသာ ဖြစ်နေခဲ့ရပါသည်။

"ဟိတ် ..."

"အမေ့ ..."

နေနေက ညလေး မျက်နှာရှေ့မှာ လက်ကိုဇေ့ယမ်းကာ အော်လိုက်တာမို့ ညလေး လန့်ဖျပ်သွားရသည်။

"မိုးသား အကြောင်း အစ,ဖော်ပြောမိတာနဲ့ပဲ ငိုင်သွားလိုက်တာ ...၊ နင်တို့ မိန်းမတွေများ ချစ်မိပြီဆို ဟန်ကို မဆောင်နိုင်တော့ဘူး၊ လွမ်းပြီဆိုလည်း လူတကာ ရိပ်မိအောင် အပူသည်ရုပ်ကို ပေါက်လို့ ..."

ဟုတ်တာ ပြောတာမို့ ညလေးက ပြုံးစိစိနှင့် ငြိမ်နေလိုက်ရပါသည်။

"အံမယ် ... ဟုတ်တာ ပြောတော့ ရုပ်ကိုက မချိုမချဉ်နဲ့၊ ကဲ ... နင့် လာရင်းကိစ္စ ပြောဦးလေဟာ၊ နင် ငါ့ကို အပူကပ်စရာ ရှိတယ်ဆို ... ဘာလဲ ..."





"အလုပ်ကိစ္စပါဟယ် ...၊ ငါ အလုပ်တစ်ခုခု လုပ်ချင်လို့၊ နင် ငါ့ကို အလုပ်ရှာပေး ..."

"နင်က ဘာကိစ္စ အလုပ်လုပ်ချင်ရတာလဲ ...၊ နင့်အဒေါ်ကလည်း ငွေ မှန်မှန် ပို့နေတာ မဟုတ်လား၊ နင် ပြောတော့ သင်တန်းတွေ ထပ်တက်ချင်သေးတယ်ဆို ...၊ LCCI level 3 လောက်ပြီးမှ အလုပ်လုပ်မယ်ဆို ..."

"အဒေါ်က ကျန်းမာရေး သိပ်မကောင်းဘူး နေနေရဲ့၊ ဒီနှစ်ပိုင်းအတွင်း စီးပွားရေးလည်း ကျတယ်၊ ပို့တယ်ဆိုပေမယ့် စားစရိတ်၊ အဆောင်စရိတ်လောက်ပဲ ပို့နိုင်တော့တာ ...၊ ငါ တက်ချင်တဲ့ သင်တန်းစရိတ်တွေတော့ တတ်နိုင်မှာ မဟုတ်ဘူး ...၊ ပြီးတော့ ငါ့မှာလည်း ဖေဖေရော မေမေပါ ဆုံးကတည်းက ဒီ အဒေါ်ကိုပဲ မှီခိုလာရတာ အားနာလှပြီ၊ ဘွဲ့ရပြီးတာတောင် ဆက် မှီခိုနေဦးမယ်ဆို ငါ မတရားဘူး၊ ပြီးတော့ ငါ သိပ် အားမနေချင်ဘူးဟာ ...၊ အချိန်အားတွေ သိပ်များနေရင် မိုးသားကို ပိုသတိရတယ်၊ အလုပ်ကလေး လုပ်နေတော့ အလွမ်းလည်း ပြေတာပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"အမ်း ... ဒါပဲ ... ဒီလွမ်းတဲ့ ကိစ္စကတော့ မပါမပြီး ဘူး ..."

"အေးပေါ့ ... နင်ကမှ မလွမ်းဖူးတာ ဘယ် ကိုယ်ချင်း စာပါ့မလဲ ..."

"လွမ်းဖို့ ဆိုတာက ချစ်သူ ရှိပြီးမှ ဖြစ်လာရတဲ့ ခံစားမှု မဟုတ်လား၊ ငါက ခုမှ ချစ်သူရဖို့ ကြိုးစား တုန်း ရှိသေးတာ၊ ဟာ ... ဟိုမှာ ... ပန်းပွင့်လေး နှစ်ပွင့် ပြန်လာပြီ၊ ကြည့်စမ်း ... ညလေ ...၊ ဟိုဘက် ခြံကို ကြည့်လိုက်၊ ညီအစ်မနှစ်ယောက် တွေ့လား၊ နှစ်ယောက်စလုံး လှတ,ပတ, လေးတွေချည်းပဲ၊ ဘယ်သူက ပိုလှတယ်ဆိုတာတောင် ဆုံးဖြတ်ရ ခက်နေတယ်၊ ဘယ်သူ့ကို ကြိုးစားရင် ကောင်းမလဲလို့ စဉ်းစားနေတာ ကြာပြီဟ၊ နင် ... ကြည့်ပေး စမ်းပါ ... ဘယ်သူ ပိုလှသလဲလို့ ..."

"နင့်မှလဲ ... အဲဒီလို ဝါးတားတားတွေနဲ့ပဲ အချိန်ကုန် လာတာ ဘယ်လောက် ကြာပြီလဲ၊ အဖြစ်ဖြင့် မရှိဘဲနဲ့ ...၊ အင်း ... နင့် အန်ကယ်သက် လက်ရာ ပေါင်မုန့်က စားလို့ ကောင်းသားပဲ၊ ဒါပေမယ့်





အထဲမှာ ထည့်ထားတဲ့ ခရင်မ်တွေက သိပ်မကောင်း သလိုပဲ ..."

"နင်က ပိုတတ်၊ ဟာ ... ငါအခုမှ သတိရတယ်၊ နင် ပေါင်မုန့် ဖုတ်တတ်တယ် မဟုတ်လား၊ အဲဒါဆို အိုကေပဲလေ၊ အန်ကယ်သက်ဆီမှာ အလုပ် ဝင်လိုက် ပါလား ..."

"ဘွဲ့ရဟဲ့၊ ပေါင်မုန့်တော့ မဖုတ်ချင်ပါဘူး ..."

"အောင်မယ် ... ကြီးကျယ်မနေနဲ့၊ ငါ့ အန်ကယ်သက် လည်း ဘွဲ့ရပဲ၊ ဘွဲ့ရဆိုတာ ပေါင်မုန့် မဖုတ်ရဘူးလို့ ဘယ်သူက သတ်မှတ်ထားလဲ ...၊ နင်သာ အလုပ်ဝင် ရင် အန်ကယ်သက်လည်း မျက်နှာလွှဲရမယ်၊ နင် သင်တန်းတက်ရမယ့် အချိန်တွေအတွက်လည်း အား နာနေစရာ မလိုဘူး၊ တခြားမှာ အလုပ်ဝင်ရင် နင့် သင်တန်းတွေနဲ့ အဆင်ပြေမှာ မဟုတ်ဘူး ..."

"ငါက အိမ်တွင်းမှု သင်တန်း တစ်ခုမှာ သင်ထား လို့သာ လုပ်တတ်ပေမယ့် သိပ် ဖြစ်ဖြစ်မြောက်မြောက် မှ မရှိတာ ..."

"အလုပ်က သင်သွားမှာပေါ့၊ အန်ကယ်သက် သင်ပေး မှာပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



ညလေးက ငြိမ်တွေကာ စဉ်းစားနေမိပါသည်။ နေနေ ပြောတာလည်း ဟုတ်သလိုလိုတော့ ရှိသားပင်။ သာမန် ဘွဲ့ရရုံနှင့်တော့ တခြားမှာ လုပ်လည်း အလုပ်ကောင်းကောင်း လခ ကောင်းကောင်း ရမည် မထင်ပါ။ ပြီးတော့ သင်တန်းချိန်နှင့် အလုပ်ချိန်ကို အတော်လေး ညှိယူရဦးမည်။ နိုင်ငံခြားဘာသာ သင်တန်းလေးတစ်ခု၊ ကွန်ပျူတာသင်တန်းနှင့် စာရင်းအင်းပညာ သင်တန်းတွေပါ တတ်ချင်သော ညလေး အတွက် တော်ရုံအလုပ်နှင့်တော့ ညှိလို့ အဆင်ပြေမည် မထင်ပါ ... ။

"ကဲ ... ကဲ ... ဘယ်လိုလဲ၊ သိပ်အင်မနေနဲ့နော် ... ၊ အန်ကယ်သက်ကလည်း နင့်ကို ခန့်မယ် မခန့်ဘူး ဆိုတာ သိပ်သေချာတာ မဟုတ်ဘူး၊ သူက နင့် အရည်အချင်းကို စိတ်တိုင်းကျမှ ခန့်မှာ ... "

"အေးပါ ... ငါကလည်း အန်ကယ်သက် ငါ့ကို နင့် သူငယ်ချင်းမို့ အားနာပါးနာ ခန့်လိုက်ရတယ် ဆိုတဲ့ အဖြစ်မျိုး အရောက် မခံနိုင်ပါဘူး ... "

"ဒါဆို ဒီလိုလုပ်ပါလား၊ ရှေ့အပတ်ကျ အန်ကယ်သက် မွေးနေ့ ရှိတယ်၊ အန်ကယ်သက်က သူ့မွေးနေ့တိုင်း အိမ်နီးချင်းတွေ ရပ်ကွက်ထဲက ကလေးတွေကို





ဖိတ်ပြီး သူကိုယ်တိုင် ပေါင်မုန့်ဆန်းဆန်းလေးတွေ ဖုတ်ပြီး ကျွေးတတ်တယ်၊ အဲဒီနေ့ကျ နင့်ကို ငါ ဖိတ်မယ်၊ နင် ဝင်ပြီး လက်စွမ်းပြပေါ့၊ နင့် အရည်အချင်းကို သဘောကျရင် အန်ကယ်သက် ကိုယ်တိုင်က နင့်ကို အလုပ်လုပ်ဖို့ ကမ်းလှမ်းလာလိမ့်မယ် ... "

"အေး ... နင့်အစီအစဉ် မဆိုးဘူး၊ အင်း ... ဒါပေမယ့် ငါ အဲဒီအလုပ်မျိုး လုပ်ရင် မိုးသား ကြိုက်ပါ့မလား မသိဘူးနော်၊ သူ့ကို အသိပေးပြီး သူ ခွင့်ပြုမှလုပ်တာ ကောင်းမယ်ထင်တယ်"

"သိပ်သည်းမနေနဲ့ ညလေး၊ ငါတို့ဆီမှာ လုပ်တာပဲ၊ ဒီကောင် စိတ်ချမှာပါ ... "

ညလေးသည် ဘာလေးပဲ လုပ်လုပ် မိုးသားကို အသိပေးဖို့ သတိတရ ရှိစမြဲပင် ဖြစ်သည်။ မိုးသားကတော့ သူ ဘာလုပ်လုပ် ညလေးကို အသိပေးလေ့ မရှိခဲ့ပါ ... ။

ညလေးက အပေါ်ယံမှာ နှမ်းစေ့လေးတွေ မြှုပ်ထားသော အန်ကယ်သက် လက်ရာ ပေါင်မုန့်ဝိုင်းဝိုင်းလေးကို ကိုက်စားရင်း ညလေး အလုပ်ရှင် ဖြစ်လာနိုင်သည့် အန်ကယ်သက်ကို လှမ်းကြည့်မိသောအခါ ခါးလေးကို ညွတ်ခါ



www.burmeseclassic.com

www.burmeseclassic.com



ညွှတ်ခါဖြင့် ဈေးဝယ်သူတွေကို ပြုံးရယ် ရွှင်ပျစွာ နှုတ်ဆက်နေ

သည့်ကို မြင်ရလေသည်။

အဲဒီနေ့က အန်ကယ်သက် အလုပ်ရှုပ်နေ

တာမို့ နေနေက ညလေးနှင့် မိတ်ဆက်မပေးဖြစ်ခဲ့ပါ ...။

စ,တွေ့ကတည်းက အန်ကယ်သက်ကို ခင်

မင်ဖွယ် လူတစ်ယောက်အဖြစ် ညလေး စိတ်ထဲ နှစ်လိုနေခဲ့

မိတာတော့ သေချာလေသည်။



♥ ♥ ♥

"ဟောဒီမှာ ... သားသား ... မီးမီးတို့အတွက်

အန်ကယ်သက်ရဲ့ နောက်ဆုံးပေါ် လက်ရာ ပေါင်မုန့်

ပုံဆန်းလေးတွေ ရပါပြီဗျာ ..."

အန်ကယ်သက်သည် ပေါင်မုန့်တွေ ထည့်

ထားသော ဗန်းကို သူကိုယ်တိုင် မ,ယူလာကာ ကလေးများ

အလည်သို့ ချပေးလိုက်လျှင် ကလေးများက ဟေးခနဲ

ဝမ်းသာအားရ အော်ဟစ်လိုက်ကြပြီး ပေါင်မုန့်ဗန်းထဲ ခေါင်း

စိုက်သွားကြလေသည်။

"ဒီ အဝိုင်းလေးက ငါယူပြီးသားနော်"

"ဒီရှည်ရှည်လေးက ငါစားမလို့ ..."

"ဟဲ့ ... မလုနဲ့လေ ... ငတူးရဲ့၊ အငတ်ကျနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ရာ ပေါင်မုန့်တွေကို အလုအယက် စားနေကြသော ကလေးတွေကို ကြည့်ရင်း သူကျေနပ်စွာ ပြုံးနေမိပါသည်။ ကလေးတွေနှင့် အပေါင်းအသင်း လုပ် တာကို သူ ပျော်ပါသည်။ ကလေးတွေထံမှာ အမှန်တရား အတော်များများကို ရှာဖွေတွေ့နိုင်သည်။ သူက နှစ်စဉ် သူ့ မွေးနေ့ ကျရောက်တိုင်း ကလေးတွေကိုသာ သူ့ခြံထဲမှာ စုဝေးစေကာ သူ့လက်ရာ ပေါင်မုန့်တွေကို ချကျွေးတတ် ဖြစ်တာဟာ အစဉ်အလာ တစ်ခုလိုတောင် ဖြစ်နေခဲ့ပြီ ...

"ကဲ ... ကဲ ... ဝအောင်စားကြနော်၊ ပေါင်မုန့် စားပြီး ရင် အန်ကယ်သက်ရဲ့ မွေးနေ့ကိတ်ပေါ်မှာ ဖယောင်း တိုင် ထွန်းလိုက်မယ်၊ မီးမှုတ်ရင် ခင်ဗျားလေးတို့ လည်း ဝိုင်းမှုတ်ကြပေါ့၊ ပြီးရင် ... ကိတ်မုန့် လှီးပြီး ကျွေးဦးမယ်ဗျာ ..."

သူက အားပါးတရ စားနေသော ကလေး တွေကို ထိုင်ကြည့်နေရင်း နေနေ ဘယ်ရောက်နေပါလိမ့် တွေးလိုက်မိပါသည်။ ခါတိုင်း နှစ်တွေကတော့ နေနေ ကလေးတွေနှင့် အတူ သူ့မွေးနေ့ကို ဆင်နွှဲနေကျ ဖြစ် သည်။

"ဟက်ပီးဘတ်ဒေး အန်ကယ်သက် ..."





သူ တွေးနေဆဲ ... နေနေက သူ့ရှေ့ ရောက် လာသည်။

"မင်းကွာ ... ဘယ်သဝေထိုးနေတာလဲ၊ ငါ့မှာ တစ်နေ့ လုံး ဒီကလေးတွေအတွက် ပေါင်မုန့်ဖုတ်နေရတာ ခြံထဲမှာ ခုံတွေ ယူလာချတော့လည်း ငါပဲ ...၊ စားပွဲခင်းတွေ ခင်းတော့လည်း ငါပဲ၊ ဒီကြားထဲ မွေးနေ့ကိတ်မှာ ထွန်းဖို့ ဖယောင်းတိုင် မရှိလို့ အသေးလေးကို သွားဝယ်ခိုင်းမိတာ ဧရာမ ဖယောင်း တိုင်ကြီး ဝယ်လာလို့ ငါပဲ အပြေးအလွှား သွားဝယ် လိုက်ရသေးတယ် ...၊ အေးကွာ ... ထားပါတော့၊ တောက်တိုမယ်ရတွေလည်း ငါပဲ လုပ်နေရတာ အကျင့် ဖြစ်နေပါပြီ၊ အခုလို ငါ့ မွေးနေ့ကို တက် ရောက် ချီးမြှင့်ဖော်ရတဲ့ မင်းကို အထူး ကျေးဇူးတင် ပါတယ် ...၊ အဲ ... အဲ ... ဒါနဲ့ သူက ..."

အန်ကယ်သက်သည် စိတ်ထဲက ဒေါသ ထွက်လာတယ်ရယ် မဟုတ်ဘဲ ဗျစ်တောက်ဗျစ်တောက် ပြောရင်း နေနေ့ နောက်နားဆီမှာ ခပ်ပြုံးပြုံး မျက်နှာထားဖြင့် သူ့ကို ရပ်ကြည့်နေသော မိန်းကလေး တစ်ယောက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြူန်းခနဲ မြင်လိုက်ရတာမို့ အနည်းငယ် အိုးတိုးအမ်းတမ်း ဖြစ်သွားရပါသည်။

ကောင်မလေးက နေနေနှင့် ရွယ်တူပင် ဖြစ်ပြီး မျက်နှာကလေးက နုနယ်ကြည်စင်ကာ မျက်လုံးလေးတွေ ပိတ်သွားသည်အထိ သူ့ကို ရယ်ပြနေလေသည်။

သူက ရုတ်တရက်မို့ နေနေ့ ကောင်မလေး လားဟုပင် တွေးထင်လိုက်မိသည်။ အင်း ... ဒါပေမယ့် နေနေ ပိုးနေတာက ဟိုဘက်ခြံက ကောင်မလေးတွေပဲ မဟုတ်လား ...။ သူ့မှာ ရည်းစားရှိလို့ကတော့ တူဝရီးချင်း တစ်မူး ပိုသာကြောင်း နားငြီးလောက်အောင် ကပ်ကြွားနေမှာကို သူ အတပ်သိပါသည်။

သူက တစိမ်း မိန်းကလေးရှေ့မှာ ဗျစ်တောက် ဗျစ်တောက် ပြောမိသည့် ကိုယ့်အဖြစ်ကို ကိုယ် ရှက်ကာ ရှေ့ဆက် ဘာပြောရမှန်း မသိ ဖြစ်နေဆဲ ...

"သူက ကျွန်တော့် သူငယ်ချင်း မိုးသားရဲ့ ချစ်သူ ညလေးညိုတဲ့ ...၊ မိုးသားကို အန်ကယ်သက် သိတယ် မဟုတ်လား၊ တစ်ခါ ကျွန်တော် အိမ်လည်ခေါ်လာတုန်းက အန်ကယ်သက်နဲ့ ဆုံဖူးတယ်လေ ..."

"အင်း ... ဆုံတော့ ဆုံဖူးမှာပါ၊ ဒါပေမယ့် အသေ

၈





အချာတော့ မမှတ်မိတော့ဘူးကွ၊ လူမြင်ရင်တော့ သိပါလိမ့်မယ်၊ နေပါဦး ... ဟို ဂျစ်ကန်ကန်နဲ့ ဘယ်သူ့မှ သိပ်ဂရုမစိုက်သလို မျက်နှာထားမျိုးနဲ့ ကောင်လေး မဟုတ်လား ..."

"အန်ကယ်သက်တို့ကတော့ လုပ်ချလိုက်ပြန်ပြီ၊ ဆော်ကြာ ညလေးက သူ့ရည်းစားကို ဒီလိုပြောရပါ့မလား ဆိုပြီး အန်ကယ်သက်ကို စိတ်ဆိုးသွားလိမ့်မယ် ..."

"ဟုတ်တာ ပြောတာပဲ ... စိတ်ဆိုးစရာလား နေနေရဲ့၊ အန်ကယ်သက် ပြောတာ အဟုတ်ပဲ သိလား၊ မိုးသား စတိုင်လ်က အန်ကယ်သက် ပြောတဲ့အတိုင်း ကွက်တိပဲ ...၊ သူ ... တကယ် မနူးညံ့တာ ..."

သွက်သွက်လက်လက် ဝင်ပြောလိုက်သော ညလေးညိုကို သူ အငေးသား ကြည့်နေလိုက်မိပါသည်။ သူ့ရည်းစားအကြောင်း ပြောနေရတာမို့ ထင်ရဲ့၊ သူမ မျက်လုံးတွေက ရိလှဲ့ကာ တဖျတ်ဖျတ် တောက်ပနေပါသည်။ ဒါဟာ ချစ်သူရှိတဲ့ မိန်းကလေး တစ်ယောက်ရဲ့ မျက်ဝန်းမျိုးတွေပေါ့ ...။ သူ ပထမ ဦးဆုံးအကြိမ် အနီးကပ် မြင်ခွင့်ရလိုက်သော မျက်ဝန်းများ ဖြစ်ပါသည်။ အံ့တော့ အံ့သြစရာပဲ၊ အချစ်က လူတွေကို တော်တော်ပဲ လွှမ်းမိုးထားတယ် ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ နေပါဦးကွ ...၊ ဒီက အဲ ... မညလေးညိုက မိုးသား ချစ်သူဆိုတော့ အဲဒီ မိုးသားက အခု ဘယ်မှာလဲ၊ အတူ ပါမလာဘူးလား ..."

"မိုးသားက နိုင်ငံခြား ထွက်သွားတာ တစ်နှစ်ကျော်ပြီ အန်ကယ်သက်ရ ..."

"ဪ ... ဪ ... ဒီလိုလား၊ ကဲ ... ကဲ ... ထိုင်ကြလေ ...၊ မညလေးညို ပါလာတော့ ကျွန်တော့်မွေးနေ့ပွဲမှာ လူကြီး ဧည့်သည် တိုးသွားတာပေါ့ ..."

သူက ပျာပျာသလဲ နေရာပေးဆဲ ... ညလေးညိုက ဖြူန်းခနဲ ရယ်ချကာ ...

"အန်ကယ်သက် ခေါ်သလို ညလေးကို ဘယ်သူမှ မခေါ်ဖူးဘူး သိလား၊ ညလေး နာမည်က မ ထည့်ခေါ်ရင် ထောက်နေတယ်၊ ခေါ်လို့ မကောင်းဘူး၊ နားထောင်ရတာလည်း အဆင်မပြေဘူး၊ အန်ကယ်ရဲ့ နေနေ ခေါ်သလို ညလေးပဲ ခေါ်လို့ ရပါတယ် ..."

"ညလေး ... ညလေး၊ အင်း ... ကောင်းသားပဲ ... ခေါ်တာပေါ့ ..."

ညလေးသည် အန်ကယ်သက်ရဲ့ ပြောပုံဆိုပုံလေးသံ ဟန်ပန်တွေကို ကြည့်ရင်း စိတ်ထဲမှာတော့ အံ့သြရယ်





ချင်နေရပါသည်။ အန်ကယ်သက် မုံစံက တကယ့်ကို ခပ်ရိုးရိုး လူကြီးစတိုင်လ်မျိုး ဖြစ်သည်။ တကယ်ဆို သူ့အသက်က ဘယ်လောက်မှ ကြီးလှတာလည်း မဟုတ်ပါ။ နေနေ ပြောပြထားလို့သာ လေးဆယ်စွန်းရုံ ကလေးပဲ ရှိသေးသည်ဆိုတာ ညလေး သိရပါသည်။ ခုခေတ် အသက်လေးဆယ် ယောကျ်ားတွေကို ညလေး တွေ့ဖူးသားပဲ ...။ တွေ့ဖူးသမျှဟာ ခေတ်မီဖျတ်လတ်ဆဲ ...၊ အရွယ်ကောင်းမို့ ရှိုးအပြည့်နဲ့ သွက်လက်နေဆဲ ...၊ ဒီ အန်ကန်သက် တစ်ယောက်သာပဲ ... ထူးခြားရင့်ရော်သလို ဖြစ်နေရပါသည်။ သို့သော် ပြောပုံဆိုပုံကသာ လူကြီးလိုဖြစ်ပြီး သူ့မျက်နှာကတော့ ကြည်လင်ရှင်းသန့် လတ်ဆတ်နေခဲ့ပါသည်။

ဒီနေ့တော့ မွေးနေ့မို့ ထင်ပါရဲ့ ... အန်ကယ်သက်က စတိုင်လ်ဘောင်းဘီ ကာကီရောင် ဖျော့ဖျော့နှင့် ရှပ်အင်္ကျီဖြူ လက်ရှည်ဝတ်ကာ နက်ခ်တိုင် တပ်ထားသည်။ ဆိုသော် မီးပူမစန့်သော သူ့အဝတ်အစားတွေက သိပ်ပြန့်ပြန့်ရန့်ရန့် မရှိဘဲ နက်ခ်တိုင်ကလည်း ရွဲ့ရွဲ့စောင်းစောင်း ဖြစ်နေသည်။ မျက်စိရှေ့ မြင်နေရတာမို့ ညလေးက မနေနိုင်ဘဲ ...

"အန်ကယ်သက် ... အန်ကယ်သက် နက်ခ်တိုင် အပ်



www.burmeseclassic.com

www.burmeseclassic.com



ထားတာက နည်းနည်း ရွဲ့နေတယ်၊ ပြင်လိုက်ပါလား"

"ဩော် ... အင်း ... ဟုတ်မယ် ... ဟုတ်မယ်၊ ခဏလေးနော် ..."

အန်ကယ်သက်က တစ်ဖက်သို့ လှည့်သွားကာ သူ့နက်ခ်တိုင်ကို ပြင်ဆင်နေသည်။ နေနေက ပြုံးစိစိဖြင့် ...

"နင် ပြောလိုက်တာနဲ့ အန်ကယ်သက်က ရှက်သွားပြီ ...၊ သူက အရမ်း ရှက်တတ်တာဟ၊ နင်တို့ မိန်းကလေးတွေများ မျက်စိထဲ မြင်ရာတွေ့ရာ မပြောဘဲ မနေနိုင်ဘူး ..."

"အံမယ် ... မျက်စိထဲ အမြင်မတော်လို့ ပြောတာ ဘာဖြစ်လဲ ...၊ တကယ်ဆို နင် ပြောဖို့ ကောင်းတာ၊ နင် မပြောလို့သာ ငါက ပြောရတာ၊ အမြင်မတော်တာတွေက အဲဒီ တစ်ခုတည်း မကသေးဘူး သိလား၊ နင့် အန်ကယ်သက် ဝတ်ထားတဲ့ အဝတ်အစားတွေက တွန့်ကြေနေတာ ... မီးပူမတိုက်ဘဲများ ဝတ်ထားသလား အောက်မေ့ရတယ် ..."

"ဒါကတော့ သူ့မှာ စနစ်တကျ စေတနာပါပါ





ပြုပြင် ဆင်ယင်ပေးမယ့် မိန်းမမှ မရှိတာကိုးဟ၊ အိမ်က အသေးလေးက လက်ကြော မတင်းဘဲ တိုက်ပေးလိုက်တာ နေမှာပေါ့ ..."

"အေး ... အရှင်း မတိုက်ဘဲနေတာကမှ ကောင်းဦးမယ်၊ အခုတော့ ဘောင်းဘီကို တိုက်ထားပုံကလည်း ဘေးဘက်က ခေါက်မတိုက်ဘဲ ဒီအတိုင်း ချပြီး ပြားပြားကြီး တိုက်ထားတော့ ရယ်စရာကြီးတောင် ဖြစ်နေတယ် ..."

ညလေးနှင့် နေနေက တီးတိုးပြောနေဆဲ အန်ကယ်သက်က ညလေးတို့ ဘက်သို့ ပြန်လှည့်လျှောက်လာတာမို့ ညလေး အသာ ပါးစပ်ပိတ်နေလိုက်ရပါသည်။

အန်ကယ်သက်က ပေါင်မုန့် ထည့်ထားသော ဗန်းကို ညလေးတို့ ရှေ့မှာ ချပေးလိုက်ရင်း ...

"ကဲ ... နေနေ ... ညလေး ပေါင်မုန့်တွေ စားကြဦးလေ ...၊ ကလေးတွေ မုန့်လိုချင်သေးရင် ဒီဘက်မှာ လာယူလို့ ရသေးတယ်နော် ..."

"ဟုတ်ကဲ့ပါ ခည ..."

ညလေးက ကလေးတွေနှင့် အန်ကယ်သက်



www.burmeseclassic.com

www.burmeseclassic.com



တို့ရဲ့ နွေးထွေး ရင်းနှီးပုံကို သဘောတကျ ကြည့်မိဆဲ နေနေက စကားစ,လိုက်သည်မှာ ...

"ညလေးက အန်ကယ်သက် အတွက် ထူးထူးခြားခြား လက်ဆောင် ပေးမလို့တဲ့ ... အန်ကယ်သက်ရဲ့"

"ဟော ... ဘာများပါလိမ့် ..."

အန်ကယ်သက်က မျက်ခုံးပင့်၍တအံ့တသြ မေးလိုက်တာမို့ ညလေးက ပြုံးလိုက်ရင်း ...

"အားလုံးအတွက် ညလေး ကိုယ်တိုင် ပေါင်မုန့် ဖုတ်ကျွေးမလို့လေ ..."

"ညလေးက ပေါင်မုန့် ဖုတ်တတ်တယ် ဟုတ်လား"

"သိပ် အကျွမ်းကျင်ကြီးတော့ မဟုတ်ပါဘူး ...၊ ဒါပေမယ့် ညလေး ကြိုးစားကြည့်မယ်လေ၊ အန်ကယ် သက် အကဲဖြတ်ပေးပေါ့ ..."

"အင်း ... အင်း ... သိပ်ကောင်းတဲ့ အစီအစဉ်ပဲ၊ နေနေ ... ညလေးကို ပေါင်မုန့်ဖုတ်တဲ့ နေရာ ခေါ် သွားပေးလိုက် ... အဲဒီမှာ ပစ္စည်းတွေတော့ အားလုံး အဆင်သင့်ပဲ ...၊ လိုတာရှိရင်လည်း ပြော"

နေနေနှင့် ညလေးညီတို့ ထ,သွားသောအခါ ဦးဖေသက်ထင်က တစ်မျိုးလေး ဆန်းကြယ်သော ခံစားမှုဖြင့်





ငူငူကြီး ထိုင်, ကျန်ရစ်ရပါသည်။ သူ့ဘဝက ခုမှ လှုပ်လှုပ် ရှားရှား စိုစိုဝေဝေ ဖြစ်လာရသည်ပင်တည်း။ သူ့ မျက်နှာက အလိုလိုပင် ပြုံးချင်လာရပါသည်။ သူ ... မွေးနေ့တွေ ကျင်းပ လာလိုက်တာ နှစ်တွေ မနည်းတော့ဘူး ...၊ ဒီလို ကိုယ်တိုင် ကိုယ်ကျ အပင်ပန်းခံလုပ်ပြီး ပေးသည့် မွေးနေ့ လက်ဆောင် မျိုး တစ်ခါမှ မရဘူးခဲ့ပါ။ မှတ်မိသလောက် ပြောရရင် တစ်ခါလားပဲ ... ဟိုကောင် နေနေက သော့ချိတ် တစ်ချောင်း မွေးနေ့လက်ဆောင် ပေးဖူးသည်။

သွက်လက်ချက်ချာကာ ရိုးသားဖြူစင်ပုံရ သော ထိုမိန်းကလေးကိုလည်း သူက ခင်မင်သဘောကျနေမိပါ သည်။ ဆံပင်ထူထူ အိအိဖြောင့်ဖြောင့် စင်းစင်းတွေ ပခုံး တစ်ဝိုက်မှာ စင်းကျနေပုံက ပုံစံကျနလှပသည်ဟုတော့ သူ့ မျက်စိထဲမှာ မြင်မိသည်။ ရှပ်အင်္ကျီလို ပုံစံမျိုး အင်္ကျီအကွက် ပေါ်မှာ ဝေ့စ်ကုတ် အဖြူလေး ထပ်ဝတ်ထားပြီး စကတ်ကျ တော့ အဖြူရောင်ပြောင် ဖြစ်သည်။ ကြိုးသေးသေးလေးတွေ သိုင်းယှက်ထက်ထားသော အနက်ရောင် ဖိနပ် ပါးပါးလေးကို ဝတ်ထားသော သူမ ပုံက ပေါ့ပါးလွတ်လပ်ကာ ခုခေတ် မိန်းကလေးတွေလို စတိုင်လ်မျိုး ဖြစ်သည်။ အတိုချုံး မှတ်ချက်ချရရင် ခေတ်မီတယ်၊ ဒါပေမယ့် မကလက်ဘူးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူက ဘာရယ်မဟုတ်ဘဲ ညလေးညို အကြောင်း စဉ်းစားနေမိပြီးမှ သတိပြန်ဝင်လာကာ မရှုံမလဲ ရှက်ရွံ့သလို ဖြစ်သွားခဲ့ရပါသည်။

"ဒါကတော့ အန်ကယ်သက် အတွက် ... ညလေးရဲ့ မွေးနေ့လက်ဆောင် ပေါင်မုန့်လေးတွေပါပဲရှင် ...၊ အားလုံး ... သုံးဆောင်နိုင်ကြပါပြီ ..."

ညလေးက ပေါင်မုန့် ဗန်းကို မ,ကာ သူ့ရှေ့သို့ သယ်ဆောင်လာတော့မှ သူ ထိုင်တွေးနေမိတာ တော်တော် ကြာသွားမှန်း သတိရလေသည်။

"ဟာ ... ဒီပေါင်မုန့်တွေက အရုပ်လို ပုံစံမျိုးလေး တွေ ..."

"ဒါက ကြောင်မျက်နှာနဲ့ တူတယ်၊ ဒါက ခွေး မျက်နှာနဲ့ တူတယ် ..."

ကလေးတွေက ပေါင်မုန့်ဗန်းနားမှာ သဘောတကျ ဝိုင်းအုံနေသည်။

"အန်ကယ်သက် ... ညလေးလက်ရာ မြည်းကြည့်ပါဦးရှင် ..."

သူက ပေါင်မုန့် တစ်ခု လှမ်းယူကာ စား





ကြည့်လိုက်မိပါသည်။ သူ့လျှာဖျားမှာ အရသာက စိမ့်သွား သည်။ သူ သဘောကျသွားခဲ့ရပါသည်။

"ကောင်းတယ် ... သိပ်ကောင်းတယ်၊ ညလေးက တကယ်တော်တာပဲ၊ ဒီလို လက်ရာမျိုးနဲ့ ပေါင်မုန့်ဆိုင် ဖွင့်ရင် သိပ်ရောင်းကောင်းမယ် ..."

"သိပ်လည်း မမြှောက်ပါနဲ့ အန်ကယ်သက်ရယ် ...၊ တစ်ခါတလေ နည်းနည်းပါးပါးမို့လို့ ကောင်းတာပါ၊ အမြဲတမ်းဆိုရင်တော့ သိပ် ကျွမ်းကျွမ်းကျင်ကျင် မရှိပါဘူး ..."

"အလုပ်ဆိုတာ အမြဲလုပ်နေရင်တော့ ကျွမ်းကျင်သွား မှာပါ ..."

အန်ကယ်သက်သည် ပေါင်မုန့်တွေလည်း သဘောကျ ... ကောင်မလေးရဲ့ သွက်လက်ချက်ချာ ပုံကလေး ကိုလည်း သဘောကျကာ သူ့ဆိုင်မှာ ဒီလို မိန်းကလေးဝန်ထမ်း တစ်ယောက်လောက်သာ ရှိရင် သိပ်ကောင်းမှာပဲဟု တမ်းတ, မိလေသည်။ သို့သော် ... ညလေးကိုတော့ သူ့ဆိုင်မှာ အလုပ် ဝင်ဖို့ မကမ်းလှမ်းရဲပေ ...။

"ကျွန်တော်လည်း အဲဒါကိုပဲ တိုက်တွန်းနေတာ အန်ကယ်သက်ရဲ့ ...၊ သူက ဘွဲ့ရပြီး ဆိုပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းတွေ တက်ချင်သေးတာဆိုတော့ သင်တန်းချိန်တွေနဲ့သာ ညှိလို့ ရမယ်ဆိုရင် ပေါင်မုန့်ဆိုင်တစ်ခုခုမှာ အလုပ်ဝင်လုပ်လိုက်ရင် အဆင်ပြေတယ် မဟုတ်လား ...”

သူက အနည်းငယ် လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ ...

“အဲဒီလို လုပ်ဖို့ စိတ်ကူးတယ် ဆိုရင်တော့ အန်ကယ်သက် ဆီမှာပဲ အလုပ်လုပ်ဖို့ ကမ်းလှမ်းချင်တယ်ကွာ၊ ဒီလိုပါ ... အလုပ်လုပ်တယ် ဆိုပေမယ့် အလုပ်သမားအောက်ခြေဝန်ထမ်းမျိုး မဟုတ်ပါဘူး ...၊ ဟို ... ဘယ်လိုခေါ်မလဲ ... ရာထူးအရ ပြောရရင်တော့ အန်ကယ်သက်နဲ့ တန်းတူ အနေအထားပါပဲ၊ ညလေး ... ကျွန်တော်ပြောတာ သဘောပေါက်ပါတယ်နော်၊ ကျွန်တော် ဆိုလိုတာက ကျွန်တော့်ကိုယ်ပွား အဖြစ် ညလေးက ဒီဆိုင်ကို ကြီးကြပ်အုပ်ချုပ်ဖို့ပါ၊ ကျွန်တော်က Management သိပ်ညံ့တယ်ဗျ၊ အဲဒါ ကျွန်တော့် အားနည်းချက်ပဲ၊ ကျွန်တော့် အားနည်းချက်ကိုလည်း ညလေးက ကူပေးပါ”

“ဪ ... ဘယ်လိုလဲ ညလေး ...၊ အလုပ်ကတော့





အတင်းကို ခန့်နေပြီ၊ ကြိုက်လောက်တဲ့ လခသာ ရရင် ဝင်လုပ်လိုက်ပေတော့ ...”

နေနေက ပြုံးစိစိနှင့် သူ့ကိုယ်ကို ကွယ်၍ လက်မ ထောင်ပြကာ ညလေးကို တိုက်တွန်းလေသည်။

အန်ကယ်သက်ကတော့ နေနေ အကွက်ဆင်လာတာကို မသိဘဲ ညလေးရဲ့ အဖြေကိုသာ မျှော်လင့်တကြီး စောင့်စားနေတာမို့ ညလေးက ရယ်ချင်အားနာနေရပါသည်။

“သိပ် စဉ်းစားမနေပါနဲ့ ညလေးရာ ...၊ အန်ကယ်က နင့်ကို အကူအညီ တောင်းတာပါ၊ သူ့မှာ တစ်ယောက်တည်း ဗျာများနေရတာ ဘယ်လောက်ကြာပြီလဲ၊ နင် ကူမှပဲ နည်းနည်းပါးပါး အနားရမှာ ... ကူညီလိုက်ပါ”

အန်ကယ်သက်သည် ညလေး ခေါင်းအညိတ်ကိုသာ ရင်တထိတ်ထိတ်နှင့် စောင့်နေခဲ့မိပါသည်။ ထိုခဏတွင် ညလေးက ခေါင်းကလေး အသာညိတ်ရင်း ...

“ညလေး ဒီမှာပဲ အလုပ် ဝင်ပါ့မယ် ...”

ဟု ပြုံးရွှင်စွာ ပြောလျှင် အန်ကယ်သက်



www.burmeseclassic.com

www.burmeseclassic.com



သည့် သူမတူသော ကျေနပ်မှုဖြင့် ပျော်ရွှင်သွားရသည်မှာ ကိုယ့်ကိုယ်ကိုတောင် အံ့သြရလေသည်။



ညလေးသည် အန်ကယ်သက်ရဲ့ ဆိုင်တွင် အလုပ်စ,လုပ်သည့် နေ့မှ စ,ကာ အန်ကယ်သက် ခန့်ထားသော ...ထမ်းများရဲ့ အချိုးမပြေမှုကို စ,တင်ရင်ဆိုင်ရလေသည်။ ...ထမ်းကလည်း များများစားစား ရှိလှတာ မဟုတ်၊ စုစုပေါင်းမှ ...ယောက်တည်း ဖြစ်သည်။ တစ်ယောက်က ဆိုင်သန့်ရှင်း ...ကအစ တောက်တိုမယ်ရ ခိုင်းဖို့ဖြစ်ပြီး နောက်တစ်ယောက် ... ပေါင်မုန့်ရောင်းဖို့ ဖြစ်သည်။ အန်ကယ်သက်ကတော့ ...ပေါင်မုန့်ဖို နားမှာသာ အလုပ်ရှုပ်၍ နေတတ်တာမို့ ထို ...ယောက်မှာ ထာဝရ လွတ်လပ်ရေး ရနေပုံ ဖြစ်လေသည်။

မနက် ဆိုင်ဖွင့်ချိန်ရောက်လျှင် ညလေးနှင့် ...ကယ်သက်ကသာ စောစော ရောက်ရပြီး မုန့်တံခါးမှာ



www.burmeseclassic.com

www.burmeseclassic.com



ချိတ်ထားသည့် close ဟူသော ကတ်ပြားကို open ကို အပြင်ထား၍ ချိတ်ဖို့ကိုပင် တောက်တိုမယ်ရ ကောင်လေးက မေ့လျော့လေသည်၊ ထိုကောင်လေး ရှိလျက် ဆိုင်ရဲ့ ကြမ်းပြင် အခင်းကလည်း အမြဲ သဲနှင့်ရှုပ်ရှုပ် ဖြစ်နေသည်။ မျက်နှာကြက် မှာလည်း ပင့်ကူမျှင်တွေ အုပ်စုဖွဲ့နေသည်။ မှန်တွေကလည်း မကြည်ပေ ... ။

ကောင်တာမှာ ထိုင်သည့် သူလည်း ဝယ်သူ ရှိသည်ဖြစ်စေ ... မရှိသည် ဖြစ်စေ မကြာခဏ ဆိုသလို အိပ်ငိုက်နေတတ်ပြီး မအိပ်ငိုက်သည့် အခါများမှာ ကာတွန်း စာအုပ်ကို လက်ကမချ။ ဗီရိုထဲက မုန့်ထုပ်တွေမှာ အလဲလဲ အပြိုပြိုနှင့် ကြည့်လို့ မလှတာကိုလည်း မပြုပြင် ... ။ သန့်ရှင်းရေး သမားရော မုန့်ရောင်းသူပါ နှစ်ဦးအတူ မျက်နှာချင်း ဆိုင်လျက် ပျင်းပျင်းရိတိုင်း ချက်ထိုး၍တောင် နေလိုက်သေး သည်။

ဖားနေအောင် အလုပ် လုပ်ရသူကတော့ အန်ကယ်သက်သာ ဖြစ်လေသည်။

ညလေးသည် ရောက်စ,ကတည်းကပင် ဝန်ထမ်းများရဲ့ အချိုးမပြေမှုများကို စောင့်ကြည့်အကဲခတ် လျက် ပြောဖို့ စိုင်းပြင်းထားသည်။ တစ်မနက်ခင်းတွင် ဆိုင်





ဖွင့်ထားသော်လည်း ဝယ်သူက သိပ်မလာသည့် အဖြစ်ကို ရင်ဆိုင်ရလေသည်။ လူအတော် များများမှာ ဆိုင်ရှေ့မှာပင် ရစ်သစ်ရစ်သီ လုပ်နေပြီး ဆိုင်ထဲထိ ဝင်မလာချေ ... ။ ခဏကြာတော့ အဒေါ်ကြီး တစ်ယောက်က ဆိုင်ထဲ ဝင်လာ ကာ ...

"ဒီမှာ ... ဒီနေ့ ဆိုင်ပိတ်သလား ... ဖွင့်သလားကွယ့်"

ညလေးက ထိုအဒေါ်ကြီးကို တအံ့တသြ ကြည့်မိကာ ...

"ဖွင့်တယ်လေ ... အန်တီရဲ့ ..."

"ဖွင့်တယ်သာ ဆိုတယ် ... မှန်မှာ ချိတ်ထားတာက close ကတ်ပြား မဟုတ်လား ... ၊ ခုန အန်တီ့ အိမ်က တူမလေးကို လွှတ်လိုက်တော့ ဆိုင်ပိတ်ထား တယ်တဲ့၊ အန်တီက ဟဲ့ ... ဒီနေ့ ဆိုင်ပိတ်တဲ့နေ့ လည်း မဟုတ်ပါဘူးဆိုပြီး မသင်္ကာလို့ ကိုယ်တိုင် လာကြည့်တော့လည်း ကတ်ပြားက close ဘက် လှည့်လို့ပဲ၊ ဆိုင်ထဲမှာ ကျတော့လည်း လူတွေ ရှိတယ်၊ ဒါနဲ့ သေချာအောင် ဝင်မေးဦးမှပါပဲဆိုပြီး ဝင်မေးတာ ..."

ညလေးသည် ခုမှပင် ဆိုင်ရှေ့ မှန်တံခါးဆီ



www.burmeseclassic.com

www.burmeseclassic.com



မှာ ချိတ်ဆွဲထားသော ကတ်ပြားကို လှမ်းကြည့်မိရလေသည်။ အမှန်တကယ်ပင် ကတ်ပြားမှာ open က အတွင်းဘက် လှည့်လျက်သားပင် ရှိသည်။ အပြင်က လှမ်းကြည့်လျှင်တော့ close ကိုသာ တွေ့ရမည်။ ဒါလေး လှည့်ချိတ်ဖို့တောင် ဝီရိယ မထားသော ကောင်လေးကို လှမ်းကြည့်မိတော့ ကောင်လေးက ခုဖြစ်ပျက်နေတာတွေဟာ သူနှင့် မဆိုင်သလို ကာတွန်းစာအုပ် ထိုင်ဖတ်နေသည်။ ညလေးက နေနှင့်ဦးဟု တေးထားကာ အဒေါ်ကြီးကိုတော့ လှိုက်လှိုက်လှဲလှဲ တောင်းပန် ရပါသည်။

"ဒီက ဝန်ထမ်းတွေ ပေါ့လျော့တာနဲ့ အန်တီလည်း အလုပ်ရှုပ်သွားရပြီ၊ ဆောရီးပဲ အန်တီရယ်၊ တောင်းပန် ပါတယ်နော်၊ ညလေးကလည်း နောက်ဘက်မှာ အလုပ်ရှုပ်နေတာနဲ့ ရှေ့ဘက်ကို ထွက်မကြည့်ဖြစ်ဘူး ခုလေးမှ အရှေ့ဘက် ခဏထွက်လာတုန်း အန်တီနဲ့ တွေ့တာ ...။ အန်တီ ဘာယူမလဲဟင် ... အန်တီ အလုပ်ရှုပ်သွားရတဲ့ အတွက် ညလေးက ဒီနေ့ အတွက် အထူးစပါယ်ရှယ် Discount ပေးပါ့မယ် ဒီရက်ပိုင်းမှ တီထွင်ပြီး ဖုတ်ထားတဲ့ ပေါင်မုန့် အသစ်တွေလည်း ရှိတယ် အန်တီရဲ့၊ အရသာ





တစ်မျိုး စမ်းစားကြည့်ပါလား ...၊ မြည်းကြည့်ပါဦး လား အန်တီ ... ကြိုက်မှ ဝယ်လေ ..."

ကောင်တာမှ ရှုတည်တည် ထိုင်နေသော အရောင်းဝန်ထမ်းအစား ညလေးကပင် ပျူပျူငှာငှာ ပြောပေး နေရပါသည်။ အန်တီကြီးက ညလေးကို ပြုံးကြည့်ကာ ...

သမီးလေးက ချစ်စရာလေးပါလား ... သမီးဆီမှာ ဈေးဝယ်ရတာ စိတ်ချမ်းသာလိုက်တာကွယ်၊ အန်တီ က ပွင့်ပွင့်လင်းလင်း သမားကွယ့် ...၊ ဒီတော့ ဘွင်းဘွင်းပဲ ပြောချင်တယ်၊ ဟောဒီဆိုင်မှာ အန်တီ ပေါင်မုန့် ဝယ်စားလာတာ နှစ်ပေါင်းကို မနည်းတော့ ဘူး၊ ဒီက ပေါင်မုန့် အရသာကိုပဲ ကြိုက်လို့ ဒီတစ်မျိုးပဲ စွဲစွဲမြဲမြဲ စားနေတာ ...၊ ဒီဆိုင်က မောင်ဖေသက်ထင်ကတော့ သဘောလည်း ကောင်း၊ စေတနာလည်း ပါပါရဲ့ကွယ် ...၊ ဒါပေမယ့် ဆိုင်က ဝန်ထမ်းတွေကတော့ နည်းနည်းလေးမှကို အချိုးမပြေ တာ၊ ဈေးရောင်းရင်လည်း စိတ်မပါသလို ... ပါသလို မေးရင်လည်း ဖြေချင်မှ ဖြေတယ်၊ ပြောလည်း ကြားချင်မှ ကြားယ်၊ သူတို့ အာရုံနဲ့ သူတို့ ခပ်တင်း တင်း နေနေကြတာ အန်တီတို့မှာ ပေါင်မုန့်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာရယ် ... မောင်ဖေသက်ထင် မျက်နှာကြောင့်ရယ်သာ ဆက်အားပေးနေရတာ ... အဆင်ကို မပြေပါဘူးကွယ် ... ”

နောက် ... အန်တီ စိတ်အနှောင့်အယှက် မဖြစ်စေရပါဘူး အန်တီ၊ သမီး ... တောင်းပန်ပါတယ်နော် ... ”

ညလေးသည် အန်တီကြီးကို ကျေနပ်အောင် မျက်နှာချို သွေးရင်း စိတ်ထဲမှာတော့ ကျော်ကျော်ဆိုတဲ့ သန့်ရှင်းရေး ဝန်ထမ်းနှင့် အောင်မိုးဆိုသော မျက်နှာကြောတင်းတင်း အရောင်းဝန်ထမ်းကို ဒေါသဖြစ်ရလွန်းသဖြင့် တနုံ့နုံ့ ဖြစ်နေရသည်။

ဒီလို လူမျိုးတွေကို ဆက်ခန့်ထားသည့် အန်ကယ်သက်ကိုလည်း ညလေး အံ့သြရလေသည်။



♥ ♥ ♥

“အလုပ်လုပ်တယ်ဆိုတာ စေတနာလေး ထည့်ထည့် လုပ်မှပေါ့ ... ၊ လခတော့ ယူထားပြီး ထိုက်သင့်တဲ့ တာဝန်ကို မယူတာလောက် ရှက်စရာကောင်းတာ မရှိတော့ဘူး ... ၊ ငါ ကြည့်ကြည့်နေတယ် ... ၊ ကျော်ကျော်ကလည်း အလုပ်ကို လက်ကြောတင်းတင်း မလုပ်ဘူး ... ၊ ဒီမှာ ကြမ်းပြင်ကို ခြေနဲ့ စမ်းကြည့်လိုက်စမ်း ... သဲတရှပ်ရှပ် ဖုန်အလိမ်းလိမ်းနဲ့၊ မှန်ကြက်ကို မော့ကြည့်ဦး၊ ပင့်ကူမျှင်တွေ နေရာမရွေး ရှိတယ်၊ ဒါတွေဟာ နင် လုပ်ရမယ့် တာဝန်ဆိုတာ နင် မသိဘူးလား ...

“ငါမြင်တာတော့ နင် တစ်နေ့ တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



ဒီဆိုင်ကိုလာပြီး ကာတွန်းဖတ်နေတာပဲ၊ ဟိုကောင်တာက တစ်ယောက်ကလည်း ဘာမှ မထူးဘူး၊ ဈေးဝယ်သူ လာရင် ဘယ်တော့မှ လှိုက်လှိုက်လှဲလှဲ မရောင်းဘူး၊ ခုန အန်တီကြီး ပြောသွားတာ ကြားတယ် မဟုတ်လားဟင်၊ ဘယ်လောက် ရှက်ဖို့ကောင်းသလဲ၊ ရှက်တတ်မယ်ဆို လဲသေဖို့ပဲ ကောင်းတယ် ...

"ဒီ ... open နဲ့ close တစ်ဖက်စီ ရေးထားတဲ့ ကတ်ပြားလေးကိုတောင် ဟိုဘက် ဒီဘက် လှည့်ချိတ်ဖို့ မေ့ရတယ်လို့ဟယ် ... ၊ မေ့တဲ့သူက မေ့တယ်ပဲထား ... ကောင်တာမှာ ငုတ်တုတ်ကြီး ထိုင်နေတဲ့ အောင်မိုးက မမြင်တော့ဘူးတဲ့လား၊ ကတ်ပြားက နင့်မျက်စိရှေ့ တည့်တည့်မှာလေ ..."

ပေါင်မုန့်ဖိုဘက်မှ ထွက်လာသော ဦးဇေ
သက်ထင်မှာ ညလေး အသံ စီစီညံညံကို ကြားလိုက်ရတာမို့ ခြေလှမ်းတုံ့ကာ ရပ်နားထောင်နေလိုက်မိပါသည်။

သူ တော်ရုံတန်ရုံ မပြောဖြစ်သော စကားများကို သူမက ချက်ကျ လက်ကျ ပြောနေတာမို့ ကျေနပ်ကျေးဇူးတင်နေမိသော်လည်း ဟိုကောင်လေး နှစ်ယောက်ကတော့ သနား အားနာမိရလေသည်။





သူကတော့ တစ်ခါတစ်ရံ စိတ်တိုင်းမကျတာ ရှိလျှင်သာ ဟဗျစ်တောက်တောက် ပြောချင် ပြောမိနေတတ်သေမယ့် ညလေးလိုတော့ ချက်ကျ လက်ကျ ဆူပူမပြောဖြစ်ဘဲ မျက်စိထဲ အမြင်မတော်လျှင် ကိုယ်တိုင်သာ ဝင်လုပ်လိုက်တာပဲ ဖြစ်သည်။

"ဒီပုံအတိုင်းသာ ရှေ့ဆက်သွားနေရင် နှစ်ဦး နှစ်ဖက် ဘယ်သူ့ ဘယ်သူမှ အကျိုးမရှိနိုင်ဘူး၊ ဒီအလုပ်ကို နင်တို့ စိတ် မဝင်စားဘူး ဆိုရင်လည်း ကြိုက်သလို ဆုံးဖြတ်နိုင်တယ်၊ စိတ်ဝင်စားသေးတယ် ... ပြုပြင်ပြောင်းလဲချင်စိတ် ရှိသေးတယ် ဆိုရင်တော့ အချိန်အကန့်အသတ် တစ်ခုအထိ ငါ စောင့်ကြည့်မယ် ..."

သူက ညလေးရဲ့ ရာဇသံအတွက် အနည်းငယ် အားနာလာရကာ ဆိုင်ရှေ့ဘက်သို့ ပျာပျာသလဲ ထွက်လာရင်း ...

"ဒီလောက်ထိတော့ ပြင်းပြင်းထန်ထန် မပြောပါနဲ့ ညလေးရာ၊ အခု ဘာတွေ ဖြစ်ကြလို့လဲ ..."

"အခုက ... open ကတ်ပြားလေးတောင် လှန်မချိတ်လို့ ဆိုင်ပိတ်တယ် ထင်ပြီး ဝယ်သူ မဝင်တဲ့ ကိစ္စလေး အန်ကယ်သက်၊ ပေါ့လျော့ပြီး အလုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



အလုပ်နဲ့ မတူအောင် လုပ်တဲ့ ကိစ္စကတော့ ဟိုးအရင်ကတည်းကပဲ မဟုတ်လား ...”

“စိတ်ကို နည်းနည်းတော့ လျှော့ပါ ညလေးရယ်၊ ဒီကတ်ပြား လှန်ဖို့က တစ်ခါတလေ မေ့တာလျော့တာ ရှိမှာပေါ့၊ ဘယ်မှာလဲ ... ဪ ... ဟုတ်သားပဲ၊ ကဲ ... ကဲ ... ကျွန်တော်ပဲ သွားလှန်ချိတ်လိုက်ပါ့မယ်”

သူက မှန်တံခါးဝဆီ ခြေလှမ်းပြင်ဆဲ ညလေးက သူ့ အေပရွန် အဖြူကို လှမ်းဆွဲကာ ...

“ဒါ ... အန်ကယ်သက် လုပ်ရမယ့် အလုပ်မှ မဟုတ်တာ ...၊ အဲဒီလိုသာ သဘောကောင်းနေရင် ကြာရင် အန်ကယ်သက်က အလုပ်သမား၊ သူတို့က အလုပ်ရှင် ဖြစ်သွားမယ်၊ ခုတောင်မှ အဲဒီလို ဖြစ်ချင်ချင်ရယ် ... ဟိတ် ... ဖိုးကျော် သွားလေ ... နင်လုပ်ရမယ့် အလုပ် နင်သိတယ် မဟုတ်လား ... သွားလုပ်၊ ကဲ ... အောင်မိုး နင့်ကိုလည်း ငါ စောင့်ကြည့်ရဦးမယ်၊ နင်တို့ရဲ့ လုပ်ရပ်ပေါ် မူတည်ပြီး နင်တို့ကို အလုပ် ဖြုတ်သင့် မဖြုတ်သင့် ငါ စဉ်းစားမယ် ...”





“ညလေးရာ ... လာ ... လာ ... ခဏလေး လာဦး”

ညလေးက ကြိမ်းဝါးနေဆဲတွင် အန်ကယ်သက်က ညလေးကို ခေါ်ပြီး အတွင်းဘက် ဝင်သွားတာမို့ ညလေးက ဘုမသိ ဘမသိဖြင့် အန်ကယ်သက် နောက်နားက ပါလာရပါသည်။ နောက်ဘက်ရောက်တော့မှ လေသံ ခပ်ကြိတ်ကြိတ်ဖြင့် ပြောသည်မှာ ...

“ကောင်လေးတွေကို အလုပ်ဖြုတ်ပစ်လို့ မဖြစ်ဘူး ညလေးရဲ့ ...”

“ဘာဖြစ်လို့လဲ ... သူတို့က အန်ကယ်သက် အလုပ်မှာ မရှိမဖြစ် အားကိုးအားထား ပြုရမယ့် လူတွေမို့လို့လား ...”

“ဒီလိုတော့လည်း မဟုတ်ဘူးပေါ့၊ ဒါပေမယ့် ကောင်လေးတွေက နွမ်းပါးရှာတယ်။ ဖိုးကျော်ကလည်း အမေ လူမမာကြီးကို ထောက်ပံ့နေရတာ သနားပါတယ်ဗျာ၊ အလုပ်တစ်ခု ပြုတ်ရင် နောက်တစ်ခု ရဖို့က မလွယ်ဘူး၊ ဒီကြားထဲမှာ သူတို့ ထမင်းငတ်သွားရင် ဘယ်လိုလုပ်မလဲ၊ အလုပ်တော့ မဖြုတ်ပါနဲ့၊ ကျွန်တော် ဆုံးမပါဦးမယ် ...”

“အန်ကယ်သက် ဆုံးမမှာများတော့ ညလေး သိသား



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ ကိုယ့်ရဲ့ အင်မတန်ချစ်တဲ့ တူကလေး သားကလေးတွေ နဲ့ဆိုး,ဆိုးနေတာကို ချစ်စနိုးစိတ်နဲ့ ပွစိပွစိ ပြောသလိုမျိုး ပြောမှာမဟုတ်လား၊ ပြောရက်နဲ့ သူတို့ မလုပ်လည်း အန်ကယ်သက် ဘာသာ လုပ်သွားတာ ညလေး မြင်မြင်နေရတယ်နော်၊ ကိုယ်က အလုပ်ရှင်ပဲ ... ကိုယ့် အလုပ်သမားတွေ ကြောက်အောင် ရှိန်အောင်များ နည်းနည်းပါးပါး အဟန့်လေးနဲ့ နေပါဦးတော့လား ...”

“အေးပါ ... နောက်တော့ နေပါ့မယ်၊ အခုတော့ ညလေးလည်း စိတ်ကို နည်းနည်းလျှော့ ဟုတ်လား၊ ကဲပါ ... လာ လာ ... ကျွန်တော် ပေါင်မုန့်ဖုတ်နေ တာကို လာကူပေးပါဦး ...”

ညလေးသည် သက်ပြင်းကို ဟင်းခနဲ ချရင်း အန်ကယ်သက် အစား ရင်လေးရပါသည်။ သူ ဒီလိုလုပ်နေလို့လည်း သူ့အလုပ်သမားတွေ အလုပ်ကို မလေးစားတာ ဖြစ်မည်။ အလုပ်လည်း မဖြတ်ရဘူးဆိုရင်တော့ ညလေးပဲ စိတ်ရှည်လက်ရှည် ပြုပြင်ပေးရတော့မည်။

ညလေးလည်း အန်ကယ်သက် နံဘေးတွင် ရပ်ကာ ဂျုံမှုန့်တွေ နယ်ပေးရင်း မိုးသားကို သတိရလာမိ





ပြန်ပါသည်။ ညလေးက မိုးသားမျက်နှာ ဂျစ်ကန်ကန်လေးကို မြင်ယောင်လာရကာ ပြုံးယောင်ယောင် ဖြစ်သွားရပြီးမှ ...

မိုးသားသာ အန်ကယ်သက် နေရာမှာဆို သည်းခံနိုင်မှာ မဟုတ်ဘူး သိလား ...၊ သူက အရမ်း စိတ်တိုတတ်တယ် ... သူ စိတ်တိုပြီဆို သူက ဂနာမငြိမ်တော့ဘူး၊ ရှေ့လျှောက်လိုက် နောက်လျှောက်လိုက် ယောက်ယက်ကို ခတ်နေတော့တာပဲ၊ ဒီကြားထဲ မျက်လုံးကြီးကလည်း ပြူးလာသေးတာ၊ ပါးစပ်က လည်း တကျွတ်ကျွတ် စုပ်သတ်နေသေးတာ၊ သို့ ရှေ့မှာ ဘီယာဘူးခွံတွေ ဘာတွေ ရှိလို့ကတော့ ဖိနပ်ဦးနဲ့ ထိုးပြီး ပိတ်ကန်ပစ်လိုက်တာ ... အဝေးကြီး လွင့်သွားတယ်၊ ညလေးဖြင့် သူစိတ်တိုပြီး ရှူးရှူးရှဲရှဲ ဖြစ်နေပုံကို တွေ့ရင် မရယ်ဘဲကို မနေနိုင်ဘူး၊ အဲဒီလို ရယ်မိတော့ သူက ညလေးကို တစ်ခါ ဒေါသဖြစ် ...၊ အင်း ... ဒါပေမယ့် သူ စိတ်ပြေရင် တော့ ပြန်ချော့ရှာသားပါပဲ၊ သူ စိတ်ရှည်လက်ရှည် ရှိတဲ့ အခါများဆို ညလေးကို အလိုသိပ်လိုက်တာ ...”

“ဩော် ... ဟုတ်လား ...”

“ဟုတ်တယ် အန်ကယ်သက်ရဲ့၊ အဟင်း ... ဟင်း



www.burmeseclassic.com

www.burmeseclassic.com



သူ စိတ်ကောင်း ဝင်နေတဲ့ အချိန်ဆို ညလေး ဘာ ပူဆာ ပူဆာ လုပ်ပေးတာ ...”

“ဩော် ... ဩော် ... ဒါဆို တော်တာပေါ့၊ ညလေး ကံကောင်းတာပေါ့”

“ဒါတင် မကသေးပါဘူး၊ အခု သူ နိုင်ငံခြား ထွက်သွားပြန့်တော့လည်း ညလေးဆီ စာမှန်မှန်ရေးတဲ့ ဝတ္တရားကို မပျက်မကွက်စေရဘူး ... ၊ နိုင်ငံခြားမှာ ဒီလောက် အလုပ်များတာ ... တချို့ ညလေး သူငယ်ချင်းတွေရဲ့ ချစ်သူတွေဆို မရေးအားပါဘူး ...”

“သူက ညလေးကို အရေးထားလို့ နေမှာပေါ့”

“ဟုတ်တယ် ... ဟုတ်တယ်၊ အဲဒါ အမှန်ပဲ အန်ကယ်သက်ရဲ့၊ အင်း ... ဒါပေမယ့် သူ နိုင်ငံခြား သွားတုန်းကတော့ ညလေးကို ကြိုအသိမပေးဘဲ ဖြုန်းစားကြီး ထွက်ချသွားတာလေ၊ အင်းလေ ဒီလိုပါပဲ ... လူ တစ်ယောက်မှာ ကောင်းတဲ့ အချက်ကလေးတွေ ရှိသလို ဆိုးတဲ့ အချက်ကလေးတွေလည်း ရှိဦးမှာပေါ့”

“ဒါပေါ့ ... ဒါပေါ့ ...”





ဦးဖေသက်ထင်သည် ပေါင်မုန့် ဖုတ်ရင်းက င် ညလေး ပြောပြနေတာတွေကို နားထောင်ရင်း အလိုက်သင့် ာက်ခံပေးနေရပါသည်။ ဒီကောင်မလေးဟာ သူ့ ချစ်သူ ်တော့ တစ်ခါမှ ပါးစပ်ဖျားက မချ ... ။ စိတ်ကူးပေါက် င် ပေါက်သလို ထ,ထ,ပြောတတ်တာမို့ သူ့မှာ အမြဲ ား‌ထောက်ကာ နားထောင်ပေးရတတ်ပါသည်။ အားကြီး န်တက် စိတ်ပါလက်ပါ ပြောပြီများဆို မျက်လုံးလေးတွေက း‌လဲ့နေတာကို သူ အတိုင်းသား မြင်ရပါသည်။ ချစ်သူရှိတဲ့ း‌မ တစ်ယောက်ဟာ သူ့ချစ်သူကို အမြဲမပြတ် သတိရနေ လားဟု သူတွေးတွေးကြည့်မိပါသည်။ သူ့ကိုမှ မဟုတ်ပါ။ နေ နှင့် တွေ့လျှင်လည်း မိုးသားအကြောင်းပဲ ပြောနေတတ် ကို သူ မကြာခဏ ကြုံရတတ်ပါသည်။

သူမရဲ့ သူမ ချစ်သူအပေါ် ချစ်သော ခြင်းများ ... သတိရခြင်းများက သူ့အတွက်တော့ အံ့ဘနန်း ခြားဆန်းသစ်နေခဲ့ရပါသည်။ သူသည် ချစ်သူရှိသော း‌မ တစ်ယောက်ရဲ့ ချစ်ခြင်းကို အံ့သြစရာမှ အစ,ပြုကာ သားကိုပါ စိတ်ဝင်စားလာရပါသည်။

မိုးသားဟာ ဘယ်လို ယောကျ်ားမျိုးလဲ ...

ညလေးက ချစ်သလောက် ညလေးကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်ရဲ့လား ... အဲဒါဟာ သူ သိချင်လာရသော မေးခွန်းမျာ
ဖြစ်လေသည်။

အဲဒီလောက် ချစ်တတ်သော မိန်းကလေးက
အချစ်ရေး ကံကောင်းစေချင်သော စေတနာက ထိုအချိန်
စ,ကာ ဖြစ်တည်လာခဲ့တာ ဖြစ်သည်။



"အသေးလေးရယ် ... နင့်မှာ ဒီအလုပ်ပဲ ရှိတာ ... တခြား ဘာမှလည်း ထွေထွေထူးထူးမှ မလုပ်ရတာ၊ ကိုယ်လုပ်တဲ့ အလုပ်ကလေးကိုတော့ လက်ကြောတင်းတင်း လုပ်ဦးမှပေါ့ ..."

"လုပ်နေတာပဲ အစ်မရဲ့၊ အစ်မလည်း မြင်သားပဲ မဟုတ်လား ..."

"အေး ... မြင်တယ်လေ၊ အချိုးမပြေတာတွေကို မြင်နေရတယ်၊ ကြည့်စမ်း ... ဒီမှာ လာကြည့်စမ်း ... ၊ မီးဖိုထဲက အိုးတွေ, ခွက်တွေကလည်း နည်းနည်းလေးမှ ပြောင်ပြောင်လက်လက် မရှိဘူး၊ ညစ်ပတ်ပေတူးနေတာပဲ၊ ပန်းကန်တွေ ထားတာကလည်း



www.burmeseclassic.com

www.burmeseclassic.com



စနစ်တကျ မရှိ ... သန့်ရှင်းမှုလည်း မရှိ၊ ဒီလို
အိုးတွေ ခွက်တွေနဲ့ အန်ကယ်သက်တို့ကို ချက်ကျွေး
နေတယ်ပေါ့လေ ... ဟုတ်လား ... ”

“ဒီလို အိုးခွက်တွေနဲ့ မချက်လို့ ဘယ်လို အိုးခွက်နဲ့
ချက်ရမလဲ အစ်မရဲ့၊ အိုးအသစ်မှ ဝယ်မပေးတာ
ကို”

“ဟဲ့ ... နင် ညစ်ပတ်တိုင်း အိုးအသစ်သာ ဝယ်ပေး
ရရင် အန်ကယ်သက်တို့လည်း မွဲဖို့ပဲ ရှိတော့တာပေါ့
ရှိတဲ့ အိုးတွေကို ပြောင်အောင်တိုက်ပါလား ... ”

“တိုက်တာပဲ ... ”

“တိုက်သာ တိုက်တယ် ... မပြောင်တာ ငါအမြင်ပဲ”

“တစ်အိမ်လုံး ပစ္စည်းတွေ ထားတာ သိုတာကအစ
အဆင်ကို မပြေဘူး ... ၊ အောက်ကျနေတဲ့ ပစ္စည်း
တွေ မြင်ရင် ကောက်တင်၊ ရှုပ်ပွနေတာ မြင်ရင်
ပြန်တည့်၊ ဟိုမှာ ကြည့်စမ်း ... ဆိုဖာတွေ ရွဲ့စောင်း
နေတာ မြင်လား၊ သွား ... တည့်အောင် သွားပြန်ရွှေ့”

“ပြီးမှ ရွှေ့မယ်၊ ဟင်းချက်ရဦးမယ်၊ အမြဲမတော်
ရင် အစ်မ တည့်ပေးလိုက်ပေါ့ ... ”

“အသေးလေး ... နင်က ငါ ပြောတာကို တစ်ခွန်းမ





ပြန်ပြောနေပါလားဟင် ... ၊ အန်ကယ်သက်တို့ နေနေ
တို့ကိုလည်း ဒီလိုပဲ ပြန်ပြောနေသလား ... ”

“ကိုကြီး နေနေကတော့ ခဏ ခဏ ထိုင်ခေါက်လို့
မပြောရပါဘူး ... ၊ အန်ကယ်သက်ကတော့ သဘော
ကောင်းတယ်၊ အမြင်မတော်ရင် သူ့ဘာသာ ဝင်လုပ်
တာပဲ၊ အန်ကယ်သက်က ဗျစ်တောက်ဗျစ်တောက်
ပြောတတ်ပေမယ့် ပြောပြီး ပြီးတာပဲ ... ၊ စိတ်ဆိုး
ပုံလည်း မရပါဘူး ... ”

ညလေးသည် အန်ကယ်သက် အစား ရင်
ဆိုင်းသွားရပြန်လေသည်။ အသေးလေးက သူ့ ပြန်ခိုင်းမှာကို
ဆောင် စိုးရိမ်ရသည့် အနေအထားမှာ ရှိသည်။

အိမ်မှာရော ဆိုင်မှာပါ ဖြစ်ချင်တိုင်း ဖြစ်နေ
တာကို ညလေး တဖြည်းဖြည်း သိလာခဲ့ရပါသည်။ အိမ်မှာ
သည်း အိမ်မှာမို့လို့ ဆိုင်မှာလည်း ဆိုင်မှာမို့လို့ အလုပ်သမား
တွေက စည်းလွတ်ဝါးလွတ် ဖြစ်၍ နေသည်။ စနစ်တကျ
ကြပ်မတ်ခိုင်းမည့်သူ မရှိတာမို့ အချိုးမပြေတာလည်း အဆန်း
တော့ မဟုတ်ချေ ... ။

“ကဲ ... အသေးလေး ... လာ ... ဟင်းကို ပြီးမှ ချက်၊
ဒီအိမ်ရှေ့မှာ အမြင်မတော်တာတွေ လာလုပ်စမ်း ... ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီဆိုဖာပေါ်မှာလည်း ဖုံတွေချည်းပဲ၊ ပစ္စည်းတွေ လဲပြိုပြန့်ကျဲနေတာ၊ ပန်းအိုးထဲက ပန်းတွေ ခြောက် နေတာ ...၊ အဲဒါတွေကို ခုလုပ်လိုက်၊ ဒါ ဒီတစ်နေ့ပဲ လုပ်ရမယ့် အလုပ် မဟုတ်ဘူး ...၊ နောက်လည်း နေ့တိုင်း လုပ်သွားရမယ် ...၊ အန်ကယ်သက်တို့ အိပ်ရာနိုးရင် သူတို့ အခန်းထဲပါ ဝင်ရှင်းပေး လိုက် ..."

"အန်ကယ်သက်ကမှ ဝင်ရှင်း မခံတာ၊ ကျွန်မက ဘယ်လိုလုပ် ရှင်းရမလဲ ..."

"ဟမ် ... သူက ဘာလို့ အရှင်း မခံတာလဲ ..."

"လူပျိုအခန်းမို့လို့တဲ့ ...၊ လူပျိုအခန်းထဲ မိန်းကလေး အဝင်မခံဘူးလို့ ဟိုတစ်ခါ ကိုကြီး နေနေကို ပြော နေတာ ကျွန်မ ကြားတယ် ..."

ညလေးက စိတ်ထဲ ကြိတ်၍ ရယ်ချင်သွား ရပါသည်။ သို့သော် မျက်နှာကို ချက်ချင်း ပြန်တည်ရပါသည်။ ညလေး မျက်နှာကြော လျော့ရင် အသေးလေးက ကမ်းတက် ချင်သည်။

"ကဲ ... လုပ်စရာရှိတာ မြန်မြန်လုပ် ...၊ ဟင်းကရော ဘာဟင်းတွေ ချက်မှာလဲ ..."





"ပဲသီးနဲ့ ကန်စွန်းရွက် ကြော်မယ်၊ ငါးနဲ့ ကြက်သားနဲ့ ချက်မယ် ..."

"ဟယ် ... နင့်ဟင်းတွေက ဘာဟင်းတွေလဲ ...၊ အစပ်အဟပ် မတည့်လိုက်တာ ..."

"ရှိတာ ချက်တာပဲလေ ...၊ အန်ကယ်သက်နဲ့ ကိုကြီး နေနေက တစ်ယောက် အကြိုက်တစ်မျိုး ...၊ အန်ကယ်သက်က ပဲသီးကြော် ကြိုက်တယ်၊ ကိုကြီး နေက ကန်စွန်းရွက်ကြော် ကြိုက်တယ်၊ အန်ကယ် သက်က ငါး ကြိုက်တယ်၊ ကိုကြီးနေက ကြက်သား ကြိုက်တယ်၊ အဲဒါကြောင့် အတူတူ ရောချက်လိုက် တော့ နှစ်ခါ မပင်ပန်းတော့ဘူးပေါ့၊ နောက်မို့ဆို တစ်နေ့ ဟင်း လေးအိုး ချက်ရမှာ မသက်သာဘူး ..."

"နင် ဒီလို ထင်တိုင်း ကြံနေတာ ဘယ်လောက် ကြာပြီလဲဟင် ... အသေးလေး၊ အန်ကယ်သက်တို့ ကရော ဘာမှ မပြောကြတော့ဘူးတဲ့လား ..."

"မပြောပါဘူး ...၊ အန်ကယ်သက်က ကျွေးတာ စားတယ်၊ ကိုကြီးနေက အိမ်က ဟင်း မကြိုက်ရင် အပြင်ထွက် စားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေး ... ကောင်းတယ် ... ကောင်းတယ်
နင်ကလည်း ထင်သလိုလုပ် ... သူတို့ကလည်း စည်
စနစ်မကျ၊ ဒီအိမ်မှာတော့ အိတ်ပေါက်နဲ့ ဖားကော
သလို ဖြစ်နေတော့မှာပဲ၊ ရှေ့ရေးတော့ ရင်လေးသ
တယ်၊ ဟဲ့ ... နင့် ဘေးနားက တယ်လီဖုန်း
စောင်းရွဲ့နေတာ ပြန်တည့်လိုက်လေ၊ သွား ...
လိုက်ကာတွေ သွားဖြုတ်ပြီး လျှော်၊ လူမြင်လို့
မကောင်းတော့ဘူး ...၊ ဒီလောက် ဖုန်တွေ တက်
တာ နင်မို့လို့ အမြင်တော်တယ် ...၊ ဟဲ့ ... ဒီမှ
လာဦး ...၊ဒီ တီဗွီပေါ်က အုပ်တဲ့ ဇာပါ ယူသွ
လျှော်လိုက် ..."

ဦးဖေသက်ထင်သည် ထိုနေ့ မနက်ခင်းအ
တစာစာ ဆူညံသော အသံနှင့်အတူ နိုးထ,လာခဲ့ရတ
ဖြစ်ပါသည်။ နိုးစမှာတော့ ဘယ်သူ့ အသံပါလိမ့်ဟု ဇဝေဇ
နားစွင့်ရင်း ညလေး ရောက်နေသည်ဆိုတာ သေချာသွားရ
သည်။ နောက်တော့ ... အသေးလေးနှင့် အချောတင် ဖြစ်
သည့် အသံတွေကို သူ နားထောင်ကောင်းကောင်းနှ
မျက်စိ မဖွင့်ဘဲ ငြိမ်နားထောင်နေမိခဲ့သည်။ ညလေးက
မနက်စောစော သူ့သင်တန်း တစ်ခု ပြီးပြီးချင်း အဆော





မပြန်တော့ဘဲ သူ့ဆိုင်ကို တန်းလာလေ့ ရှိတာမို့ ဆိုင်ဖွင့်ချိန်ထက် ပိုစော၍ ရောက်နေတတ်သည်။ အဲဒီလို စောရောက်သည့် နေ့များဆို ... သူတို့ နိုးနိုး, မနိုးနိုး အသေးလေးကို တံခါးဖွင့်ခိုင်းကာ အမြင်မတော်တာ တွေ့ရင် ပြောဆို ခိုင်းစေသွားတတ်တာကို သိသော်လည်း ခုလို တတွတ်တွတ် ပြောနေသံကိုတော့ သူအိပ်ရာမနိုးတာမို့ အစ, အဆုံး မကြားဘူးခဲ့ပါ ...။

ညလေး ခိုင်းပုံတွေက အကွက်ကို ဇေ့နေပါသည်။ ညလေးလို သူ မခိုင်းတတ်ခဲ့တာတော့ အမှန်ပဲဖြစ်သည်။ သူ့ အိမ်ကြီးဟာ ဒီလိုနဲ့ပဲ ဖုန်အလိမ်းလိမ်း ဖြစ်နေခဲ့တာ ဘယ်လောက် ကြာပြီလဲ ...၊ သူကတော့ မိုးလင်းက မိုးချုပ် အလုပ်နဲ့ပဲ အချိန်ကုန်နေတာမို့ ညနေ ဆိုင်ပိတ်မှ အိမ်ပြန်ရင် သူ ကျောချလဲလျောင်း အနားယူစရာ အိပ်ရာ တစ်နေရာ သန့်နေရင် တော်ပြီ ...။

"ကျွတ် ... ညလေးကတော့ လုပ်ပြီကွာ ...၊ မနက်စောစော သူများတကာ အိပ်နေတာကို ဆူညံ ဆူညံ လာလုပ်နေတယ် ... အနှောင့်အယှက်ပဲ ..."

သူ နားထောင်နေဆဲ နေနေက အိပ်ရာထဲမှ ကျိုးကျ လာကာ မြည်တွန်တောက်တီးရင်း အခန်းထဲက



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားတာမို့ သူပါ နေနေ့ နောက်က ထ,လိုက်လာခဲ့ရသည်။

"ဆူလိုက်တာ ညလေးရာ ...၊ နင် တော် တော်ဒုက္ခပေးပါလား ...၊ အိပ်ကောင်းခြင်း မအိပ်ရဘူး၊ မနက် စောစောစီးစီး ပူညံပူညံ လာလုပ်နေတာနားကို ငြီးနေတာပဲ ..."

"အောင်မယ် ... အကောင်းလည်း စေတနာနဲ့ လာလုပ်ပေးနေရသေးတယ်၊ စေတနာကို မစော်ကားနဲ့၊ နှင်တို့ တူဝရီးချည်းပဲ အရင်အတိုင်း ပစ်ထားလိုက်ရင် မကြာခင် နင်တို့ကို ပိုးဟပ်တွေ, ပုရွက်ဆိတ်တွေ, ကြွက်တွေ ချီသွားမယ် ...၊ တစ်အိမ်လုံး ဒီလောက် ညစ်ပတ် ပွရှုပ်နေတာ နင်တို့မို့ ဒီအတိုင်း နေတတ်တယ်၊ ရှုပ်ပွနေတဲ့ ပစ္စည်းတွေထဲမှာ အဲဒီလို အင်းဆက်တွေ အများကြီးရှိနေတာ သိရော သိကြရဲ့လား ..."

"မသိပါဘူး ... ငါက အိမ်မှ သိပ်မကပ်တာ၊ အန်ကယ်သက်တော့ သိချင် သိမယ်၊ အန်ကယ်သက် သိလား ..."

"အေး ... သိတော့ သိပါတယ်ကွာ ..."





"သိရင် ခိုင်းပေါ့ အန်ကယ်သက်ရဲ့၊ အဲဒီ အကောင်ဖလောင်တွေ မရှိအောင် ပစ္စည်းတွေကို သန့်ပြန့်ရှင်းလင်းအောင်ထားဖို့ အသေးလေးကို ခိုင်းပေါ့"

"သူ့ဘာသာ လုပ်လိမ့်မယ်လို့ ထင်လို့ပါ ညလေးရာ"

"တစ်အိမ်ထဲ နေလာတာ နှစ်တွေ ကြာနေပြီ၊ အသေးလေး အကြောင်း ခုထိ အန်ကယ်သက် မသိသေးလို့လား ..."

ဦးဖေသက်ထင်က ခေါင်းတစ်ချက် ကုပ်မိရင်း ဘာပြောရမှန်းတောင် မသိတော့ပါ ...။ အသေးလေး မသိတတ်တာကို သိသော်လည်း သိတတ်လောက်အောင် လုပ်ရမည့် နည်းလမ်းတွေကို သူ မသိရိုးအမှန်ဖြစ်ပါသည်။

ညလေးက သူ့ကို လိုလို ... နေနေ့ကို လိုလို မျက်စောင်း တစ်ချက်ထိုးကာ အသေးလေးဘက် ပြန်လှည့်သွားရင်း ...

"ကဲ ... အသေးလေး၊ ဟိုမှာ အန်ကယ်သက်တို့ နိုးလာပြီ၊ သူတို့ ဘရိတ်ဖတ် စားဖို့ အဆင်သင့် ဖြစ်နေရမှာ နင့်တာဝန်ပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘရိတ်ဖတ် ... ဘာ ဘရိတ်ဖတ်လဲ ..."

"မနက်စာကို ပြောတာ၊ သူတို့နှစ်ယောက်အတွက် မနက်စာ ဘာရှိလဲ ..."

"အဲ ... အစ်မ ဆူနေတာနဲ့ ပဲပြုတ်ဝယ်ဖို့တောင် မေ့သွားတယ်၊ အန်ကယ်သက်က မနက်စာဆို ပဲပြုတ်နဲ့ ထမင်းပဲ စားတယ်၊ ကိုကြီးနေက ကော်ဖီ သောက်တယ်၊ အဲ ... ဒါပေမယ့် သကြားတောင် ကုန်နေသလား မသိဘူး ..."

"ဘာတစ်ခုမှ မသေချာပါလားဟင် ..."

"နေ ... နေပါစေတော့ ညလေးရာ ...၊ ကျွန်တော် ငါးခြောက်ဖုတ် ဆီဆမ်းနဲ့ပဲ စားလိုက်ပါတော့မယ် ... ဟိုကောင် နေနေကလည်း အိမ်မှာ စားချင်မှ စားမှာပါ ...၊ သူက မနက်ဆို လက်ဖက်ရည်ဆိုင် သွားနေကျပါ ..."

"အင်း ... အဲဒါတွေ ခက်တာပေါ့ ..."

အန်ကယ်သက်က ပြဿနာကို အတော်ဆုံး ဖြေရှင်းလိုက်တာမို့ ပြောရသည့် သူမှာသာ မော၍ သွားသည်။ ညလေးက ဘာမှ ဆက်မပြောလိုတော့ဘဲ မသိမသာ ခေါင်းယမ်းလိုက်မိပါသည်။ အန်ကယ်သက်ကို ပြောလည်း





ဘာမှ မထူးတာမို့ အန်ကယ်သက် ကွယ်ရာမှာသာ အသေးလေးကို သွန်သင်ကြပ်မတ်ဖို့ ဆုံးဖြတ်ရပါသည်။

"အသေးလေး ... သွား ... မီးဖိုချောင်ထဲက ကိစ္စကို သွားလုပ်တော့၊ ရှင်းတာက ငါ ဆက်ရှင်းလိုက်မယ်"

ညလေးက အသေးလေး လက်ထဲက ကြက်မွေး တံမြက်စည်းကို ယူထားလိုက်ပြီး ရှင်းစရာရှိတာ ဆက်ရှင်းနေသည်။ အန်ကယ်သက်က မျက်နှာ သွားမသစ်ရသေးဘဲ သတင်းစာကို ဆွဲဖတ်နေတာမို့ ညလေးက အမြင်မတော် ဖြစ်သွားရကာ ...

"အန်ကယ်သက်က မျက်နှာ မသစ်ဘဲ သတင်းစာ ထိုင်ဖတ်ဦးမလို့လား ..."

"ဪ ... အေး ... မျက်နှာပဲ အရင် သွားသစ်လိုက်ပါ့မယ်"

အန်ကယ်သက် ထ,သွားတော့ နေနေက 'သူ့ဩဇာချည်းပဲ' ဟု တီးတိုးရေရွတ်လိုက်ပြီး ပြတင်းဝနား သွားရပ်ကာ လက်မြှောက် ခြေမြှောက် သွေးပူလေ့ကျင့်ခန်း လုပ်နေသည်။

ညလေးသည် တယ်လီဖုန်းလေးကို ဖုန်သုတ်ရင်း မိုးသားကို သတိရမိပြန်ပါသည်။ မိုးသားသာ



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းပြောလိုက်ရရင် ဘယ်လောက် အလွမ်းပြေမလဲ ... ။ သူ့ဆီ ညလေး စာလှမ်းရေးထားတာမို့ ညလေး ဒီမှာ အလုပ်ဝင်လုပ်နေတာကို သူသိလောက်ပါပြီ ... ။ ဖုန်းကဆိုင်နှင့် အိတ်စ်တန်းရှင်း ဆွဲထားတာမို့ ညလေးထံ ဖုန်းဆက်ဖို့ အဆင်ပြေတာကိုလည်း သူ သိလောက်ပါသည်။ ခုနောက်ပိုင်း သူ့ဆီက အဆက်အသွယ်က ကျဲပါးလာတာကိုတော့ ညလေး ဝမ်းနည်းစွာ သတိပြုမိရပါသည်။ တစ်ခါတလေ စာလာပြန်တော့လည်း စာက တိုတောင်းပြတ်သားကာ ဘာမှ အထွေအထူး မပါ ... ။ စာထဲမှာ ညလေး အကြောင်းတွေကို မမေးသလို ... သူ့အကြောင်းတွေလည်း သိပ် မပြောပြတော့ပါ။ ညလေးကတော့ သူ အလုပ်ရှုပ်နေမှာပါလေဟုသာ ဖြေတွေးတွေးပေးရပါသည်။ အရင်တုန်းကမှ သူ စိတ်လိုလက်ရရှိလျှင် ဟိုနိုင်ငံကအကြောင်း စာထဲမှာ စီကာပတ်ကုံး ထည့်ရေးပေးတတ်သေးသည်။ ခုတော့ ...

ညလေးသည် သက်ပြင်းချမိကာ နေနေ့ကို လှမ်းကြည့်မိရင်း ...

"နေနေ ... မိုးသားဆီက ဖုန်းလာသေးလားဟင် ..."

"ဩော် ... အေး ... နင့်တောင် ပြောမလို့ မေ့နေတယ် မနေ့ညက လာသွားတယ်ဟ ... ခဏပါပဲ"





"ဟုတ်လား ... ညလေးကို မေးသေးလားဟင် ..."

"သူ မမေးခင် ငါက စ,ပြောလိုက်တာပါ၊ နင် ဒီမှာ အလုပ်ဝင်နေတယ်လို့ ... သူက နင့် စာထဲမှာ ဖတ်ရတယ် ... အဆင်ပြေရင် ပြီးတာပါပဲတဲ့ ... ၊ တခြားတော့ ဘာမှ အထွေအထူး သိပ်မပြောဖြစ်ပါဘူးဟာ ... ၊ သူက စီးပွားရေး ကိစ္စတွေပဲ မေးနေတာ၊ ဒီမှာ ဘာ ရင်းနှီးမြှုပ်နှံမှုလုပ်ရင် အဆင်ပြေမလဲ ... ၊ တိုက်ခန်းဈေးတွေက ဘယ်လိုလဲ၊ အဲဒါတွေ မေးနေတာ ..."

"သူ ပြန်လာတော့မလို့လား မသိဘူးနော် ..."

"အဲဒါတော့ ဘာမှ တိတိကျကျ မပြောဘူးလေ၊ သူ ပြန်လာမယ်ဆို နင့်ကို အရင် ပြောမှာပေါ့ ..."

"သူ့ဆီက စာမလာတာ ကြာပြီ နေနေ ..."

"လာမှာပေါ့ဟာ ... ၊ သူ အလုပ်မအားသေးလို့ မရေးဖြစ်တာ နေမှာပေါ့၊ နင်ကလည်း သိပ် အသည်းပိုမနေစမ်းပါနဲ့ ..."

"သူ ... နေ့ခင်းဘက် ငါ့ဆီ ဖုန်းဆက်ရင် ကောင်းမှာပဲ၊ ငါ ဒီမှာ ရှိနေတာ သူသိတာပဲ၊ သူ ဒီကို ဖုန်းလှမ်းခေါ်ရင် ရတာပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"သူ အဆင်ပြေရင် ခေါ်မှာပေါ့ ညလေးရာ၊ စိတ်အေးအေး ထားစမ်းပါ ..."

"သူ ဘာတွေ အဆင်မပြေ ဖြစ်နေလဲ မသိဘူး၊ ငါ့စိတ်ထဲ တစ်မျိုးပဲ၊ ထင့်နေတယ် ..."

ဦးဖေသက်ထင်သည် မျက်နှာသစ်ပြီး အိမ်ရှေ့ဘက် ပြန်ထွက်လာချိန်တွင် ကြားလိုက်ရသော ညလေးအသံ ဖျော့ဖျော့လေးကို အမှတ်တမဲ့ ရပ်နားထောင်မိရင်း စိတ်မကောင်း ဖြစ်သွားရပါသည်။

ခုတလော ညလေး မျက်နှာ ညှိုးညှိုးနေတာကို သူ သတိပြုမိခဲ့ပါသည်။ အမြဲလို ရွှင်လန်းတက်ကြွကာ မျက်လုံးလေးတွေ မှေးပိတ်သွားသည်အထိ ရယ်မောတတ်သော ညလေး မျက်နှာ ညှိုးနေတော့ သူ တကယ်ပဲ စိတ်မကောင်း ဖြစ်မိပါသည်။ ချစ်သူရှိတဲ့ မိန်းမဆိုတာ ဒီလိုပဲ ကိုယ့်ချစ်သူအကြောင်း တဖွဖွ ပြောလိုက် ... လွမ်းဆွတ်လာတဲ့အခါ မှိုင်သွားလိုက်နှင့် စိတ်အခြေအမျိုးမျိုး ပြောင်းနေတတ်တာမျိုးလားဟု သူ တွေးကြည့်မိပါသည် ...။ ညလေးကို ပျော်စေချင်တာကတော့ သူ့စိတ်ရင်း၊ စေတနာအမှန်ပင် ဖြစ်ပါသည်။





"သူ ... ငါ့ဆီ လုံးဝ ဖုန်းမခေါ်ဘဲတော့ နေမှာ မဟုတ်ပါဘူးနော် နေနေ ..."

"အဲဒါတော့ ငါလည်း ဘယ်ပြောတတ်ပါ့မလဲ"

"နင်ကလည်း ငါ စိတ်ချမ်းသာအောင် 'ဆက်မှာပါဟာ ... နင့်ကို သူလည်း လွမ်းနေမှာပါ' ဘာညာ အဲဒီလိုမျိုးတော့ နှစ်သိမ့်ပေးဖော် မရဘူး ..."

"စိတ်ချမ်းသာအောင် ပြောတယ်ဆိုတာ အမှန်တွေမှ မဟုတ်တာဟာ ... ငါက အမှန်အတိုင်းပဲ ပြောချင်တာ ..."

"ကြည့် ... နင်ဟာလေ ..."

ဦးဖေသက်ထင်က ကြားရတာနှင့်ပင် ညလေး သနားလာရကာ ဧည့်ခန်းထဲ ဝင်လာရင်း ...

"ဟို တစ်နေ့ကတော့ နေ့လယ်ဘက်တွေ ဖုန်းဝင်ဝင်လာတယ် ညလေးရဲ့ ...၊ နိုင်ငံခြားဖုန်းတော့ နိုင်ငံခြားဖုန်းပဲ၊ ဖုန်း ကောက်ကိုင်လိုက်ရင် ကလစ်ဆိုတဲ့ အသံလေး ကြားတယ်လေ၊ ပြီးတော့ ဖုန်းက ပြန် ပြတ်ပြတ်ကျသွားရော၊ အဲဒါ မိုးသားက ညလေးကို ဆက်တာ ဖြစ်ချင်ဖြစ်မှာပေါ့ ...၊ ကျွန်တော့်ဆီကို



www.burmeseclassic.com

www.burmeseclassic.com



တော့ ဘယ်နိုင်ငံခြား ဖုန်းမှ အဆက်အသွယ် မ
ဘူး ...”

ညလေးက ရုတ်တရက် မျက်ဝန်းတွေ
တောက်ပလာကာ ...

“ဟုတ်လား ... အန်ကယ်သက်၊ ဘယ်နှစ်ခါတော
လဲဟင် ...”

“သုံးခါလောက် ရှိမယ်၊ ဒါတောင် ကျွန်တော် ဖုန်း
ကိုင်တဲ့ အကြိမ်ကို ပြောတာနော်၊ ဆိုင်က ကောင်လေး
တို့ အသေးလေးတို့ ဖုန်းကိုင်တဲ့ အခါတွေ ရှိချင်
ရှိဦးမယ် ...၊ ဟိုကနေ ခေါ်ပြီးမှ တစ်ခုခု အခက်အခဲ
ရှိလို့ လိုင်းပြတ်ကျသွားတာမျိုးတွေ ဖြစ်ချင် ဖြစ်နိုင်
တယ် ...”

“အင်းနော် ... ဟုတ်မှာ ...”

ညလေးရဲ့ မျက်နှာ မှိုင်မှိုင်ကလေးမှာ ရုတ်
တရက် ရွှန်းစိုတောက်ပ၍ သွားလေသည်။ အချစ်ရဲ့ တန်ခိုး
ဆိုတာ ဒါမျိုးပဲလား မသိချေ ...။ သူမက အလုပ်တွေ
ဆက်လုပ်နေရင်း သီချင်းလေးတောင် တိုးတိုး ညည်းလိုက်
သေးသည်။ ညလေး ပျော်သွားတာ မြင်တော့ သူလည်း စိတ်
ချမ်းသာသွားခဲ့ရသည်။ စိတ်ချမ်းသာအောင် ပြောပေးတယ်





ဆိုတာ အမြဲ အမှန်တရားတွေ မဟုတ်နိုင်သော်လည်း သူက
တော့ ညလေး စိတ်ချမ်းသာဖို့အတွက် မုသားတွေ သုံးဖို့လည်း
ဝန်မလေးခဲ့တာ သေချာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



♥ ♥ ♥

နောက်တစ်နေ့မှ စ,ကာ ညလေးလည်း ဖုန်းလာတိုင်း နားစွင့်၍ နေတော့သည်။ မျက်လုံးတွေက မျှော်လင့်ချက်ဖြင့် အရောင်တောက်ပနေတာကို အထင်အရှား ပင် မြင်နိုင်သည်။

ပေါင်မုန့်ဖိုထဲ ခဏဝင်နေရင်းလည်း ရှေ့ ဘက်က ဖုန်းသံကြားလျှင် လည်ပင်းလေး ရှည်ကာ သူ့ကို ခေါ်နိုးဖြင့် မျှော်မျှော်နေသည်။ သူမ မျှော်တလင့်လင့် ဖြစ် နေပုံကို အနီးကပ် မြင်နေရသော ဦးဖေသက်ထင်မှာ သူ ညာ ပြောလိုက်မိတာ မှားများသွားပြီလားဟုပင် စိတ်မကောင်း ဖြစ်ချင်လာရပါသည်။ သုံးလေးရက် ကြာလာသည်အထိ ဖုန်းက မလာသောအခါ သူမ မျက်နှာက အနည်းငယ်



www.burmeseclassic.com

www.burmeseclassic.com



ညှိုးနွမ်းစ ပြုလေသည်။ ပြီးတော့ အတူတူ အလုပ်လုပ်ရသော သူ့ကို မေးခွန်းတွေ ထုတ်စ, ပြုလေသည်။

"အန်ကယ်သက် ဖုန်းကလည်း ခုထိ မလာဘူးနော်၊ ဟိုတစ်နေ့က ခေါ်တာ သူဆိုရင် တစ်နေ့မ‌ေ တစ်နေ့ ခေါ်ကြည့်ချင် ကြည့်မှာပေါ့ ...၊ ဟိုတစ်နေ့ က သူ ဆက်တာမှ ဟုတ်ရဲ့လား မသိဘူး၊ ဖုန်းရေ‌ာ စာရော ဒီလောက် အဆက်အသွယ် ပြတ်နေတာ ဟိုမှာ ဘာများ ဖြစ်နေလို့လည်း မသိဘူး၊ အန်ကယ် သက် ဘယ်လို ထင်သလဲဟင် ..."

သူက အကောင်းဆုံး စကားလုံးများကို အပြေးအလွှား ရှာဖွေစဉ်းစားလိုက်ပြီး ...

"ဘာမှတော့ ဖြစ်မှာ မဟုတ်ပါဘူး ...၊ စိတ်မပူပါနဲ့ ဟိုမှာက အလုပ်လုပ်ရင် နာရီ အတော်များများ လုပ်ရတာ မဟုတ်လား၊ အလုပ်ချိန်တွင်းမှာ လွတ် လွတ်လပ်လပ် ဖုန်းဆက်လို့ မရ၊ တစ်နေ့လုံး အလုပ်လုပ်ပြီး ညကျတော့ ပင်ပင်ပန်းပန်းနဲ့ ထိုးအိပ် မနက်ကျတော့ ထ,သွား၊ အဲဒီလို သံသရာ လည်နေ တတ်တာဆိုတော့ စိတ်ထဲမှာ သတိရတိုင်းလည်း





ဖုန်းဆက်ဖြစ်ဖို့ဆိုတာ မလွယ်နိုင်ဘူး ...၊ စာထိုင် ရေးဖို့ ဆိုတာ ပိုဆိုးတော့မှာပေါ့ ..."

"အဲဒါဆို အရင်တုန်းကတော့ ဘာလို့ စာ မှန်မှန် ထည့်သေးလဲ ..."

"အဲဒီတုန်းကတော့ အလုပ် သိပ်မများသေးလို့ နေမှာ ပေါ့၊ ခု နောက်ပိုင်းကျမှ လုပ်ငန်း သဘာဝလေးတွေ အပြောင်းအလဲ ရှိလို့ စာထည့်ဖို့ ကြန့်ကြာနေတာ ဖြစ်ပါလိမ့်မယ် ..."

"သူ ... ညလေးကို မေ့ပြီး အသစ် တွေ့သွားတာတော့ မဖြစ်နိုင်ပါဘူးနော် ..."

"ဩော် ... ဒါမျိုး မတွေးနဲ့လေ၊ မဖြစ်နိုင်ပါဘူး ..."

"ဘယ်လို အချက်တွေကြောင့် မဖြစ်နိုင်ဘူးလို့ အသေ အချာ ပြောရတာလဲ ..."

မေးခွန်းက အနည်းငယ် ကတ်သီးကတ် သတ် ဖြစ်လာတာမို့ သူ ဘယ်လို ဖြေရမှန်းမသိဘဲ ချွေးတောင် ...်လာသည်။ လူတစ်ယောက်ရဲ့ စိုးရိမ်ပူပန်စိတ်ကို ချွေးသိပ် ...ဲ့ အလုပ်ဟာ အတော် မလွယ်ပါလား ...။

"မဖြစ်နိုင်ဘူးဆိုတာက ဒီလိုပါ ..."

အန်ကယ်သက်က ဂျုံတွေကို ကျုံးကျုံးနှ...



www.burmeseclassic.com

www.burmeseclassic.com



ရင်း … အလုပ်ရှုပ်ဟန်ပြရင်း စကားကို ခဏ ရပ်ထားလျ ညာဏ်နီညာဏ်နက်တွေ ထုတ်ရသည်။

"အန်ကယ်သူ့ကို ဆက်ပြောလေ … မဖြစ်နိုင်ဘူ ဆိုတာက … "

"သြော် … မဖြစ်နိုင်ဘူး ဆိုတာက မိုးသားက ညလေ ကို ချစ်တာ သိပ်ထင်ရှားနေလို့ပေါ့ … "

"ဟင် … အန်ကယ်သက်ကဖြင့် မိုးသားကို သေသေ ချာချာ မသိဘဲနဲ့ ဘာဖြစ်လို့ အဲဒီလို ပြောနိုင်ရတာလဲ"

"သြော် … ဒါကတော့ ဒီလိုပါ၊ ညလေး ပြောတ စကားသွား စကားလာကို နားထောင်ပြီး မှန်းကြည တာပါ၊ သူက ဟိုအရင်ကဆို ညလေးဆီ စာမှန်မှ ထည့်တယ် မဟုတ်လား …၊ နိုင်ငံရပ်ခြားမှာ ပင်ပ ပန်းပန်း အလုပ်,လုပ်နေတဲ့ သူတစ်ယောက်က မ မက အချိန်လုပြီး စာမှန်မှန် ရေးနေတာ တော် မေတ္တာ မဟုတ်ဘူး။ တော်ရုံ လူ ဒီလို မလုပ်နိုင်ဘူ ညလေးကို အင်မတန် ချစ်ရှာလွန်းလို့သာ အချိန်တွေ ပေးခဲ့တာပေါ့ … "

"အင်း … ဒါလည်း ဟုတ်တာပဲ … "

ညလေးက ဘဝင်ကျစွာ ငြိမ်သွားတော့





သူ သက်ပြင်း ချရပါသည်။ ညလေးကိုသာ စိတ်ချမ်းသာအောင် ပြောနေရပေမယ့် သူ့စိတ်ထဲမှာတော့ လေးလံနေပါသည်။ မိုးသား ဘက်က အပြောင်းအလဲ ရှိသလားဟုပင် တွေးမိသည်။ ယောကျ်ားဆိုတာ မီးဝေးချိပ်လား၊ ကိုယ့်ချစ်သူနဲ့ ကြာကြာ ခွဲနေရတဲ့အခါ သွေးအေးလာပြီး အသစ်ရှာတတ်သလား …။ အဲဒါတော့ သူ သိပ်မသိပါ …။ သူ ခပ်ငယ်ငယ်ကတော့ တချို့ မိန်းကလေးတွေကို စိတ်ဝင်စားခဲ့ဖူးပါသည်။ သို့သော် ညီမများကလည်း မှုကြည်ဖြူ … ထပ်မံ ကြုံကြိုက်တိုက်ဆိုက်မှု တွေလည်း မရှိခဲ့တာမို့ ကြာတော့လည်း မေ့သွားခဲ့တာ ခုချိန် ဆို ရုပ်တွေတောင်မှ ဝါးတားတား ဖြစ်နေခဲ့ပြီ။ မျက်နှာချင်း ဆုံရင် မှတ်မိပါတော့မလားတောင် မသိပါ။ ဒါကတော့ ချစ်သူ မဖြစ်ရသေးသည့် အနေအထားမျိုး ဖြစ်သည်။ ချစ်သူ ဖြစ်ပြီး ဝေးနေကြတဲ့ သူတွေကတော့ ဘယ်လို စိတ်ထားမျိုး ရှိမည် မသိပါ။ ဟိုကောင် နေနေကတော့ ဒီလို ကိစ္စမျိုးတွေကို လူငယ်ပီပီ သိမြင်နိုင်သည်။ အတွေ့အကြုံလည်း ရှိပုံ ရပါသည်။ သူ … နေနေ့ကို မေးမြန်းစပ်စုကြည့်ဖို့ စဉ်းစားမိသည်။ သို့သော် … ဒီအသက်အရွယ်ကြီးကျမှ သမီး ရည်းစား ကိစ္စတွေ မေးဖို့ကျတော့လည်း မျက်နှာ ပူစရာ ကောင်းသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ညလေးကတော့ သူ့ အားပေးလျှင် ရွှင်လန်းသွားလိုက် … ခဏကြာတော့ တစ်ချက်တစ်ချက် ငိုင်သွားလိုက်နှင့် … အမြဲလို မိုးသား အကြောင်း တွေးတောပူပန်နေပုံရသည်။ သူကတော့ ညလေးကို ကြည့်ရင်း ဘယ်လို လုပ်ပေးရပါ့မလဲဟု တွေးကာ သက်ပြင်းသာ ချမိသည်။

တစ်ညတော့ သူက နေနေ့ကိုပင် သူသိချင်တာကို မသိမသာ မေးကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။ သူက နဖူးပေါ် လက်တင်ကာ စဉ်းစားနေမိရာက နေနေ့ ခုတင်ဘက် ဖြန်းခနဲ လှည့်မိကာ …

"ယောက်ျား့ဆိုတာ ကိုယ်ချစ်တဲ့သူနဲ့ ဝေးနေတာ ကြာရင် သစ္စာဖောက်တတ်သလား နေနေ …"

"ခင်ဗျာ …"

နေနေက အိပ်မှုန်စုံမွှား ပုံစံမျိုးနှင့် သူ့ဘက်ကို ကြည့်လာကာ …

"အန်ကယ်သက် … ခုထိ မအိပ်သေးတာလား၊ တရေးနိုးမှ ထ,မေးတာလား …"

"ဟင် … ဘယ်နှစ်နာရီ ရှိသေးလို့လဲ …"

"ဆယ့်နှစ်နာရီတောင် ကျော်နေပြီ …"





"ဪ … အေး … ငါ ကော်ဖီတွေ အသောက်များပြီး မျက်စိ ကြောင်နေတာ …"

"အန်ကယ်က ခုန ဘာမေးလိုက်တာ …"

"ဟိုကွာ … ယောက်ျားဆိုတာ ကိုယ့်ချစ်သူနဲ့ ဝေးနေတာ ကြာရင် သစ္စာဖောက်တတ်သလား၊ အဲဒါ ငါ သိချင်တာ …"

"အန်ကယ်သက်က ဘာစိတ်ကူးတွေ ပေါက်ပြီး ဒါမျိုးတွေ သိချင်ရတာလဲ"

"ငါမေးတာသာ ဖြေစမ်းပါကွာ …"

"အွန်း … အဲဒါက တိတိကျကျ ဖြေလို့ မရဘူး အန်ကယ်သက်ရဲ့ … လူပေါ်လည်း မူတည်တယ်၊ ကံကြမ္မာပေါ်လည်း မူတည်တယ်၊ အခြေအနေပေါ်လည်း မူတည်တယ်၊ အချစ် အပေါ်လည်း မူတည်တယ် …"

"မူတည်တာတွေကလည်း များလိုက်တာကွာ …၊ ခေါင်းတောင် မူးသွားတယ်၊ ကဲ … အဲဒါဆိုလည်း မင်း အတွေ့အကြုံပေါ် မူတည်ပြီး ဖြေကွာ …"

"ကျွန်တော့် အတွေ့အကြုံအရ ပြောရရင်တော့ လောလောဆယ် အနေအထားမှာ နယ်က ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးနဲ့ ဖြတ်လုလုဖြစ်ပြီး ခုတော့ ဟိုဘက်ခြံက ကောင်မလေးကို လိုက်နေတယ်”

“ဟာ ... ဒါဆို ... မီးဝေးရိပ် ဆိုတဲ့ စကားဟာ မှန်တယ်ပေါ့၊ ယောကျ်ားတွေဟာ ကိုယ့်ချစ်သူနဲ့ ဝေးနေတာ ကြာရင် သစ္စာဖောက်တတ်တယ်ဆိုတာ သေချာတယ်ပေါ့ ... ဟုတ်လား ...”

“လူတိုင်းတော့ ဒီလို မဟုတ်ပါဘူး၊ ကျွန်တော်ကျတော့ စ,ကတည်းကလည်း ကောင်မလေးကို သိပ်ချစ်ခဲ့တာ မဟုတ်ဘူး၊ ဝေးသွားကြတော့ သူကလည်း ကျွန်တော့်အပေါ် သိပ်အာရုံ မလာတော့ဘူး၊ တခြားကောင်လေးတွေနဲ့လည်း တွဲချင်တယ်၊ ဒါကြောင့် ကျွန်တော်လည်း သူ့ကို တဖြည်းဖြည်း မေ့သွားပြီး စိတ်ဝင်စားမှု အသစ်တွေက နီးစပ်ရာမှာ ဖြစ်ဖြစ်လာတာ ... ၊ ကျွန်တော့် ကောင်မလေးကသာ ကျွန်တော့်ကို မြတ်မြတ်နိုးနိုး တန်ဖိုးထားနေဦးမယ် ဆိုရင် ကျွန်တော် ဒီလို ဖြစ်ချင်မှ ဖြစ်မယ်”

“အေး ... ဒါဆို တော်သေးတာပေါ့ ...”

ညလေး ... သူ့ချစ်သူအပေါ် တန်ဖိုးထားတာကို သိပြီးသားမို့ သူ နည်းနည်း စိတ်အေးသွားရသည်။





“ဒါပေမယ့် ... တချို့ ယောကျ်ားတွေကျတော့ သူတို့ချစ်သူက သူတို့ကို ဘယ်လောက် ချစ်ချစ် ဘယ်လောက် သစ္စာရှိရှိ ဖောက်ကို ဖောက်ပြန်တာ ...”

“ဟော ... ဟုတ်လား ...”

သူ ညလေးအတွက် စိတ်ပြန်ပူလာရပါသည်။ မိုးသားဟာ အဲဒီလို ယောကျ်ားမျိုးဆို ဘယ်လိုလုပ်ကြမတုန်း ... ။

“တချို့ဆို အနီးမှာ တစ်ယောက် ... အဝေးမှာ တစ်ယောက် ထားပြီး ငါးကြင်း နှစ်ကောင်တောင် ပြိုင်တူဖမ်းချင် ဖမ်းလိုက်သေးတာ ...”

“ဟာ ... ဒါဆို ဒုက္ခပါပဲကွာ ...”

“ဘာဒုက္ခလည်း အန်ကယ်သက်ရဲ့ ...”

“ဘာ ... ဘာမှ မဟုတ်ပါဘူးကွာ၊ မိန်းကလေးတွေဘက်က စာနာမိလို့ပါ ...”

“ဟုတ်တယ် အန်ကယ်သက်ရဲ့၊ တချို့ မိန်းကလေးတွေဆို သိပ်သနားဖို့ ကောင်းတာ၊ ကိုယ့်ရည်းစားက ကိုယ့်ကို ညာနေလို့မှ ညာနေမှန်း မသိ ... အရမ်း စွဲစွဲလမ်းလမ်း ချစ်နေကြတာ၊ စင်ပြိုင် ရည်းစားတစ်ယောက် ရှိနေတာကိုလည်း သူတို့ခမျာ မသိကြ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဒီလိုပဲ မျှော်လင့်တကြီး စောင့်ရင်း စောင့်ရင်း ကိုယ့် ရည်းစားက တခြားဘက် အားသာသွားတော့လည်း အသည်းကွဲ ကျန်ရစ်ရရှာတာပဲ ...”

“အဲဒါ ... မင်းတို့ ယောကျ်ားတွေ မကောင်းတာ ပေါ့ကွ ...”

“ဟင် ... အန်ကယ်သက်တရော ယောကျ်ား မဟုတ်လို့လား ...”

“ငါပြောတာက မင်းတို့လို အရွယ်တွေကို ပြောတာပါ၊ ငါက ယောကျ်ား ဆိုပေမယ့် ဒါမျိုး ကလဖန်ထိုး (ကုလားဖန်ထိုး) တဲ့ အရွယ်မျိုးမှ မဟုတ်တော့တာ ...”

သူက နေနေ့ကို ပြန်ပြောရင်း ညလေး အကြောင်းကိုသာ တွေးမိနေပါသည်။ ဒါ့ထက် ပိုမေးလျှင် နေနေက သူ့ကို ရယ်ချင်လာတော့မှာမို့ ရှေ့ဆက်လည်း မမေးရဲတော့ဘဲ တစ်ဖက်သို့ စောင်းလှည့်ကာ ငြိမ်သက်နေမိသည်။ အိပ်လို့တော့ မပျော်နိုင်ပါ ...။ သူ့မျက်ဝန်းတွေ ကြောင်စီစီ ဖြစ်နေရပါသည်။

သူ ... အိပ်မရသည့် အဆုံး မနေနိုင်တော့ဘဲ နေနေ့ဘက် ပြန်လှည့်မိပြန်ကာ ...





“မိုးသားဆိုတာ ဘယ်လို လူမျိုးလဲ နေနေ ...”

ဟု မေးမိပြန်သည်။ နေနေက စင်းကျလုဆဲဆဲ သူ့မျက်လုံးတွေကို ပြူးကြည့်ကာ ...

“အန်ကယ်သက် ဒီည ဘာဖြစ်နေတာလဲ၊ မေးတဲ့ မေးခွန်းတွေကလည်း အဆန်းပဲ ...”

“ငါ သိချင်လို့ မေးတာပေါ့ကွာ ... ပြောစမ်းပါ၊ မိုးသားဆိုတာ ဘယ်လို လူမျိုးလဲ ... သူ့စိတ်သဘောက ဘယ်လို ရှိသလဲ ...”

“အန်ကယ်သက်က ညလေးကို စိတ်ဝင်စားလို့ မိုးသား အကြောင်း သိချင်တာလား ...”

သူက သက်ပြင်းကို ရှိုက်မိကာ ...

“ဟုတ်တယ် နေနေ ... သူ မိုးသားကို ဘယ်လောက် ချစ်တယ်ဆိုတာ ငါ မြင်မြင်နေရတယ်၊ ခုတလော မိုးသားက သူ့ကို အဆက်အသွယ် မလုပ်ဘူးလည်း ပြောတယ်၊ သူ စိတ်ပူနေတာတွေ ... သူ့ချစ်သူ အကြောင်း တဖွဖွ ပြောနေတာတွေ ကြားကြားနေရတော့ မိုးသားသာ သစ္စာဖောက်သွားရင် သူ ဘယ်လောက် ခံစားရရှာမလဲလို့ ငါ တွေးမိလာတယ် ... မင်းကော မတွေးမိဘူးလား ...”



www.burmeseclassic.com

www.burmeseclassic.com



နေနေက ခဏ တိတ်ဆိတ်သွားပြီးမှ ...

"အင်း ... ကျွန်တော်လည်း တွေးမိတယ် ..."

"မင်း ... ဘယ်လို ထင်လဲ ..."

"ဘာကိုလဲ ..."

"မိုးသား အခြေအနေ ..."

"ညလေးအပေါ် ဥပေက္ခာ ပြုနေသလိုပဲ ဆိုတာတော့ ကျွန်တော့် စိတ်ထဲမှာ ခံစားမိပါတယ် ...၊ ကျွန်တော့်ဆီ ဖုန်းဆက်ရင်လည်း ညလေး အကြောင်း မမေးဘူး၊ သူငယ်ချင်းတွေပဲ မေး,မေးသွားတာ ... အကဲခတ်ရသလောက်တော့ သူ မကြာခင် ပြန်လာတော့မယ် ထင်တယ်၊ ဘယ်လို ပုံစံမျိုးနဲ့ ပြန်လာမလဲတော့ မသိဘူး၊ ညလေးကိုတော့ စိတ်မထိခိုက်စေချင်တာ အမှန်ပဲ ...၊ တစ်ခုခုဆို သူ ခံနိုင်ရည် ရှိမှာ မဟုတ်ဘူး၊ ညလေးက မိုးသားကို သိပ်ချစ်တာ၊ မိုးသား ချစ်တာထက်တောင် ပိုချစ်တယ် ..."

"မင်းက ... ညလေးဆီ ဖုန်းဆက်ဖို့ မတိုက်တွန်းဘူးလား ..."

"ကျွန်တော် ပြောတယ် ... သူက ပြီးစလွယ်ပဲ အေး ... အေး,လို့တော့ ပြောတာပဲ"





"သူ့ အကျင့်စရိုက်က ဘယ်လိုရှိလဲ ..."

"သူက တစ်ခုခုကို သူ ကြိုက်နေပြီဆို ... အရမ်း အလေးအနက်ထားပြီး ဒါမှ ဒါပဲ စွဲမြဲနေတတ်တယ်၊ ဒါပေမယ့် နည်းနည်း ကြာလာရင် ငြီးငွေ့ပြီး နောက်တစ်ခုကို စိတ်ဝင်စားလာရော၊ အဲဒီအခါကျ ခုန သူ အရမ်း အလေးအနက်ထားတဲ့ ကိစ္စကို ပေါ့ ပျက်ပျက် သဘောထားပစ်လိုက်နိုင်တယ် ..."

"ဒါဆို ... အလားအလာ မကောင်းဘူး ..."

"အန်ကယ်သက်က ဘာကို ဆိုလိုတာလဲ ..."

"မင်းပဲ စဉ်းစားကြည့်လေကွာ ...၊ အဲဒီလို စိတ်သဘောရှိတဲ့ လူတွေဟာ အခု ဒီမိန်းကလေးကို ချစ်ပါတယ် ... ကြိုက်ပါတယ် ဆိုပြီး ဂရုစိုက်နေပေမယ့် နောက်ကျတော့ နောက်တစ်ယောက်ကို ပြောင်း ကြိုက်သွားနိုင်တာပဲ မဟုတ်လား ...၊ သူတို့မှာ စွဲမြဲတဲ့ စိတ်သဘောမှ မရှိတာ ..."

"စောင့်ကြည့်ရသေးတာပေါ့ အန်ကယ်သက်ရာ ...၊ ကျွန်တော်လည်း ညလေးအတွက် စိတ်ပူတာပါပဲ၊ ဒါပေမယ့် ခုတော့ အရမ်း အိပ်ချင်ပြီ ... အိပ်တော့မယ် ..."



www.burmeseclassic.com

www.burmeseclassic.com



နေနေက အိပ်ချင်မူးတူး ပြောရင်း တစ်ဖက်သို့ လှည့်သွားသည်။ ခဏနေတော့ အိပ်ပျော်သွားလိုက်သည်မှာ ဟောက်၍တောင် နေလေသည်။

သူသာ အိပ်မပျော်နိုင်ဘဲ ညလေးရဲ့ သနားစဖွယ် မျက်နှာကလေးကို မြင်ယောင်နေမိခဲ့ပါသည်။



♥ ♥ ♥

တစ်လပြီး တစ်လ ကုန်ဆုံးသွားသော်လည်း ညလေး ချစ်သူထံမှ ဘာ အဆက်အသွယ်မှ မရခဲ့တော့ချေ။

ခေါင်းစွပ် အဖြူလေးစွပ် ... အေပရွန် အဖြူလေးကို ခါးမှာပတ်ချည်ကာ ရွှင်လန်းသော မျက်နှာထားဖြင့် ဆါင်မုန့် ဖုတ်နေတတ်သော ညလေး မျက်နှာသည်လည်း သိသိသာသာပင် မှိုင်ငေးလာခဲ့သည်။ ညလေးကို နှစ်သိမ့်ပေးဖို့ ကောင်းလုံးတွေလည်း ဦးဖေသက်ထင်မှာ ကုန်သလောက် ခဲ့ပြီ ဖြစ်သည်။

ညလေးက သူ့သင်တန်းကိစ္စတွေအတွက် ပြင်သွားပြီး ပြန်လာလျှင် သူ့ကို အမောတကော မေးတတ်သည်မှာ 'ညလေး ဖုန်း လာသေးလားဟင် အန်ကယ်သက်



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ဖြစ်သည်။ သူ့မှာ ကြာတော့ 'မလာဘူး' ဟု ဖြေရတာ
ကိုပင် မျက်နှာပူ အားနာလာရပါသည်။

နေ့လယ်ခင်း တစ်ခုတွင် ထုံးစံအတိုင်း
သူမက အပြင်က ပြန်လာလာချင်း သူ့ဆီ ပြေးလာကာ...

"အန်ကယ်သက် ... ညလေး ဖုန်း လာသေးလား
ဟင်"

သူ လှည့်ကြည့်တော့ သူမရဲ့ မျှော်လင့်ခြင်း
မျက်ဝန်းတွေကို ရင်ဆိုင်လိုက်ရပါသည်။ ဒီနေ့တော့ သူ
စွန့်စားတော့မည်ဟု ဆုံးဖြတ်ကာ အားပါးတရ ပြုံးပြလိုက်
ရင်း...

"လာတယ် ... လာတယ် ... ကျွန်တော်လည်း
ညလေးကို သတင်းကောင်း ပြောမလို့ စောင့်နေတာ"

"ဟယ် ... ဟုတ်လား၊ ဘယ်တုန်းကလဲဟင် ... ဘာ
ပြောသွားလဲဟင် ... အန်ကယ်သက်၊ ညလေးနဲ့
သွားတာ နာတာပဲ၊ ဒီလိုမှန်းသာ သိရင် ဒီနေ့ နေ့လယ်
အတန်းကို ဖျက်လိုက်ပါတယ်၊ သူ ဘယ်တော့ ပြန်
ဆက်မယ်တဲ့လဲဟင် အန်ကယ်သက် ..."

အားတက်သရော မေးနေသော ညလေး
သူက ကရုဏာ သက်သွားရပါသည်။ သူမရဲ့ မျှော်လင့်ချက်





တွေကို ရိုက်ချိုးခဲ့ရမယ့် အဖြစ်အပျက်မျိုးတွေ ပေါ်ပေါက်
လာပါစေနဲ့ ...။

"အဲ ... အဲဒါတော့ အသေအချာ ပြောမသွားဘူး ..."

"ဟင် ... မိုးသားကလည်း ... ဘာဖြစ်လို့ ပြောမသွား
တာလည်း မသိဘူး ..."

"မှာ မသွားပေမယ့် ဆက်တော့ ဆက်မှာပါ၊ သူ
မမှာဘူး ဆိုတာကလည်း သူ့အပြစ် မဟုတ်ပါဘူး၊
ကျွန်တော့် အပြစ်ပါ၊ ကျွန်တော်က အလုပ်ရှုပ်နေ
တာနဲ့ အသေအချာ မေးမထားလိုက်မိတာ ...၊
သူလည်း အားနာလို့ ဖုန်း အမြန်ချသွားတာ ဖြစ်မှာ
ပါ ..."

"သူက အန်ကယ်သက်ကို ဘယ်လို စပြော
တာလဲ ..."

"သူက ညလေးညိုရဲ့ချစ်သူ မိုးသားပါတဲ့၊ ညလေးညိုနဲ့
ပြောပါရစေတဲ့ ...၊ လေသံကတော့ တကယ့်ကို
လိုက်လိုက်လှဲလှဲနဲ့ ညလေးကို အရမ်းတွေ့ချင် ...
စကားပြောနေချင်တဲ့ လေသံမျိုးပဲ၊ သူ့အသံကို
နားထောင်ကြည့်တာနဲ့ ညလေးကို သူ ဘယ်လောက်
ချစ်တယ်ဆိုတာ သိသာပါတယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်သက်ကသာ ပြောနေ ... ညလေးတော
စိတ်တောင် ညစ်လာပြီ၊ သူက စိတ်ရတုန်း ဆက်ပြ
စိတ်မရတော့ မဆက်ဘဲ နေချင်နေမှာ၊ အဲဒီ ကိုရီးယာ
ကို လိုက်သွားလို့သာ ရရင် ခုချက်ချင်း ထ လိုက်
သွားချင်တော့တယ်၊ ဒီက လူက ဘယ်လော
လွမ်းနေတယ် ဆိုတာရော သိရဲ့လား မသိပါဘူး ..."

"သိမှာပါ ... သိမှာပါ ... ၊ သိလို့ ဖုန်းဆက်တာ
နေမှာပါ၊ ကျွန်တော်လည်း ဖုန်းကိုင်လိုက်ရော သူက
အန်မတန်မှ မျှော်လင့် လိုက်လှဲတဲ့ အသံမျိုးနဲ့ ..."

"အန်ကယ်သက် ..."

"ဟော ..."

ကောင်တာမှာ ထိုင်ကာ ဖုန်းစောင့်ကိုင်သော
အောင်မိုး ခေါ်သံကြောင့် သူ လှည့်ကြည့်မိသည်။ အောင်မိ
ဘယ်တုန်းကတည်းက သူ့အနား ရောက်နေသလဲ မသိပါ
သူ့ အညာတွေတော့ ပေါ်တော့မှာပဲ၊ အမှန်အတိုင်း ပြောရရင်
သူ ဒီနေ့အဖို့ တယ်လီဖုန်း အနားကို တစ်ခါမှ မရောက်
သေးပါ။ အောင်မိုးက သူ့ကို ဇဝေဇဝါ မျက်ဝန်းတွေဖြ
စိုက်ကြည့်ရင်း ...

"အန်ကယ်သက်က ဒီနေ့ ပေါင်မုန့်ဖိုထဲမှာပဲ အချိ





ကုန်နေတာ မဟုတ်လား၊ တစ်ခါမှ ဖုန်းလာ မကိုင်
သေးပါဘူး ... ၊ အန်ကယ်သက် မေ့လျော့ပြီး ဘယ်
နေ့က ဖုန်းကိုင်တာနဲ့ ရောပြောမိနေတာလဲလို့ သတိ
ပေးမလို့ ..."

"ဟာ ... မင်းကလည်း ငါ ကိုင်ပါတယ်ကွာ ..."

"မကိုင်ပါဘူး ... အန်ကယ်သက်ရာ၊ ကျွန်တော် ဒီနေ့
တစ်နေ့လုံး ဖုန်းနားမှာပဲ နေနေတာပါ ..."

"ဪကွာ ... မင်း ဈေးရောင်းနေတုန်း အမှုမဲ့
အမှတ်မဲ့ ဖြစ်နေလို့ ငါ ဖုန်းကိုင်တာ မသိတာ ဖြစ်
မှာပေါ့ ..."

"ဖုန်းက ကျွန်တော့် ရှေ့တည့်တည့်ကြီးမှာပဲ၊ ဝယ်သူ
ကလည်း သိပ်မှ မရှုပ်တာ ..."

"မင်းကလည်းကွာ ... ခက်တော့တာပဲ၊ မင်း မသိလို့
နေမှာပါ ဆိုမှကွာ ..."

သူက အောင်မိုးကို မျက်နှာအမူအရာဖြင့်
ဆက်မပြောဖို့ တားသော်လည်း အောင်မိုးက သဘောမပေါက်
ချ ... ။ ညလေးက စိတ်ရှုပ်လာဟန်နှင့် အောင်မိုးကို
ျက်မှောင်ကုပ်ကြည့်ရင်း ...

"ကဲ ... အောင်မိုး ... နင်က ဘာကိစ္စ လူကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ခံငြင်းနေရတာလဲ၊ အန်ကယ်သက်က ဒီ ဖုန်းကိုင်၊ မကိုင်ကိစ္စကို ညာပြောစရာ ဘာအကြောင်းရှိလဲ၊ သွား ... သွား ... နင့်ဘာသာ လုပ်စရာရှိတာ သွားလုပ်၊ စိတ်ညစ်ရတဲ့ အထဲ ... နင်ကလည်း တမှောင့် ...”

ညလေးက သူ့စကားကိုသာ ယုံကြည်မှု ရတာမို့ သူ တိတ်တခိုး သက်ပြင်း ချမိရလေသည်။



♥ ♥ ♥

“ညလေးရေ ... ညလေး ...၊ အန်ကယ်သက် ညမှလေး ရော ...”

“ဘာလဲကွ ... နေနေရ၊ အလန့်တကြား ညလေးက ဆိုင်ရှေ့မှာ မီးပုံးလေးတွေ ချိတ်နေတယ် ...”

“ဟိုကောင် မိုးသားဆီက ဖုန်းလာလို့ အန်ကယ် သက်ရ ...”

“ဟာ ... ဟုတ်လား၊ ဝမ်းသာစရာပေါ့ကွ၊ ညလေး တို့တော့ ဝမ်းသာရှာမှာပဲ၊ တိုက်ဆိုင်လိုက်တာကွာ ... ငါ လိမ်ရကြိုး နပ်ပြီ ...”

“အန်ကယ်သက် ဘာကို ပြောတာလဲ ...”

“အော် ... မဟုတ်ပါဘူး ... ဘာမှ မဟုတ်ပါဘူး...”



www.burmeseclassic.com

www.burmeseclassic.com



ညလေးအတွက် ဝမ်းသာလွန်းတာမို့ သူလှို့ဝှက်ချက်တွေပင် ကယောင်ကတမ်း ထွက်လာသည်။ အိမ်ဘက်မှ အူလျားဖားလျား ပြေးလာပြောသော နေနေက သူ့ကို သံသယ မျက်ဝန်းများဖြင့် ကြည့်နေသည်။ သူက သူ့အမူအရာကို တည်ငြိမ်အောင် အမြန် ကြိုးစားလိုက်ရပါသည်။ ညလေး စိတ်ချမ်းသာအောင် လိမ်ပြောလိုက်ပြီးတိုင်း ညလေးက တကယ် ယုံမှတ်ကာ ဖုန်းမျှော်နေတတ်တာမို့ သူ့မှာ မိုးသားဆီက ဖုန်းလာဖို့ ကြိတ်ဆုတောင်းရတာလည်း မောလို့တောင် နေပြီ ... ။

"မင်း ... လာပြောဖုံကကွာ ... နလုံးရောဂါ ရှိတဲ့သူသာဆို ဝမ်းသာလုံး ဆို့သွားမှာ စိုးရတယ်၊ ဒါမျိုးဆိုတာ ဖြည်းဖြည်း ပြောရတယ်ကွ၊ ညလေးက မိုးသားဆီက ဖုန်းကို ဘယ်လောက် မျှော်လင့်တကြီး ဖြစ်နေတယ်ဆိုတာ မင်းလည်း အသိပဲ၊ ရုတ်တရက်ကြီး ကြားလိုက်ရရင် မူးမိုက်သွားပါဦးမယ်၊ ကဲ ... ငါပဲ ပြောလိုက်ပါ့မယ် ..."

"အဲဒါဆို ဆိုင်ထဲက ဖုန်း သူ့ကို ကိုင်ခိုင်းလိုက် အန်ကယ်သက်၊ ကျွန်တော် အိမ်ထဲက ဖုန်းကို သွားချလိုက်မယ် ..."





နေနေက အိမ်ဘက် လှည့်ပြေးမည်ပြင်စဉ်

"ဟော့ကောင် ... ခဏနေဦး ..."

"ဘာလဲ ... အန်ကယ်သက်ရ ..."

"မိုးသားက ညလေးနဲ့ ပြောချင်တယ်လို့ ပြောပြီး ဆက်တာလား၊ ဒါမှမဟုတ် မင်းဆီ ဆက်ရင်း မင်းက ညလေး ရှိတယ် ... ပြောမလားလို့ မေးမိလို့လား ..."

"ဒီကောင် ကျွန်တော့်ဆီ ဆက်တာ အန်ကယ်သက်၊ သူ သိချင်တဲ့ တိုက်ခန်းကိစ္စ လှမ်းမေးတာ၊ ကျွန်တော်က ညလေးနဲ့ ပြောဖို့ တိုက်တိုက်တွန်းတွန်း ပြောလိုက်ရတာ ..."

"အေး ... အဲဒီလိုဆိုရင် အဲဒီ အဖြစ်မှန်ကို ညလေး မသိစေနဲ့၊ ဟိုက သူ့ကို တိုက်ရိုက် ခေါ်ခိုင်းတယ်ပဲ ပြော၊ တော်ကြာ ဝမ်းသာရမှာလား ... ဝမ်းနည်းရမှာလား ဖြစ်နေရှာပါဦးမယ် ..."

"ဟာ ... ကျွန်တော် မညာချင်ပါဘူး"

"တစ်ခါတလေ သူတစ်ပါး စိတ်ချမ်းသာဖို့ ညာသင့်ရင် ညာရတယ်လေကွာ ..."

"အဲဒီလို ညာပေးမိတဲ့ စေတနာက တစ်ခါတစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာ ဖြစ်သွားတတ်တယ် ဆိုတာလည်း သတိထားဦး အန်ကယ်သက် ...”

“မင်း ... ညာမပေးဘူးလား”

“ညာပေးမှာပေါ့ ...”

“ဒါနဲ့များ ဆင်ခြေက ပေးနေသေးတယ်”

နေနေက အိမ်ဘက် လှည့်ပြေးသွားတာမို့ သူက ညလေးရှိရာ ဆိုင်ရှေ့သို့ ထွက်လာခဲ့ပါသည်။ ညလေးက ခုံပုလေးပေါ်မှာ မတ်တတ်ရပ်ကာ ဆိုင် တံစက်မြိတ်မှာ ရောင်စုံ မီးပုံးလေးတွေ ချိတ်နေသည်။

“ညလေး ...”

“ရှင် ... အန်ကယ်သက် ...”

“ညလေး ဖုန်းလာနေတယ်”

“ဘယ်သူ့ဆီကတဲ့လဲဟင် ...”

“မိုးသားဆီက ...”

“ဟယ် ... တကယ် ...၊ အမေ့ ...”

သူ ပြောတာကတော့ လေသံ အေးအေးနှင့် ဖြည်းဖြည်းသက်သာပင် ...။ သို့သော် ညလေးက ဖြုန်းခနဲ ဝမ်းသာလုံး ဆို့သွားကာ ခုံပေါ်က လှမ်းအဆင်း မြေပြင်ပေါ် ဒူးညွှတ်ကျသွားသည်။ လက်ထဲက မီးပုံးတွေလည်း တဖြုတ်





ဖြုတ် ကျကုန်သည်။ ညလေးက လူးလဲထ,ရင်း မီးပုံးတွေ ပြန်ကောက်ပေးမည် ပြင်ဆဲ သူကပင် ...

“ကဲ ... ကဲ ... သွားပါတော့၊ စိတ်အေးအေးထားပြီး ဖုန်းသွားကိုင်ပါတော့၊ ဒါတွေ ကျွန်တော် သိမ်းခဲ့ပါ့မယ် ...”

“ဟုတ် ... ကျေးဇူးပဲ အန်ကယ်သက် ...”

ညလေး့သည် အပျော်တွေ လျှံကျနေသော မျက်နှာလေးဖြင့် မျက်လုံးလေးတွေ မှေးပိတ်သွားအောင် ရယ်ရင်း ဆိုင်ထဲသို့ လှစ်ခနဲ ပြေးဝင်သွားလေသည်။ မီးပုံးတွေကို နေရာတကျ ချိတ်ပေးပြီး သူ ဆိုင်ထဲ ဝင်လာတော့ ညလေးရဲ့ ချိုလွင်မြူးဖျူသော အသံလေးကို ကြားရလေသည်။ တမင် နားစွင့်မိတာ မဟုတ်ပေမယ့် ကြားလက်စနှင့်မို့ သူ နားထောင်ခဲ့မိပါသည်။

“မိုးသား ... တကယ် နေနိုင်တယ် သိလား၊ ညလေး ကဖြင့် စာလည်းမျှော်၊ ဖုန်းလည်းမျှော်၊ အဟင်း ... ဟင်း ... အခုလည်းလေ ... မိုးသားဆီက ဖုန်းလာတယ်ဆိုလို့ ခုံပေါ်ကနေ လှမ်းဆင်းတာ ဒူးထောက်ကျလို့ ဒူးတောင် နည်းနည်း ပွန်းသွားတယ်၊ မိုးသား ပြန်လာတော့မှာလားဟင် ...၊ ဟင် ...



www.burmeseclassic.com

www.burmeseclassic.com



မိုးသားကလည်း ခုထိ တိတိကျကျ မပြောနိုင်သေးဘူးလား၊ အင်းပါ ... အင်းပါ ... ဟုတ်ပါတယ်၊ နားလည်ပါတယ်။ ကျန်းမာရေးကိုလည်း ဂရုစိုက်ပါဦးနော် ... မိုးသား အကြောင်း တွေးမိရင်း ညလေး အရမ်း စိတ်ပူတယ်၊ ပြန်လာပါတော့ မိုးသားရယ် ...”

ချစ်သူအပေါ် ပျောင်းညွှတ်ချိုသာလှသော အသံကလေး ...။ သူ့စိတ်ထဲ ကြည်နူးသလို ... သနားသလို ရက်သလိုလိုနှင့် ဘယ်လိုဖြစ်သွားမှန်းတောင် မသိပါ ...။ ဟိုက ညာနေလည်း ယုံကြည်နေမယ့် ပုံကလေးဟာ အထင်းသား ပေါ်လွင်နေတာမို့ ညလေး အစား သူ ရင်လေးလှပါသည် ...။

“ဟင် ... ဖုန်းကတ် ကုန်တော့မယ် ဟုတ်လား ...၊ နောက် တစ်ကတ် ထပ်ထည့်လို့ မရဘူးလားဟင်၊ ခုမှ ပြောရတာဖြင့် သိပ်မကြာသေးဘူး၊ ဟင် ... မိုးသား၊ ဟဲ ... လို ... ဟဲလို ... မိုးသား၊ ဒုက္ခပါပဲ ဟယ် ... ဖုန်းက ကျသွားပြီ ...”

ညလေးသည် စိတ်ပျက် လက်ပျက် မျက်နှာကလေးဖြင့် သူ့ဘက် လှည့်လာလေသည်။





“ဖုန်းကျသွားပြီ အန်ကယ်သက်ရယ်၊ ဘာမှတောင် မပြောလိုက်ရဘူး၊ သူ ... ဟိုတစ်နေ့က ဖုန်းဆက်တာလေ၊ အန်ကယ်သက် ဖုန်းကိုင်လိုက်တယ်ဆိုတာ ... အဲဒါ ဘာဖြစ်လို့ ... အကြာကြီး ကြာမှ ပြန်ဆက်ရတာလဲလို့ မေးမလို့ဟာတောင် မမေးလိုက်ရပါဘူး”

အင်း ... မမေးလိုက်မိတာပဲ တော်ပါသေးရဲ့၊ နောက်မို့ဆို သူ့အလိမ်တွေ ပေါ်သွားနိုင်ပါသည်။

“ဖုန်း ပြန်ခေါ်မယ် ထင်တယ်နော် အန်ကယ်သက်”

“ခေါ်မှာပါ ... ခေါ်မှာပါ ... ကတ် ကုန်သွားလို့ နောက်တစ်ကတ် သွားဝယ်နေတာလည်း ဖြစ်နိုင်တယ် ... ညလေး ဖုန်းနားမှာပဲ စောင့်ချင် စောင့်နေလိုက်လေ ...”

“ဟုတ်ကဲ့ ... အန်ကယ်သက်”

သူက နောက်ဘက်သို့ ဝင်လာပြီး ပေါင်မုန့် ဖုတ်ဖို့ ပြင်ဆင်နေခဲ့သည်။ ခဏကြာသည်အထိ ဖုန်းသံက ထပ်မံ ပေါ်မလာခဲ့တော့ပါ ...။ နောက်တော့ သူ့နောက်နားဆီက ခြေသံ ဖွဖွလေးကို ကြားရသည်။ ပြုံကွဲနေမည့် မျက်နှာတစ်ခုကို ရင်မဆိုင်လိုတာမို့ သူက သူ့ပေါင်မုန့်တွေကိုသာ ငုံ့စိုက်ကြည့်နေရင်း အလုပ်များဟန် ပြုနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညလေးက သူ့အနားမှာ ညင်သာစွာ လာရပ်သည်။ အနားက ဂျူတွေကို နယ်ရင်း အသံတိုးတိုးဖြင့် ...

"ဖုန်း မလာတော့ဘူး အန်ကယ်သက် ..."

"အင်း ..."

သူကတော့ ဘာမှ ပြန်မပြောတတ်တော့ဘ အင်း ရှည်ကြီး ဆွဲပြောမိကာ သူ့ဂျူတွေကိုသာ ဖိဖိ နယ်နေ မိလေသည်။

BURMESE CLASSIC .com

♥ ♥ ♥

ထိုနေ့ ညနေက အသေးလေးသည် ခြံရှေ့ စာတိုက်ပုံးလေးကို ခါတိုင်းနေ့များကဲ့သို့ပင် သွားရောက် ဖွင့်လှစ်ခဲ့ပြီး စာတိုက်ပုံးထဲမှာ တွေ့သည့် စာကို သူ့ထံ ယူ ဆောင်လာခဲ့တာ ဖြစ်သည်။ အသေးလေးက တီဗွီဇာတ်လမ်းတွဲ ကြည့်နေသော သူ့အနားသို့ ရောက်လာကာ ...

"အန်ကယ်သက် ... ဒီမှာ ... စာ ..."

ဟု ပြောပြီး စာတစ်စောင် လှမ်းပေးလိုက် သည်။ သူက စာကို လှမ်းယူကာ တီဗွီထံမှ အကြည့် မခွဲဘဲ အိတ်ကို လက်ဖြင့် စမ်း၍ ဖောက်ပြီး စာကို ဆွဲထုတ်ယူ လိုက်ပါသည်။ စာကို လက်ကသာ ကိုင်ထားပေမယ့် ချက်ချင်း ဖွင့်မဖတ်မိသေးပါ။ ဇာတ်လမ်းတွဲ တစ်ပိုင်းပြီး ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com



ဝင်တော့မှ တီဗွီထဲမှ အကြည့်လွှဲပြီး စာကို ဖြန့်ဖတ်လိုက်သည်။

ညလေးညို

ကိုယ့်ကို မေ့လိုက်စေချင် ...

"ဟင် ... ဒါ ... ဒီစာက ..."

မျက်စိထဲ တင်းခနဲ ဝင်လာသော စာကြောင်းတစ်ကြောင်းကြောင့် သူ လန့်ဖျပ်သွားပြီး စာအိတ်ပေါ်က နာမည်ကို ပြန်လှန်ကြည့်လိုက်မိသည်။ စာအိတ်ပေါ်မှာ ရေးထားသည်မှာ ညလေးညို အမည်ပင် ဖြစ်လေသည်။ ညလေးဆိုင်မှာ အလုပ်ဝင်ကတည်းက ညလေး စာတွေ သူ့အိမ်လိပ်စာနဲ့ပဲ လာတတ်တာကို သူ သတိထားခဲ့မိပါသည်။ ဟိုးယခင် အကြိမ်တွေကတော့ စာတိုက်ပုံးထဲက စာတွေ ယူလာလို့ ညလေး စာ ပါလာလျှင် ညလေး လက်ထဲ ထည့်ပေးလိုက်တာပင် ...။ စပ်စပ်စုစု ဖွင့်ဖောက်ကြည့်ဖို့လည်း သူ ယောင်လို့တောင် မတွေးမိပါ ...။ "ခုတော့ ... အသေးလေးက ဘာမှ ခွဲခွဲခြားခြား မပြောဘဲ လက်ထဲ လာထည့်သွားတာမို့ သူကလည်း သူ့စာအမှတ်ဖြင့် စာအိတ်ပေါ်ကို အသေအချာ မကြည့်ဘဲ အမှတ်တမဲ့ပင် ဖွင့်ဖောက်ကြည့်ခဲ့မိပြီ။ သူ့လက်ထဲမှာ ညလေးစာက ဖြန့်ဖတ်လျက်သား တန်းလန်း ...။





ရေးထားသည့် စာကြောင်းတွေကလည်း ဆက်ဖတ်ဖို့ သူ့ကို ဆွဲဆောင်နေသည်။ သူ ဘာလုပ်ရမှန်း မသိတော့ဘဲ ကယောင်ချောက်ချားဖြင့် အသေးလေးကိုသာ လှမ်းခေါ်မိပါသည်။

"အသေးလေး ..."

"ရှင် ... အန်ကယ်သက် ..."

"လာစမ်းပါဦး ... လာစမ်းပါဦး၊ ဒီစာက ငါ့ရဲ့စာမှ မဟုတ်ဘဲနဲ့ ... ဘာကိစ္စ ငါ့ လာပေးရတာလဲ ..."

"ဟို ... ကျွန်မကလည်း ဒါ အန်ကယ်သက် စာလို့ မပြောမိပါဘူး ...၊ ဒီမှာ စာလို့ပဲ ပြောတာပါ ..."

"နင့် ပြောလိုက်ရင် ဆင်ခြေက အသင့်ပဲ ... သွား ... သွား ..."

သူက အသေးလေးကို နှင်ထုတ်လိုက်ပြီး သူ့ လက်ထဲက ဖြန့်လျက်သား စာကို ငုံ့ကြည့်ရကောင်းနိုး မရဲတရဲ ဖြစ်နေသည်။ ညလေးညို ... ကိုယ့်ကို မေ့လိုက်စေချင် ... တဲ့။ ရှေ့ဆက် ဘာတွေ ရေးထားမလဲ ... ညလေးရဲ့ မျှော်လင့်ချက်တွေကို တစ်စစီ ဖွဲ့ထုတ်နိုင်မယ့် စာလုံးတွေလား ...။ အဲဒီလို ဆိုရင်တော့ ဒီစာကို ညလေး လက်ထဲ ရောက်စေချင်တာ အမှန်ပင်။ သူ့ရင်ထဲမှာ သိချင်စိတ်တွေ ဘွန်းထိုးရှန်းကန်ကာ ဘယ်လို ဆုံးဖြတ်ရမည် မသိဘဲ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



စာကိုင်ထားသည့် လက်တွေပင် ချွေးစေးတွေ စီးထန်းထန်း ဖြစ်လာသည်။ သို့သော် ... သူများ စာကို ခိုးဖတ်တာဟာ အောက်တန်းကျတာပဲ မဟုတ်လား ...။ သူ ... ဘယ်တုန်းကမှ ဒီလို အလုပ်မျိုး မလုပ်ခဲ့ဘူးပါ ...။ အင်းလေ ... မဖတ်တာပဲ ကောင်းပါတယ် ...။

သူက စာကို ပြန်ခေါက်ပြီး စာအိတ်ထဲ ထည့်မည်ဟု စဉ်းစားကာ တစ်ခါ ငုံ့ကြည့်မိတော့ စာလုံးတချို့က မရည်ရွယ်ဘဲ မျက်စိထဲ ဒိုင်းခနဲ ဝင်လာပြန်ပါသည်။

ညလေးကို သစ္စာမဖောက်ချင်ပေမယ့် ...

သူ ... ခေါင်းကို ဆတ်ခနဲ ပြန်မော့လိုက်မိသည်။ သူ့ရင်တွေပင် တဒိုင်းဒိုင်း ဆောင့်ခုန်လာသည်ဟု ထင်ရသည်။ နောက်ဆုံးတော့ သူ သံသယရှိခဲ့သလိုပဲ ဖြစ်လာခဲ့ရပြီ ...။ ညလေးသာ ဒီစာကို ဖတ်မိရင် ဘယ်လောက် ခံစားရရှာမလဲ ...။ ဖုန်းမလာတာ တစ်ခုနဲ့တောင် ကြေကွဲနေတတ်တဲ့ ညလေးကို ဒီစာ ပေးမပြရက်ပါ ...။ ဖြစ်ချင်ရာ ဖြစ်စေတော့ ...။ သူ ... ဘဝမှာ ဒီတစ်ကြိမ်တော့ အောက်တန်းကျ ကြည့်လိုက်တော့သည်။

သူက ဆုံးဖြတ်ချက် ချကာ စာကို ဆက်ဖတ်လိုက်မိပါသည်။





ကိုယ် ...။ သူ့ကို သိပ်ချစ်သွားခဲ့တယ် ...

သူဟာ ကိုယ့်ရဲ့ ကျေးဇူးရှင်လည်း ဖြစ်တယ် ...

အားကိုးရာလည်းမရှိ ... သူများနိုင်ငံမှာ ဒုက္ခရောက်နေတဲ့ ကိုယ့်ကို သူက အစစအရာရာ ကူညီခဲ့ဖူးတယ် ...

မင်းဘာသာ စကားလုံး လှလှလေးတွေ ဘယ်လိုပဲ သုံးသုံး ဘယ်လိုပဲ အကြောင်းပြပြ သစ္စာဖောက်တာဟာ သစ္စာ ဖောက်တာပဲပေါ့ကွာ ...။ မိန်းမတစ်ယောက်က ကိုယ့်ကို ကူညီတာနဲ့ပဲ အဲဒီ မိန်းမကို ချစ်သွားရောတဲ့လား ...။ မင်း ... လူညံ့ပဲ ...”

သူက စာဖတ်ရင်း စိတ်အချဉ်ပေါက်စွာ တွေးမိပါသည်။ ရှေ့ဆက်ဖတ်မိသည့် စာကြောင်းတွေကလည်း သိပ်ပြီး မထူးခြားလှပါ။ အနှစ်ချုပ်ကတော့ အသစ်တွေ့ပြီး အဟောင်းမေ့တာကို စကားလုံး အလှတန်ဆာ ဆင်ပြီး သူ့အပြစ် မဖြစ်အောင် ညလေးကတောင် သူ့ကို ပြန် သနားလာအောင် နားလည် ခွင့်လွှတ်ပေးအောင် ရေးထားခြင်းသာ ဖြစ်သည်။ မင်း ... တော်တော်လည်တာပဲ မိုးသား ...။ သူက စာဖတ်ရင်း မိုးသားကိုသာ ဒေါသဖြစ်နေ မိပါသည်။ ဒီလို သစ္စာမဲ့တဲ့ ယောကျ်ားတွေ ရှိနေလို့လည်း သူတို့ ယောကျ်ားတွေ နာမည်ကောင်း မရတာပဲလား မသိပါ။



www.burmeseclassic.com

စာ ဆုံးသွားတော့ သူက သက်ပြင်းကြီးကို သာ အလုံးအရင်း ချလိုက်မိပါသည်။ ဒီစာကို ညလေးလက်ထဲ ထည့်ဖို့ သူ့မှာ အင်အား မရှိပါ။ ညလေးရဲ့ အရောင်ဖျော့ နေသော မျက်ဝန်းများနှင့် ညှိုးနွမ်းနေတတ်သော မျက်နှာ ကလေးကို သူ မကြည့်ရဲ မကြည့်ရက်ပါ ...။ ဒီစာဟာ မျှော်လင့်ချက်တွေ တနင့်တပိုးဖြင့် ချစ်သူကို ကြိုစောင့်နေရှာ သည့် ညလေး စိတ်ကို အလဲထိုး ကြေမွစေမှာ သေချာသည်။

သူသည် စာအိတ်ခွံနှင့် စာကို စာအုပ်ပုံ အောက်သို့ ထိုးထည့်လိုက်ပြီး ဆံပင်တွေထဲ လက်သွင်းကာ ခေါင်းငိုက်စိုက် ကျနေသည်။ စ,တွေ့စဉ်က မျက်လုံးလေးတွေ မှေးပိတ်သွားသည်အထိ ဖြူစင် အပြစ်ကင်းစွာ ရယ်မောတတ် သော ညလေး မျက်နှာကို သူ အမြဲ မြင်လိုသည်။ ညလေး မျက်နှာ နွမ်းနေတာတွေ့ရတိုင်း သူ့ စိတ်ထဲ မသက်မသာ ရှိရပါသည်။ သူတစ်ပါးကို ကူညီတတ်သော ဖြူစင်အပြစ် ကင်းသော ဒီလို မိန်းကလေးမျိုးကို ဘယ်လို ယောကျ်ားမိုက် ကများ စွန့်ပစ်သွားရတာပါလိမ့် ...။ သူ အံတင်းတင်းပ ကြိတ်လိုက်မိသည်။ ခဏနေတော့ နေနေ့ ခြေသံကို ကြား သည်။ နေနေက သီချင်း တညည်းညည်းနှင့် သူ့ရှေ့က ဖြတ်သွားတော့ သူက ဆတ်ခနဲ ခေါင်းမော့မိကာ ...





"ဟော့ကောင် နေနေ ... မင်းတို့အရွယ် ယောကျ်ား တွေဟာ ခု ဒီတစ်ယောက်ကို ချစ်လိုက်၊ နောက် ကြာလာတော့ ဟိုတစ်ယောက်ကို ချစ်လိုက်နဲ့ အမျိုး မျိုး ပြောင်းနေကြတာပဲလား ...၊ မျက်နှာလည်း ပြောင်ကြပါပေ့ကွာ ..."

ဟု စိတ်လိုက်မာန်ပါ ပြောမိလေသည်။

နေနေက စိတ်ရှုပ်သွားဟန်ဖြင့် သူ့ကို လှည့်ကြည့်ကာ ...

"အန်ကယ်သက်ကလည်းဗျာ ... အန်ကယ်သက် ဘာသာ အသက်ကြီးတိုင်း ကျွန်တော့်တို့ အရွယ်တွေ ကိုပဲ လိုက်လိုက် ပုတ်ခတ်နေတာတော့ မကောင်း ပါဘူး ...၊ အန်ကယ်သက် မသိရင် မှတ်ထား ... တကယ်တော့ အချစ်ဆိုတာ ဘာကြီးမှန်းကို မသိဘူး၊ ဘာမှ လက်ဆုပ်လက်ကိုင် ပြလို့ မရဘူး ...၊ အဲဒီ တော့ ဘာကိုမှ သေချာပေါက် မပြောနိုင်ဘူး၊ သူ ချစ်ချင်တဲ့ အချိန်မှာ သူချစ်ချင်တဲ့ သူကို ချစ်မှာပဲ၊ ဘယ်နှစ်ယောက် ချစ်မယ်ဆိုတာ ဘောင်ကန့်သတ် ထားလို့ မရဘူး ...၊ တစ်ယောက်တည်းလည်း ဖြစ်ချင်ဖြစ်မယ်၊ အများကြီးလည်း ဖြစ်ချင်ဖြစ်မယ်၊ ကံတရားပဲ ... ဘာမှ မတတ်နိုင်ဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါက သစ္စာမရှိတဲ့ သူတွေရဲ့ ဆင်ခြေပါကွာ ..."

နေနေက ပခုံး တစ်ချက်တွန့်ပြီး ဆက်လျှောက်သွားသည်။ သူကတော့ ရင်မောပြီး ကျန်ခဲ့သည်။ ခဏနေတော့မှ စာအုပ်ပုံအောက် ထိုးထည့်ထားသော စာကို ဆွဲယူကာ ကျစ်ကျစ်ပါအောင် ခေါက်လိုက်သည်။ ဒါဟာ တိတ်တဆိတ် သိမ်းဆည်းထားရမည့် လျှို့ဝှက်ပစ္စည်း ဖြစ်သည်။ ယောကျ်ားတစ်ယောက်ကို ဖြူစင်စွာ မြတ်နိုးနေသည့် မိန်းကလေး တစ်ယောက်ရဲ့ စိတ်ချမ်းသာမှုအတွက် သူ့ရဲ့ စည်းဖောက်မှု တစ်ခုလည်း ဖြစ်ပါသည်။



♥ ♥ ♥

"အစ်ကိုကြီးပဲ စဉ်းစားကြည့်လေ ... ညီမလေး အလွန်ဆိုလို့ တစ်ခုမှကို မရှိဘူး ...၊ အားလုံး သူ့ အလွန်ချည်းပဲ့ မနက်ဆို အိမ်က အစောကြီး ထွက် ...၊ ညနေ မိုးချုပ်မှ ပြန်လာ ...၊ အလုပ် နားရက်လည်း အိမ်မကပ်၊ ဘုရား သွားချင်လို့ လိုက်ပို့ပါဆိုတာလည်း အချိန်မရှိဘူး ဆိုပြီး တစ်ခါမှ လိုက်မပို့တော့တာ ...၊ ရည်းစားဘဝတုန်းကနဲ့တော့ တခြားစီပါပဲ၊ အဲဒီတုန်းကများဆို ဘယ်သွားချင်လဲ ... ဘာစားချင်လဲ ... ဘာလုပ်ချင်လဲအမြဲ အရန်သင့် ဖြစ်နေတာ ...၊ အနားမှာ ချည်းပဲ ကပ်ကပ်နေလို့ မနည်းခွာခွာထုတ်နေရတာ ...၊ ခု အိမ်ထောင် ကျပြီး



www.burmeseclassic.com

www.burmeseclassic.com



ကလေး နှစ်ယောက်လည်း ရရော … အချိုးက ပြောင်းသွားရော …၊ မတတ်သာလို့ အိမ်မှာ နေရတဲ့ အချိန်တွေမှာတောင် သူက အနားကပ်ချင်တော့တာ မဟုတ်ဘူး၊ ကိုယ်က အိမ်ရှေ့နေရင် သူက အိမ်နောက်မှာ နေတာ …၊ ဘယ်လောက် ဒေါသဖြစ်ဖို့ ကောင်းသလဲဆိုတာ …၊ အိမ်မှာ လိုအပ်တာတွေ ဝယ်ဖို့ ပိုက်ဆံလိုလည်း ဒင်းက မသိချင်ယောင်ဆောင်ပြီး ငုတ်တုတ် မေ့နေတော့ ကြွေးကတင်ပြန်ရော …၊ ညီမလေး ဒုက္ခက ဘယ်လောက်ကြီးသလဲ အစ်ကိုကြီးပဲ စဉ်းစား ကြည့်စမ်းပါ …"

"အေးပါ … အေးပါ … ဖြည်းဖြည်းပြောပါ ငါ့ ညီမရယ် …၊ မောနေပါ့မယ် …"

"ဒေါသ ဖြစ်လွန်းလို့ပါ အစ်ကိုကြီးရယ် …၊ ရင်ဖွင့်စရာဆိုလို့ အစ်ကိုကြီးပဲ ရှိတာ၊ ဒါကြောင့် စိတ်ညစ်ပြီဆို အစ်ကိုကြီးဆီပဲ ပြေးပြေးလာရတာ"

ဆူဆူညံညံ အသံကြောင့် ညလေးက အိမ်ထဲသို့ လှမ်းကြည့်လိုက်မိပါသည်။ အိမ်ထဲမှာ ဆိုင်အတွက် လိုသည့် ပစ္စည်းတချို့ လာယူရင်း ညလေး မကြားဘူးသော မိန်းမ အသံနှင့် တည့်တည့် တိုးနေရတာမို့ စိတ်ဝင်စားသွား





ရသည်။ အန်ကယ်သက်နှင့် ရုပ်ချင်း အနည်းငယ် ဆင်သော အမျိုးသမီး တစ်ယောက်က စကား အဆက်မပြတ် ပြောရင်း အန်ကယ်သက် ရှေ့မှာ ရင်ဖွင့်နေသည်။ အလိုလိုနေရင်းကမှ စိတ်ဆင်းရဲနေရသော ညလေးမှာ သူ့အသံ ကြားကာမှပင် ပို စိတ်ညစ်သွားရသည်။ ကြားလိုက်ရရင်ဖြင့် ယောကျ်ားတွေ အချိုးမပြေတဲ့ အကြောင်းချည်းပဲ …။ ညလေးက မိုးသား အကြောင်းကိုပင် တွေးမိရပြန်ပါသည်။ မိုးသားက လုံးဝ အဆက်အသွယ် မလုပ်တာမို့ ညလေး စိတ်တွေပင် ချုံးချုံးကျနေခဲ့သည်။ ဘယ်သွားသွား ဘာလုပ်လုပ် ညလေးမှာ မပျော်နိုင်ဘဲ ညည်းစားပူမိ၍သာ နေသည်။ သူများ နိုင်ငံမှာ ဘာများဖြစ်နေလို့ပါလိမ့်ဟု တွေးမိလျှင် ရင်တွေ ပူကာ အိပ်လို့တောင် ပျော်ချေ …။

"အေးပါ … အေးပါ … နင်တို့ လင်မယားချင်း အဆင်မပြေမှ ငါ့ကို အပူကူးအောင် အတင်းပြေးလာပြီး ရင်ဖွင့် …၊ နင်တို့ချင်း အဆင်ပြေတော့ ငါ့ဆီ ခြေဦးလေး လှည့်ဖို့ သတိမရတာလည်း အစ်ကိုကြီးက သိပြီးသားပါ ငါ့ညီမရယ် …"

"အဲဒီလိုတော့ မဟုတ်ပါဘူး အစ်ကိုကြီးရဲ့၊ ညီမလေးက အစ်ကိုကြီးကို အမြဲ သတိရပါတယ်၊ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ဝေယျာဝစ္စတွေနဲ့ မအားလို့သာ မရောက်ဖြစ်တာပါ၊ အိမ်က လူ အချိုးမပြေတာလည်း အစ်ကိုကြီးသိတဲ့ အတိုင်းပဲ ...”

“အေးလေ ... ဒါကတော့ ညည်း ရွေးချယ်မှုနဲ့ ညည်းပဲ မဟုတ်လား မိလင်းလင်းရယ် ...၊ ဒါတွေ အားလုံးက ညည်းပဲ လုပ်ခဲ့တာလေ ...၊ ညည်းတို့ ရည်းစားထားတုန်းက ငါ ဘာများ သိခဲ့ရသလဲ ကိုယ့်သဘောနဲ့ကိုယ် ထင်ရာလုပ်ပြီးမှ နင့် ယောကျ်ား အချိုးမပြေတာတွေ ငါ့ လာလာပြောနေတော့ ငါက ဘာတတ်နိုင်မှာလဲ ...၊ နည်းနည်းပါးပါး စဉ်းစဉ်းစားစား လေးလည်း ပြောဗါဦး ...”

“အစ်ကိုကြီးနော် ... ကိုယ့် ညီမက အားကိုးတကြီး လာတိုင်တည်တာကို ဒီလိုပဲ စိမ်းစိမ်းကားကား ပြောရသလား ...၊ လင်းကို နည်းနည်းလေး သံယောဇဉ် မရှိတော့ဘူးလား ...၊ ရပါတယ် ... ရပါ တယ်၊ လင်း လာတာ အစ်ကိုကြီး မကြိုက်ရင် ဘယ်တော့မှ မလာတော့ဘူး ...၊ အဆင်ပြေလည်း မလာဘူး ... အဆင် မပြေလည်း မလာဘူး ...”

“ဟော့ ... နေဦးလေ၊ ဒါက ဘယ်လို ဖြစ်သွားရတာလဲ





ကလေးအမေ ဖြစ်နေပြီ ... ခုထိ စိတ်ကောက်ချင် တုန်း ...”

“မနေဘူး ... သွားမယ် ... သွားမယ်၊ နောက်ဆို အစ်ကိုကြီးဆီ ဘယ်တော့မှမလာဘူး ...”

ထိုအမျိုးသမီးက စိတ်ကောက်ဟန်ဖြင့် အန်ကယ်သက်ကို ကျောခိုင်းနေသည်။ အန်ကယ်သက်က ပြုံးပြုံး မျက်နှာဖြင့် အနား ကပ်သွားရင်း ...

“ကဲ ... ကဲ ... စိတ်မကောက်နဲ့တော့ ... ညီမလေး စိတ်ဆင်းရဲနေရင် အစ်ကိုကြီးက စိတ်ချမ်းသာအောင် လုပ်ပေးမယ်၊ ဘာလိုချင်လဲ ပြော ...”

“မလိုချင်ပါဘူး”

“မလိုချင်လည်း ယူရမှာပဲဗျာ ...၊ အင်း ... ဘာတဲ့၊ ခုန ပြောလိုက်တာ အိမ်မှာ လိုအပ်တာတွေ ဝယ်ဖို့ ပိုက်ဆံလိုနေလည်း ဒင်းက မသိချင်ယောင် ဆောင် နေတယ် ဆိုလား၊ အစ်ကိုကြီးကတော့ မသိချင်ယောင် မဆောင်ပါဘူးကွာ ... ကဲ ... ရော့ ... ဒါက ညီမလေး လိုချင်တာ ဝယ်ဖို့၊ ဒါက ကြွေးဆပ်ဖို့၊ ဒါက ကလေးတွေအတွက် မုန့်ဖိုး ... ကျေနပ်ပြီလား ...”

အန်ကယ်သက်က ပိုက်ဆံတွေ ထုတ်ပေး



www.burmeseclassic.com

www.burmeseclassic.com



တော့မှ သူ့ညီမက ကျေနပ်သွားပုံဖြင့် ပြုံးရွှင်သွားလေသည်။ ညလေးက အန်ကယ်သက်ရဲ့ ကြည်လင်နေသော မျက်နှာထား ကို ငေးကြည့်နေမိဆဲ ... နေနေက အနားရောက်လာကာ ...

"ဟိတ် ... ဘာတွေ ချောင်းနေတာလဲ ..."

"ဟယ် ... လန့်လိုက်တာဟယ်၊ နင်ကလဲ ...၊ ဟိုမှာ အန်ကယ်သက် ခမျာ ကြိုးကောင်ကြိုးမားနဲ့ ညီမက ချော့နေရတာ သနားစရာတောင် ကောင်းပါရဲ့ဟယ်"

"အေး ... အမြဲ အဲဒီလိုပဲ၊ အန်ကယ်သက် နှမတွေက သူတို့ ဒုက္ခဖြစ်ပြီဆို အန်ကယ်သက်ဆီပဲ အမြဲ အ... လာကပ်ကြတာ ...၊ အန်ကယ်သက်ခမျာ ရှာသမျ... သူတို့အတွက်ပဲ ဖို့နေရတာ ...၊ သူ့နှမတွေက နည်းနည်းလေးမှ သိတတ်တာ မဟုတ်ဘူး ..."

"အန်ကယ်သက်ခမျာ သနားပါတယ်နော်"

"သူကလည်း နင့်ကို သနားနေပုံပဲဟ ..."

"ဘယ်သူကလဲ ..."

"အန်ကယ်သက်ပေါ့ ... ဘယ်သူ ရှိဦးမလဲ၊ နင့်ရုပ်... က ရည်းစားမှုမိပြီး ဒီလောက် မှိုင်နေတာကိုး ... ငါကတော့ မသနားပါဘူး ...၊ နင့်ကိုက ပူစရာ... ကြံဖန်ပူနေတာ၊ လွှတ်ထားလိုက်စမ်းပါ၊ အချိန်တ...





ပြန်လာမှာပေါ့ ...၊ ကိုယ့်အပေါ် သူ သစ္စာဖောက် သွားလည်း ဘာအရေးလဲ ...၊ သစ္စာ မရှိတဲ့ ယောကျ်ား သွားပစေပေါ့ ...၊ ဒီလို လူမျိုးနဲ့ ဝေးရ တာ ကံတောင် ကောင်းသွားသေးတယ် ..."

"နေနေ ... နင်နော် ... မဟုတ်တာတွေ လာပြော မနေနဲ့၊ သူက ငါ့ကို ဘာကိစ္စ သစ္စာဖောက်ရမှာလဲ၊ သူ့ကို ငါ ယုံတယ်၊ သူ ငါ့အပေါ် ဘယ်တော့မှ ရက်စက်မှာ မဟုတ်ဘူး ..."

"နင်တို့ မိန်းမတွေများ အဲဒါတွေ ခက်တာပေါ့၊ ငါ စာအုပ် တစ်အုပ်ထဲမှာ ဖတ်ဖူးတယ်၊ ယောကျ်ားတွေ ကို ယုံကြည်ခြင်းဟာ ချောက်ကမ်းပါး တစ်ခုထဲကို ခုန်ဆင်းလိုက်သလိုတဲ့ ...၊ အကောင်းတွေကိုချည်း မျှော်လင့်မနေနဲ့၊ အဆိုးတွေကို ရင်ဆိုင်ဖို့လည်း အားမွေးထား ..."

"နင်ကလည်းဟယ် ... နိမိတ်မရှိ နမာမရှိ ဘာတွေ လျှောက်ပြောနေမှန်း မသိဘူး ..."

ညလေး မျက်နှာက ဖြူလျော်လျော် ဖြစ်သွား ...ာမို့ နေနေက ကြိတ်၍ သက်ပြင်းချမိပါသည်။ ယောကျ်ား ...င်းမို့ မိုးသား ဘာအချိုးချိုးနေပြီ ဆိုတာကို သူ့စိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



သက်ာမကောင်း ဖြစ်မိရပါသည်။ ညလေးအတွက်လည်း သူ
စိတ်ပူနေခဲ့သည်။ မိုးသားကို ချစ်သော ချစ်ခြင်းတွေထဲမှာ
နှစ်မြုပ်ပျော်ဝင်နေသော ညလေးဟာ အကယ်၍များ မိုးသား
သစ္စာဖောက်တာကိုသာ ခံရလျှင် ခံနိုင်ရည် ရှိမည် မထင်ပါ ...။

ယောကျ်ားဆိုတာကတော့ မိန်းကလေး
တစ်ယောက်ကို အသည်းအသန် ချစ်ခဲ့ပေမယ့်လည်း အခြေ
အနေအရ နီးစပ်မှုအရ နောက်တစ်ယောက်ကို ပြောင်းချစ်ဖို့
ဒီလိုမှ မဟုတ် နှစ်ဖက်စလုံးကို အချစ်တွေ ဆတူ ဝေမျှထား
ရာလည်း ခဲယဉ်းလှတာ မဟုတ်ပါ ...။ အဲဒါဟာ ယောကျ်ား
တွေရဲ့ အခွင့်အရေးတစ်ခုဟု ယောကျ်ား အတော်များများက
ယူဆတတ်ကြတာ ဖြစ်သည်။

"ကဲ ... ကဲ ... အပူသည်ရပ်နဲ့ ငါ့ရှေ့မှာ ငိုင်မနေ
စမ်းနဲ့ ...။ နင့်ကြည့်ရတာ စိတ်ဆင်းရဲတယ်၊ ငါ
မြို့ထဲ သွားဦးမယ်၊ နင် ဘာမှာဦးမလဲ ..."

"မိုးသား ဖတ်ဖို့ ဦးဇောတိက စာအုပ် အသစ်ထွက်တာ
တွေ့ရင် ဝယ်ခဲ့ပေးပါဟယ် ...၊ မနက်ဖြန်ကျ
စာတိုက်ကနေ ပို့ပေးရမယ် ..."

"ပို့လည်း ဘာအကြောင်း ထူးမလဲ၊ ဟိုကမှ အရေး
မစိုက်တာ ..."





"နေနေ ... နင် ငါ့ကို စိတ်ဆင်းရဲအောင် လျှောက်
ပြောမနေနဲ့၊ သူက ငါ့ကို အရေးမစိုက်တာ မဟုတ်
ဘူး၊ သူ အလုပ်များနေလို့ ... မအားလို့သာ ..."

"အေး ... ယုံ ... ယုံ ..."

နေနေ ထွက်သွားတော့ ညလေးက မျက်ရည်
[...]ချက် ကျန်ခဲ့ရသည်။ ညလေးသည် မသိစိတ်က မယုံသင်္ကာမှု
[...] သိစိတ်က အတင်း လိုက်ဖုံးကွယ်နေခဲ့ရတာမို့ နေနေက
[...] မိုးသားကို မယုံသလို ပြောလာလျှင် ညလေး စိတ်တွေ
[...]က်ကွဲချင်လာရပါသည်။

"ဟော ... ညလေး ပါလား ... ဒီမှာ ဘာရပ်လုပ်နေ
တာလဲ ..."

အန်ကယ်သက် အနား ရောက်လာတော့
[...]လေး လန့်သွားရပါသည်။

"ညလေး ... အိမ်ထဲမှာ ဆိုင်အတွက် လိုတဲ့ ပစ္စည်း
တချို့ လာယူတာပါ အန်ကယ်သက်၊ အိမ်ထဲမှာ
အန်ကယ် သက်တို့ စကားပြောနေတာနဲ့ မဝင်သေးဘဲ
ဒီမှာ ခဏ ရပ်နေတာပါ ..."

"အဲဒါ ... ကျွန်တော့် နှမလေ ...၊ သူက အငယ်မ
အိမ်ထောင် ကွဲသွားတာတောင် ခုထိ ကျွန်တော့်အပေါ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဆိုးဆိုးတုန်းဗျာ ... ၊ ကျွန်တော့်မှာ ခုထိ သူတို့…
ချော့ရတုန်း ... ၊ ဟင် ... ညလေး မျက်လုံးထဲ…
မျက်ရည်တွေပါလား ... ဘာဖြစ်လို့လဲ ... ”

“ဟိုကောင် နေနေ ပေါ့၊ ညလေး စိတ်ဆင်းရဲအော…
မဟုတ်တာတွေ လျှောက်ပြောသွားတာ ... ၊ သူ…
မိုးသား သစ္စာဖောက်မယ်များ ထင်နေသလား …
ဘူး၊ ညလေးကို အဆိုးတွေကို ရင်ဆိုင်ဖို့ အား…
ထားတဲ့ ... ”

ညလေး မျက်နှာ ငိုမဲ့မဲ့ကလေးကို ကြည့်…
ဦးဖေသက်ထင် ရင်ထဲ ဖြောင်းဆန်သွားပါသည်။ ည…
မှိုင်နေတာကို မကြည့်လိုတာ ... ညလေး စိတ်ဆင်းရဲမှာ …
စိုးရိမ်တာတွေက သူ့ကို ရောဂါ တစ်ခုလိုတောင် စွဲကပ်နေ…
အဲဒါ ဘာကြောင့်လဲလို့တော့ သူ တစ်ကြိမ်တစ်ခါမှ မစဉ်း…
မိခဲ့ပါ ...။ သူက သူ့ ခေါင်းထဲက ဉာဏ်နီဉာဏ်နက်တွေ…
ညှစ်ချရင်း ညလေးကို ပျာပျာသလဲ ဖျောင်းဖျမိပါသည်…

“ဒီကောင်က ဒီလိုပဲ ... စကားပြော ဆင်ခြင်…
မဟုတ်ဘူး ... ၊ ကိုယ်ပြောလိုက်တဲ့ စကား…
ဘယ်ရောက် လို့ ရောက်မှန်း သိတာ မဟုတ်ဘူး …
ဒီမှာ ညလေး ... သူပြောတာ မေ့လိုက်တော့၊ …





မနေနဲ့၊ ကျွန်တော် အခုပြောမယ့် စကားကမှ ညလေးအတွက် မင်္ဂလာ ... ”

“ဘာလဲဟင် ... ”

“နေ့လယ်က ညလေး သင်တန်း သွားတက်နေတဲ့ အချိန်က မိုးသားဆီက ဖုန်းလာသွားတယ်”

“ဟယ် ... တကယ် ... အန်ကယ်သက်ကလည်း စောစောကတော့ မပြောဘူး ... ”

“ပြောမလို့ပါပဲဗျာ ... ၊ ညီမလေး ရောက်လာပြီး နားပူနားဆာ လုပ်နေတာနဲ့ ကြာသွားတာပါ၊ ဒီမှာ သေသေချာချာ နားထောင်၊ မိုးသားက ပြောတယ်၊ သူ့ အလုပ်တွေ အရမ်းများနေလို့ ဖုန်းမဆက်ဖြစ်တာပါတဲ့၊ စာရေးဖို့လည်း အချိန်မရလို့ပါတဲ့၊ ဒါပေမယ့် ညလေးကိုတော့ အမြဲ သတိရနေကြောင်း ပြောပေးပါတဲ့ ... ၊ သူ နောက်တစ်ခါ ဖုန်းထပ်ဆက်ဖို့ကတော့ အသေအချာ ပြောလို့ မရဘူးတဲ့ ... ၊ မျှော်နေရင် စိတ်မောမှာစိုးလို့တဲ့ ... ၊ စိတ်အေးအေးထားပြီး နေပါတဲ့ ... ၊ အခွင့်သာရင်တော့ ထပ်ဆက်လိုက်ပါ့မယ်တဲ့ ... ၊ သူ့အသံ ကြားရုံနဲ့ ညလေးကို ဘယ်လောက် တန်ဖိုးထားတယ်ဆိုတာ မှန်းလို့ ရပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ဗျာ၊ ဟိုကောင် နေနေ အလကား အာချောင်နေတာ တွေကို စိတ်ထဲမှာ မထားနဲ့တော့ ... ဟုတ်လား ...”

သူ့ကို မှိုက်ကြည့်ရင်း နှုတ်ထောင်နေသော ညလေး မျက်နှာကလေးမှာ တဖြည်းဖြည်း ကြည်စင်ဝင်းပ လာပါသည်။ ညလေး မျက်နှာ အပြောင်းအလဲကို တွေ့တော့မှ သူ ဘဝင်ကျသွားသည်။

“အင်းလေ ... အဲဒီ နေနေ တစ်ယောက်ဟာ ညလေး ကို တမင် စိတ်ဆင်းရဲအောင် လုပ်တယ်”

ညလေး မျက်နှာလေးက ပြုံးပြီး အသံကလေး က ကြည်လင်နေသည်။ မျက်ဝန်းတွေကလည်း တဖျတ်ဖျတ် တောက်ပ နေသေးသည်။ အဲဒါဟာ ချစ်သူကို အလွန်အမင်း ယုံကြည်မျှော်လင့်နေသော မိန်းမ တစ်ယောက်ရဲ့ အသံ ဖြစ်သည်။ အဲဒီ အသံရေဟာ သူမထံမှာ ထာဝရ တည်မြဲ ပါစေ ...။ သူက တိတ်တိတ်ကလေး ကြိတ်၍ ဆုတောင်း ပေးမိပါသည်။



♥ ♥ ♥

ဦးဖေသက်ထင်သည် သူ့လက်က လက်စွပ် နှင့် ဆင်တူ ခပ်သေးသေး လက်စွပ်လေး ထည့်ထားသည့် ကတ္တီပါဘူးနီလေးကို ထုတ်ကြည့်ရင်း စိတ်ထဲ ချိတုံချတုံ မရဲတရဲ ဖြစ်နေမိပါသည်။

ထိုလက်စွပ်မှာ သူငယ်ငယ်က ဝတ်ခဲ့သည့် လက်စွပ်ကလေး ဖြစ်ပါသည်။ သူ ခပ်ငယ်ငယ် အရွယ်က ဖေဖေ့ လက်စွပ်ကို ကိုင်ကြည့်ရင်း ဒီလို လက်စွပ်မျိုး ဝတ်ချင်တယ်ဟု ပူဆာခဲ့တာမို့ အဖေက သူ့လက်စွပ်နှင့် ဆင်တူ လက်စွပ် သေးသေးတစ်ကွင်း လုပ်ပေးခဲ့ပါသည်။ သူ အရွယ်ရောက်လာတော့ လက်စွပ်ကလေးက သူ့လက်နှင့် မတော်တော့တာမို့ ချွတ်သိမ်းထားခဲ့ရသည်။ အဖေ ဆုံးသွား



www.burmeseclassic.com

www.burmeseclassic.com



တော့ အဖေက သူ့လက်စွပ်ကို သား ဝတ်ထားဟု ဆိုကာ ပေးခဲ့သည်။ သူက အဖေ့လက်စွပ်ကိုပဲ အမြဲ ဝတ်ထားခဲ့ရပါသည်။ သူ ငယ်ငယ်က ဝတ်ခဲ့သည့် လက်စွပ်ကလေးကိုလည်း ဘယ်သူ့ကိုမှ ပေးမဝတ်ခဲ့ပါ။ လက်စွပ် ပုံစံက ယောကျ်ား ဝတ် ပုံစံ ခပ်ရိုးရိုးမို့ သိပ်ပြီး လှလှပပ မရှိ။ ဒါကြောင့်လည်း သူ့နှမတွေက သူ့ လက်စွပ်ကလေးကို တောင်းဖို့ စိတ်ကူးထဲ မရှိခဲ့တာ ဖြစ်ပါသည်။

မနက်ဖြန်ဆိုလျှင်တော့ ညလေး မွေးနေ့ကို သူ့ဆိုင်ထဲမှာပင် အကျဉ်းချုံး၍ လုပ်ပေးဖို့ သူ စိတ်ကူးထားခဲ့ပါသည်။ ဧည့်ပရိသတ်ကတော့ ဆိုင်ကလူတွေနှင့် သူ့မွေးနေ့ကို လာရောက် ချီးမြှင့်နေကျ ကလေးတွေသာ ဖြစ်သည်။ ဟောဒီ လက်စွပ်ကလေးကိုတော့ ညလေးအတွက် မွေးနေ့လက်ဆောင် ပေးဖို့ သူ ကြံရွယ်နေခဲ့တာ ဖြစ်သည်။ သို့သော် သူ့စိတ်ထဲလည်း မရဲဘဲ ချီတုံချတုံ ဖြစ်နေသည်။ လက်စွပ်က သူနှင့် ဆင်တူမို့ ညလေးက ဝတ်ချင်ပါ့မလားလည်း မသိပါ။ တစ်မျိုး အဓိပ္ပာယ်တွေ ကောက်ပြီး စိတ်ဆိုးသွားမှာကိုလည်း သူ စိုးရိမ်မိပါသည်။

တကယ်တော့ ညလေး အပေါ် ထားသည့် သူ့မေတ္တာက ဖြူဖြူကလေးပါ။ ညလေး စိတ်ချမ်းသာမှုကို





ခွမ်းကုန် ဖြည့်ဆည်းပေးချင်စိတ်ကသာ သူ့ရင်ကို ဟုန်ပြင်းပြင်း ထိုးခွင်း နေရာယူထားခဲ့တာ ဖြစ်သည်။ ညလေးနှင့် ပတ်သက်ပြီး သူ့ရင်မှာ ပေါက်ဖွားခဲ့တာက ချစ်' ဆိုတာထက် အဆင့်မြင့်သော 'မေတ္တာ' မျိုးသာ ခဲ့သည်။ ညလေး သူ့ချစ်သူနှင့် အဆင်ပြေပြီး ပျော်ပျော် င်ရွှင် ပေါင်းစည်းသွားလျှင်လည်း သူ ကျေနပ်စွာ ကျန်ရစ်ခဲ့ သည်ပင် ...။ သူ ညလေးကို မေတ္တာရှိခဲ့မိပေမယ့် အဲဒီ တ္တာဟာ အဖြည့်ခံသက်သက်သာ ဖြစ်ပါသည်။ ကိုယ်ကျိုး မငဲ့ကွက်သော မေတ္တာမျိုးသာ ဖြစ်ပါသည်။ သူ့မေတ္တာ တပ်မက်မှု အရောင်တွေလည်း စွန်းထင်းမနေခဲ့တာ ချာသည်။ ညလေးနှင့် သူ့ချစ်သူတို့ အဆင်ပြေ ပျော်ရွှင် ည်ဆိုလျှင် သူတတ်နိုင်သလောက် ကူညီအကျိုးဆောင် ဖို့လည်း အသင့်ရှိနေခဲ့သည်။ သူ့မေတ္တာ အမျိုးအစား သူ အာမခံနိုင်တာမို့ သူ့လိပ်ပြာ သူလုံသည် ...။ လေးကို လက်စွပ်ကလေး ပေးဖို့ သူ ဆုံးဖြတ်ချက် ချမိပါ ည်။

"ဒီလက်စွပ်ကလေး ရလို့ ညလေး ပျော်ရွှင် ဆို သူ ကျေနပ်သည်။ သူက လူတွေကို ပျော်ရွှင်စေချင်သူ သည်။ သူ့စိတ်ထဲမှာ ဒေါသတွေ ... အငြိုးအတေးတွေ ...



www.burmeseclassic.com

www.burmeseclassic.com



အာဃာတတွေ မရှိဘဲ ပကတိ ကြည်လင်နေဖို့ သူငယ်
ကတည်းက လေ့ကျင့်ထားခဲ့သည်။ လူဆိုတာ စိတ်ထားတ
အေးချမ်းမည်ဟု သူထင်ပါသည်။

သူက ကတ္တီပါ ဘူးလေးကို ပိတ်ပြီး အံ
ထဲကို တယုတယ ထည့်လိုက်သည်။ ခဏကြာတော့ 
အေးအေးချမ်းချမ်း အိပ်ပျော်သွားခဲ့ပါသည်။ လူတစ်ယောက်
မေတ္တာထားမိရုံနဲ့ အိပ်မပျော်သော ညတွေကို ရင်ဆိုင်
အဖြစ်မျိုးကိုတော့ သူ မယုံကြည်ပါ ...။



♥ ♥ ♥

"Happy Birthday ညလေးညို ..."

အန်ကယ်သက်ရဲ့ အသံဝါကြီးက ဦးဆောင်ကာ ကလေးများက သံပြိုင်အော်လိုက်ကြသောအခါ ညလေးလည်း ကြည်လင်လန်းဆန်း၍ လာရပါသည်။

"ဒါက နင့်အတွက် ... ငါ့ရဲ့ အထူးလက်ဆောင် ..."

"ဟယ် ... ကောင်စုတ် ..."

နေနေက "Happy Birthday ညလေးညို" ဟု ရေးထိုးထားသည့် နှီးခမောက်ကလေးတစ်လုံးကို ညလေးခေါင်းပေါ် ဖိဆောင်းပေးလိုက်တာမို့ ကလေးတွေက ဝိုင်းရယ်ကြလေသည်။

"ဘာကောင်စုတ်လဲ ... စေတနာနဲ့လည်း တကူးတက



www.burmeseclassic.com

www.burmeseclassic.com



မှာပေးရသေးတယ်၊ နှီးခမောက်ပေမယ့် အထင်မသေးနဲ့၊ ဒါမျိုး နိုင်ငံခြားသားတွေတောင် ဆောင်းတယ် ...”

“အေးပါ ... အေးပါ ... နင့် ခမောက်ကို ငါ တန်ဖိုးထားပါ့မယ် ...”

“ကဲ ... အန်ကယ်သက်ကရော ညလေးကို ဘာလက်ဆောင် ပေးမှာလဲ ...”

“အဟမ်း ... အန်ကယ်သက်ကတော့ ...”

ဦးဖေသက်ထင်မှာ ရုတ်တရက် ဘယ်လိုက ဘယ်လို စ,ပြောရမှန်း မသိဘဲ ချောင်းတစ်ချက် ဟန့်ကာ အရှိန်ယူရပါသည်။ ညလေးနှင့် နေနေက သူ့ကို စိတ်ဝင်တစား စိုက်ကြည့်နေတော့ သူပိုပြီး အနေရ ကြပ်သွားသည်။

“အန်ကယ်သက်ကတော့ ညလေးညိုအတွက် မွေးနေ့လက်ဆောင် နှစ်မျိုးပေးဖို့ စီစဉ်ထားပါတယ် ...၊ တစ်မျိုးက ... ဟောဒီ မွေးနေ့ပွဲမှာ ဟောဟိုမှာ အသင့်ပြင်ထားတဲ့ မီးဖိုလေးပေါ်မှာ ကျွန်တော်ကိုယ်တိုင် ဘဲကင် ကင်ပြီး အားလုံးကို ကျွေးပါ့မယ် ...”

“ဟေး ... ဒါမှ တို့အန်ကယ်သက် ...”





ကလေးတွေက ဝမ်းသာအားရ အော်ဟစ်လိုက်ကြသည့် အသံမှာ ပွက်ပွက်ညံသွားသည်။

“ကဲ ... နောက်တစ်မျိုးက ...”

သူက ခဏ တုံ့ဆိုင်းဆိုင်း ဖြစ်သွားရပြီးမှ ဘက္ကီပါဘူးနီလေးကို ထုတ်ပြလိုက်ရင်း ...

“ကျွန်တော် ဒီ လက်စွပ်ကလေးကို ညလေးအတွက် မွေးနေ့လက်ဆောင် ပေးချင်ပါတယ် ...”

“ဟင် ... အန်ကယ်သက် လက်စွပ်နဲ့ ဆင်တူကြီးပါလား ...”

“အေးကွာ ... တစ်မျိုးတော့ မထင်ပါနဲ့၊ ဒီ လက်စွပ်လေးက ငါ ငယ်ငယ်က ငါ့ ဖေဖေ လုပ်ပေးတဲ့ လက်စွပ်ကလေးပါ၊ ခုတော့ ... ငါနဲ့ မတော်တော့ဘူး ...၊ အဖေက သူ့ လက်စွပ်နဲ့ ဆင်တူ လုပ်ပေးခဲ့တာ ဆိုတော့ အဖေ့ လက်စွပ်ကို ငါ ဝတ်ထားပြီး ဒီ လက်စွပ်ကို သိမ်းထားခဲ့တာ ...၊ အဲဒါ ... ညလေးလက်နဲ့ တော်မယ် ထင်တာနဲ့ ... ငါ့အတွက်လည်း ပိုနေတာနဲ့ ...”

“ဆင်တူကြီး ဆိုတော့ ဘယ်ကောင်းမလဲ အန်ကယ်သက်ရ ...၊ စေ့စပ်ထားသလို ဘာလိုလို ... သူများ



www.burmeseclassic.com

www.burmeseclassic.com



မြင်ရင် တစ်မျိုး ထင်မှာပေါ့၊ မိုးသား ပြန်လာလို့
မြင်သွားရင်လည်း မကောင်းဘူး၊ တခြားဟာ တစ်ခု
ပေးလိုက်ပါလား ...”

“မင်း ... ဒီလိုတော့ မပြောပါနဲ့ နေနေရာ ...
ငါက ရိုးရိုးသားသား ပေးတာပါ၊ ငါ လက်စွပ်
ဝတ်ထားတာကလည်း လက်ခလယ်မှာပါ၊ ညလေးက
လက်ညှိုးမှာ ဖြစ်ဖြစ်၊ လက်ခလယ်မှာ ဖြစ်ဖြစ်
ဝတ်လို့ရတယ် ...၊ ဟိုကွာ ... မင်း ခုန ပြောသလို
စေ့စပ်ထားတာ ... ဘာညာဆိုတာမျိုး မထင်ရလောက်
ပါဘူး ...”

“ဒါတော့ ဒါပေါ့ ... ဒါပေမယ့် ...”

“ကဲကွာ ... မင်း မကြိုက်ရင်လည်း ငါဝတ်ထားတဲ့
လက်စွပ်ကို ချွတ် သိမ်းထားလိုက်မယ်၊ ဒီလက်ဆောင်
ကိုတော့ ငါ မရုပ်သိမ်းနိုင်ဘူး ...”

အန်ကယ်သက်မှာ နေနေ့ကို ပြန်ပြောရင်း
မျက်နှာ နီရဲကာ အနေခက်နေရဆဲ ... ကလေးတစ်ယောက်
က ဝင်ပြောသည်မှာ ...

“အန်ကယ်သက် ... သား ဖေဖေနဲ့ မေမေလည်း
အဲဒီလိုပဲ လက်စွပ် ဆင်တူ ဝတ်ထားတယ် ...





“ကဲ ... ကျွန်တော်မပြောဘူးလား၊ လက်စွပ် ဆင်တူရဲ့
အဓိပ္ပာယ်ကို ကလေးက အစ သိပါတယ်ဆိုတာ ...”

“ငါ မဝတ်တော့ဘူးလို့ ပြောပြီးပြီကွာ ...၊ မင်း
ထပ်မပြောနဲ့တော့ ...”

ဦးဖေသက်ထင်မှာ ရှက်လည်းရှက် ...
ညလေးကိုလည်း အားနာလာကာ မျက်နှာ မထားတတ်အောင်
ဖြစ်နေရလေသည်။

ညလေးသည် အန်ကယ်သက် အနေခက်ပုံ
ကို ကြည့်ရင်း ရယ်လည်း ရယ်ချင် ... သနားလည်း သနား
ရပါသည်။ အရိုးခံပီပီ ဟန်ဆောင် တန်ဆာဆင်မှုတွေကို
လည်း သူ နားလည်ပုံ မရပါ ...။ ညလေး အပေါ် မေတ္တာ
စေတနာ ထားတာကိုလည်း ညလေး စိတ်က အလိုလို
သိနားလည်နေခဲ့မိပါသည်။

“နေနေက အန်ကယ်သက်ကို အလကား သက်သက်
ကြပ်နေတာပါ အန်ကယ်သက်ရဲ့ ...၊ ဘယ်သူ
ဘာထင်ထင် ညလေးကတော့ အဲဒီ လက်စွပ်ကို
လက်ခံမယ်၊ ညလေး ဝတ်ကြည့်မယ်နော် ... ဟယ်
လက်ခလယ်နဲ့ အတော်ပဲ ...၊ လှတယ်နော် ...



www.burmeseclassic.com

www.burmeseclassic.com



ညလေး သဘောကျတယ်၊ အမြဲ ဝတ်ထားလိုက်တော့မယ် …”

“ဝတ်ပါ … ညလေး အမြဲဝတ်ပါ၊ ကျွန်တော် လက်စွပ်ကို ချွတ်ထားလိုက်ပါ့မယ် …”

“ချွတ်စရာ မလိုပါဘူး အန်ကယ်သက်ရဲ့၊ ဆင်တူ ဖြစ်တော့ရော ဘာဖြစ်သေးလဲ … ။ ကိစ္စ မရှိပါဘူး လက်ခလယ်မှာ ဝတ်ထားတာပဲ …”

“ကျေးဇူးတင်ပါတယ် ညလေး”

“ဟင် … အဲဒါက ညလေး ပြောရမယ့် စကားလေ”

“ကျွန်တော်က ကျွန်တော့် လက်ဆောင်ကို လက်ခံ… အတွက် ကျေးဇူးတင်တာပါ”

“ညလေးကလည်း ညလေးကို လက်ဆောင်ပေးတဲ့ အတွက် ကျေးဇူးတင်ပါတယ် … ၊ ဟိုတ် … ကလေး တွေ ဒီမှာ ကြည့်စမ်း … ဒီလက်စွပ်လေး လှရဲ့လား”

“လှတယ် မမ ညလေး … မမ ဝတ်တော့ ပိုလှသွား တယ် …”

“အံမယ် … ကလေးတွေကလည်း မြှောက်ပြောတတ် တယ်တော့ …”

ညလေးက သွက်လက်ပြုံးရွှင်စွာ ပြော…





တာမို့ အန်ကယ်သက်က စိတ်ကျဉ်းကြပ်မှုမှ လွတ်မြောက် သွားသလို ကလေးတွေကို ပြုံးကြည့်နေရင်းကပင် …

“မြှောက်ပြောတယ်ဆိုတာ ညာပြောတာနဲ့ သိပ်မကွာ ဘူး မဟုတ်လား ညလေး … ၊ သူတို့ မညာပါဘူး၊ အမှန်အတိုင်း ပြောကြတာပါ … ၊ သူတို့ မျက်စိထဲမှာ ဒီလို လက်စွပ်ကို ကျွန်တော် ဝတ်ထားတာထက် ညလေး ဝတ်ထား တာက ပိုကြည့်ကောင်းနေမှာ အမှန်ပဲလေ … ။ ကလေးတွေ ဆီမှာ အမှန်တရား အတော်များများကို ရှာတွေ့နိုင်တယ် ညလေးရ …။ ဒါကြောင့် ကျွန်တော်က ကလေးတွေနဲ့ အပေါင်း အသင်း လုပ်ရတာကို ပျော်တယ် …”

ညလေးသည် နှုပျိုခြင်းတွေ သိပ်မရှိတော့ပေမယ့် စိတ်၏ အကြည်ဓာတ်ဖြင့် ဖြာလွှဲနေသော အန်ကယ်သက် မျက်နှာကို ငေးကြည့်ရင်း စိတ်ချမ်းမြေ့မှုကို ခံစားရလေသည်။

ထိုနေ့ ညနေက ညလေးတို့သည် အန်ကယ်သက် ကိုယ်တိုင် ကင်ပေးသော ဘဲကင်ကို အလုအယက် ခွဲဝေစားကြရင်း ပျော်ရွှင်ဖွယ် မွေးနေ့ကို အတူတကွ ဖြတ်သန်းခဲ့ကြသည်။ မိုးသားဆီက ဖုန်းဖြင့် Birthday wish လုပ်



www.burmeseclassic.com

www.burmeseclassic.com



လေမလားဟု မျှော်လင့်မိသေးသော ညလေးက နေနေ့ နားကပ်ကာ တီးတိုးပြောမိခဲ့သေးသည်။

"နေနေ ... မိုးသားဆီက Birthday wish လာမလား မသိဘူးနော်၊ အရင်နှစ်ကတော့ အဆောင်ကို ဖုန်းဆက်ပြီး wish လုပ်တယ်၊ မွေးနေ့ လက်ဆောင်လည်း ပို့ပေးလိုက်တယ်၊ ဒီနှစ်တော့ မလာတော့ဘူး ထင်ပါရဲ့ ..."

"မျှော်မနေနဲ့ ... မျှော်ရင် နင်ပဲ မောမယ် ..."

နေနေ့ စကားကြောင့် ညလေး အပျော်တွေ အငွေ့ပျံသွားရပါသည်။ ညလေး စိတ်သည် ကြည်လင်နေရာမှ ချက်ချင်း နောက်ကျိသွားကာ ငိုချင်လာသည်။ မိုးသားရယ် ... ဘာဖြစ်လို့ ညလေးကို ဂရုမစိုက်တော့တာလဲ ...။ မိုးသား အလုပ်များနေလို့ ဂရုမစိုက်အားတာလို့ပဲ ညလေး အမြဲ ယုံကြည်ချင်ပါတယ် ...။

သူ့ကို မေ့ထားလို့ မရတာကတော့ ညလေးရဲ့ အားနည်းချက် တစ်ခု ဖြစ်သည်။ ခဏလေး စိတ်ပျော်ရွှင်သွားလျှင်တောင် ချက်ချင်း သူ့ကို သတိရကာ ငိုင်တွေငေးမောသွားရခြင်းပင် ...။

ဦးဖေသက်ထင်သည် ညလေးနှင့် နေနေ





ကြားတွင် ဘဲကင် ပန်းကန် ငုံ့ချပေးရင်း ညလေးရဲ့ လေသံပျော့ပျော့လေးနှင့် နေနေရဲ့ မီးလောင်ရာ လေပင့် စကားကို ကြားလိုက်ရသည်။ ညလေး မျက်နှာက လန်းဆန်းနေရာမှ ရုတ်တရက် ငိုင်တွေသွားသည်။ သူက ရုတ်တရက် အကြံရကာ သူ့ နဖူးသူ ဖတ်ခနဲ ပိတ်ရိုက်လိုက်ရင်း ...

"ဟာကွာ ... ခုမှပဲ သတိရတယ်၊ မမေ့သင့်တာကို မေ့ရတယ်လို့ ... သေစမ်းကွာ ..."

"ဟင် ... အန်ကယ်သက်ကလည်း အလန့်တကြား၊ ဘာဖြစ်တာလဲ ..."

"မေ့တာလေ ... မေ့တာ ...၊ မနက်က အစောကြီး မိုးတောင် မလင်းသေးဘူး ...၊ မိုးသား ဖုန်းဆက်တယ် ...၊ ညလေးကို Birthday wish လုပ်ချင်လို့ အဆောင်ကို ဖုန်းဆက်တာ၊ အဆောင်က ဖုန်းမကိုင်ဘူးတဲ့ ...၊ အဲဒါနဲ့ ဒီကိုပဲ ဆက်လိုက်တာတဲ့ ...၊ သူက မနက်အစောကြီး အချိန်လု ဆက်ရတော့ နောက် ပြန်ဆက်နိုင်မှာ မဟုတ်တော့တဲ့အတွက် သူ့ကိုယ်စား ညလေးကို ပြောပေးပါတဲ့၊ ပျော်ရွှင်သော မွေးနေ့ ဖြစ်ပါစေတဲ့ ...၊ အဲ ... ပြီးတော့ သူ့မိတ်ဆွေ တစ်ယောက်ကို ညလေးအတွက် မွေးနေ့လက်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



လူကြုံ ထည့်ပေးလိုက်တယ်၊ လာပို့ပါလိမ့်မယ်တဲ့ ...၊ လူကြုံက ဒီနေ့တော့ ရောက်နိုင်မှာ မဟုတ်ဘူး၊ မနက်ဖြန်လောက်ဆို ရောက်မှာပါတဲ့၊ ကဲ ... ဒေါ်ညလေးညို မျှော်ရကျိုး နပ်ပါတော့မယ် ခင်ဗျာ"

"အပင်း ... ဟင်း ... တွေ့လား ... နေနေရဲ့ မိုးသား က နင်ထင်သလို မဟုတ်ပါဘူးဆို ..."

ညလေးက နေနေ့ကို ပခုံးဖြင့် တိုက်လိုက်ရင်း ကျေနပ်စွာ ပြောလိုက်မိပါသည်။ နေနေက အနံကယ်သက် ဘက်သို့ တစ်ချက် ဝေ့ကြည့်ရင်း ...

"ငါတော့ ... မယုံဘူး ..."

"နင်က ဘာကို မယုံတာလဲ ..."

"ဟား ... ဟား ... ဘာမှ မဟုတ်ပါဘူးဟာ၊ နင့်ကို နောက်တာပါ ..."

"ကောင်စုတ် ... ငါ့ကို စိတ်ဆင်းရဲအောင် အမြဲ လုပ်တယ် ..."

ညလေး ယုံကြည်သွားတော့မှ ဦးဖေသက် ထင်မှာ စိတ်အေးချမ်းသာ ဖြစ်သွားရပါသည်။ နေနေ့ သံသယ မျက်လုံးကြီးကို မြင်သော်လည်း သူ မသိချင်ယောင် ဆောင်နေလိုက်သည်။





ညလေးက ပျော်ရွှင်ကျေနပ်စွာဖြင့် ကလေး တွေ ဆွဲခေါ်ရာ နောက်သို့ ပါသွားသည်။ နေနေက တက္ကနို ီးလုံးကို ဖွင့်ပေးလိုက်ရာ ညလေးသည် ပန်းဖျော့ရောင် ဝန်လေး လွင့်ဝဲသွားအောင် ချာချာလည် လှည့်လိုက်ရင်း ်က်ခင်း စိမ်းပေါ်မှာ ကလေးများနှင့်အတူ လှည့်ပတ် ,ခုန်နေသည်။ ခပ်မြင့်မြင့် စည်းထားသော ပိုနီတေး ပင်ကလေးတွေက ဝှေ့ယမ်းလှုပ်ခတ်နေသည်။ သူမ က်ဝန်းတွေက ကြယ်စင်လို ရွှန်းလက်နေသည်။ အားရပါးရ ာ်လွတ်ကိုယ်လွတ် ရယ်မောလိုက်သောအခါ ကြယ်စင်တွေ ာ်တုတ်မှိတ်တုတ် ဖြစ်နေသည်နှင့် တူသည်ဟု သူ တိတ်တခိုး င်စားမိသည်။ သူ့ မျက်စိထဲမှာတော့ ညလေးသည် ပြစ်ကင်းစင်သော ကလေးတစ်ယောက်သာ ဖြစ်ပါသည်။ နေ့ညမှာမို့ ခြေအိတ်ကလေးနှင့် ရှူးဖိနပ်နှင့် ... ဂါဝန်ဖားဖား း:ကို ဝတ်ထားသော ညလေး ပုံသဏ္ဍာန်က ကလေး သာအရွယ် ကလေးဟုတောင်ထင်ရသည်။ လေပြည် င်းက တိုက်ခတ်သောအခါ ပိုနီတေးအောက်က လျှော့ကျလာ သာ ဆံမျှင်တွေက လှုပ်ခတ်ဝေ့ဝဲနေခဲ့သေးသည်။

ဦးဖေသက်ထင်သည် ကောင်းကင်က ကြယ် လေးဆီ ရုတ်တရက် ငေးမော ကြည့်လိုက်မိသည်။ သူ့



www.burmeseclassic.com

www.burmeseclassic.com



မြင်ကွင်းထဲမှာ ကြယ်စင် တစ်ပွင့်က တလက်လက် တောက်
နေသည်။ သူက ကြယ်ကလေးရဲ့ ရွှန်းလက်မှုကို ငေးငေး
ငေးကြည့်နေခဲ့ရလည်း ကျေနပ်နေ ပျော်နိုင်သော သူ
တစ်ယောက်သာ ဖြစ်ပါသည်။ ကြယ်က သူ့ထံ ကြွေကျမ
နိုင်တာကို သူ နားလည်သဘောပေါက်ပြီးသားပင် ဖြစ်
သည်။



သူသည် နောက်တစ်နေ့ မနက်စောစောတွင်
တို့ လမ်းထိပ် စတိုးဆိုင်သို့ သွားကာ ညလေးအတွက်
ရောင် နာရီလေး တစ်လုံး ဝယ်ယူကာ ပါကင်စက္ကူဖြင့်
ပ်ခိုင်းလိုက်သည်။ နောက်တော့ ကွန်ပျူတာ စာစီသည့်
ိုင်ကို ခဏဝင်ရကာ လက်ဆောင်ထုပ်ပေါ်တွင် ကပ်ရန်
သားများကို စာစီခိုင်းလေသည်။

"ဒီမှာ မွေးနေ့လက်ဆောင် ထုပ်ပေါ်မှာ ကပ်ဖို့
စာရွက်လေး ရိုက်ပေးစမ်းပါဗျာ ..."

"ရပါတယ် ... စာသားကိုသာ ပြောပါ ..."

စာစီသမားက ခလုတ်တွေပေါ် လက်တင်
ိုက်သည်။ သူက ဘယ်လို စာစီရမှန်း မသိဘဲ တုံ့ဆိုင်း



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ စာစီသမားက သူ့ကို စိတ်မရှည်သလို ကြ
ရင်း ...

"ပြောလေ ..."

"ဟို ... အဲဒါက ဒီလို ... အဟမ်း ... ညလေး အတွ
မွေးနေ့အမှတ်တရ ..."

ကွန်ပျူတာ ခလုတ်ကလေးတွေက လှုပ်ရှ
သွားသည်။

"ပြီးပါပြီ ... ဆက်ပြောပါ ..."

သူက လည်ပင်းနင်သလို ဖြစ်နေသည
ဘာ ဆက်ပြောရမည် မသိ ...။ နောက်တော့ စကား
တွေဟာ သူ ကြိုတင် ကြံရွယ်မထားပါဘဲ သူ့အလိုလို ထွ
ကျလာသည်။

"အချိန်တိုင်း သတိရခြင်းရဲ့ သင်္ကေတ ... ချစ်
မိုးသား၊ အိုကေ ... သိပ်ကောင်းတယ်၊ အဲဒီအတိ
ရိုက်လိုက်တော့ ..."

စာစီသမား ပြုံးစိစိ ဖြစ်သွားတာကို မြင်လိ
သော်လည်း သူ ဂရုမစိုက်တော့ပါ ...။ သူ့ဘဝမှာ ဒီ
ကဗျာဆန်ဆန် စိတ်ကူးမျိုးလည်း တစ်ကြိမ်တစ်ခါမှ ပေ
ပေါက်ခဲ့ဘူးပါ ...။ ခုတော့ ... အဲဒီ စာသားတွေဟာ ဘယ်





ဘယ်လို ရောက်လာမှန်း မသိဘဲ သူ့အလိုလို ထွက်ကျလာ
ခဲ့သည်။ စာစီသမားက သူ့ကို တစ်ချက်ငဲ့ကြည့်လိုက်ရင်း ...

"ခင်ဗျား ကြည့်ရတာ သိပ်စိတ်လှုပ်ရှား တက်ကြွနေ
ပုံပဲ ...၊ ခင်ဗျားထက် တော်တော်ငယ်ထားတဲ့
မိန်းကလေးကို ကြိုက်ထားတယ် ထင်တယ်၊ ခင်ဗျား
ပုံစံ ကြည့်ရုံနဲ့ အဲဒီ မိန်းကလေးကို သိပ် ချစ်ကြောင်း
သိသာနေတယ် ... ဂုဏ်ယူပါတယ်ဗျာ ...၊ ဒီမှာ
ခင်ဗျားအတွက် စာသားတင် မကဘူး ...၊ မြားနတ်
မောင်ပုံ ... အသည်းပုံ ကလေးတွေပါ ဒီဇိုင်းဆင်ပြီး
ထည့်ပေးလိုက်တယ်နော် ဦးမိုးသား ..."

"ခင်ဗျား ... အဲ ... ကျွန်တော်က မိုးသား မဟုတ် ..."

"ရှက်မနေပါနဲ့ဗျာ ...၊ ကဲ ဒီမှာ ရော့ ... ရော့ ...၊
အိုကေပြီ၊ လက်ဆောင်ထုပ်မှာ တစ်ခါတည်း ကပ်ပေး
လိုက်မယ် ...၊ ဦးမိုးသားနဲ့ မညလေးတို့ ဆုံစည်းခွင့်
ရဖို့ ဆုတောင်းပေးလိုက်ပါတယ်ဗျာ ..."

သူ့မှာ ဖြေရှင်းလို့လည်း မရဘဲ ... အောင့်သီး
အောင့်သက်ဖြင့်ပင် ပြန်လာခဲ့ရသည်။ သူက လက်ဆောင်ထုပ်
ကလေးကို ဝှက်ယူလာခဲ့ပြီး ညလေး အလာကို မင်သေသေဖြင့်
စောင့်နေခဲ့ရသည်။ နေနေ သိမှာကိုလည်း စိုးရိမ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



နေနေက အကင်းပါးသူ ဖြစ်ရာ သူ့ရဲ့ လိမ့်လုံးတွေကို သဘောပေါက်နေပုံ ရလေသည်။ သို့သော် ... ဘာဖြစ်သေးလဲ ဒါဟာ မကောင်းကြံစည်တာမှ မဟုတ်ဘဲဟု တွေးကာ သူက အားတင်းရပါသည်။

ခဏကြာတော့ ညလေးက မျှော်လင့်ခြင်းဖြင့် တက်ကြွစွာ ရောက်လာခဲ့သည်။ ကျောပိုးအိတ် အဖြူကလေးကို ကျောမှာ ပိုးထားလျက် ပခုံးနားမှာ သိုင်းထားသည့် ကြိုး နှစ်ချောင်းကို လက်နှစ်ဖက်ဖြင့် ပြန်ဆွဲထားသည်။ သူမက ခပ်ဆွဆွ ခြေလှမ်းတွေဖြင့် သူ့ရှေ့သို့ လျှောက်လာရင်း မျက်လုံးလေး မှေးပိတ်သွားအောင် ရယ်ပြနေပြီး သူကတော့ လက်ကို နောက်သို့ ဝှက်ကာ အပြုံးဖြင့် ကြိုစောင့်နေလိုက် သည်။ ညလေးက မေးရန် ပါးစပ်ဟဆဲ ... သူက ဝှက်ထား သော လက်ကို ရှေ့သို့ ဖြန့်းခနဲ ထုတ်လိုက်ပြီး ...

"ဟောဒီမှာ မျှော်ရကျိုး နပ်ပါပြီခင်ဗျာ ..."

"ဟယ် ... မိုးသား ပို့လိုက်တာလားဟင် ... အန်ကယ် သက် ..."

"ဟုတ်ပါ့ဗျာ ... မနက် အစောကြီးကတည်းက လာပို့သွားတာ ..."





"အဟင် ... ပျော်သွားတာပဲ၊ ဘာလေးလည်း မသိဘူး နော် ..."

ညလေးသည် ရွှင်မြူးစွာပြောရင်း လက် ဆောင်ထုပ်ပေါ်က စာသားတွေကို ငုံ့ဖတ်လိုက်တော့ သူ့ရင် ထဲ ဒိန်းခနဲ ခုန်သွားသည်။ မိုးသား ကိုယ်စား ရေးထားပေ မယ့် ဒါဟာ သူ့ရဲ့ ရင်တွင်းဖြစ် စာလုံးတွေ ဖြစ်သည်။ သူ လုံမလဲ အနေခက်သွားရပြီး ညလေး မျက်နှာ အပြောင်းအလဲ ကို မသိမသာ အကဲခတ်ရသည်။ ညလေးက ရှက်စနိုးမျက်နှာ ထား ကလေးဖြင့် ပြုံးနေပါသည်။ ညလေး ဘဝင် ခိုက်သွား ပြီ။

ညလေးက သိချင်စိတ် စောနေပုံနှင့် လက် ဆောင်ထုပ်လေးကို သူ့ရှေ့မှာပင် ဖောက်လိုက်လေသည်။

"ဟယ် ... နာရီလေးတော့ ... သိပ်လှတာပဲ"

ညလေးသည် ချက်ချင်းပင် နာရီလေးကို သူ့လက်မှာ ပတ်လိုက်သည်။ ပြီးတော့ နာရီ ပတ်ထားသော သူ့ လက်ကလေးကို မြှောက်ကြည့်ရင်း မိုးမမြင် လေမမြင် အပျော်များဖြင့် သူ့ကိုတောင် နှုတ်မဆက်အားဘဲ လှည့်ထွက် သွားပါသည်။

"ညလေး ..."



www.burmeseclassic.com

www.burmeseclassic.com



သူ လှမ်းခေါ်တော့ ညလေးက အပြုံးကို လက်စ မသတ်နိုင်သေးဘဲ သူ့ကို လှည့်ကြည့်လာသည်။

"အဲဒီ နာရီလေးကို ညလေး သဘောကျရင် နာရီပေးတဲ့ သူလည်း စိတ်ချမ်းသာမှာပဲနော် ..."

အင်းပေါ့ အန်ကယ်သက်ရဲ့ ...၊ မိုးသားက သူဝယ်ပေးတဲ့ ပစ္စည်းကို ညလေး ကြိုက်ရင် သူလည်း ပျော်နေရော ..."

ညလေးသည် သွက်လက်စွာ ပြောရင်း ခြေ မထိသော ခြေလှမ်း မြောက်ကြွကြွဖြင့် သူ့ရှေ့မှ ထွက်ခွာ သွားလေသည်။ သူကတော့ ခေါင်းတညိတ်ညိတ်ဖြင့် ပြုံးကျန် ခဲ့သည်။



♥ ♥ ♥

"သားက ဘာဖြစ်လို့ ငိုရတာလဲကွာ ...၊ တိတ် ... တိတ် ...၊ သား ငိုရတဲ့ အကြောင်းရင်းကို အန်ကယ် သက် သိချင်တယ်ကွာ၊ ပြောပြနိုင်မလား"

"အဟင့် ... အီး ... သားက စက်ဘီးလေး တစ်စီး လိုချင်လို့ ပူဆာတာကို ခုထိ ဖေကြီးနဲ့ မေကြီးက ဝယ်မပေးဘူး၊ သူများတွေ သားရှေ့မှာ စီးနေကြတာ မြင်တော့ သားက ငိုချင်တာပေါ့၊ သူများ ကလေးတွေ မှာ စက်ဘီးလည်း ရှိတယ်၊ စကိတ်စီးတဲ့ ဖိနပ် လည်း ရှိတယ်၊ သားမှာ အဲဒါတွေ မရှိဘူး ..."

"သြော် ... သား ငိုရတဲ့ အကြောင်းက ဒီလိုလား၊ ဒါဆို အန်ကယ်သက် ပြောမယ်၊ သား သေသေချာချာ



www.burmeseclassic.com

www.burmeseclassic.com



နားထောင်စမ်းကွာ …၊ မင်းမှာ စက်ဘီးတို့ စကိတ်တို့ မရှိပေမယ့် ခာတ်ခဲနဲ့ သွားတဲ့ ကားတွေ … ဆိုင်ကယ်တွေ ရှိတယ်၊ ရီမုတ်နဲ့ ထိန်းချုပ်ပြီး ကစားလို့ရတဲ့ လေယာဉ်ပျံလေးလည်း ရှိတယ်၊ ဘောလုံး လှလှလေးတွေ ရှိတယ်၊ ကြက်တောင်ရိုက်တဲ့ ဘတ်မင်တန်လည်း ရှိတယ်၊ ဟိုဟာတွေ မရလို့ ဝမ်းနည်းနေမယ့် အစား မင်းမှာ ဒါတွေရှိတဲ့အတွက် ပျော်အောင် နေတတ်ရတယ်ကွ …"

"အဲဒါတွေက ရိုးနေပြီ၊ ဟိုဟာတွေပဲ လိုချင်တယ်"

"ဒါဆို ဒီလိုတွေးကွာ …"

"ဘယ်လို တွေးရမှာလဲ အန်ကယ်သက်ရဲ့၊ သား စိတ်ညစ်လာပြီ …"

"ဒီလိုကွာ … မင်း သေသေချာချာ စဉ်းစားကြည့် … စက်ဘီးရှိတဲ့ ကောင်တွေ စကိတ်စီးတဲ့ ကောင်တွေက မင်းလို မအေးချမ်းဘူးကွ၊ မင်းက ကိုယ့် ခြံထဲမှာ ကိုယ် အေးအေးဆေးဆေး အန္တရာယ်ကင်းကင်း နေလို့ရတယ်၊ ဟိုကောင်တွေက စက်ဘီးလေးနဲ့ လတ်လျားလတ်လျား လျှောက်သွားတော့ လမ်းမှာ ကားတွေ ဘာတွေနဲ့ တိုက်မိမှာ စိုးရိမ်ရတယ် …၊





မင်းမှာ အဲဒီလို စိုးရိမ်စရာ အကြောင်း မရှိဘူးလေကွာ"

"အင်း … ဟုတ်တော့ ဟုတ်ပါတယ်"

"ဟုတ်တော့ ဟုတ်တာ မဟုတ်ဘူး … ဟုတ်ကို ဟုတ်တာကွ၊ တစ်ခုခုကို မရလို့ စိတ်ညစ်နေရင် အဲဒီလိုသာ တွေးလိုက်၊ အဲဒါဆို စိတ်ချမ်းသာသွားရော … အဲဒီလို စိတ်ထားကို ပေါ်လီယာနာ စိတ်ထားလို့ ခေါ်တယ် …"

ညလေးသည် အန်ကယ်သက်နဲ့ ကလေးတစ်ယောက် စကားပြောနေကြတာကို တိတ်ဆိတ်စွာ ရပ်နားထောင်နေခဲ့မိပါသည်။ ကလေးကို ပြောပြနေတာ ဖြစ်ပေမယ့် အန်ကယ်သက် ပုံစံက လေးလေးနက်နက် ရှိလှပါသည်။ အန်ကယ်သက်မှာလည်း ပေါ်လီယာနာလို အကောင်းမြင်စိတ်ထားမျိုး ရှိလိမ့်မည်။ ဒါကြောင့်သာ သူ့စိတ်ဟာ အမြဲသန့်စင်ကြည်လင်နေတာ ဖြစ်မည်။ ကလေးတွေ မေးသမျှကို အမြဲ အရေးတယူ ဖြေကြားပေးတတ်သော …၊ ကလေးတွေနှင့် အချီအချ စကားထိုင်ပြောနေတတ်သော အန်ကယ်သက်ကို ညလေး စိတ်ထဲ သဘောကျ လေးစားမိလေသည်။

ညလေးသည် အလုပ်ပြီးသည့် ညနေခင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ဆို အဆောင်သို့ ချက်ချင်း မပြန်ဖြစ်ဘဲ အန်ကယ်သက်တို့ ခြံထဲမှာသာ အချိန်ဖြုန်းနေမိတတ်ပါသည်။ အိမ်ပေါ်မှာလည်း အသေးလေးရဲ့ အချိုးမပြေမှုတွေကို သွားရောက် သွန်သင်ရသေးသည်။ ညလေးက တက္ကသိုလ် လာတက်ကတည်းကပင် ခုချိန်ထိ အဆောင်မှာပဲ ဆက်တိုက်နေလာခဲ့ရသူမို့ အဆောင်နေရသည့် ဘဝကြီးကို ငြီးငွေ့နေခဲ့သည်။ အန်ကယ်သက်တို့ အိမ် ရောက်တိုင်း မိသားစု ဘဝကို ရသလိုမို့ အချိန်အားတာနှင့် အန်ကယ်သက်တို့ အိမ်မှာပင် လုပ်စရာရှိတာ အမြင်မတော်တာတွေကို ကူလုပ်ပေးရင်း မုန့်တစ်ခုခု လုပ်စားရင်း (မိုးသားဆီက ဖုန်းကိုလည်း မျှော်ရင်း) အသားတကျ ရှိနေခဲ့ရသည်။

ညလေးက ခြံထောင့်က ဒန်းကလေးဆီသို့ လျှောက်သွားကာ အန်ကယ်သက်တို့ကို အဝေးကပင် လှမ်းမျှော်ကြည့်နေမိသည်။ အန်ကယ်သက်က ခြေဟန်လက်ဟန်တွေဖြင့် ကလေးကို စကားပြောနေတာမို့ ညလေးက ထိုမြင်ကွင်းကို ကြည့်ရင်း ပြုံးမိနေရသည်။ ထိုခဏတွင် တစ်ဖက်ခြံမှ စပ်စုတတ်သော အဒေါ်ကြီးက ညလေးနားသို့ ရောက်လာခဲ့ကာ ...

"သမီးလေးက မောင်ဖေသက်ထင်တို့ ဆိုင်က ဝန်ထမ်းအသစ်ကလေး ထင်တယ်"





"ဟုတ်ပါတယ် အန်တီ ..."

"အေး ... အေး ... ချစ်စရာလေးပဲကွယ် ...၊ သမီးသတင်းကတော့ မွှေးနေတာပဲကွယ် ...၊ သမီးလေးရောက်လာမှ ပေါင်မုန့်ဝယ်ရတာ ပိုပြီး အဆင်ပြေလာတယ်လို့ ပြောကြတယ်၊ ပေါင်မုန့်ကလည်း ပိုစားလို့ကောင်းလာတယ်တဲ့၊ လောက်လောက်ငငလည်း ဝယ်လို့ ရတယ်တဲ့ ...

"အရင်တုန်းကဆို ဒီဆိုင်ကလေးက တစ်ပိုင်တစ်နိုင် လေးပဲ လုပ်တာဆိုတော့ မောင်ဖေသက်ထင်ရဲ့ လက်ရာကို ကြိုက်လို့ ဝယ်ကြလည်း များများစားစား ဝယ်လို့ ရတာ မဟုတ်ဘူးလေ၊ နည်းနည်းနောက်ကျတာနဲ့ ပေါင်မုန့်က ကုန်နေပြီ၊ ခုတော့ ... သမီးရှိလို့ ထင်ပါရဲ့ ... ပေါင်မုန့်ကို အလုအယက်ဝယ်စရာ မလိုတော့ဘူး ...

"ပြီးတော့ ... မောင်ဖေသက်ထင်တို့ အိမ်ထဲမှာလည်း အရင်နဲ့ မတူဘဲ သန့်ရှင်းသပ်ရပ်နေလိုက်တာကွယ် ... ဟိုတစ်နေ့က မောင်ဖေသက်ထင်ဆီ အန်တီ လာလည်တော့ သူ့အိမ်ထဲကို ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အံ့တောင် အံ့သြသွားတယ်၊ အရင်တုန်းကဆို သူတ် အိမ်က အမြဲ ရှုပ်ပွနေတာလေ ...၊ နေနေ ကလည်း လူ့ဘော်ကြော့ကလေး မဟုတ်လား၊ အသေးလေး ကလည်း သူ့ကို မခိုင်းရင် သူ့ဘာသာ သိတတ်ပြ လုပ်မယ့် လူမျိုး မဟုတ်တော့ အိမ်က ရှုပ်ပွနေတာ ဆန်းတော့ မဆန်းဘူးပေါ့ ...။ သူတို့ အိမ်ထဲ ဝင် လိုက်ရင် စိတ်ကို ရှုပ်သွားတာကွယ် ...၊ ခုတော့ အိမ်ထဲ ဝင်လိုက်တာနဲ့ စိတ်ကို ကြည်လင်သွားတာ ပဲကွယ် ..."

အဒေါ်ကြီးက မနားတမ်း ပြောနေသည်မှာ မောလည်း မမောနိုင်ပေ။ ညလေးကလည်း လူကြီးက လေးစားသော အားဖြင့် ငြိမ်နားထောင်နေမိပါသည်။

"မောင်ဖေသက်ထင် ခများလည်း သနားစရာပါကွယ် သူ့ မိဘများ လက်ထက်ကတည်းက ခြံချင်းက နေလာခဲ့တာဆိုတော့ သူ့အကြောင်းလည်း မသိချင် အဆုံးပဲ ...၊ သူက နှမတွေကို အင်မတန် ချစ် တာလေ ...၊ သူပဲ အနစ်နာခံပြီး သူ့နှမတွေအတွက် ဖြည့်ဆည်းပေးနေခဲ့တာ ...၊ ဟော ... ခုတော့ ကြည့်စမ်း ... သူ့ နှမတွေက အကုန် ယောက်





နောက် လိုက်သွားကြတော့ သူတစ်ယောက်တည်း အထီးကျန် ဖြစ်ကျန်ခဲ့ရော မဟုတ်လား ..."

"အထီးကျန် ဆိုပေမယ့် သူ့ကြည့်ရတာတော့ သူ့ ဘဝကို စိတ်ပျက်နေတဲ့ပုံ မဟုတ်ပါဘူး အန်တီရယ်၊ သူ့မျက်နှာကို ကြည့်ပါလား ... အမြဲ ကြည်လင်နေ တာ ..."

"အော် ... ဒါကတော့ သူ့ စိတ်ထားလေးက ကောင်း ရှာတာကိုး၊ အင်မတန်စိတ်ထားကောင်းတဲ့ယောကျ်ား၊ ဒီခေတ်မှာ ဒီလို ယောကျ်ားမျိုးက အရှားသားကွယ့်၊ အန်တီကတော့လေ သူ့ကို ကိုယ့်တူလေးလို ချစ်ခင် နေမိလို့လားတော့ မသိဘူး၊ သူ့ဘဝ သိုက်သိုက် ဝန်းဝန်း စိုစိုပြည်ပြည်လေး ဖြစ်သွားအောင် သင့် တော် တာလေးနဲ့ စပ်ဟပ်ပေးစားချင်တာပဲကွယ် ...၊ အန်တီ တစ်ခု ပြောမယ်နော်၊ သမီး စိတ်တော့ မဆိုးနဲ့၊ လောလောဆယ် အန်တီ့ မျက်စိထဲမှာ မြင် ထားတာကတော့ ဟောဒီ သမီးလေးကိုပဲကွယ့် ..."

"ဟာ ... အန်တီကလည်း ... မဟုတ်တာ ... ဒုက္ခပါပဲ၊ ဒါမျိုးတွေ မပြောပါနဲ့ ..."

မထင်မှတ်သော စကားမို့ ညလေးက ပျာပျာ



www.burmeseclassic.com

www.burmeseclassic.com



သလဲ တားမြစ်မိပါသည်။ ခပ်ဝေးဝေးက အန်ကယ်သက် ကိုလည်း အားနာ မျက်နှာပူစွာ တစ်ချက် လှမ်းကြည့် သည်။ အဒေါ်ကြီးကတော့ သူ့အရှိန်နှင့်သူ ဆက်လိမ့်နေ သည်။

"သမီးပဲ စဉ်းစားကြည့်လေ ... သူ့ဘဝက ဘာ လောက် ကရုဏာသက်စရာ ကောင်းသလဲ ... ခုချိန်ထိ သူ့နှမတွေက သူ့ကို ကြုံရင်ကြုံသ ဒုက္ခပေးနေကြတုန်း ...၊ ဒါလည်း သူ့မှာ အပြ မပျက်ဘူး၊ အင်မတန် သည်းခံစိတ်ရှိတဲ့ ယောကျ်ား ကောင်း တစ်ယောက်ပါကွယ် ...၊ အန်တီ့မှာကလည် သားတွေချည်းပဲ မွေးထားမိလို့သာပါ၊ သမီးသ မွေးထားရင် မောင်ဖေသက်ထင်နဲ့ ပေးစားပါတယ် သူ့ အသက်ကလေး နည်းနည်းကြီးနေတာကို သ စိတ်ထဲ စနိုးစနောင့် ဖြစ်နေတာလား ...၊ ကြီးတော မှီရတာပေါ့၊ ယောကျ်ား ပခွင်း ... မိန်းမ ပုခက်တွ လို့တောင် အဆိုရှိသေးတာပဲ၊ ယောကျ်ား အသက်ကြ တာက ဘာမှ မပြောပလောက်ပါဘူး ..."

"တော်ပါပြီ ... တော်ပါတော့ အန်တီရယ်၊ မဟုတ်တ တွေ လာမပြောပါနဲ့၊ အန်ကယ်သက် ကြားသွား





လည်း မကောင်းပါဘူး ...၊ သမီးမှာ ချစ်သူ ရှိပြီး သားပါ ..."

"သြော် ... သြော် ... သမီးက ချစ်သူ ရှိပြီးသားမို့ ကျန်တဲ့ ယောကျ်ား မစဉ်းစားနိုင်ဘူးပေါ့ ဟုတ်လား"

"ဟုတ်တယ် ... အန်တီ၊ သမီး ဘယ်သူ့ကိုမှ မစဉ်း စားဘူး၊ သမီးချစ်သူကိုလည်း ဘယ်တော့မှ သစ္စာ မဖောက်ဘူး ..."

"အေးလေ ... အဲဒီလို စိတ်မျိုးထားတာ ကောင်းပါ တယ်၊ မိန်းကလေး အများစုကတော့ ဒီလိုပါပဲ ... ယောကျ်ားလေးတွေကသာ ..."

"ယောကျ်ားလေးတွေကသာ ဘာဖြစ်သလဲ အန်တီ"

"ဒီမှာ သမီး ... အန်တီက ဖူးစာရေးတဲ့ အလုပ်ကို လုပ်လာတာ နှစ်ပေါင်း မနည်းတော့ဘူး၊ ဒီလိုပဲ ခင်ရာမင်ရာ မိတ်ဆွေတွေရဲ့ သားတွေ သမီးတွေကို စပ်ဟပ်တွေ့ဆုံ ပေးရတာပဲ ...၊ အဲဒီလို စပ်ကြ ဟပ်ကြရင် မိန်းကလေးတွေက သူတို့မှာ ချစ်သူ ရှိရင် ချစ်သူရှိတဲ့ အကြောင်း အပြတ်ပြောပြီး ငြင်း တယ်၊ အန်တီက ခေါ်လာပြမယ်ဆိုတာတောင် မကြည့်တော့ဘူး ...၊ ယောကျ်ား အများစုကတော့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ သူတို့မှာ ချစ်သူရှိကြောင်း အပြတ်ပြော ပြီး မငြင်းကြဘူး ...၊ သာတာ တွေ့ဦးမလားလို့ ကြည့်တော့ ကြည့်လိုက်သေးတာပဲ၊ သဘောမတွေ့မှ သာ သူ့ဘူတာ သူ ပြန်ဆိုက်သွားတာ၊ ယောကျ်ားတွေ အဖို့တော့ အချစ်သစ် တွေ့ဖို့ဆိုတာ အလွယ်ကလေး ပဲကွယ့် ...၊ အကယ်၍များ ညည်းချစ်သူ ကောင်လေး ကို တခြား မိန်းကလေး တစ်ယောက်က သိပ်ချစ် ကြောင်းတွေ ပြနေခဲ့ရင် ကျွန်တော့်မှာ ချစ်သူ ရှိ တယ်လို့ အပြတ်ပြောပြီး ငြင်းပါ့မလားလို့ တွေးမိ သွားလို့ပါ ..."

ညလေးသည် အဒေါ်ကြီး စကား အဆုံးတွင် ရင်ဝမှာ ဆူးခနဲ ပူ၍သွားရလေသည်။ ဟင့်အင်း ... မိုးသားက တော့ ဒီလို ယောကျ်ားမျိုး မဖြစ်နိုင်ပါဘူး။ သူ ညလေးကို အမြဲသစ္စာရှိနေမှာပါ ...။ ညလေးသည် ကိုယ့်ကိုယ်ကို ပြန် အားပေးရင်း စိတ်ကို ဖြေရလေသည်။



♥ ♥ ♥

ထိုနေ့ နေ့လယ်က ဦးဖေသက်ထင်သည် ပေါင်မုန့်ဖုတ်ရန် ပြင်ဆင်နေဆဲ တသိမ့်သိမ့် လှုပ်နေသော ညလေးရဲ့ ကျောပြင်ကလေးကို လှမ်းမြင်လိုက်ရတာ ဖြစ် သည်။

"ညလေး ... ညလေး ငိုနေတာလား ..."

သူက အထိတ်တလန့် မေးခွန်းထုတ်ရင်း ညလေးရှေ့သို့ ခွေ့ခနဲ ရောက်သွားသည်။ မျက်နှာပေါ်မှာ မျက်ရည်တွေ ရွှဲနေသော ညလေးကို မြင်သောအခါ သူ့ရင်ထဲ သွက်သွက်ခါ၍ သွားလေသည်။

"ဘာလို့ ငိုတာလဲ ... မငိုနဲ့လေ ...၊ ဒုက္ခပါပဲ ...၊ မငိုပါနဲ့ကွာ ..."



www.burmeseclassic.com

www.burmeseclassic.com



သူက ခြေမကိုင်မိ လက်မကိုင်မိ ပျာယာခတ်ကာ တတွတ်တွတ် ပြောလိုက်မိပါသည်။ ပြောကာမှပင် ညလေးထံမှ ရှိုက်သံ ထွက်လာရပြန်ပါသည်။

"ဟာ ... ဒုက္ခပါပဲ ...၊ မငိုနဲ့လေ ... ဘယ်လို ချော့ရမလဲ ... ဟာ ... ဒုက္ခပါပဲ၊ ညလေး အရမ်း ဝမ်းနည်းနေတာလား ... ပျော်အောင် နေပါဗျာ ..."

ကလေးတွေ ငိုလျှင်သာ သူချော့တတ်ပေမယ့် သူ့ရှေ့က ကလေးမက လူကြီးမကျ ကလေးမလေးကိုတော့ ဘယ်လို စကားလုံးတွေနှင့် ချော့မော့ရမည် မသိဘဲ အကြပ်ရိုက်နေရပါသည်။ ညလေးက ဟီးခနဲ အသံထွက်အောင် အားပါးတရ ငိုချလိုက်ရင်း ...

"ဘယ်လိုလုပ်ပြီး ပျော်အောင် နေလို့ ရမလဲ အန်ကယ်သက်ရဲ့၊ ညလေး ... တစ်ရက်မှ မပျော်နိုင်ဘူး ... ပျော်လည်း ခဏပဲ၊ မိုးသားအကြောင်းပဲ အမြဲ တွေးမိနေတာပဲ၊ စိတ်ပူရတာလည်း ကျွမ်းတောင် ကျွမ်းရပါတော့မယ်၊ လွမ်းလို့လည်း သေသွားမှာတောင် စိုးရပါတယ် ..."

"အော် ... စိတ်ကို ဖြေမှပေါ့၊ ဟိုခမျာလေးလည်း ဆက်သွယ်နေရှာသားပဲ၊ ညလေးက ကိုယ့်အပူ ကိုယ်





ရှာနေတာကိုး ...၊ သူ့ခမျာ ညလေးကို မုန်းဆက်တာပဲ မဟုတ်လား ..."

"ဆက်ပေမယ့် ညလေးနဲ့ ဘယ်နှစ်ခါ ပြောရလဲ၊ အန်ကယ်သက်နဲ့ပဲ ပြောပြောနေရတာ မဟုတ်လား"

"လွဲသွားတာကတော့ ကံပေါ့ဗျာ ..."

"သူ ညလေး ရှိတဲ့ အချိန်ဆက်ရင် ဒီကံက ဘာမှ လွဲစရာ အကြောင်းမရှိဘူး ..."

"အော် ... ညလေး ရှိတဲ့ အချိန်ကျ သူမအားလို့ နေမှာပေါ့ ... နားလည်ပေးမှပေါ့၊ တစ်သက်လုံး လက်တွဲသွားကြမယ့် သူတွေ မဟုတ်လား။ ဒီလောက်ကလေးမှ နားလည်မပေးနိုင်ရင် ရှေ့ဆက် ဘယ်လို စခန်းသွားကြမလဲ ...၊ သူ့ခမျာ ညလေးအတွက် မွေးနေ့လက်ဆောင်တွေ ဘာတွေတောင် တကူးတက ပို့ပေးလိုက်သေးတာ၊ ကိုယ့်ကို ဘယ်လောက် အလေးထားလဲ ... ညလေးပဲ စဉ်းစားကြည့်ပါဦး ..."

"မသိဘူး ... ညလေးတော့ စိတ်ညစ်တာပဲ သိတယ်၊ ညလေး စိတ်ထဲ ထင်နေတယ်၊ ညလေးစိတ်က အလိုလို ခံစားမိနေတာ ...၊ သူ တစ်ခုခုတော့ ပြောင်းလဲနေပြီ၊ ဘာပြောင်းလဲတယ် ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



အသေအချာ မပြောနိုင်ပေမယ့် တစ်ခုခုတော့ တင်
ခုပဲ၊ ညလေး စိတ်ထဲမှာ ခံစားမိတယ်၊ သူ့ အရင်
မဟုတ်နိုင်တော့ဘူး ...”

ညလေးသည်၊ ပြောရင်း ငိုပြန်လေသည်
ညလေး မျက်ရည်တွေကို ကြည့်ရင်း သူ့ရင်ထဲ တလှပ်လှ
တုန်ရီလာသည်။ သူ့စိတ်သည် ရုတ်တရက် လွတ်ထွက်သွ
ရကာ ညလေး မျက်နှာဆီ လက်လှမ်းမိလေသည်။

“တိတ်ပါ ညလေးရယ်၊ တိတ် ... တိတ်၊ မငိုနဲ့တော
မကြာခင် သူပြန်လာမှာပါ ...၊ ညလေးတို့ ပေါင်း
ရမှာပါ ... ညလေးတို့ မင်္ဂလာဆောင်ရင် ကျွန်တော်
စပါယ်ရှယ် လက်ဖွဲ့ဦးမှာဗျာ ...”

သူသည် တိုးတိတ်ညင်သာစွာ ပြောမိရင်
ညလေး မျက်ရည်တွေကို သုတ်ပေးနေမိလေသည်။ ညလေး
ကလေးတစ်ယောက်ရဲ့ ဖြူစင်ခြင်းမျိုးဖြင့် သူ့ကို မော့ကြ
ကာ ...

“ညလေး ကံကောင်းမှာပါနော် အန်ကယ်သက် ...

“အေးပါ ... အေးပါ ... ကံကောင်းမှာပါ၊ ဘာ
မစိုးရိမ်နဲ့ ဟုတ်လား ...”





“အန်ကယ်သက် ...”

သူက ချော့မော့ပြောနေဆဲ နေနေ့အသံက ခပ်ထန်ထန် ပေါ်လာလေသည်။ သူ လှည့်ကြည့်မိတော့ သူ့ကို စူးစူးရဲရဲ ကြည့်နေသော နေနေကို တွေ့ရပါသည်။

“အန်ကယ်သက် ... ခဏ”

နေနေက သူ့ကို ခေါ်ပြီး ခြေလှမ်းကျဲဖြင့် လှည့်ထွက်သွားတာမို့ သူက ခပ်သွက်သွက် လိုက်လာခဲ့ရသည်။ ဆိုင်အပြင်ဘက် ရောက်တော့ နေနေက သူ့ဘက်ကို ဖြုန်းခနဲ လှည့်လာကာ ...

“အန်ကယ်သက် ... ခုန ဘာလုပ်နေတာလဲ ...”

“ဟော ... ငါ ဘာလုပ်မိလို့လဲ ...”

“အန်ကယ်နော် ... လူကြီး ဖြစ်ပြီး ဟိုဟိုဒီဒီ ရှောင်လွှဲမယ် မစဉ်းစားနဲ့ ... မှန်တာကို ဝန်ခံ ...”

“သြော် ... မင်း ခုန လာခေါ်တုန်းက ငါ ညလေးကို မျက်ရည် သုတ်ပေးနေတယ်လေ ...”

“အဲဒါ အန်ကယ်သက် လုပ်ရမယ့် အလုပ်လား”

“ဟော ... ဘာဖြစ်လို့လဲ ...၊ သူက ငါ့ရှေ့မှာ ဝမ်းပန်းတနည်း ငိုနေတယ်ကွာ ... အဲဒီတော့ ငါကလည်း ချော့မော့ ပြောဆိုပြီး မျက်ရည် သုတ်ပေးမိတယ်ကွာ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ဘာဆန်းလို့လဲ ...၊ ငါ့ အပေါင်းအသင်းကလေးတွေ ငိုလည်း ငါ ဒီလို ချော့နေကျပဲ ..."

"သူက ကလေးမှ မဟုတ်တာ ...၊ အန်ကယ်သက် ဒီလို ချော့စရာလား ..."

"မင်းကွာ ... ငါ့ကို အလကားသက်သက် ပြဿနာ လာရှာနေတယ် ... ငိုလို့ ချော့တာ ဆန်းသလားကွ"

"ဆန်းတာက အန်ကယ်သက် မျက်လုံးတွေလေ၊ ညလေးကို ကြည့်နေတဲ့ မျက်လုံးထဲမှာ ကရုဏာတွေ ပြိုဆင်းနေတာ ကျွန်တော် သေသေချာချာ မြင်လိုက်တယ် ..."

"ဒါတော့ ငါလည်း မသိဘူးကွာ ..."

"အန်ကယ်သက် ညလေးကို ချစ်နေတာ မဟုတ်လား"

"ဟာ ... ဟောကောင် ... မဟုတ်တာကွာ၊ မင်း ဘာတွေ လာပြောနေတာလဲ၊ ညလေး ကြားသွားရင်လည်း မကောင်းပါဘူး ..."

သူက မျက်နှာတစ်ပြင်လုံး ထူပူရှိန်းဖိန်းလာကာ အကြောက်အကန် ငြင်းဆန်နေမိပါသည်။

"အန်ကယ်သက် ဝန်မခံဘူးလား ..."





"ဟုတ်မှ မဟုတ်တာကွာ ..."

"ဟုတ်ဟုတ် ... မဟုတ်ဟုတ် တစ်ခုတော့ သတိပေးထားမယ်၊ သူများ သမီးရည်းစားတွေ အနေဝေးနေတဲ့ အချိန်မှာ အန်ကယ်သက်က ဝင် နေရာယူဖို့ မကြိုးစားပါနဲ့ ...၊ မိုးသားက ကျွန်တော့် သူငယ်ချင်း ခုချိန်မှာ ဘယ်လိုပဲ အချိုးပြောင်းပြောင်း အဖြူအမည်း မသေချာသေးတဲ့ အချိန်မှာ ကျွန်တော့် ဦးလေးက ကျွန်တော့် သူငယ်ချင်းရဲ့ ရည်းစားကို ဝင်လုသွားတယ် ဆိုတာမျိုး အဖြစ်မခံနိုင်ဘူး ..."

"ဟာ ... ဟောကောင် နေနေ ... မင်း ဘယ်လိုပြောလိုက်တာလဲ၊ ဟာကွာ ... မင်းကွာ ..."

သူ့ရင်ထဲ ဆောက်တည်ရာ မဲ့စွာ လဲပြိုသွားသည်။ နေနေရဲ့ စကားလုံး ပြင်းပြင်းတွေကို သူ မခံစားနိုင်။ သူ့ရင်ထဲမှာ မွန်းကြပ်လာရပါသည်။ သူက မခံချိမခံသာ ပြောမိရင်း လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လျက် နေနေ့ကို ကျောခိုင်းလိုက်မိသည်။ သူ့ မျက်ဝန်းထဲက မျက်ရည်တွေကိုတော့ မျက်တောင်ခတ်၍ ဖယ်ရှားရပါသည်။

"ဒီမှာ ... နေနေ၊ မင်း ဝန်ခံစေချင်ရင် ငါ ဝန်ခံလိုက်မယ် ...၊ ငါ ညလေးကို မေတ္တာရှိတယ်၊ စေတနာ



www.burmeseclassic.com

www.burmeseclassic.com



ထားတယ်၊ သူ့ကို စိတ်ချမ်းသာစေချင်တယ်၊ ဒါ
ဒီလောက်ပဲ … ၊ ဒါ့ထက် မပိုဘူး၊ မင်း စွပ်စွဲသလို
ပိုင်ဆိုင်ချင်တဲ့ … ဝင်လုချင်တဲ့ အဓိပ္ပါယ် အချစ်မျိုး
ချစ်နေတာ မဟုတ်ဘူးကွ …”

“ဘယ်လိုပဲ ဖြစ်ဖြစ်လေ မရိုးသားတာကတော့
မရိုးသားတာပဲပေါ့ … ၊ တူရဲ့ သူငယ်ချင်းရဲ့ ရည်စား
ကိုမှ ဒီလို စိတ်မျိုး ထားတယ်ဆိုတာကတော့ …”

“မင်း … ဆက် မစော်ကားရင် ကောင်းမယ် နေနေ”

သူ့တစ်ကိုယ်လုံး ပေါက်ကွဲလုမတတ်
လောင်မြိုက်လာရပါသည်။ ချစ်သူရှိတဲ့ မိန်းမ တစ်ယောက်ကို
ဘာပိုင်ဆိုင်လိုမှုမှ မပါတဲ့ မေတ္တာ၊ စေတနာလေးတောင်
ထားခွင့် မရှိတော့ဘူးတဲ့လား …။

“ဟား … ဟား … စော်ကားတာ မဟုတ်ပါဘူး
အန်ကယ်သက်ရာ၊ အစ်ကြည့်ရုံလေးပါ …”

“ဟာ … ဟော့ကောင် နေနေ၊ မင်းကွာ … မင်း
တော်တော် နောက်တဲ့ကောင်ကွာ”

နေနေက တဟားဟား အော်ရယ်လိုက်တော့
မှ နေနေ အတည်ပေါက်နှင့် နောက်တာကို သူ သဘောပေါက်
သွားရပါသည်။ သူ့ရင်ထဲက ခံစားချက်တွေ အတုန်ပေါ်ပြီး





သူက သူ့တူကိုတောင် မျက်နှာချင်း မဆိုင်ရဲတော့ဘဲ မျက်နှာ
ခပ်လွှဲလွှဲနှင့် ရှက်အမ်းအမ်းကြီး ဖြစ်နေရပါသည်။ နေနေက
ပြုံးစိစိနှင့် သူ့နားကပ်လာကာ …

“အန်ကယ်သက် လိမ်ညာနေတာတွေ အားလုံးကို
လည်း ကျွန်တော် သိတယ်နော်၊ မပြောချင်လို့သာ
ကြည့်နေတာ၊ မုန်းမလာဘဲ လုပ်ကြံလီဆယ် ပြောတာ
တွေ … ဟိုက မွေးနေ့လက်ဆောင် မပို့ဘဲ အန်ကယ်
သက်ကိုယ်တိုင် ဘာသာ သွားဝယ်ပြီး ပေးတာတွေ …”

“ဒါ … ဒါက ညလေးကို စိတ်ချမ်းသာစေချင်လို့ပါ
ကွာ …”

“အဲ့ဒါ အန်ကယ်သက် မှားတာပဲ …”

“ဘာမှားလို့လဲ … လူတစ်ဖက်သားကို စိတ်ချမ်းသာ
အောင် လုပ်ပေးတာ မှားလို့လား”

“မှားတာပေါ့၊ ခုနေတုန်းတော့ အန်ကယ်သက်
ပြောတာတွေကို ညလေးက ယုံပြီး စိတ်ချမ်းသာ
နေရော၊ မိုးသားလည်း ပြန်လာရော မိုးသား ပေးတဲ့
မွေးနေ့ လက်ဆောင်လေးအတွက် ကျေးဇူး တင်ပါ
တယ်၊ ညလေး အရမ်း ကြိုက်တယ်၊ ဟိုနေ့က
မိုးသား ညလေးဆီ ဖုန်းဆက်တုန်းက ညလေးရဲ့



www.burmeseclassic.com

www.burmeseclassic.com



လွဲသွားလို့ ညလေးမှာ စိတ်ညစ်လိုက်ရတာ ... ဘာညာတွေ မိန်းမ သဘာဝ လေလျှောက်ပေါရင် အားလုံး ပေါ်ကုန်လိမ့်မယ် ... ၊ အဲဒီတော့မှ ညလေး ခမျာ ရတ်တရက်ကြီး ဆိုတော့ ပိုပြီးတော့တောင် ခံစားရဦးမယ်"

"မင့် မိုးသားက ညလေးဆီကိုပဲ ရောက်လာပါ‌ေ ဦးကွာ ... ၊ ကြည့်ရတာတော့ ဟိုမှာပဲ အိမ်ထောင် ကျနေပြီလား မသိပါဘူး ..."

"သူ ပြန်လာတော့မယ် အန်ကယ်သက် ..."

"ဟေ ..."

သူ့ရင်ထဲ ဆောင့်ခုန်သွားကာ နေနေ့ မျက်နှ ကို လှည့်ကြည့်မိပါသည်။

"ဘယ် ... ဘယ်တော့လဲ"

"ရှေ့အပတ်ထဲပဲ ..."

သူတို့ တူဝရီး နှစ်ယောက်စလုံး စကား မဆက်ဘဲ အတွေးကိုယ်စီဖြင့် ငြိမ်ကျသွားပါသည်။ နေနေ့က စီးကရက်ကို တစ်ချက် ဖွာလိုက်ရင်း ...

"သူ ပြန်လာမယ် ဆိုတာပဲ ကျွန်တော်သိတယ်





ညလေးကို ဘယ်လို သဘောထားတယ်ဆိုတာကို တော့ ကျွန်တော် မသိဘူး ..."

"ဘယ်လိုပဲ သဘောထားထားကွာ ... ပြန်လာမယ် ဆိုရင်တော့ ညလေး ဝမ်းသာရှာမှာပေါ့၊ ငါ ညလေးကို သွားပြောလိုက်ဦးမယ်၊ညလေးရေ... ညလေး ... အဲ ..."

သူက ဝမ်းသာအားရ သွားပြောမည် ပြင်ပြီးမှ သူ အစ,ဖျောက်ထားသော စာကို သတိရကာ ခြေလှမ်းတုံ့ သွားရပါသည်။ စာအရဆိုလျှင်တော့ မိုးသားဟာ ညလေးကို အပြတ်ဖြတ်ပြီးခဲ့ပြီ ...။ မြန်မာပြည် ပြန်လာချိန်မှာ မိုးသား ချစ်သူပင် တစ်ပါတည်း ပါလာနိုင်ပါသည်။ ဒီကိစ္စကို ညလေးကလည်း ကြိုသိမထား ...။ ခုမှတော့ သူ့ဘက်က လည်း ဘာက ဘယ်လို စ,ပြောရမည် မသိပါ ...။ နေနေ့ ကိုလည်း သူ ပြောမပြရဲ ...။ ဒီပုံအတိုင်းဆို ဘာတွေဘယ်လို လွဲချော် ရှုပ်ထွေးကုန်မလဲ မသိပါ။ အေးလေ ... မိုးသား စိတ်ပြောင်းပြီး ဟိုက ကောင်မလေးကို ဟိုမှာပဲ အပြီးထားခဲ့ပြီ ဆိုရင်တော့ ... ညလေးနှင့် ပြန်အဆင်ပြေနိုင်ကောင်းပါရဲ့ ...။

"သွားပြော မနေပါနဲ့တော့ အန်ကယ်သက်ရာ၊ မိုးသား သဘောကိုမှ ကျွန်တော်တို့ မသိတာ၊ သူတို့ချင်း ဒီကောင်က ညလေးကို ရောက်ရောက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



လာတွေ့ပါ့မလား မသိပါဘူး၊ သစ္စာဖောက်လို့က တော့ ကျွန်တော်ကတော့ လက်သီးနဲ့ ဆွဲထိုးမှာပဲ”

“ဒါသတွေ မွေးမနေပါနဲ့တော့ ငါ့တူရာ...၊ သူတို့နှစ်ယောက် အဆင်ပြေပါစေလို့သာ ငါတို့ ဆုတောင်းပေးကြရအောင်ပါ...”

သူတို့နှစ်ယောက် ပြိုင်တူ သက်ပြင်းချမိကြပါသည်။








www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

ညလေး မမျှော်လင့်သော တစ်နေ့တွင် မိုးသားသည် ညလေး ရှေ့မှောက်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့လေသည်။ ထိုနေ့က မနက်ခင်း နေရောင်သည် ဆိုင်ရှေ့ မှန်တံခါးပေါ်တွင် လက်ဖြာတောက်ပလျက် ရှိသည်။ မှန်တံခါး တစ်ချပ်က လှုပ်ရှားသွားသောအခါ အလင်းရောင်က ဆိုင်ထဲမှာ ရပ်နေသော ညလေးကို ဖျတ်ခနဲ တို့ထိ ကျီစယ်သွားသည်။ ညလေးက ဆိုင်ဝသို့ အမှတ်တမဲ့ လှမ်းကြည့်လိုက်စဉ် ဆိုင်ဝမှာ မားမားကြီး ရပ်လာသော မိုးသားကို တွေ့လိုက်ရလေသည်။ ညလေးသည် ရုတ်တရက် ကြက်သေသေသွားသည်။ မမျှော်လင့်ဘဲ ဖြုန်းခနဲ တွေ့လိုက်ရတာမို့ ဝမ်းသာလုံးဆို့ကာ ကတုန်ကယင် ဖြစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုးသား ... မိုးသား ဟုတ်ပါတယ်နော် ..."

ညလေးသည် အိပ်မက်က လန့်နိုးလာသူလို ကယောင်ချောက်ချား ရေရွတ်ရင်း မိုးသားကို စိုက်ကြည့်နေမိသည်။ ဘယ်သူတွေ ဘာပဲပြောပြော ... ခုတော့ဖြင့် မိုးသားဟာ ညလေးထံ ပြန်လည်ရောက်ရှိလာခဲ့ပြီ ...။

ညလေးသည် ရုတ်တရက် မျက်ရည်တွေကျလာရင်း မိုးသားရှေ့သို့ လှမ်းသွားမိပါသည်။ ညလေးက ကြည့်မဝနိုင်သော အကြည့်မျိုးဖြင့် မိုးသားကို ကြည့်မိရသည်။ မိုးသားရဲ့ အပေါ်ဘက် ခပ်တက်တက် မျက်ခုံးမည်းမည်း နှစ်ခုက မသိမသာ တွန့်နေသည်။ တင်းတင်း စေ့ထားသော နှုတ်ခမ်း တစ်ဝိုက်မှာတော့ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေ မရှိဘဲ ရှင်းသန့်ကြည်လင်နေသည်။ ဆံပင်တွေလည်း အရင်အတိုင်းပဲ ... ဆံပင် ညိုညိုပျော့ပျော့လေးတွေနှင့် မိုးသား ပုံစံက အရင်ကအတိုင်း ဘာမှ မပြောင်းလဲ ...။ သို့သော် သူ့မျက်ဝန်းတွေကတော့ ပြောင်းလဲနေသလိုပဲဟု ညလေး ထင်မိပါသည်။

"မိုးသား ... အို ... ရှင် တကယ် ပြန်လာပြီ၊ ညလေးဆီ ပြန်လာပြီ၊ နေနေရေ ... နေနေ၊ ဒီမှာ မိုးသား ပြန်လာပြီဟော့ ..."





ညလေးသည် သူ့ကို သတိလက်လွတ် ငေးကြည့်နေမိရာက သတိပြန်ဝင်လာကာ နေနေ့ကို အသံကုန်ဟစ်ခေါ်လိုက်မိလေသည်။

"မိုးသားရယ် ..."

ညလေးသည် ဆို့နင့် တုန်ယင်လာကာ မိုးသားကို ပြေးဖက်လိုက်ချင်သော်လည်း အနားမှာ လူတွေရှိနေတာမို့ မဖက်ရဲဘဲ အနားမှာသာရပ်ကာ မိုးသား နာမည်ကိုသာ တဖွဖွ ခေါ်နေမိသည်။ နောက်တော့ ညလေးက ငိုချလိုက်မိရင်း ...

"မိုးသား ... တကယ် နေနိုင်တယ် သိလား ...၊ ညလေးမှာဖြင့် မိုးသားကို လွမ်းလို့ သေသွားမှာတောင် စိုးရတယ် ...၊ မိုးသားကတော့ ပြန်လာတာတောင် ညလေးကို ကြိုအကြောင်းမကြားဘဲ မြှန်းစားကြီး ပြန်ချလာတယ်၊ ရုတ်တရက် တွေ့လိုက်ရတော့ ဘယ်လောက် ခံစားရတယ် မှတ်လဲ ...၊ နှလုံးရောဂါရှိတဲ့သူဆို လဲသေသွားနိုင်တယ်ရှင့် ... သိရဲ့လား ..."

မိုးသားသည် ညလေး အပြုအမူကို အံ့ဩစိတ်ဖြင့် ဘယ်လို တုံ့ပြန်ရမည် မသိဘဲ ငြိမ်သက်သွားခဲ့ရပါသည်။ ညလေး ဒီအချိန် ဒီမှာ ရှိနေသည် ဆိုတာကို သူ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲ မေ့လျော့ထားခဲ့မိပါသည်။ အမှန်ဆိုရလျှင် နေနေ့ကို တွေ့ချင်လို့သာ သူ ဒီကို ရောက်လာခဲ့ရတာ ဖြစ်သည်။ ညလေးကို သူ့ဘက်က ဖြတ်စာ ရေးပေးခဲ့ပြီးပြီမို့ ညလေး သူ့ကိုတွေ့လျှင်လည်း ဒီလောက် ဝမ်းသာအားရ ရှိလိမ့်မည်ဟု မထင်ခဲ့ပါ။ ညလေး မာန ရှိတာကို သူ သိပြီးသားမို့ သူမကို ပစ်ပြီး အချစ်သစ်ရှာသွားသည့် သူ့ကို အသနားခံ ချစ်နေလိမ့်မည် မဟုတ်တာလည်း သေချာပါသည်။

ခုတော့ ညလေးက သူတို့ နှစ်ယောက်ကြား မှာ ဘယ်လို အဖြစ်အပျက်မျိုးမှ မဖြစ်ခဲ့သလို အရင်အတိုင်း ရှိနေခဲ့သည်။ တစ်ခုခုတော့ လွဲချော်နေခဲ့ပြီ ...။ သူက တသိမ့်သိမ့် ငိုကြွေးနေသော ညလေး ပခုံးကို ဆုပ်ကိုင်လိုက် ရင်း ...

"ညလေး ... ခု ပြန်တွေ့ရပြီပဲကွာ ...၊ မငိုနဲ့ ... မငိုနဲ့ ... တိတ် ... တိတ် ...၊ ကိုယ် ညလေးကို စာထည့်လိုက်တာ မရဘူးလား ..."

"စာ ... ဘာစာလဲ ... မရပါဘူး ..."

"ဪ ... မရဘူးလား၊ ကိုယ် စာထည့်လိုက်သေး တယ်၊ ပျောက်သွားသလား မသိပါဘူးကွာ ..."

ညလေးထံ သူ့စာ မရောက်ခဲ့သော အဖြစ်က





သူ့ကို တွေဝေသွားစေခဲ့ပါသည်။ ဒီလိုဆို ညလေးဟာ သူ ချစ်သူ အသစ်ရတာကို မသိသေးဘူးပေါ့ ...။ သူကတော့ သူ့ချစ်သူနှင့် အတူ မြန်မာပြည်ကို ပြန်ရောက်လာခဲ့ရတာ ဖြစ်သည်။ မယ့်ဝတို့ကို လက်ထပ်ပါမယ်လို့လည်း သူ ကတိ ပေးခဲ့ပြီးပြီ ...။ ညလေးလည်း ခုလောက်ဆို သူ့ကို စိတ် နာနာနှင့် မေ့လောက်ပါပြီဟု ထင်ထားခဲ့မိသည်။ ခုတော့ အရာအားလုံးဟာ သူထင်သလို မဟုတ်ဘဲ လွဲချော်နေခဲ့သည်။ သူ အလိုက်သင့် ဆက်သွားရုံသာ ရှိတော့သည် ...။

"ဟော့ကောင် ... မိုးသား ..."

"ဖိုးနေ ..."

သူ တွေဝေနေဆဲ နေနေက သူတို့နှစ်ယောက် ကြားသို့ ရောက်ရှိလာခဲ့တာ ဖြစ်သည်။

"အံမယ် ... မင်းတို့က အလွမ်းသယ်နေကြတယ်ပေါ့၊ ညလေး ... နင် အရှုံးမပေးနဲ့လေ ... နင့်ကို ပစ်ထားတဲ့ လူကို လုံးဝ ခွင့်မလွှတ်နဲ့ ...၊ သွား ... သွား ... ဝေးဝေးမှာ သွားနေ ...၊ ဒီကောင်က မြန်မာပြည် ပြန်လာတာတောင် နင့်ကို ကြိုအကြောင်းကြားရ ကောင်းမှန်း သိတဲ့ကောင် မဟုတ်ဘူး ..."

"နေနေနော် ... ငါတို့ကြားထဲ သွေးမခွဲနဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ မိန်းမတွေများ အဲဒါ ခက်တာပေါ့၊ စေတနာ ပြောလည်း နားမလည်ဘူး၊ ခွေးကောင် မိုးသား ... မင်းလည်း ကြပ်ကြပ် သတိထား၊ တွေ့မှ လာအလွှ သယ်မနေနဲ့ ....၊ ပြော ... ငါ့ဖို့ ဘာပါလဲ ... "

"မင်းကလည်း အရင်လိုလိုက်တာကွာ၊ နောက်တော့ ပေးမှာပေါ့ ... "

နေနေသည် မိုးသားကို တရင်းတနှီး စကား ပြောနေသော်လည်း စိတ်ထဲကတော့ ကြိတ်၍ အကဲခတ်နေ မိပါသည်။ မိုးသား မျက်လုံးတွေဟာ တစ်ခုခုကို ဖုံးကွယ် ထားသလိုပဲဟုတော့ သူထင်သည်။ အဲ့ဒါဟာ ဘာဖြစ်သလဲ ... ညလေး ရှေ့မှာတော့ မိုးသားကို ဘာမှ မမေးချင်ပါ ... ယောကျ်ားချင်းမို့ မိုးသားဟာ ညလေးကို အရင်လို မချစ်တော့ ဘူး ဆိုတာကိုတော့ သူ့စိတ်က အလိုလို သိနေပါသည်၊

ညလေးကတော့ မိုးသားကို ပြန်တွေ့ရပြီ တခြား ဘာဘာညာညာ မစဉ်းစားတော့ဘဲ စိတ်ထဲမှာ ကြည်လင်နေရပါသည်။ နေနေရဲ့ အကဲခတ် မျက်ဝန်းတွေ လည်း ညလေး သတိမပြုမိပါ ...။ ခုချိန်မှာတော့ အပျော်စိတ် တစ်ခုသာ ညလေးကို ဖုံးလွှမ်းနေခဲ့ပါသည်။





"အဟမ်း ... "

ချောင်းဟန့်သံက သူတို့ နောက်နားဆီမှ ပေါ်လာတာမို့ အားလုံး ပြိုင်တူ လှည့်ကြည့်မိကြပါသည်။ ပေါင်မုန့် ဖုတ်သည့် ဝတ်စုံဖြူ ဝတ်ထားသော အန်ကယ်သက် က ပြုံးလျက် ခေါင်းတစ်ချက် ညွှတ်ပြကာ ...

"ညှိသည် ရောက်နေတာလား ...၊ အထဲကို ကြွပါ ခင်ဗျာ ... "

ညလေးက အန်ကယ်သက်ကို ကြည့်လျက် ကြည်လင်စွာ ရယ်မောလိုက်ရင်း ...

"အန်ကယ်သက် ... မိုးသား ပြန်လာပြီ သိလား၊ ဒါ ညလေး ပြောပြောနေတဲ့ မိုးသားလေ၊ အန်ကယ် သက် ထင်တဲ့အတိုင်းပဲ မိုးသားက ညလေးအပေါ် သစ္စာရှိတယ်၊ နောက်ဆုံးတော့လည်း ညလေးဆီပဲ ပြန်လာရတာပဲ ... "

"ဪ ... အေး ... အေး ... ဝမ်းသာပါတယ်ကွာ"

ဦးဖေသက်ထင်သည် ညလေး၏ အပျော် မျက်နှာကို ကြည့်ရင်း ရင်ထဲ ငြိမ်းချမ်းသွားရပါသည်။ သို့သော် ချက်ချင်း ရင်ပြန်ပူလာရသည်။ ဟိုကောင့် မျက်နှာ ကြည့်ရတာတော့ အကြည်ကျနေပုံပဲ၊ ကေန္တတော့ သူ့စာ



www.burmeseclassic.com

www.burmeseclassic.com



ညလေး လက်ထဲ မရောက်တာ သိသွားပြီး ချောလဲရောထိုင်နေပုံ ရသည်။ လှေနံနှစ်ဖက် နင်းတော့မယ့်ပုံဆိုတာ ကြည့်ရုံနှင့် သိသာပါသည်။ ဖြစ်များ ဖြစ်နိုင်ရင်တော့ ခုချက်ချင်းပဲ အကြောင်းစုံ ဖွင့်ပြောပြလိုက်ပြီး ဒီကောင့်ရှေ့က ညလေးကို ဆွဲခေါ်သွားလိုက်ချင်ပါသည်။ သို့သော် ... သူက ညလေး စိတ်ဆင်းရဲမှာကို သူ သေမှာထက် ပိုကြောက်ပါသည်။ ဦးဖေသက်ထင်သည် ခုမှပင် သူ့ မိုးသား စာကို ညလေးလက်ထဲ မထည့်မိသည့် အဖြစ်ကို ယူကျုံးမရ ဖြစ်မိရလေသည်။ သို့သော် ... ခုချိန်ကျမှတော့ ဘယ်လိုက ဘယ်လို စ,ပြောရမှန်း ရှင်းရမှန်း မသိတော့ပါ။ အခြေအနေကို စောင့်ကြည့်ရုံသာ ရှိပါတော့သည်။

သူက အားလုံးကို ကြည်လင်စွာ ပြုံးပြလိုက်ရင်း...

"ကဲ ... ဒီလိုဆိုရင် မင်းတို့အားလုံး ပြန်ဆုံစည်းကြခြင်း အထိမ်းအမှတ်အဖြစ် အန်ကယ်သက်က မနက်ဖြန် ညကျရင် ဒီခြံထဲမှာပဲ ပွဲလေးတစ်ပွဲ လုပ်ပေးပါ့မယ်၊ မိုးသားကလည်း ကိုယ် ခေါ်ချင်တဲ့ သူ ဘယ်သူမဆို ခေါ်လာနိုင်ပါတယ်၊ အန်ကယ်သက် ကိုယ်တိုင် ဝက်ကလေးကင်နဲ့ ပန့်ချ် ဖျော်ရည်





လုပ်ပြီး ဧည့်ခံပါ့မယ် ... ၊ မင်းတို့ရဲ့ ပျော်ရွှင်ခြင်း အတွက် အန်ကယ်သက်ရဲ့ လက်ဆောင်ပါ ..."

"ဟေး ... ဒါမှ အန်ကယ်သက် ..."

ညလေးက ကလေးတစ်ယောက်လို ထ, အော်လိုက်ပါသည်။ ညလေးရဲ့ အပြုံးမျက်နှာကို ကြည့်ရင်း သူ ကြည့်လို့မဝနိုင်ချေ ...။

ချစ်သူရှိတဲ့ မိန်းမ တစ်ယောက်ရဲ့ ချစ်သူ အတွက် ပူရတဲ့ သောကကိုလည်း သူ မြင်ခဲ့ဖူးပြီ ...။ ခုတစ်ဖန် ချစ်သူကို တွေ့လို့ ပျော်ရသည့် အပျော်ကိုလည်း သူ မြင်ရပြန်ပြီ ...။

ခဏတစ်ဖြုတ်ကလေးပဲ ဖြစ်ဖြစ် ညလေး ပျော်သွားတာ မြင်လျှင်တော့ သူ ကျေနပ်သည်။

ဦးဖေသက်ထင်သည် ညလေးရဲ့ မျက်ဝန်း လက်လက် ကလေးတွေကို သဘောတကျ လှမ်းကြည့်မိဆဲ အခိုက်တွင် မိုးသား ခါးကြားမှာ ထိုးထားသော hand phone က အသံ ထ,မြည်လေသည်။

"ဟဲလို ... ဪ ... အင်း ... ပြော ..."

သူက မိုးသား ဖုန်းပြောနေတာကို အမှတ်တမဲ့ လှမ်းကြည့်မိရင်း မိုးသား မှုပျက်နေတာကို ရိပ်မိလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မိုးသားက 'ဟဲလို' ဟု ပြောပြီးတာနှင့် ညလေးကို တစ်ချက်လှမ်းကြည့်သည်။ အသံကို ချပ်ထောင့်ထောင့် လုပ်ထားပေမယ့် ဒါဟာ တမင် စိမ်းဟန်ဆောင်ပြီး စိတ်ထဲက ရင်းနှီးနေသော သူကို ပြောသည့် ပုံမျိုး ...။ အမူအရာကိုက တစ်မျိုးလေး နူးညံ့သွားသည်ဟု ထင်ရသည်။ မဟုတ်မှလွဲရော ဒီကောင့် ကောင်မလေးဆီကပဲ ဖြစ်လိမ့်မည်။ သူ့နှမတွေ သူ့ရှေ့မှာ ရှည်းစားနှင့် ဖုန်း ခိုးခိုးပြောကြသော လေသံနှင့် မျက်နှာထားကို နောကျေနေအောင် သိခဲ့ပြီမို့ မိုးသားအကြော ကို သူ ရိပ်မိနေရပါသည်။

"အင်း ... အင်း ... ဟုတ်ပြီလေ ... အခုပဲ ပြန်လာခဲ့မယ် ..."

မိုးသား ဖုန်းပိတ်လိုက်တော့မှ တစ်ချိန်လုံး စောင့်ကြည့်နေမိသော သူ့မျက်လုံးတွေကို ကပျာကယာ လွှဲဖယ်လိုက်ရသည်။ ညလေးက ဘာမှသိပုံ မရသော မျက်လုံးလက်လက် ကလေးတွေဖြင့် မိုးသားကို စိုက်ကြည့် နေသည်။ မိုးသားက အားလုံးကို တစ်ချက် ဝေ့ကြည့်ပြီး ...

"အရေးကြီးတဲ့ ကိစ္စလေး တစ်ခုရှိလို့ သူငယ်ချင်း တစ်ယောက် ဖုန်းဆက်ခေါ်တာ၊ ကျွန်တော် သွား လိုက်ပါဦးမယ် ..."





"ဟင် ... မိုးသားကလည်း ခုမှ တွေ့ရတာ ... ခုပဲ ပြန်တော့မလို့လား ..."

"ကိစ္စတစ်ခု အရေးကြီးလို့ပါ ညလေးရာ ..."

"ပြီးရော ... အဲဒါဆို မနက်ဖြန် စောစော လာခဲ့ ..."

"ဟော့ကောင် မိုးသား ... မင့်ကို ခေါ်တာ သူငယ်ချင်းမှ ဟုတ်ရဲ့လား ..."


"ဟုတ်ပါတယ်ကွ ... ကဲ ... ကိုယ်လစ်ပြီ၊ အားလုံး ဘိုင့်ဘိုင် ..."

နေနေကတော့ သူ့ဦးလေးလိုပဲ မသင်္ကာ မျက်လုံးမျိုးဖြင့် မိုးသားကို ကြည့်ကျန်ခဲ့သည်။ ညလေးရဲ့ မျက်လုံးတွေကတော့ စိတ်ချလက်ချ မျက်ဝန်းများ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



♥ ♥ ♥

ထိုနေ့ ညနေခင်းက ညလေးသည် အန်ကယ်သက် ပန်းချီဖျော်ဖို့အတွက် သစ်သီးတွေကို ကူညီ လှီးပေးရင်း မိုးသား အလာကို ကြိုစောင့်နေခဲ့သည် ...။ မိုးသားဟာ မနေ့ကလည်း ညလေးအတွက် အချိန်သိပ်မပေးနိုင်ခဲ့။ ဒီနေ့တော့ စောစောလာတန်ကောင်းပါရဲ့ဟုထင်ကာ ညလေးက ခြံဝသို့လှမ်းလှမ်းကြည့်ရင်း တမျှော်မျှော်ဖြစ်နေရလေသည်။ ညလေးက မျှော်ရင်းကပင် အန်ကယ်သက်နှင့် စကားတပြောပြော လုပ်နေမိပါသည်။

"အန်ကယ်သက် ... မိုးသား စတိုင်လ်က ကြည့်လို့ ကောင်းကယ်မဟုတ်လား ..."

"အင်း ... ကောင်းပါတယ် ... ကောင်းပါတယ်"

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သူက ... ဟိုအရင်က သိပ် ပိုက်ဆံမရှိခင် ကတည်းက သပ်သပ်ရပ်ရပ်လေး၊ သူ့စတိုင်နဲ့သူ နေတတ်တာ အန်ကယ်သက်ရဲ့ ... ၊ ခု ပိုက်ဆံ ရှိတော့ ပိုကြည့်ကောင်းလာတာပေါ့ ... ၊ မနေ့က သူကိုယ်တိုင်မောင်းလာတဲ့ ကားကလည်း သိပ်ကောင်းတယ် ... ၊ သူ ... ဟိုမှာ သွားအလုပ်လုပ်တာ မှန်သွားတယ်၊ သူက သိပ် ချမ်းသာချင်တာလေ၊ ညလေးကတော့ ... သူ့လိုမျိုး မဟုတ်ဘူး၊ အရမ်းလည်း မချမ်းသာချင်ပါဘူး၊ သူ ပြည့်စုံနေတာ တွေ့ရင်သာ ညလေးက သူ့အတွက် ဝမ်းသာမိတာ ... ၊ အဟင်း ... ဟင်း ခုတော့လည်းလေ ညလေး သူ့အတွက် ပူရပင်ရတာတွေက အိပ်မက်လိုဖြစ်သွားပြီ ... ၊ ခုတော့ ညလေး စိတ်နှလုံး ဒုန်းဒုန်းချပြီး ပျော်ရပါပြီ"

"သိပ်လည်း ပျော်မနေနဲ့ဦး၊ အရာရာဟာ နင်ထင်သလောက် မရိုးစင်းဘူး"

နေနေက ကြားဝင်လာတာမို့ ညလေးက နေနေ့ကို မျက်စောင်းထိုးမိရင်း ...

"နင် အမြဲ အဲလိုပဲ ငါ့ကို စိတ်ဆင်းရဲအောင်မှ မပြောရင် စားမဝင် အိပ်မပျော်ဘူး ထင်တယ်"





"ဟုတ်သားပဲ နေနေရာ ... ၊ သူ ပျော်နေတာကို မင်းက က,ပျက် ယ,ပျက် လာလာမလုပ်ပါနဲ့၊ လွတ်လွတ်လပ်လပ် ပျော်ပါစေ ..."

"အန်ကယ်သက်ကလည်း အဲဒါမျိုးတွေခက်တာပဲ၊ တစ်ခါတလေကျတော့ လူတစ်ယောက်ကို ခဏလေးပျော်စေတာဟာ တစ်သက်လုံး စိတ်ဆင်းရဲအောင် လုပ်သလို ဖြစ်သွားတတ်တယ် အန်ကယ် သက်ရဲ့"

"ဟော ... မိုးသား လာပြီ"

ခြံထဲကို မိုးသားကားလေး ဝင်လာတာမို့ လေးက နေနေ့ စကားကို အသေအချာ အာရုံ မစိုက်မိ ဘဲ လက်ထဲက လိုးလက်စ သစ်သီးကို လွှတ်ချကာ တတ် ထ,ရပ်လိုက်မိလေသည်။ ညလေး စိတ်ထဲမှာတော့ း်းစားထားကာစ အပျိုပေါက်ကလေးလို စိတ်လှုပ်ရှားခဲ့ သည်။ မိုးသားက ညလေးကို အချိန်တိုင်း ရင်ခုန်စေခဲ့သူ ပါသည် ... ။ ညလေးက ... အနည်းငယ် ပျာသွားကာ င်တွေကို လက်နှင့်သပ်ပြီး ညလေး ဝတ်ထားသည့် န်ဖြူဖြူလေးကို သပ်ရပ်အောင် ဆွဲဆန့်လိုက်သည်။ နေ့မှပဲ ကျကျနန ပြင်ဆင်ထားရတာ၊ မနေ့ကတော့ လေးမှာ ဂျုံတွေနယ်လက်စ တန်းလန်းမို့ ခေါင်းဆောင်း



www.burmeseclassic.com

www.burmeseclassic.com



အာဃာတမှ ကိန်းအောင်းမနေခဲ့တာမို့ သူ့ စိတ်သည် အမြဲလို ပေါ့ပါး ကြည်လင်၍ နေရလေသည်။

သူ ငယ်ငယ်ကတည်းက မိဘတွေ ဆုံးပါးသွားခဲ့တာမို့ မိဘမဲ့ ညီမတွေကို သူကပင် ဦးဆောင်၍ ပြုစုပျိုးထောင်ခဲ့ရတာ ဖြစ်သည်။ သူကသာ နှမတွေကို ချစ်ရ၊ သနားရ၊ ညှာတာရပေမယ့် သူ့ ညီမတွေကတော့ လိမ္မာ လှတယ်ရယ်လို့ မဟုတ်ပေ ...။ သူ့မှာတော့ နှမတွေ အပျိုအရွယ် ဖြစ်ပြီး လှချင် ပချင်လာချိန်မှာ တစ်မျိုးပြီး တစ်မျိုး ပူဆာသမျှကို ဖြည့်ဆည်းနိုင်ဖို့ တစ်နေ့တစ်နေ့ ပေါင်မုန့်ဖိုထဲကကို ထွက်ရတယ်ရယ်လို့ မရှိခဲ့ပေ ...။

"အစ်ကိုကြီး ... အစ်ကိုကြီးက ညီမလေးကို မချစ်ပါဘူး၊ ညီမလေးမှာ အမြဲ မျက်နှာငယ်ရတယ် ...၊ ကျောင်းမှာ သူများတကာတွေ အဝတ်အစား သစ်သစ်လွင်လွင် ဝတ်လာကြတဲ့ အချိန်မှာ ညီမလေးက ဒါနဲ့ဒါပဲ ထပ်ခါထပ်ခါ ဝတ်နေရတာ ... အဝတ်အစားတွေက ခေတ်မှ မမီတော့တာ ..."

"အေးလေ ... အစ်ကိုကြီးက အဲဒီအတိုင်းပဲ၊ တို့ကို ဆို ဘယ်တော့မှ ဂရုမစိုက်ဘူး၊ သူ့ ပေါင်မုန့်ဖိုထဲမှာပဲ အချိန်ကုန်နေတာ ..."





"နှင်း တို့မှာ ကောင်းကောင်းလည်း မဝတ်ရ ...၊ ကောင်းကောင်းလည်း မစားရ ...၊ ဂရုလည်း အစိုက်မခံရ၊ ယောကျ်ားယူလိုက်တာပဲ ကောင်းလိမ့်မယ်ထင်တယ် ..."

သူ့ ညီမတွေ စကားကြောင့် သူ့မှာ အထိတ်အလန့် အမောဆို့သွားကာ ...

"မြတ်စွာဘုရား ... ဘာတွေ ပြောနေကြတာလဲ၊ မကြံစည်ကောင်းတာတွေ မကြံစည်ကြပါနဲ့ကွာ ...၊ ညီမလေးတို့ အရွယ်က ခုမှ လူလားမြောက်စ၊ ငယ်ငယ်ရွယ်ရွယ်လေးမှာ ယောကျ်ားယူလိုက်ရင် ဒုက္ခတွေရောက် ... ငါးပါးမှောက်ကုန်တော့မှာပေါ့၊ ဒီမှာ ... ညည်းတို့ ဘာလိုချင်လဲ ... အစ်ကိုကြီး အားလုံးဖြည့်ဆည်းပေးမယ်၊ မရ မရှိစေရဘူး၊ အစ်ကိုကြီးက ညီမလေးတို့ကို ဂရုမစိုက်တာ မဟုတ်ပါဘူးကွာ ...၊ အလုပ်တွေ များလွန်းလို့ အသေးမစိတ်မိတာလေးပဲ ရှိပါတယ်၊ အဝတ်အစား ဝယ်မပေးတာကလည်း ဒီခေတ်ကြီးမှာ ဘာတွေ အသစ်အဆန်း ပေါ်လို့ ပေါ်မှန်းမှ အစ်ကိုကြီး မသိတာဘဲ ...၊ အစ်ကိုကြီး ကိုယ်တိုင်ကတော့ ဟောဒီ စွပ်ကျယ်လေးနဲ့ ရှပ်အင်္ကျီ



www.burmeseclassic.com

www.burmeseclassic.com



နာမည်တွေ ပြောဦးလေ ...၊ တစ်ယောက်ချင်းစီနဲ့ မိတ်ဆက်ပေးပါဦး"

ညလေးသည် သွက်လက် ပြုံးရွှင်စွာပြောနေသော မယ်ဝတီ့ကို ငေးကြည့်ရင်း ... ရင်ထဲမှာတော့ ပူလောင်ဆူပွက်နေရပါသည်။ မိုးသားကို ညလေး အပြင် ဘယ်လိုမိန်းမမျိုးနှင့်မှ ခုလို နှစ်ယောက်တည်း တွဲမသွားစေချင်တာ ... မရင်းနှီးစေချင်တာ ညလေးရဲ့ အတ္တ ဖြစ်ပါသည်။ မယ်ဝတီ့စကားပြောနေပုံက မိုးသားအပေါ် ရင်းနှီးပိုင်နိုင်လွန်းပါသည်၊ အရင်ကဆို မိုးသားအတွက် ရင်းနှီးသော မိန်းမဆိုလို့ ညလေး တစ်ယောက်တည်းပဲ ရှိခဲ့ဖူးသည်။

"သူက နေမင်းထင်တဲ့ ...၊ ကိုယ့်အခင်မင်ဆုံး သူငယ်ချင်းပဲ၊ ကိုယ်ကတော့ နေနေ လို့ပဲ ခေါ်တယ်"

"မယ့်ကိုလည်း သူငယ်ချင်းအဖြစ် သတ်မှတ်လို့ ရပါတယ် နေနေ ..."

"ဒါကတော့ နေနေ့ ဦးလေး အန်ကယ်သက်တဲ့"

"နာမည် အရင်းကရော"

"နာမည်အရင်းက ... အာ အဲဒါ ကိုယ် မသိဘူးကွ၊ အန်ကယ်သက်နဲ့ ကိုယ်က တစ်ခါပဲ တွေ့ဖူးတာ"

"ကျွန်တော့် နာမည် ဖေသက်ထင်ပါ"





အန်ကယ်သက်က ခေါင်းတစ်ချက် ညွှတ်ရင်း ဝင်ပြောလိုက်ပါသည်။ နေနေကတော့ ... မယ်ဝတီ့ကို အကဲခတ်သလို လှမ်းကြည့်နေသည်။

"မယ်ကတော့ ... သူတို့ ခေါ်သလို အန်ကယ်သက်ပဲ ခေါ်မယ်နော် ..."

"ရပါတယ်ခင်ဗျာ ..."

ထိုခဏတွင် ... ညလေး အလှည့်သို့ ရောက်ရှိလာလေသည်။ ညလေးသည် မျက်နှာ မပျက်အောင် ကြိုးစားရင်း ... မယ့်ဝတီ့ကို ပြုံး၍ ကြည့်နေ ရသည်မှာ ပင်ပန်းလွန်းပေစွ ...။

"သူက ... ညလေးညိုတဲ့ ... သိပ်တော်တဲ့ ပေါင်မုန့်ဖုတ် ဆရာမလေးပေါ့ ..."

"ဪ ... ဪ ... ငယ်ငယ်လေးပဲ ရှိသေးတာ နော်၊ မယ့် ထက်တောင် ငယ်ပုံရတယ် ...၊ နောက်နေ့မှ ... ညလေးညို လက်ရာ ပေါင်မုန့်တွေ လာဝယ်ထားပေးလိုက်ဦးမယ် ...၊ ညလေးညို ... မယ့်ကို မိုးသားလိုပဲ ခင်မင်နိုင်ပါတယ်နော် ..."

ညလေးညိုသည် ... မယ်ဝတီ့စကားတွေကိုပင် မကြားတစ်ချက် ... ကြားတစ်ချက်နှင့် နားထဲသို့



www.burmeseclassic.com

www.burmeseclassic.com



လာကာ ဦးနှောက်ထဲမှာ ပူလောင် ပွက်ပွက်ဆူနေသည်၊ ပေါင်မုန့်ဆရာလေးတဲ့လား မိုးသားရယ် ...။ ညလေးက မိုးသား မျက်နှာကို ကြောင်ကြည့်နေမိပါသည် ...။ မိုးသားကတော့ သူ ဘာတစ်ခုမှ အမှား မလုပ်မိတော့သလို မျက်နှာထားမျိုးဖြင့် ဟန်မပျက် ရှိနေပါသည်။

"အဟမ်း ... ဟမ်း ..."

အားလုံး တိုင်ပင်ထားသလို တိတ်ဆိတ်နေဆဲ အန်ကယ်သက်ရဲ့ ချောင်းဟန့်သံ ပေါ်လာလေသည်။

"ကဲ ... ကဲ ... အားလုံး တပျော်တပါးပေါ့ဗျာ ... ကျွန်တော့်လက်ရာ ဝက်ကလေးကင်ရဲ့ အနံ့ကတော့ စားချင်စဖွယ် မွှေးကြိုင်နေတာ သိကြတဲ့အတိုင်းပါပဲ ထိုင်ကြပါ ... သုံးဆောင်ကြပါ"

အန်ကယ်သက်ကို အားနာလို့သာ ထိုင်နေရပေမယ့် ညလေးကတော့ ဒီနေရာက ထွက်ပြေးသွားလိုက်ချင်ပါသည် ...။

"ညလေး ...ငြိမ်လှချည်းလား ...၊ စားလေ ... စားမွှေးနေတာပဲကွာ ...၊ ညလေး နည်းနည်း မြည်းကြည့်စမ်း"

ရွှေသမင်စာပေ



မိုးသားက ညလေး အားမှာ ဝင်ထိုင်ကာ ဂရုတစိုက်ပြောတော့မှ ညလေး စိတ်က အနည်းငယ် ပျော့ပျောင်းလာရလေသည် ...။

"ဒီနေရာလေးက အေးချမ်းလိုက်တာနော် ...၊ ဒီလို အချိန်မှာ ဒီလိုနေရာမျိုးမှာ ခုလို အေးအေးချမ်းချမ်း နေခွင့်မရတာ ကြာပြီ၊ ဟိုမှာဆို အမြဲတမ်း အလုပ်တွေပဲ လုပ်နေခဲ့ရတာ၊ အစားဆိုလည်း ဖြစ်သလိုပဲ စားရတာ၊ ခုလို အရသာရှိရှိ ဇိမ်ခံပြီး စားခွင့်တောင် မရှိခဲ့ဘူး ..."

"ဒါကတော့ မင်း လောဘနဲ့ မင်းပဲကိုး ..."

နေနေက ပလုတ်ပလောင်း စားရင်း ဘုပြောလေသည် ...။ ညလေးကတော့ သူ့စကားကို ငြိမ် နားထောင်မိရင်း စောစောက စိတ်ဆိုးနေတာတွေပင် ပြေပျောက်ကာ မိုးသားကို သနားစိတ်ဖြင့် ငေးကြည့်နေမိပါသည် ...။ မိုးသားက ရုတ်တရက် ခက်ရင်းကိုင်ထားသော ညလေး လက်ဆီ စိုက်ကြည့်လိုက်ရင်း ... အံ့သြဟန်ဖြင့် မျက်ခုံးပင့်ကာ ...

"ညလေးက စတန့်ထွင်တာလားကွ၊ ဒီ ယောကျ်ား ဝတ် လက်စွပ်ကြီးကို ဘာစိတ်ကူးနဲ့ ဝတ်ထားရတာလဲ"

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်မဟုတ်ပါဘူး ...၊ မွေးနေ့ လက်ဆောင် ရလို့ ဝတ်ထားတာပါ"

"သြော် ... သြော် ... ဘယ်သူကများ ယောကျ်ားဝတ် လက်စွပ်ကို မွေးနေ့လက်ဆောင် ပေးရပါလိမ့် ..."

"ပေးတဲ့သူက ..."

ညလေး ပါးစပ် ဟ,လိုက်စဉ် ဦးဖေသက် ရင်ထဲ ဒိန်းခနဲ ဆောင့်ခုန်သွားလေသည် ...။ ဒီကိစ္စကို ... မိုးသား သိလို့ မဖြစ်ပါ။ တချို့ ယောကျ်ားတွေဟာ ကိုယ် ဖောက်ပြန်မှုကို ဖုံးကွယ် ဖျောက်ဖျက်ချင်တဲ့အခါ သူတစ်ဖက် သား မိန်းကလေးကို အပြစ်ရှာ စွပ်စွဲတတ်သည်ဟု သူ ကြားဖူးသည် ...။ သူက ညလေးကို မျက်လုံးပြူး ကြည့်ရင်း မျက်နှာရိပ် မျက်နှာကဲပြ၍ တားမြစ်မိလိုက်ပါသည်။

"ပေးတဲ့သူက ... မိတ်ဆွေ တစ်ယောက်ပါ ..."

ညလေးက ခပ်အေးအေး အဖြေပေးလိုက် တော့မှ သူ စိတ်တစ်ဝက် အေးသွားရပါသည်။ သို့သော် ပူနေသေးသော စိတ်တစ်ဝက်ဖြင့် သူ့ဘယ်လက်ကို စား အောက်သို့ ထိုးဝှက်လိုက်သည် ...။ ညလေး လက်စွပ် သူ့လက်စွပ်ဟာ ဆင်တူပဲ ...။ ဒါကို သူက မေ့လျော့ပေါ့ဆ ချွတ် မထားဘဲ နေမိခဲ့သည်။ ခုတော့ မိုးသားရှေ့မှာ





ပက်ပင်း တွေ့နေပါပြီ ...။ သူ့လက်က လက်စွပ်ကိုပါ မိုးသား မြင် သွားပြီး ညလေးကို အထင်မှားသွားမှာ ...၊ ညလေး စိတ် ဆင်းရဲရမှာကို သူ မခံစားနိုင်ပါ။

အားလုံးက စားသောက်နေကြပြီဖြစ်သော် လည်း သူကတော့ လက်နှစ်ဖက်စလုံးကို စားပွဲအောက် သွင်းကာ ဘယ်လက်က လက်စွပ်ကို ညာလက်ဖြင့် အကြိတ် အနယ် ချွတ်နေရပါသည်။ အရေးထဲမှ လက်စွပ်က ကြပ်ကာ တော်တော်နှင့် ချွတ်မရဘဲ ခိုင်နေသည်။ လက်စွပ်က ချွတ်လို့ မရလေ ချွေးတွေ ထွက်လာလေနှင့်မို့ သူ့တစ်ကိုယ်လုံး ချွေး ပြိုက်ပြိုက် ကျနေသည်။

"ဟင် ... အန်ကယ်သက် ... စားလေ၊ ဘာဖြစ်နေ တာလဲ ... ချွေးတွေလည်း ထွက်လို့ပါလား"

"သြော် ... ဘာမှ မဖြစ်ပါဘူး ...၊ ဟိုဒင်းပါ ...၊ ဗိုက် နည်းနည်း နာနေလို့ ..."

နေနေက အလိုက်မသိစွာ အစစ်ဆေး အမေး အမြန်း ထူနေတာမို့ သူ နေနေ့ကို ကျိတ်မေတ္တာပို့ လိုက်မိ ပါသည်။

"အန်ကယ် သက်က ... ဗိုက်ကို နှိပ်ထားတာလား၊ ဗိုက်ကို မနှိပ်နဲ့လေ ...၊ တော်ကြာ အူအတက်



www.burmeseclassic.com

www.burmeseclassic.com



ရောင်တာတို့ ဘာတို့ဆိုရင် နှိပ်လိုက်မှ ပိုဆိုး တတ်တယ် ...”

“အေး ... အေး ... မနှိပ်တော့ပါဘူးကွာ ...”

နေနေရာ အရေးထဲကျမှ မင်းက ဆရာ လာလုပ်နေရတယ်လို့ ...။ သူက နေနေ့ကို စိတ်တိုတိုနှင့် လက်စွပ်ကိုသာ မဲချွတ်နေရသည်။ ရတော့မယ် ... ရတော့မယ်။ အဲ ... ရပြီ ...။ လက်စွပ် ကျွတ်သွားတော့ သူ့ရင်ထဲက အလုံးကြီး ကျသွားလေသည် ...။ သူက သက်ပြင်းချမိကာ လက်စွပ်ကို သူ့အင်္ကျီအိတ်ထဲ မသိမသာထည့်ပြီး စိတ်အေး လက်အေးဖြင့် ဖွန်းခက်ရင်းကို ကောက်ကိုင်လိုက်သည်။

“ဟာ ... အန်ကယ်သက် ဗိုက်နာနေတယ် ဟုတ်လား၊ အသားကင်တွေ မစားနဲ့လေ ...”

“ဟုတ်သားပဲ ... အန်ကယ်သက်ရဲ့၊ အသားကင်က ဗိုက် မကောင်းတဲ့သူစားရင် ဒုက္ခရောက်တတ်တယ်”

“ဆင်းဒဝတ်စ်လေးနဲ့စားပြီး အအေးနည်းနည်းပဲ သောက်လိုက်ပါလား အန်ကယ်သက် ...”

“တချို့နိုင်ငံတွေမှာဆိုရင် ဒီလိုအသားကို အမှုပ်ခံ စားကြလို့ ဘက်တီးရီးယားတွေ ပေါက်ဖွားပြီး ... လူတွေ ဗိုက်နာကြ၊ ဝမ်းသွားကြနဲ့ ... ဒုက္ခရောက်





ကြတာ ကြားဖူးတယ် ...၊ တော်ရုံဆေးဆို ကြည့် စားမှ တန်ရုံကျတယ်လေ ...”

တစ်ယောက် တစ်ပေါက် ဝိုင်းတားမြစ်လိုက် ကြသည့်အသံမှာ ပွက်ပွက်ညံသွားတာမို့ သူ လက်ထဲက ဖွန်းနှင့် ခက်ရင်းကို ပြန်ချကာ ... သူကိုယ်တိုင် စီမံထားသည့် ဟင်းပွဲကြီးကို အသာငေးနေလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

"မိုးသား အခြေအနေကို ကြည့်ရတာတော့ သိပ်မဟန်ဘူးကွာ ... နေနေရာ၊ ညလေးကို မိတ်ဆက်ပေးတာများ ပေါင်မုန့်ဖုတ်ဆရာမလေးတဲ့ ...၊ သူ့ချစ်သူလို့ ပြောလိုက်တော့ရော ဘာဖြစ်မှာမို့လို့လဲ၊ သူမရိုးသားတာ သိကို သိသာတယ် ...၊ ညလေးမှာ မျက်နှာငယ်လေးနဲ့ကွာ ... သနားပါတယ် ..."

အန်ကယ်သက်သည် မကျေမနပ် မြည်တွန်တောက်တီးရင်း အိမ်ရှေ့အိမ်နောက် ခေါက်တုံ့ ခေါက်ပြန် လျှောက်နေသည် ...။ နေနေက ယောကျ်ား တန်မဲ့ မျက်နှာကို မဲ့မဲ့ရွဲ့ပစ်လိုက်ရင်း ...

"အဲဒါ ... အန်ကယ်သက်အလုပ် မဟုတ်လို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လဲကွ ..."

"ဆိုင်တာပေါ့ ...၊ အန်ကယ်သက်က ညလေးကို မျှော်လင့်ချက်တွေ ပေးထားခဲ့တာကိုး ..."

"ဟင်း ...ငါက ညလေးကို ဘာမျှော်လင့်ချက် ပေးလို့လဲကွ၊ ငါ သူ့ကို တစ်ခါမှ မရိုးမသား ..."

"ဒါကို ပြောတာမဟုတ်ဘူး၊ အန်ကယ်သက်က ကျွန်တော်ပြောတာကို သဘောမပေါက်ဘူး၊ ပြီးတော့ ကိုယ် လုပ်လိုက်တဲ့ အလုပ်ကြရင် ဘယ်သူ့မှာ ဘာဖြစ်သွားတယ်ဆိုတာကိုလည်း သဘောမပေါက်ဘူး၊ အန်ကယ်သက် လုပ်ရပ်တွေကို ကိုယ့်ဘာသာ ပြန်စဉ်းစားကြည့်လိုက်ပါဦး ...၊ ညလေး စိတ်ဆင်းရဲမှာ စိုးလို့ဆိုပြီး မိုးသား ဖုန်းမဆက်ဘဲ ဆက်ပါတယ်ဆိုပြီး လိမ်ဆယ်ပြော၊ မွေးနေ့ လက်ဆောင်မပို့ဘဲ ပို့တယ်ပြော၊ ညလေးက အဟုတ်ကြီး မှတ်ပြီး မျှော်လင့်လို့ ...၊ ခု မိုးသား ပြန်လာတော့ ...ညလေးမှာ လှိုက်လှိုက်လှဲလှဲ ဝမ်းသာနေတာ၊ ဟိုကောင်က ခပ်အေးအေးပဲ၊ မယ်ဝတီကို တောင် ခေါ်လာလိုက်သေးတယ်၊ ဒီကောင့် ကြည့်ရတာ ငါးကြင်းနှစ်ကောင် ဖမ်းတော့မယ့် ပုံမျိုးပဲ ...





အဲဒီလို အချိုးမျိုး ချိုးလို့ကတော့ လက်သီးစာပဲ ...၊ ဒီကောင်နဲ့လည်း အေးအေး ဆေးဆေးကို မတွေ့ရသေးဘူး၊ သူနဲ့ မယ်ဝတီရဲ့ ပတ်သတ်မှုက ရိုးရိုးသားသားကို မဖြစ်နိုင်ဘူး"

"မယ်ဝတီက သူ့ရည်းစားလေကွာ ..."

"ဟင် ...အန်ကယ်သက်က ဘယ်လို သိလဲ ..."

"အဲ ...ဒါက ...စာ ...အဲ ..."

သူ ယောင်ယမ်းကာ လွှတ်ခနဲ ထွက်သွားပြီးမှ အမြန်ဘရိတ်အုပ်ရပါသည်။ မိုးသား ညလေးဆီ ရေးလိုက်တဲ့ စာထဲမှာတော့ ...မယ်ဝတီအကြောင်း ပါသည်။ သို့သော် ...သူ စာဖြောင်ထားတဲ့အဖြစ် နေနေ့ကို ပြော မပြရဲပါ။

"အဲဒါက ...ဒီလိုကွာ ...မှန်းကြည့်ပေါ့"

"ကျွန်တော်ကလည်း ဒီလိုပဲထင်တယ်၊ ဒီကောင် ဟိုမှာ မယ်ဝတီနဲ့ တွေ့လို့ ညလေးကို မဆက်သွယ်တော့တာဖြစ်မယ်၊ မဆက်သွယ်တာကို မဆက်သွယ်တဲ့အတိုင်း ထားရင် ညလေးလည်း ခုလောက်ဆို အခြေအနေမှန်ကို သဘောပေါက်နေလောက်ပြီ၊ ခုတော့ အန်ကယ်သက် ကလဖန့်ထိုးထားတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



မကြင်နာတာတွေကို ကြင်နာတယ်မှတ်ပြီး သံယောဇဉ်က အမျှင်တန်းနေပြီ”

“မင်းစကားပြောရင် ငါ့ကို အပြစ်တင်တဲ့စကား မပါရင် မပြီးဘူးလား နေနေရာ...”

“အပြစ်ပြောတာ မဟုတ်ပါဘူး၊ အခြေအနေမှန်ကို တင်ပြတာ၊ အခု ...အားလုံးရှုပ်ထွေးနေပြီ၊ မိုးသားကို အပြစ်သွားပြောရမလား၊ ညလေးကိုပဲ မိုးသားကို ဖြတ်လိုက်ပါလို့ ပြောရမလား၊ မယ်ဝတီ့ကိုပဲ ညလေးညိုက မိုးသား ချစ်သူဆိုတာ သိအောင် သွားပြောရမလား၊ အန်ကယ်သက် လုပ်ကြံလီဆယ် ထားတာတွေကို ညလေး သိအောင် ပြောပြရမလား၊ အဲဒီလိုတွေပြောလိုက်ရင် ဘာတွေ ဖြစ်ကုန်ပြီး ဘယ်သူက ဘယ်သူ့ဘက်ကို ယိုင်သွားမလဲ၊ ဘာတွေ လုပ်ရမှန်းကို မသိတော့ဘူး၊ ရူးတောင်ရူးချင်လာပြီ”

ဒါတင်မကသေးဘူး ဟကောင်ရေ...။

ါဖြောင်ထားတဲ့ စာကိုသာ ညလေးမြင်ရင် ငါ့ကို ဘယ်လို
ဲ့ပြန်မှာလဲ၊ မိုးသားအပေါ် ဘယ်လိုသဘောထား ရှိမလဲ ...
ိုတာတွေ ပါရှိသေးတယ်ကွ ...။ သူက တိတ်တခိုးသာ
တ်ထဲကြိတ်၍ ပြောမိပါသည်။





“ငါ ...တစ်ခုတော့ မျှော်လင့်မိတယ် နေနေ ... ခုချိန်မှာ မိုးသားဟာ ငါးကြင်းနှစ်ကောင် ဖမ်းနေတယ် ဆိုရင်တောင် ...တချိန်ချိန်မှာ ညလေး ဘက်ကိုပဲ ပြန်ယိုင်လာလေမလားလို့ ငါ ...မျှော်လင့်တယ်ကွာ၊ ညလေးက မိုးသားကို သိပ်ချစ်ပုံပဲကွ၊ မိုးသားနဲ့သာ ပေါင်းရရင် သူ စိတ်ချမ်းသာမှာပဲ”

“အန်ကယ်သက်က လူပျိုကြီးပီပီ ဒီအချစ်ကိစ္စတွေကို ဘာတစ်ခုမှကို နားမလည်ပါလား ...၊ ပေါင်းရလို့ စိတ်ချမ်းသာတာကတော့ ဟုတ်ပါပြီ၊ ပေါင်းပြီးမှ မိုးသားက မယ်ဝတီနဲ့ ဆက်သွယ်လို့ ညလေးကို မကြင်နာဘဲပစ်ထားပြီး တခြား အပျော်ရှာလို့ ညလေး စိတ်ဆင်းရဲရမှာကော ထည့်မတွက်ဘူးလား၊ ကိုယ့်သူငယ်ချင်း အရင်းခေါက်ခေါက်အကြောင်း ပြောရတာတော့ သိပ်မကောင်းဘူး၊ မိုးသားက အတ္တကြီးတယ်၊ ကိစ္စတစ်ခုခုကိုဆုံးဖြတ်ရင် သူ့စိတ်ချမ်းသာမှုကိုပဲ ဦးစားပေးတယ်၊ တခြား အန်ကယ်သက် မသိတာတွေလည်း အများကြီးပါဗျာ၊ အန်ကယ်သက်တို့ လူပျိုကြီးတွေဆိုတာ လောကအကြောင်း လူ့အကြောင်း အချစ်အကြောင်း စာမှသိတာ မဟုတ်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ကိစ္စဆိုတာ ဒီလောက်တောင်ပဲ ရှုပ်ထွေးနက်နဲသလားကွာ၊ ငါတွေးတာက ရှင်းရှင်းလေးပါ၊ လူတစ်ယောက်က လူတစ်ယောက်ကို ချစ်ပြီဆိုရင် စိတ်ချမ်းသာအောင် ဖြည့်ဆည်းပေးရမယ်၊ ဒီလောက်ပဲ၊ တစ်ယောက်နဲ့တစ်ယောက် ချစ်ကြရင် ရည်းစားထားကြတယ်၊ အချိန်တန်တော့ လက်ထပ်ကြတယ်၊ ရည်းစားထားတာပဲကွာ၊ ဒီတစ်ယောက်ကို ချစ်လို့ ချစ်သူဖြစ်သွားပြီပဲဥစ္စာ၊ နောက်တစ်ယောက်ကို ထပ်ချစ်စရာ လိုသေးလို့လား"

"အဲ့ဒါတွေကြောင့် ဘာမှမသိဘူးလို့ ပြောတာပေါ့ကွဲ ... အခု ဘယ်လိုလုပ်ကြမလဲ၊ ညလေးက ... မိုးသား ဖုန်းဆက်တာ၊ မွေးနေ့လက်ဆောင်ပေးတာတွေ သွားပြောရင် အန်ကယ်သက် လိမ်တာတွေ ပေါ်ကုန်မှာ သေချာတယ်၊ ညလေးကတော့ ဘာမှ မသိဘဲ မိုးသားကို ယုံနေတယ်၊ ဘာတွေကို ဘယ်လို ဝင်ဖြေရှင်းရမှန်းတောင် မသိတော့ဘူး၊ မယ်ဝေ ကြည့်ရတာလည်း ပေါ့သေးသေးတော့ မဟုတ်ဘူး ညလေးဟာ မိုးသားချစ်သူမှန်းသိရင်တောင် နောက် ဆုတ်ပေးမယ် မထင်ဘူး"





"မိုးသား ... ညလေးဘက်ကိုပဲ ပြန်ယိမ်းပါစေလို့ ငါတို့ ဆုတောင်းပေးကြရအောင်ကွာ ..."

"ပြန်ယိမ်းပြီးမှ သစ္စာမရှိဘဲ ပတ်ရှုပ်နေတာမျိုး မဖြစ်ပါစေနဲ့ဆိုတာပါ ထည့်ဆုတောင်းသင့်တယ်၊ အန်ကယ်သက်တို့လို လူပျိုကြီးတွေက အရာရာကို လက်တွေ့ကျကျ ... အတွင်းကျကျ မစဉ်းစားတာ တော်တော်ခက်ပါတယ်ဗျာ"

နေနေက သူ့ဆံပင်တွေကို လက်ဖြင့် လှန်ဖွလိုက်ရင်း ထွက်သွားပါသည်။ သူကတော့ သူ့အပြစ်နှင့် သူမို့ ခပ်ကုပ်ကုပ် ကျန်ခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



♥ ♥ ♥

ညလေးသည် ... မိုးသားထံ ဖုန်းဆက်၍ ... မိုးသားနှင့် ညလေးတို့ ချစ်သူ စ,ဖြစ်ခဲ့သော ကဖေးဆိုင်ကလေးတွင် တွေ့ဆုံရန် ချိန်းဆိုလိုက်လေသည် ...။ မိုးသားပြန်ရောက်လာပြီးနောက် ဒါဟာ ပထမဆုံး နှစ်ဦးတည်းတွေ့ဆုံခွင့်ဖြစ်သည်။ ညလေးနှင့်သူ ချစ်သူဖြစ်ခဲ့ကြတဲ့ ဟောဒီနေရာလေးဟာ သွေးအေးငြိမ်သက်သွားသည်ဟုထင်ရသော မိုးသားရဲ့ နှလုံးသားကို ပြန်လည်သက်ဝင် နွေးထွေးစေလိမ့်မည်ဟု ညလေးက ထင်မိခဲ့တာဖြစ်သည်။ အဲဒီအခါကျမှ ... မယ်ဝတီနှင့်ပတ်သက်လို့ ...ညလေး မေးခွန်းတွေထုတ်မည်။ မိုးသားနှင့် အဆက်အသွယ် မရသည့်အတွက် ဝမ်းနည်းရကြောင်းတွေ တတွတ်တွတ်ပြောလိုက်ဦးမည် ...။ ဆိုးမှ



www.burmeseclassic.com

www.burmeseclassic.com



အပြစ်တင်လိုက်ဦးမည် ...။ နောက်ဆုံးကျမှ ... သူ့သဘော ကိုယ့်သဘော ပြတ်ပြတ်သားသားသိမြင်ကာ ညလေးတို့ နားလည်မှု ကိုယ်စီ ရသွားနိုင်သည်။ ကိုယ့်ဖွက်ကိန်းနှင့် ကိုယ်တော့ ဟုတ်လို့နေလေသည်။

သို့သော် ... ညလေးက ဘာမှ မမေးရသေးခင် မိုးသားက စ,တင် မေးခွန်းထုတ်သည်မှာ ...

"ညလေး ... ညလေးကို မွေးနေ့လက်ဆောင် လက်စွပ် ပေးတဲ့ မိတ်ဆွေက ဘယ်သူလဲ ... ကိုယ် သိချင်တယ် မှန်မှန်ပြောပါ ..."

မိုးသား လေသံဟာ အရင်ကနှင့် ဘာမှ မပြောင်းလဲ ...။ ကြွပ်ဆတ်ဆတ်နိုင်ဆဲ ...။ သူ့အသံထဲမှာ သက်ဘမကင်းဟန်တွေလည်း ရှိသည် ...။ သူ့ကို ဘယ်တော့မှ အတိုက်အခံမလုပ်သော ညလေးက အမြဲအလျှော့ပေး သည်းခံ ရစမြဲဖြစ်သည်။ ပြီးတော့ ညလေးက ညလေးချစ်သူကို ဘယ်တုန်းကမှ လိမ်ညာမပြောတတ်ခဲ့ပါ ...။

"ညလေး မွေးနေ့တုန်းက အန်ကယ်သက် ပေးတာ လေ"

"နှစ်ယောက်တည်း ရှိတဲ့အချိန်မှာ ပေးတာလား"





"ဟင့်အင်း ... မဟုတ်ပါဘူး၊ နေနေလည်း ရှိတယ် လေ"

"သူက ဘာသဘောနဲ့ ဒီလက်စွပ်ကို ပေးရတာလဲ"

"သူငယ်ငယ်က ဝတ်တာ ... အခု မတော်တော့လို့ သိမ်းထားရတာ အပိုဖြစ်နေတာနဲ့ ညလေးကို ပေး တာပါ ..."

"ရိုးကို မရိုးဘူးကွာ ..."

"ဟင် ... ဘာကို မရိုးတာလဲ ..."

"လက်စွပ် ပေးတာကို ပြောတာပေါ့၊ လက်စွပ် ပေးတယ်ဆိုတာ ချစ်သူချင်းမှ ပေးရတာ၊ သူပေး စရာလား ...၊ လူကြီးဖြစ်ပြီး လူကြီးလို မနေဘူး၊ ကလေးကလားနဲ့ ... ဒီအရွယ်ကျမှ စိတ်ကစားချင် နေသလား မသိပါဘူး ..."

"အဲဒီလိုတော့ မပြောပါနဲ့ မိုးသားရယ်၊ အန်ကယ် သက်က အရမ်း စိတ်ထားကောင်းတာ ..."

"ကိုယ်အကဲခတ်ရသလောက်တော့ သူ့စိတ်ထားက ညလေးအပေါ်မှာ ပို ကောင်းနေပုံရတယ်၊ သူ ညလေးကို ကြည့်တဲ့ မျက်ဝန်းထဲမှာ စေတနာတွေ မေတ္တာတွေ လျှံကျနေတာ အသိသာကြီးပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘယ်သူ့ကိုမဆို စေတနာ မေတ္တာထား တတ်တဲ့ သူပဲ ..."

"ညလေးက သူ့ဘက်က တော်တော် ရှေ့နေလိုက် နေပါလား ..."

မိုးသားရဲ့ မယုံသင်္ကာ မျက်ဝန်းများကြောင့် ညလေး စိတ်ရှုပ်လာကာ စောစောက စိတ်ကူးယဉ်ထားတာလေးတွေပင် ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်သည်။ ညလေးက ဘာမှ မစွပ်စွဲရသေးခင် သူစွပ်စွဲတာတွေပဲ ဖြေရှင်းနေရသည်။ အန်ကယ်သက်ကို အပြစ်ပြောနေတာတွေကိုတော့ ညလေးစိတ်ထဲ သိပ်ဘဝင်မကျလှပါ ...။ သို့သော် မိုးသား ငြိုငြင်တာကိုလည်း ညလေး မခံနိုင် ...။

"ညလေးက ... ဘာဖြစ်လို့ သူ့ဆိုင်မှာမှ အလုပ်ဝင်လုပ်နေရတာလဲ ...၊ ညလေး အရည်အချင်းနဲ့ တခြားမှာ လုပ်စရာအလုပ်တွေ ပုံလို့ပါ ..."

"ဒီမှာက သင်တန်းချိန်တွေနဲ့ ညှိလို့ အဆင်ပြေတယ်လေ ...၊ ပြီးတော့ ညလေးလည်း ပေါင်မုန့်ဖုတ်တာ ကျွမ်းကျင်နေပြီဆိုတော့ အလုပ်မှာ ပျော်လာတယ် ..."

"ဒီအလုပ်မှာပဲ ညလေး ပျော်တယ်ပေါ့၊ ကောင်းပြီ





ဒါဆို ဒီလိုလုပ် ...၊ ဒီလုပ်ငန်းက အန်ကယ်သက် တစ်ယောက်တည်းလုပ်တာ ကြာပြီ ...၊ အရမ်း တွင်တွင်ကျယ်ကျယ် လုပ်နိုင်တာလည်းမဟုတ်ဘူး၊ ဒီလောက် နှစ်တွေကြာအောင် အလုပ်လုပ်လာခဲ့ပြီးပြီ ဆိုတော့ သူလည်း အနားယူသင့်နေပြီ ...၊ အဲဒီ လုပ်ငန်းလေးကို ညလေး တောင်းဝယ်လိုက်၊ ကြိုက် ဈေးပေးလိုက်၊ ကိုယ်ငွေထုတ်ပေးမယ်၊ အဲဒီလိုဆို ညလေး အလုပ်ရှင်ဖြစ်သွားပြီ ...၊ ညလေး စိတ်ကူးရှိ သလောက် ဒီဆိုင်လေးကို ချဲ့ထွင်လို့ရပြီ ..."

"အဲဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ မိုးသားရဲ့၊ အန်ကယ် သက် စိတ်မကောင်းဖြစ်နေမှာပေါ့၊ ပြီးတော့ မိုးသား ပိုက်ဆံကို ညလေးလည်း အလကား မလိုချင်ပါဘူး"

"အလကား မလိုချင်ရင် နောက်မှ ဖဲ့ဆပ်လည်း ရပါတယ်၊ ဒါမှမဟုတ် ဒီဆိုင်ဟာ ကိုယ်တို့ နှစ်ယောက် အတူပိုင်တဲ့ ဆိုင်လို့ သတ်မှတ်ထားရင် လည်း ဖြစ်တယ် ...၊ အန်ကယ်သက်ကို အားနာ နေစရာ မလိုပါဘူး၊ တန်ရာတန်ကြေးထက် အများ ကြီး ပိုပေးလိုက်ရင် သူ မရောင်းဘဲ မနေပါဘူး၊ ငွေနဲ့ပေါက်နိုင်ရင် အရာအားလုံး အဆင်ပြေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုစိတ်ကူးနဲ့ ဘာတွေ ပြောနေတာလဲ မိုးသား ရယ်၊ ဒါမျိုး မလုပ်သင့်ပါဘူး"

"ညလေးက မလုပ်ရက်တာ မဟုတ်လား"

"ဟုတ်တယ် ... ညလေး မလုပ်ရက်ဘူး၊ အဲဒီလို လုပ်တာဟာ သူ့ကို တမင်သက်သက် လှူပါး သွား ဝ့နေတာနဲ့ အတူတူပဲ ...၊ ကဲ ... ဒါတွေ ထားလိုက် ပါတော့ မိုးသားရယ် ...၊ မိုးသား ပြန်ရောက်ကတည်း က တစ်ခါမှ ချစ်သူအချင်းချင်း အေးအေးဆေးဆေး တွေ့ရတယ်လို့ကို မရှိဘူး ..."

"ကိုယ် ညလေးကို သတိရပါတယ်၊ အလုပ်ကိစ္စ လေးတွေ ရှုပ်နေလို့ပါ ...၊ စိတ်မကောက်နဲ့ ... ဟုတ်လား၊ ကိုယ် သိပ်မချော့တတ်တာ ညလေး အသိပဲ"

"မချော့တတ်တာလား ... မချော့ချင်တာလားဟော့ ညလေး မသိပါဘူး"

ညလေးက ခပ်ထေ့ထေ့ပြောရင်း ပြုံးနေမိ ပါသည်။ မိုးသားကို မကျေနပ်တာတွေ ... ရန်တွေ့ချင်တာ တွေလည်း ပျောက်ကုန်သည်။

"မိုးသား ... ဒီနေရာလေးကို မှတ်မိလားဟင် ..."





"အင်း ... ဘာဖြစ်လို့လဲ ..."

"ကဲ ... ကြည့် မမှတ်မိဘူး မဟုတ်လား၊ ဒီကဖေး ဆိုင်လေးမှာ မိုးသားကို ညလေး အဖြေပေးခဲ့တာ လေ ...၊ အခု ထိုင်နေတဲ့နေရာကလေးမှာပဲပေါ့"

"ဪ ... အင်း ... ဟုတ်သားပဲ ...၊ ကိုယ် မှတ်မိ ပါတယ် ..."

မိုးသားက စိတ်မပါသလို ပြောနေတာမို့ ညလေး စိတ်မကောင်း ဖြစ်သွားရပါသည် ...။ မိုးသားနှင့် ပတ်သက်လာလျှင် ညလေးကပဲ အမြဲအလျှော့ပေးကာ ချစ်ခဲ့ ရသည် ...။ မိုးသားကတော့ နှစ်ရှည်လများ ကွဲကွာနေသည့် ချစ်သူကို ပြန်တွေ့တာတော့ နွေးနွေးထွေးထွေး မရှိချေ။

"မိုးသားကို ညလေးလည်း မေးစရာရှိတယ် ..."

"မယ်ဝတီအကြောင်း မေးမှာ မဟုတ်လား"

"မိုးသား သိနေတာပဲ"

"သိတာပေါ့ ...၊ မိန်းကလေးဆိုတာ သဝန်တိုတတ်တဲ့ အမျိုးပဲ၊ ကိုယ့်ချစ်သူနားမှာ တခြားမိန်းကလေး တစ်ယောက်တွေ့ရင် မနာလိုဖြစ်ရတာနဲ့၊ မသင်္ကာ ရတာနဲ့၊ ဒါ ထုံးစံပဲမဟုတ်လား၊ မယ်ဝတီက ကိုယ့်မိတ်ဆွေပဲ၊ ကိုယ် နိုင်ငံခြားမှာ အလုပ်လုပ်



www.burmeseclassic.com

www.burmeseclassic.com



နေတုန်းက ကိုယ့်ကို သူ ကူညီခဲ့ဖူးတယ်၊ ဒါကြောင့် သူ့ကို ကိုယ် အလေးထားရမယ်၊ ဒါကို ညလေး အမြင်မကျဉ်းသင့်ဘူး ...”

“အဲဒါကတော့ ထားလိုက်ပါတော့၊ မိုးသားတို့ ရိုးသားတယ်ဆိုလည်း ပြီးတယ်၊ ညလေး မစွပ်စွဲ ချင်ဘူး၊ စွပ်စွဲတယ်ဆိုတာ စွပ်စွဲခံရတဲ့သူရော စွပ်စွဲ တဲ့ သူပါ သိက္ခာကျစေတယ် ...၊ ညလေး အခု သိချင်တာက ...မိုးသား ညလေးကို မိတ်ဆက် ပေးတာ ဘာဖြစ်လို့ မိုးသား ချစ်သူလို့ မပြောဘဲ ပေါင်မုန့်ဖုတ် ဆရာမလေးလို့ ပြောရတာလဲ ...”

“ဒါက ...ညလေးကို ချစ်စနိုးကျီစယ်ပြီး အမှတ် တမဲ့ ပြောလိုက်တာပဲ၊ ဒီလိုပဲ ပြောမယ်၊ ဟိုလိုတော့ မပြောဘူးလို့ အစကတည်းက ကြိုတင် ကြံစည် ထားတာမှမဟုတ်တာ၊ တော်ပြီကွာ ... အရေးမပါ တာတွေကို အထ,အန ကောက်ပြီး လျှောက်ပြော မနေနဲ့တော့ ...၊ အန်ကယ်သက် ဆိုင်ကို တောင်း ဝယ်ဖို့သာ ညလေးစဉ်းစားထား၊ အဲဒီလိုမှမဝယ် ချင်ဘူးဆိုရင် အလုပ်သာထွက်လိုက်ပေတော့ ...၊ ကိုယ်က ညလေးကိုချစ်လို့ ပြောနေရတာပါကွာ၊






ကဲ ...ဒီမှာ ညလေးအတွက် စားစရာတွေ ကိုယ် ကြိုမှာထားတယ်၊ စားလိုက်ဦးနော် ...”

မိုးသားက နူးနူးညံ့ညံ့ ပြောလိုက် သောအခါ ညလေး အရည်ပျော်ရပြန်လေသည်။ သူဖြစ်ချင်တာမို့ဆို အကြွမ်းရောအနုနည်းပါသုံး၍ ဘာစ်ဖက်သား လိုက်လျော အောင် ပြောတတ်သော မိုးသားလို အရည်အချင်းမျိုး ညလေးမှာ မရှိခဲ့ပါ ...။ နောက်ဆုံးတော့ ညလေးပဲရှုံးရလေသည်။ သို့သော် သူ့ကိုချစ်သည့် အတွက် ...ထိုအရှုံးကို ညလေး ကျေနပ်လေ သည် ...။



www.burmeseclassic.com

www.burmeseclassic.com



♥ ♥ ♥

ညလေးသည် မိုးသား ပြောလိုက်သည့် စကားများကို ပြန်စဉ်းစားမိတိုင်း အန်ကယ်သက်ကို အားနာမိလေသည် ...။ မိုးသားကတော့ ညလေးထံ မကြာခဏ ဖုန်းဆက် ကာ ဒီဆိုင်လေးကို တောင်းဝယ်ဖို့ တဂျီဂျီတိုက်တွန်းနေသည်။ ဘယ်လိုစိတ်ကူးမျိုးနှင့်များ ဒီလိုတိုက်တွန်းနေရပါလိမ့်ဟု ညလေး တွေးမိသော်လည်း ... အဖြေက ထွက်မလာခဲ့ပါ ...။ ချစ်သူစကားဆို နားယောင်ချင်သော ညလေးသာ မိုးသားက ပြောပါများသောအခါ အနည်းငယ် နားဝင်၍ လာရလေသည်။ သို့သော် ... အန်ကယ်သက်ရဲ့ ကြည်လင်သောမျက်နှာကို မြင်ရတိုင်း ... ကိုယ့်ကြံစည်မှု အတွက် နောင်တ, ရမိလေသည်။ တစ်နေ့တွင် အန်ကယ်သက်က



www.burmeseclassic.com

www.burmeseclassic.com



ညလေးမျက်နှာကို စိုးရိမ်ပူပန်သလို စိုက်ကြည့်ရင်း မေးခွန်းထုတ်သည်မှာ ...

"ညလေး ... မိုးသားနဲ့ အဆင်ပြေရဲ့လား ..."

"ပြေပါတယ် အန်ကယ်သက်ရဲ့ ... ဘာဖြစ်လို့လဲ၊ ညလေးကတော့ သူပြန်ရောက်ကတည်းက ပျော်နေတာပဲလေ"

"အင်း ... ပျော်တာလည်း ပျော်ပေါ့ဗျာ၊ ဒါပေမယ့် သိပ်မပျော်နဲ့ဗျ ...၊ သတိလည်းထား၊ ယောကျ်ားဆိုတာမျိုးက အားနာတတ်တော့ မိန်းကလေးတွေဘက်က သိပ်ကို လိုလိုလားလားရှိရင် ပါသွားတတ်တယ်လို့ ကျွန်တော့်ကို နေ့နေ ပြောပြဖူးတယ်၊ နေနေ့ကိုခေါ်ပြီး ... မိုးသားနေတဲ့ အိမ်ကို အလည်လေးဘာလေး သွားပေါ့၊ မိုးသား အလုပ်ကိစ္စတွေ လျှောက်လုပ်နေတယ် ဆိုတာကိုလည်း တစ်ခါတစ်လေတော့ အတူလိုက်သွားပြီး ကူညီပေးပေါ့ ..."

"အဲဒီလိုလုပ်ရင် ညလေးက မိုးသားကို မယုံကြည်လို့ နောက်က အင်ကွာရီ လိုက်သလို ဖြစ်သွားမှာပေါ့၊ ညလေးက သူ့ကို ယုံပါတယ်၊ ဟို ... မယ်ဝတီနဲ့ကလည်း သူ့ကို ကူညီဖူးလို့ ရိုးရိုးခင်ကြတာတဲ့





အန်ကယ်သက်ရဲ့၊ အန်ကယ်သက် ညလေးအတွက် စိတ်မပူပါနဲ့၊ ညလေးတို့ အဆင်ပြေကြပါတယ် ..."

"မည လေးညို ... ဖုန်းလာပါတယ်"

"ဪ ... အေး ... ဟုတ်ပြီ၊ အန်ကယ်သက် ညလေး ဖုန်းသွားပြောလိုက်ဦးမယ်နော်၊ အဟင်း ... မိုးသားဆီကပဲ ဖြစ်မယ် ..."

ညလေးက တယ်လီဖုန်းဆီ လှစ်ခနဲပြေးသွားခဲ့လေသည်။ ညလေးဆီ ခဏခဏ မလာပေမယ့် ဖုန်းမှန်မှန်ဆက်နေတာကိုတော့ ညလေးက ကျေနပ်နေရပါသည်။

"ဟဲလို ..."

"ညလေး ... ကိုယ်ပါ၊ စောင့်လိုက်ရတာ ... ဘာလုပ်နေတာလဲ"

"အန်ကယ်သက်နဲ့ စကားပြောနေတာ"

"ဘာတွေပြောနေကြတာလဲ"

"ဪ ... ညလေးတို့ အဆင်ပြေရဲ့လားလို့မေးလို့ ပြန်ဖြေနေတာပါ"

"အဲ့ဒါ သူ့ကိစ္စလား၊ သူ့ကိုက ကိုယ်တို့ နှစ်ယောက်ကို လိုက် စိတ်ဝင်စားနေတာ၊ ပွဲလန့်တုန်း ဖျာဝင်ခင်းမယ့် ပုံပဲ"



www.burmeseclassic.com

www.burmeseclassic.com



“မိုးသား ဒီလိုတော့ မပြောသင့်ဘူး၊ ဟိုတစ်နေ့က
သူကျွေးတဲ့ စားစရာတွေကို အားရပါးရ စားပြီးတယ်
အဲဒီလို ကျေးဇူးကန်းစကားတွေ ပြောတာတော့
မကောင်းပါဘူး”

“အဲဒီနေ့က နေနေနဲ့ ညလေးကို အေးအေးဆေးဆေး
တွေ့ချင်လို့သာ လာတာပါ ...၊ အန်ကယ်သက်
ကိုလည်း ခင်တော့ ခင်ပါတယ်၊ ဒါပေမယ့် အဲဒီ့ည
က အန်ကယ်သက် ညလေးကို ကြည့်တဲ့မျက်လုံး
တွေကို မြင်ကတည်းက စိတ်ပြောင်းသွားတာ ...”

“မိုးသား အဲဒီလို စိတ်ပြောင်းတာ ညလေး စိတ်
မကောင်းဘူး၊ ညလေးက အန်ကယ်သက်ကိုရော
နေနေ့ကိုရော ... ညလေးတို့ နှစ်ယောက်နဲ့ အားလုံး
ခင်ခင်မင်မင် ရှိစေချင်တယ်”

“ကဲ ... ဒါတွေ ပြောမနေပါနဲ့တော့၊ ညလေး
ကိုယ်စဉ်းစားခိုင်းထားတာ စဉ်းစားပြီးပြီလား”

“ဘာကိုလဲ ...”

“ညလေး ဝေ့လည်ကြောင်ပတ် လုပ်မနေနဲ့ကွာ ...
အန်ကယ်သက်ဆီက ဆိုင် ဝယ်ဖို့ကိစ္စကို ကိုယ်ပြော
နေတာ ...”





“အဲဒီလိုတော့ မလုပ်သင့်ဘူးထင်တယ် မိုးသား
ရယ် ...၊ အဲဒီလို လုပ်ရင် နေနေကရော ဘယ်လို
ထင်မလဲ ...၊ သူတို့ကို တမင်ကျော်သလိုဖြစ်မနေ
ဘူးလား၊ မိုးသား ... အန်ကယ်သက်မျက်နှာကို
မထောက်ရင်တောင် နေနေ့မျက်နှာကို ထောက်သင့်
တယ် ...”

ညလေးသည် အသံကိုနှိမ့်ကာ ဖုန်းပြောရင်း အန်ကယ်သက် ကြားသွားမှာကို စိုးရိမ်စိတ်ဖြင့် ခြေဖျားလက်ဖျားတွေပင် အေးစက်လာခဲ့ရပါသည်။ အပြင်းအထန်တောင်းဆိုနေသော မိုးသားကိုလည်း ညလေး နားမလည်နိုင်တော့ပါ။

“ကဲ ... မိုးသား ပြောချင်တာ ဒီကိစ္စပဲမဟုတ်လား၊
အဲ့ဒါဆို ညလေး ဖုန်းချလိုက်တော့မယ် ...”

ညလေးက ဖုန်းချမယ် ပြောရုံရှိ သေး ... သူက အရင်ဖုန်းချသွားတာမို့ ညလေး စိတ်လေးစွာ သက်ပြင်းချမိပါသည်။

အဲ့ဒီအချိန်ထိ ညလေးက အန်ကယ်သက်ကို ခင်မင်အားနာစွာ အန်ကယ်သက်ဘက်က ရပ်တည်ပေးခဲ့တာဖြစ်သည်။ အန်ကယ်သက်ဟာ ... ညလေးတို့ ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်အပေါ်မှာ စေတနာထားသူဟု ညလေး အခိုင်အမာ ယုံကြည်ခဲ့မိလေသည်။



♥ ♥ ♥

အဲဒီနေ့က ညလေးသည် ဆိုင်သို့ စောစော ရောက်လာပြီး ... ဆိုင်မဖွင့်သေးတာမို့ ... အနက်ကယ်သက်တို့ အိမ်ဘက်သို့ လျှောက်လာခဲ့သည်။ ဧည့်ခန်းထဲ လှမ်းဝင်စင်ချင်း ရှုပ်ပွနေသော စားပွဲတစ်လုံးက ညလေးမျက်စိထဲ တန်းခနဲ ဝင်လာလေသည်။

"ဒီစားပွဲကလည်း အမြဲရှုပ်ပွနေတာပဲ ...၊ အသေးလေးတို့ကတော့ ... စားပွဲရှင်းပါဆို စားပွဲပေါ်ပဲ ရှင်းတယ်၊ စားပွဲအောက်ဆင့်က စက္ကူ အပိုင်းအစတွေ ရှုပ်ပွနေတာကို ရှင်းရကောင်းမှန်းမသိဘူး ...၊ ဒီအိမ် ပေါ်မှာ ငါလာမပြောရင် မပြောသလို အမြဲရှုပ်နေ တော့တာပဲ၊ အသေးလေးရေ ... နင် ဘယ်မှာလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



“မီးဖိုချောင်ထဲမှာ ပန်းကန်ဆေးနေတယ်အစ်မ၊ အမြင်မတော်တာ တွေ့ရင် အစ်မပဲ လုပ်သွားလိုက်ပါ၊ အစ်မလုပ်တာက ကျွန်မလုပ်တာထက် ပိုပြီး သပ်ရပ်လို့ပါ”

ညလေးသည် အသေးလေးကို ထပ်ပြောမနေတော့ဘဲ ... စားပွဲပုလေးရဲ့အောက်ထပ်ကို ရှင်းပေးနေမိလေသည် ...။

“ဒီစက္ကူ အပိုင်းအစတွေကလည်း လွှင့်ပစ်ရမှန်း မသိဘူး၊ သိမ်းရမှန်း မသိဘူး ...”

ညလေးက တဖျစ်တောက်တောက်ပြောရင်း စာရွက်ပိုင်းလေးတွေကို တစ်ခုချင်း သေသေချာချာကြည့်ကာ ကောက်ထပ်လိုက်သည်။ ထပ်ရင်းက တွန့်ခေါက်နေသော စာအိတ်ကလေးတစ်ခုကို ကိုင်မိတာမို့ ညလေးက ထိုစာအိတ်ကလေးကို ဆွဲဆန့်လိုက်သည်။ ညလေးက အမှတ်တမဲ့ ... လိပ်စာရေးထားသည့်ဘက်ကို လှန်ကြည့်မိခဲ့လေသည်။

“ဟင် ...”

စာအိတ်ပေါ်မှာ ညလေး နာမည်ရေးထားပြီး လက်ရေးကလည်း မိုးသား လက်ရေးဖြစ်သည်။ ညလေးက ရင်ထဲ တုန်ယင်သွားကာ ... စာအိတ်ထဲကို ကမန်းကတန်း





ကြည့်မိတော့ စာက မရှိတော့ချေ။ စာအိတ်က အခွံချည်းသက်သက် ဖြစ်ပါသည်။

“အသေးလေး ... ခဏ လာဦး ...”

ညလေးက အသေးလေးကို လှမ်းခေါ်လိုက်မိပါသည်။ ဟောဒီစာကို ဘယ်သူဖောက်ခဲ့သလဲ ... ညလေး သိရမှဖြစ်မည်။

“အစ်မ ... ကျွန်မ ရောက်ပြီ ...”

“ဒီမှာ ... ဒီစာအိတ်ကို တွေ့လား၊ အဲဒီစာကို စာတိုက်ပုံးထဲက ဘယ်သူ ယူလာတာလဲ၊ ဘယ်သူ ဖောက်ထားတာလဲ၊ ကြည့်စမ်း ... စာလည်းမတွေ့တော့ဘူး၊ စာအိတ်ခွံပဲကျန်တော့တယ်”

“ဟို ... အဲဒါ ... အဲ ... ဟုတ်ပြီ မှတ်မိပြီ၊ အဲဒီစာကို ကျွန်မ ယူလာပြီး အန်ကယ်သက်ကို ပေးလိုက်တာ”

“ဟင် ... ကြည့်စမ်း၊ အောက်တန်းကျလိုက်တာ ...”

စာဖောက်ဖတ်သူမှာ အန်ကယ်သက် ဖြစ်ကြောင်း သေချာသွားလေသည်။ ညလေး ... မထင်ခဲ့ပါ။ အန်ကယ်သက်ဟာ ဒီလောက် အောက်တန်းကျသည့် အလုပ်မျိုးကို လုပ်လိမ့်မည်ဟု မထင်ခဲ့။ ခုတော့ အန်ကယ်သက်က စာကို ဖောက်ဖတ်ရုံမျှမက အစ ဖျောက်ဖျက်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ညလေးတို့ချစ်သူနှစ်ယောက်ကို အထင်အမြင်မှားအောင် သွေးခွဲတာပဲ ...။ စာမရလို့ ပူပန်နေသော ညလေးခံစားမှုကို သိရက်နှင့် ... မိုးသားစာကို ဖျောက်ဖျက်ပစ်ရက်သည် ...။ ညလေးသည် စာအိတ်ခွံကို ဆုပ်ကိုင်ထားရင်း ဒေါသလည်းဖြစ် မျက်ရည်လည်း ကျလာရပါသည်။

"ညလေး ... အစောကြီးရောက်နေပါလား ..."

ဧည့်ခန်းထဲသို့ ဝင်လာသော အန်ကယ်သက်အသံကို ကြားတော့ ညလေး ဆတ်ခနဲ မော့ကြည့်မိရင်း ...

"အန်ကယ်သက် ... ဒီစာအိတ်ထဲက စာရော ..."

"ဟို ... အဲ့ဒါက ..."

"ဘာမှ ရှောင်လွှဲဖို့ စကားလုံး ရှာမနေနဲ့ အန်ကယ်သက် ... အားလုံးသိသာထင်ရှားနေတဲ့ကိစ္စပဲ၊ ဒီစာကို အန်ကယ်သက် ဖောက်ဖတ်ခဲ့တယ်မဟုတ်လား"

"အဲဒါတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ..."

"ဟုတ်ပါတယ်ဆို အဲ့ဒီစာ ဘယ်မှာလဲ၊ ခု ပြန်ပေးပါ"

"စာက ... ပျောက် ... ပျောက်သွားတယ်"

"အဓိပ္ပာယ်မရှိတာ ... ပျောက်သွားရတယ်လို့၊ အဲ့ဒါ အန်ကယ်သက် တမင် ဖျောက်ဖျက်ပစ်လိုက်တာ မဟုတ်လား ...၊ ညလေး ... မထင်ဘူး၊ အန်ကယ်သက်ကို တကယ်အံ့သြတယ်၊ နှမြောတယ် ...၊ ညလေးစိတ်ထဲမှာ အန်ကယ်သက်ဟာ ညလေးတို့ ချစ်သူနှစ်ယောက်ကို ပေါင်းစေချင်တဲ့စေတနာပဲရှိမယ် ထင်ခဲ့တာ ...၊ ခုတော့ ... မိုးသားက စာထည့်လိုက်တာတောင် ညလေးလက်ထဲကို မရောက်အောင် ကြံစည်ရက်တယ် ...၊ အန်ကယ်သက်ကို ... စိတ်သဘောထား ကောင်းတယ်လို့ ယူဆထားခဲ့မိတာ ညလေး မှားတာပဲ၊ တကယ်တော့ အန်ကယ်သက်ဟာ ဝမ်းတွင်းပုပ်ပဲ ..."

"မဟုတ်သေးဘူး ညလေး၊ စာ ဆိုပေမယ့် အဲဒီစာက ..."

"ဘာတွေ အကြောင်းပြချင် ငြင်းချင်သေးလို့လဲ အန်ကယ်သက်"

"အထင် မမှားပါနဲ့၊ ဒီလိုပါ ညလေးရယ် ...၊ ကျွန်တော်ဟာ ညလေးကို အင်မတန် စိတ်ချမ်းသာစေချင်တဲ့သူပါ ...၊ အင်မတန် စေတနာထားမိတဲ့သူပါ ...၊ ညလေး စိတ်ဆင်းရဲမှာစိုးတဲ့ စိတ်တစ်ခုနဲ့ ကျွန်တော် ဒီလို အောက်တန်းကျမိတာပါ ...၊ အများကြီး လွန်မိတာပါ ..."







www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်သက် ဘာမှ မပြောနဲ့တော့၊ ညလေး မယုံတော့ဘူး၊ ဒါကြောင့် မိုးသားက ပြောခဲ့တာ ...၊ အန်ကယ့်သက်ဟာ ညလေး အပေါ် မရိုးဘူးတဲ့၊ သိပ်မှန်တာပဲ၊ ဒါကြောင့်သာ ညလေးတို့နှစ်ယောက် ကြားမှာ အန်ကယ်သက် ကလဖန်ထိုး (ကုလားဖန်ထိုး) ခဲ့တာ၊ ညလေး ကတော့ ဘယ်သူဘာပြောပြော အန်ကယ်သက် ဘက်က ကာကွယ်လိုက်ရတာ၊ ခုတော့ အလကားပဲ၊ မင်းသားခေါင်း အောက်က ဘီလူးခေါင်းက ပေါ်လာပြီ ..."

"ညလေး ထင်သလို မဟုတ်ဘူး ...၊ မဟုတ်ပါဘူး၊ အဲဒီ့တစ်ခုပဲ ကျွန်တော် အသေအချာပြောနိုင်ပါတယ် ဗျာ ..."

ဦးဖေသက်ထင်မှာ သွေးရူးသွေးတန်း ငြင်းဆန်ရင်း ညလေးရှေ့မှာ ခေါင်းငုံ့နေမိပါသည်။ သူ့စိတ်ထဲ လည်း ဆူဝေကာ ဘာတွေလုပ်ရမှန်းမသိဖြစ်နေသည်။ စာကိုထုတ်ပြလိုက်ရင် ကောင်းမလား။ အဲ့ဒီလိုဆို ... ဘာတွေ ဖြစ်သွားမလဲ ...။ စာကို မြင်ကာမှ ... ညလေး အလွန့်အမင်း စိတ်ဆင်းရဲသွားလေမလား။ အခုတော့ ညလေးကြည့်ရတာ စိတ်ချမ်းသာနေပုံပါ။ မိုးသား ညလေးဘက်ကို ပြန်ယိုင်





လာခဲ့ရင် ... ညလေးကိုပဲ အမှန်တကယ်ချစ်ပြီး လက်ထပ်မှာ ဆိုလျှင် ... သူ ပြလိုက်တဲ့စာဟာ အနှောင့်အယှက် ဖြစ်လေ မလား ...။ သူက အမျိုးမျိုးတွေးကာ ... ဘယ်လို ဆုံးဖြတ် ရမှန်းမသိဘဲ ပြောသမျှကိုသာ ခေါင်းငုံ့ခံနေမိပါသည်။

ညလေးက ဘာမှ ဆက်မပြောတော့ဘဲ သူ့ရှေ့မှ ချာခနဲလှည့်ထွက်သွားသည် ...။ အိမ်ဝမှာ နေနေ နှင့် ဆုံတော့ ညလေးက စာအိတ်ခွံကို နေနေ့ လက်ထဲသို့ ထည့်ကာ ...

"ရော ... ဒီမှာ ... နင့် ဦးလေး ဘာလုပ်ခဲ့တယ်ဆိုတာ စဉ်းစားသာ ကြည့်တော့ ..."

ဟုပြောပြီး အိမ်ပေါ်မှ ပြေးဆင်းသွားလေ သည်။ သူ ... နေနေ့ကို မရဲတရဲကြည့်မိတော့ နေနေရဲ့ မယုံသင်္ကာမျက်ဝန်းတွေကို ထပ်မံရင်ဆိုင်လိုက်ရပြန်ပါသည်။ သူ့မျက်ဝန်းထဲ ရစ်ဖွဲ့လာသော မျက်ရည်တွေကို ခပ်မြန်မြန် မျက်တောင်ခတ်၍ ဖျောက်ဖျက်ပစ်ရသည်။ ဒီအရွယ်ကြီး ကျမှ မျက်ရည်ကျ လျှင်လည်း ဘယ်သူမှ သနားမှာ မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



♥ ♥ ♥

"အန်ကယ်သက် ကို ညလေး တစ်ခုလောက် request လုပ်ချင်ပါတယ် ..."

"ဟုတ်ကဲ့ ... ပြောပါ ..."

သူက ညလေးရဲ့ ခပ်စူးစူးအကြည့်တွေကို ရင်မဆိုင်ရဲဘဲ ညလေးရှေ့မှာ မျက်လွှာချရပ်ရင်း ခေါင်းညိတ်ပြလိုက်ပါသည်။ မနေ့က မနက်ကတည်းက သူ့ကိုစိတ်ဆိုးကာ ဆိုင်ကိုပင် မလာတော့သော ညလေးသည် ဒီကနေ့ မနက်စောစော ပေါက်ချလာကာ ခရီးရောက်မဆိုက်ပင် ထိုစကားကို ပြောလေသည်။ သူမအသံက နည်းနည်းလေးမှ ပျော့ပျောင်းမှုမရှိပါ ...။ ညလေး ဘာတွေကိုများ တောင်းဆိုမလို့ပါလိမ့် ...။ သူက အတတ်နိုင်ဆုံး လိုက်လျောဖို့ အသင့် ပြင်ဆင်ထားပါသည်။

---

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



“အန်ကယ်သက်ရဲ့ ပေါင့်မုန့်ဆိုင်ကို ညလေးတို့ကို ရောင်းနိုင်မလား”

“ဗျာ ...”

မထင်မှတ်သော စကားမို့ ညလေးကို သူ ဆတ်ခနဲ ခေါင်းမော့ကြည့်မိပါသည်။ ညလေးက မျက်နှာ ခပ်မော့မော့နှင့် သူ့ကို မကြည့်ဘဲ ...

“ညလေးက အန်ကယ်သက် လက်အောက်မှာ အလုပ် မလုပ်ချင်တော့ဘူးလေ၊ ဒါပေမယ့် ဟောဒီ ဆိုင် ကလေးကိုတော့ ညလေး မက်မောတယ်၊ အဲ့ဒါကြောင့် ဒီဆိုင်ကလေးကို အန်ကယ်သက်ဆီက ညလေး ဝယ်ချင်တယ် ...၊ ပိုက်ဆံကတော့ မိုးသား ပိုက်ဆံ ပေါ့၊ အန်ကယ်သက်ဆီက ဆိုင်လေးကို ဝယ်ပြီးရင် ဒီဆိုင်ဟာ ညလေးနဲ့ မိုးသားတို့ နှစ်ဦးပိုင် ဖြစ်သွား ပြီလေ ...”

“ကျွန်တော် ... ကျွန်တော် ... မရောင်းပါရစေနဲ့ ညလေးရယ်”

“ဒီလောက်လည်း အကြောက်အကန် မငြင်းပါနဲ့ အန်ကယ်သက်ရဲ့၊ ညလေးတို့က တန်ရာတန်ကြေး





ထက် ပိုပေးမှာပါ ...၊ ဒီဆိုင်ကို အန်ကယ်သက် ဦးစီးလာတာလည်း ကြာပါပြီ၊ အခြေအနေကလည်း ထူးထူးခြားခြားမှ မတိုးတက်တာ ...၊ အန်ကယ်သက် အနေနဲ့လည်း ဆိုင်ရောင်းရတဲ့ငွေကို တခြားလုပ်ငန်း တစ်ခုခုမှာ ရင်းနှီးမြှုပ်နှံပြီး အေးအေးဆေးဆေး အနားယူလို့ ရတာပေါ့ ...”

“ကျွန်တော် တောင်းပန်ပါတယ်၊ မရောင်းပါရစေနဲ့ ဗျာ၊ ကျွန်တော့်မှာ ဒီဆိုင်ကလေးပဲ ဖက်တွယ်စရာ ရှိပါတယ်၊ ကျွန်တော့်မိဘတွေ ထားခဲ့တဲ့ ဆိုင်ကလေး ပါ ...၊ မိဘတွေလက်ထက်က ပိုင်ခဲ့လို့သာ ဟောဒီ အိမ်နဲ့ခြံနဲ့ နေခွင့်ရပေမယ့် စီးပွားရေးဆိုလို့ ဒီဆိုင် ကလေးပဲ ရှိတာပါ၊ ဟောဒီဆိုင်က ရတဲ့ငွေနဲ့ ကျွန်တော့် နှမတွေ လိုတဲ့ငွေကိုလည်း ဖြည့်ဖြည့်ပေး နေရတာပါ၊ မကြာခင် ဟောဒီ အိမ်နဲ့ခြံကို ရောင်းပြီး အမွေခွဲဝေကြဖို့လည်း ကျွန်တော့်နှမတွေ ကြိုးစား နေကြပါတယ်၊ သူတို့ ရောင်းပြီးသွားရင် ကျွန်တော့် အတွက် ခိုနားစရာဆိုလို့ ဟောဒီဆိုင်ကလေးပဲ ရှိပါတယ်ဗျာ ...”

“ညလေးက အန်ကယ်သက် ဆိုင်ကို အလကား



www.burmeseclassic.com

www.burmeseclassic.com



တောင်းနေတာမှ မဟုတ်တာ၊ တာန်ရာတန်ကြေးထက် ပိုပေးဝယ်ပါ့မယ်လို့ ပြောပြီးပြီပဲ ...၊ ညလေးတော့ ဒီဆိုင်ရမှ စိတ်ချမ်းသာနိုင်မယ်၊ အန်ကယ်သက် ပြောတော့ အန်ကယ်သက်က ညလေးကို အင်မတန် စိတ်ချမ်းသာစေချင်တယ်ဆို ...၊ မနေ့ကပဲ ပြောခဲ့ သေးတယ် မဟုတ်လား ...”

သူ ခေါင်းငိုက်စိုက် ကျသွားခဲ့ရပါသည်။ ...က်စက်လိုက်တာ ညလေးရယ် ...။ ယောကျ်ားတန်မဲ့ ငိုချင် ...ွဲင်းပြလာတာမို့ သူ့စိတ်ကိုသူ ဖွတ်အတင်းထိန်းချုပ်ထားရ ...ါသည်။

“ဘယ်လိုလဲ ... အန်ကယ်သက်ရဲ့၊ ညလေး တောင်း ဆိုတာကို လက်ခံနိုင်မလား၊ ဖြေပါဦး”

“ကျွန်တော် ... ကျွန်တော့်ဘဝကို ဘယ်လိုဆက်ပြီး စခန်းသွားရမယ်ဆိုတာ စဉ်းစားချိန်လေးတော့ပေးပါ ညလေးရယ် ...၊ ကျွန်တော် ဒီအလုပ်အပြင် တခြား ဘာမှလည်း မလုပ်တတ်လို့ပါ ...၊ ကျွန်တော့်ကို တစ်ပတ်လောက်တော့ စဉ်းစားချိန်ပေးပါ”

“ဒါဆို တစ်ပတ်ပြည့်တဲ့နေ့ကျ ညလေး ပြန်လာခဲ့ မယ်၊ အဲ့ဒီအခါကျ အဖြေကို တိတိကျကျ လိုချင်



ပါတယ်၊ ညလေး စိတ်ချမ်းသာရမယ့်အဖြေ ဖြစ်လိမ့် မယ်လို့ မျှော်လင့်ပါတယ်”

“ကောင်းပါပြီ ...”

ညလေး သူ့ရှေ့က လှည့်အထွက်မှာ သူ့ ...လုံးသားတွေကို နင်းချေသွားသလားဟုတောင် ထင်ရအောင် သူ့ရင်ဘတ်တစ်ခုလုံး မွမွကြေကျန်ခဲ့ရပါသည်။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



♥ ♥ ♥

နေနေသည် ခပ်မှောင်မှောင် တိုက်ခန်းလှေကားထစ်တွေကို ဖြည်းဖြည်းချင်း နင်းတက်ရင်း ခေါင်းထဲမှာတော့ အတွေးတွေ ရှုပ်ယှက်ခတ်နေခဲ့ရပါသည် ...။

အရာရာဟာ အရှုပ်ထွေးဆုံးအနေအထားမှာ ရှိနေခဲ့ရပြီ။ အန်ကယ်သက် ဖျောက်ပစ်လိုက်သည့် စာဟာ ဘာစာမှန်းလည်း မသိရ ...။ ရိုးရိုးရည်းစားစာမျိုး မဟုတ်နိုင်ဘူးဆိုတာကိုတော့ သူ့စိတ်ထဲမှာ အလိုလို သိနေရပါသည်။ အန်ကယ်သက်မှာ အကြောင်းတစ်ခုခုတော့ ရှိလိမ့်မည် ...။ အန်ကယ်သက်ဟာ သူများ ရည်းစားစာကို ဖျောက်ပစ်ပြီး သမီးရည်းစားချင်း စိတ်ဝမ်းကွဲအောင် လုပ်တတ်သည့် စိတ်ယုတ်မာ ရှိသော သူတစ်ယောက် မဟုတ်တာကိုတော့ သူ



www.burmeseclassic.com

www.burmeseclassic.com



အာမခံနိုင်သည်။ သို့သော် အန်ကယ်သက်က ဘာတစ်ခွန်းမှ မဖြေရှင်းဘဲ ငြိမ်သက်လွန်းတာမို့ ... သူ ... ဘာကို ယုံကြည်ရမှန်း မသိခဲ့ပါ ...။

ဒီကြားထဲ ညလေးကလည်း ဘာစိတ်ရှုပေါက်သည်မသိဘဲ ဆိုင်ကို အတင်းလာဝယ်နေပြန်သည် ...။ အန်ကယ်သက် ကြည့်ရတာလည်း ... ညလေး စိတ်ချမ်းသာမှုကို ရှေးရှုပြီး သူ အလွန်တွယ်တာသော ဆိုင်ကို အမိုက်ခံရောင်းတော့မည့်ပုံ ပေါ်နေသည် ...။ မိုးသားကလည်း သူ့ကို မဆက်သွယ်။ သူဆက်သွယ်တော့လည်း ဖုန်းပိတ်ထားတာမို့ မိုးသား တိုက်ခန်းကို သူလိုက်လာခဲ့ရသည် ...။ ဟောဒီတိုက်ခန်းကို မိုးသားဝယ်ဖို့ သူပဲ စုံစမ်းပေးခဲ့ရတာမို့ ... တိုက်ခန်းလိပ်စာကိုတော့ သူသိနေခဲ့ပါသည်။

၅ လွှာ တိုက်ခန်းရှေ့ ရောက်လာတော့ သူက ဘဲလ်ကို နှိပ်လိုက်သည်။ ခဏကြာတော့ တံခါးချပ်ကဖျတ်ခနဲ ပွင့်လာကာ ...

"ဟယ် ... နေနေ ပါလား ...၊ ဘယ်က လှည့်လာတာလဲ၊ ဒီကိုပဲ လာတာလား၊ မယ်က ... မိုးသားပြန်လာပြီမှတ်လို့၊ လာလေ ... လာ ... အထဲဝင်"

မယ်က သူ့အိမ်သူ့ရာကို ခေါ်သလို ဖိတ်ခေ





နေတာမို့ သူအံ့အားသင့်ကာ တိုက်ခန်းထဲ ဝင်လာ ခဲ့မိပါသည် ...။ မယ်က ... ကြွေပန်းအိုးတွေကို နေရာတကျ ပြန်ရွှေ့ထားရင်း ...

"နေနေ့ သူငယ်ချင်းက ... ပျော်း နေနေရဲ့ ...၊ သူ့အခန်းထဲမှာ ဒီလောက်ရှုပ်ပွနေလည်း မရှင်းဘူး၊ မယ်က သူ့ဧည့်ခန်းထဲမှာ ... အလှထားဖို့ ကြွေပန်းအိုးတွေ ဝယ်ပေးထားလည်း ... ဒီအတိုင်း ထားထားတာပဲ၊ ဘယ်နားမှာ ထားရင် လှမယ်ဆိုတာလည်း သူ စဉ်းစားပုံ မရဘူး၊ မယ်လာမှပဲ နေရာတကျ လှလှ ပပထားရတော့တယ်၊ သူရှိမယ်မှတ်လို့ သူ့ဆီ မယ် လာတာ ...၊ သူက အပြင်ထွက်သွားတာနဲ့ မယ့်ကို ပေးထားတဲ့ သော့တစ်ချောင်းနဲ့ ဖွင့်ဝင်လာပြီး ရှင်းပေးနေရတာ ...

"သူက ဟိုမှာတုန်းကလည်း ဒီလိုပဲ နေနေရဲ့ ...၊ သူနေတဲ့ apartment ထဲမှာဆို ရှုပ်ပွနေတာများ ... ဒါ့ထက်တောင် ဆိုးသေးတယ်၊ မယ်ပဲ ... တစ်ပတ်တစ်ခါ သွားသွားရှင်းပေးနေရတာ ..."

"သူ အခု ဘယ်သွားလဲ ... မယ်ဝတီ၊ ကျွန်တော် သူနဲ့ စကားပြောချင်လို့ လာခဲ့တာ ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာဆောင်ဖို့ Hotel တွေများ လိုက်စုံစမ်းနေသလား မသိပါဘူး နေနေရယ် ...၊ သူ့မှာ ဘာအလုပ်တွေ ရှုပ်နေသလဲ မသိပါဘူး ...၊ မင်္ဂလာကိစ္စက ... သူနေးနေတာနဲ့ပဲ ကြန့်ကြာနေတာ၊ ဟိုမှာတုန်းကတော့ ပြန်ရောက်ရောက်ချင်း မင်္ဂလာကိစ္စ စီစဉ်မယ် ပြောတာပဲ၊ ခုတော့ ဘာတွေဘယ်လို နှောင့်နှေးနေသလဲမသိပါဘူး နေနေရယ်၊ မယ်လည်း သူ စိတ်ရှုပ်မှာစိုးတာနဲ့ မေးမနေတော့ဘူး၊ စိတ်ရှည်ရှည်နဲ့ပဲ စောင့်နေလိုက်တော့တယ် ..."

"ကျွန်တော် ပြန်လိုက်ဦးမယ် ... မယ်ဝတီ"

"ဟင် ... သူ့ကို မစောင့်တော့ဘူးလား ..."

"မစောင့်တော့ဘူး ..."

"ဒါဆိုလည်း ကော်ဖီလေး ဘာလေးတော့ သောက်သွားပါဦးလား နေနေ၊ မယ် အခုပဲ သွားဖျော်တော့မလို့ ..."

"ရပါတယ် ... မသောက်တော့ပါဘူး ..."

"အန်ကယ်သက်တို့ ညလေးတို့ကို မယ်က သတိရကြောင်း ပြောပေးပါနေနေ၊ မယ်လည်း ဟိုမှာ အမြဲနေရာကနေ ဒီမှာ ပြန်နေရမှာဆိုတော့ ... နေ





ထိုင်ရတာ အသားမကျဘူး ဖြစ်နေတယ်၊ ဒီမှာ ... Fushion shop လေး ဖွင့်ဖို့လည်း စီစဉ်နေတာနဲ့ အလုပ်ရှုပ်ပြီး နေနေတို့ဆီ မရောက်ဖြစ်ခဲ့ဘူး"

"ရပါတယ် ...၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

သူ ... တိုက်ခန်း လှေကားထစ်တွေကို ခပ်ပြင်းပြင်း နင်းဆင်းလာခဲ့သည် ...။ သူ့စိတ်ထဲမှာတော့ မိုးသားမျက်နှာကို လက်သီးနှင့် တစ်ချက်ချင်း ဗိုမ်ဆွဲ ထိုးချင်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



♥ ♥ ♥

“အစကတည်းက မရှင်းခဲ့လို့ အခုလို ရှုပ်ကုန်တာပဲ
အန်ကယ်သက် ...၊ မယ်နဲ့ မိုးသားနဲ့က ယူဖို့အထိ
စီစဉ်ပြီးကြပြီ၊ ဒီက ညလေးက ... ဘာမှ မသိဘဲ
မိုးသား ပြန်လာတာကို ဝမ်းပန်းတသာ ကြိုတော့
ဟိုကောင်က ချော်လဲရောထိုင်ပြီး ငါးကြင်းနှစ်ကောင်
ခွဖမ်းရော ...၊ အဲ့ဒါ အန်ကယ်သက် ပယောဂတွေ
အများကြီးပါတယ်ဆိုတာ စဉ်းစားမိရဲ့လား၊ သစ္စာ
မရှိတာကို သစ္စာရှိတယ် ထင်အောင် လုပ်ကြံလို့ဆယ်
ပြောထားတော့ ညလေးက မိုးသားကို ကြွေနေတာ
ပေါ့ ...၊ ခုကျမှ ဒါတွေဟာ အန်ကယ်သက်
လိမ်ပြောတာပါဆိုရင်လည်း ညလေးက အန်ကယ်



www.burmeseclassic.com

www.burmeseclassic.com



သက်ကိုပဲ စိတ်ဆိုးဦးမယ်၊ ဒီတစ်ခါစိတ်ဆိုးရင်တော့ ဆိုင်တင်မဟုတ်ဘူး၊ အိမ်ပါတောင် ဝယ်လိမ့်မယ်”

“အေးပေါ့ကွာ ... ပြောပါ ... ပြောပါ၊ ငါ့အမှားပါ”

“ဘယ်သူပြောပြော ငါ့အမှားပါဆိုပြီး ခေါင်းငုံ့ခံနေလို့ မပြီးဘူး အန်ကယ်သက်ရဲ့ ...”

“ဒါဆို ငါ ဘယ်လိုလုပ်ရမလဲ ...”

“ညလေး ... ဒါတွေအားလုံးကို သဘောပေါက်အောင်ရှင်းပြဖို့ လိုတယ် ...၊ တော်သေးတာပေါ့ စောစောစီးစီးသိလို့ ...၊ မဟုတ်ရင် ... ညလေးမှာ ... မိုးသားပြောတာယုံပြီး မိုးသားကိုသာ လက်ထပ်လိုက်ရင်ဘာတွေဘယ်လိုဖြစ်ကုန်မယ်ဆိုတာ မစဉ်းစားရဲအောင်ပဲ ...”

ဦးဖေသက်ထင်မှာ နေနေ စိတ်လိုက်မာန်ပါပြောနေတာကို အငေးသား နားထောင်ရင်း ... သူ့ဝှက်ထားသည့်စာကလေးတစ်စောင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိပါသည်။ စာမှာ သူ့လက်က ချွေးစေးတွေဖြင့်ကပ်ကာ ပျော့ဖတ်နေသည် ...။ ဘာကိုဘယ်လို ဖြေရှင်းရမှန်းမသိတော့တာမို့





နေနေ့ကိုသာ အားလုံးဖွင့်ပြောရုံရှိတော့သည်။ သူက နေနေ့နားသို့ အသာချဉ်းကပ်သွားကာ ...

“နေနေ ... ငါ ငါ ... မင်းကို ပြစရာတစ်ခုရှိလို့ ...”

“ဘာပြမှာလဲ”

“ဒီ ... ဒီစာ ...”

နေနေ့ကို စာလှမ်းပေးနေသော သူ့လက်တွေပင် တုန်ယင်နေရပါသည် ...။ နေနေက စာကိုဖြန့်ဖတ်တော့သူ ... နေနေ့မျက်နှာ အပြောင်းအလဲကို မကြည့်ရဲဘဲ မျက်နှာလွှဲထားရသည်။ ခဏကြာတော့ နေနေ့အသံက ခပ်ဆောင့်ဆောင့် ထွက်လာသည်။

“ကိစ္စက အစကတည်းက ရှင်းနေတဲ့ကိစ္စ၊ အန်ကယ်သက် လုပ်လို့ ရှုပ်ကုန်တာ ...၊ ဒီစာကို အစောကြီးကတည်းကသာ ညလေး ဖတ်ရရင် အခုလောက်ဆိုသူခံစားရတာတွေတောင် အကင်းသေနေလောက်ပြီ၊ ခုလောက်ထိ သံသရာ ရှည်နေမှာ မဟုတ်ဘူး ...”

“ငါက ညလေး စိတ်ဆင်းရဲမှာစိုးလို့ စာကို မပေးဘဲနေခဲ့မိတာပါကွာ ...”

“ခဏလေး ပျော်စေချင်တာဟာ တစ်သက်လုံးစိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲအောင်လုပ်တာနဲ့ တူမနေဘူးလား အန်ကယ်သက်"

"ငါ ... ငါ နားမလည်လို့ လုပ်မိပါတယ်ကွာ၊ ငါမှားပါတယ် ..."

သူက ခပ်တိုးတိုး ပြန်ပြောရင်း မျက်ရည်ကျမိလေသည်။ သူ့မျက်ရည်ကို နေနေ မြင်လျှင် 'မကြီးမငယ်' ဟု ပြောမှာ ကြောက်တာမို့ နေနေ့ကို ကျောခိုင်းထားမိပါသည်။ နေနေကတော့ မပြီးနိုင် မစီးနိုင် အပြစ်တင်နေဆဲ ...

"ခက်တယ် ... အဲဒါတွေ သိပ်ခက်တာပေါ့၊ လူငယ်တွေရဲ့ အချစ်ကိစ္စတွေကို ဘာမှ မသိဘဲ ကြိုးဝင်ရှုပ်တာကိုး ..."

"ဒီမှာ နေနေ ..."

သူက ဒီတစ်ကြိမ်တော့ နေနေ့ကို ပြန်ပြောဖို့ အားတင်းလိုက်ရင်း ...

"အချစ်ကိစ္စတွေကို ဘာမှ မသိဘူးလို့တော့ ငါ့ကို အပြစ် မပြောပါနဲ့ကွာ၊ မင်းတို့ လူငယ်တွေရဲ့ တစ်ယောက်က တစ်ယောက်ကို ပိုင်ဆိုင်လိုတာတွေ ...၊ တစ်ယောက်ပြီး တစ်ယောက် ပြောင်းချစ်






တာတွေ၊ နှစ်ယောက်ပြိုင်တူ ချစ်တာတွေကို ငါ နားမလည်ပေမယ့် ... ချစ်ခြင်းမေတ္တာဆိုတာ ကိုယ် မေတ္တာ ရှိတဲ့သူကို စိတ်ချမ်းသာအောင် ဖြည့်ဆည်း ပေးချင် တာပဲ၊ အဲဒါပဲ ...၊ အဲဒါ တစ်ခုကိုတော့ ငါ ကောင်းကောင်း နားလည်ပါတယ်ကွာ ..."



www.burmeseclassic.com

www.burmeseclassic.com



▼ ▼ ▼

“ရော့…ဒီမှာ စာ၊ နှင် သိမ်းလိုချင်တဲ့ စာ၊ အနှစ်ကာလသက်တမ်း ဖျောက်ဖျက်ထားတဲ့ စာ”

“ဟင်…နှင် ဘယ်က ရတာလဲ…”

“ဘယ်ကရရဟာ… နှင် ဖတ်ရရင် ပြီးရောမဟုတ်လား…”

ညလေးသည် ညလေးရှေ့က စားပွဲပေါ်သို့ ချပေးလိုက်သော စာရွက်ကလေးကို အရင်စလို ကောက်ဖတ်လိုက်မိလေသည်။

**ညလေး…**

ကိုယ့်ကို မေ့လိုက်စေချင်ပါတယ်…

-ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ညလေး မျက်စိထဲ ရုတ်တရက်ပြာဝေ မှုန်မိုက်သွားလေသည်။ စာရွက်နွမ်းဖတ်ဖတ်ကလေးပေါ်မှ မိုးသားရဲ့ ခပ်သော့သော့ လက်ရေးတွေ...။ စာလုံးတွေက ညလေး နှလုံးသားကို မြားအစင်းစင်းလို စိုက်ဝင်လာသည်...။ ဒါဟာ ညလေး ဘယ်တုန်းကမှ...မျှော်လင့်မထားခဲ့သော ကံဆိုးမှု တစ်ခု ဖြစ်ပါသည်...။ ဒီနည်းနဲ့တော့ မိုးသား ညလေးကို လက်တွဲဖြုတ်သွားလိမ့်မယ်ဆိုတာ...ယုံနိုင်စရာ မရှိပါ...။ ညလေး ခေါင်းထဲမှာ ရုတ်တရက် ရှုပ်ထွေးသွားရပါသည်...။ အန်ကယ်သက် ဘာလို့ ဒီစာကို ဖျောက်ထားတာလဲ။ မိုးသားကရော...ပြန်တွေ့ချိန်မှာ မယ်ဝတီနဲ့ပတ်သက်မှုကို ဘာ့ကြောင့် ရှင်းရှင်းပြတ်ပြတ်မပြောဘဲ ညလေးကို ချစ်သူ တစ်ယောက်လို ဆက်သဘောထားခဲ့ရတာလဲ...။ ရုတ်တရက်မို့ အဖြေကို စဉ်းစားမရနိုင်ပါ...။

"အန်...အန်ကယ်သက်က ဒီစာကို ဘာဖြစ်လို့ ငါ့ကို မပေးခဲ့တာလဲ..."

"နင် စိတ်ဆင်းရဲမှာစိုးလို့တဲ့"

နေနေက ခပ်တိုးတိုးပြောပြီး ကျောခိုင်းနေလေသည်...။

"မိုးသားက...နင့်ဆီကို ဖုန်းဆက်တယ်၊ လက်ဆောင်





ပို့တယ်ဆိုတာတွေ အားလုံး...သူလုပ်ကြံလီဆယ် ပြောခဲ့တယ်..."

"ဘာဖြစ်လို့ အဲဒီလို ပြောရတာလဲ"

"နင်...စိတ်ချမ်းသာအောင်လို့တဲ့၊ အခုလည်း နင် စိတ်ချမ်းသာအောင် သူ့ဆိုင်ကို ရောင်းမယ်ထင်တာပဲ၊ သူ မရှိတော့တဲ့အခါ...ဒီဆိုင်ကို ဂရုစိုက်ဖို့၊ ဆိုင်ရှင်အသစ်ကို...လေးစားရိုကျိုးဖို့...ဆိုင်က အလုပ်သမားတွေကို မှာနေတာ ငါ ကြားတယ်..."

ညလေးသည် အန်ကယ်သက် မျက်နှာကို မြင်ယောင်ရင်း ရင်ထဲ လှပ်ခနဲ တုန်ခါသွားလေသည်...။ ညလေး နှလုံးသားမှာ တစ်ခြမ်းက...အန်ကယ်သက်အတွက်၊ တစ်ခြမ်းက မိုးသားအတွက်...မတူညီသော ခံစားချက်များ ဖြင့် လှိုက်လှဲကာ...ဘာပြောရမှန်းမသိဘဲ မျက်ရည်တွေသာ အဆက်မပြတ် ကျလာသည်။

"နေနေရယ်...ငါ...ငါ...မယ်ဝတီနဲ့ တွေ့ချင်တယ်၊ သူ...ဘာဖြစ်လို့ ငါ့ချစ်သူကိုမှ...လိုချင်ရတာလဲ၊ ငါတို့နှစ်ယောက် ချစ်သူတွေပါဆိုတာ သူမသိဘူးလား၊ သိရက်နဲ့...ဘယ်လိုစိတ်ထားမျိုးနဲ့...ခွတ်တိုးခဲ့တာတဲ့လဲဟင်..."



www.burmeseclassic.com

www.burmeseclassic.com



"နင်က မယ်ဝတီကိုပဲ တွေ့ချင်တာလား၊ မိုးသား ကိုရော မတွေ့ချင်ဘူးလား ..."

"ဟင့်အင်း ... ငါ မတွေ့ချင်တော့ဘူး ...၊ ငါ ... သူ့သဘောထားကို မသိချင်တော့ဘူး၊ မယ်ဝတီ သဘောထားကိုပဲ သိချင်တယ် ...၊ မိန်းမ နှစ်ယောက် ဟာ ဘယ်လိုခံယူချက်တွေနဲ့ ယောကျ်ား တစ်ယောက် ကို တစ်ပြိုင်နက်တည်း ချစ်သူအဖြစ် သတ်မှတ်ထား ကြရမှာလဲဟင်"

ညလေးသည် ရှိုက်သံတစ်ဝက်နှင့် ခပ်တိုးတိုး ရေရွတ် ညည်းညူလိုက်လေသည်။






www.burmeseclassic.com

www.burmeseclassic.com

♥ ♥ ♥

ထိုနေ့ညနေက ညလေးသည် ... နေနေ စုံစမ်းပေးသည့် မယ်ဝတီ့လိပ်စာအတိုင်း ... မယ်ဝတီ ရှိနေသည့် တိုက်ခန်းသို့ ရောက်ရှိလာခဲ့လေသည် ...။

လှေကားထောင့်ချိုးများမှာ အလင်းရောင် နည်းပါးပြီး လူသူဖြတ်သွားဖြတ်လာ နည်းပါးသော တိုက်ခန်း လှေကားတစ်တွေပေါ် နင်းလာသည့် ကိုယ့်ခြေသံကိုပင် ကိုယ်ပြန်ကြားနေရသည် ...။ ညလေးသည် ... စိတ်ကို ငြိမ်သက်အောင် ကြိုးစားသော်လည်း ... စိတ်လှုပ်ရှားမှုကြောင့် လက်များတွေပင် အေးစက်လာသည် ...။ ညလေးက မယ်ဝတီ လို ရင့်ကျက် သွေးအေးသော မိန်းမတစ်ယောက်တော့ မဟုတ်ခဲ့ပါ ...။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ညလေးက ... မယ်ဝတီတိုက်ခန်းတံခါးဝမှာ ခြေစုံရပ်ရင်း ဘဲလ်မနှိပ်မိ အသက်ဝဝ ရှူနေရသည်။

"ကျွီ ..."

ရုတ်တရက် ညလေးရှေ့က တံခါး ပွင့်လာတာမို့ ညလေး လန့်ဖျပ်တုန်ယင်သွားသည် ...။

"ဟယ် ... ညလေးညိုပါလား ... မယ့်ဆီ လာတာလား ..."

"ဟုတ်တယ် ...၊ ကျွန်မ ရောက်နေတာ ရှင်ဘယ်လိုသိလဲ ..."

"ခြေသံကြား[illegible]နဲ့ တံခါးဖွင့်ကြည့်လိုက်တာ၊ မီးပျက်နေတာနဲ့ ဘဲလ်ကနှိပ်ရင် မမြည်ဘူးလေ၊ တချို့ ဧည့်သည်တွေက မီးပျက်မှန်းမသိဘဲ ထပ်ထပ်နှိပ်ပြီး လူမရှိဘူးထင်ပြီး ပြန်သွားတတ်လို့ ဖွင့်ကြည့်လိုက်တာ ... ရှင် ဖြစ်နေတယ်"

"ကျွန်မ ဖြစ်နေတော့ ရှင် အံ့သြမသွားဘူးလား မယ်ဝတီ"

"အို ... ဘာအံ့သြစရာရှိလဲ၊ တစ်နေ့ ရှင် မယ့်ဆီ ရောက်လာလိမ့်မယ် ဆိုတာ မယ် သိသားပဲ၊ လာ





လေ ... လာ ... ထိုင် ... အေးအေးဆေးဆေးပေါ့၊ မယ်က ပန်းသီး စားမလို့ အခွံနွှာနေတာ ..."

ညလေးက သွေးပူသလောက် မယ်ဝတီက သွေးအေးလွန်းနေခဲ့ပါသည် ...။ မယ်ဝတီက ဧည့်ခန်းက ဆိုဖာပေါ်မှာ ပြန်ထိုင်ကာ မှန်စားပွဲပေါ် တင်ထားသော အခွံနွှာလက်စ ပန်းသီးနှင့် ဓားကို ပြန်ကောက်ကိုင်လိုက်ပြီး အေးအေးဆေးဆေး ပန်းသီးနွှာရင်း ...

"ညလေးညို ပြောစရာရှိတာ ပြောနိုင်ပါတယ်၊ မယ် နားထောင်နေပါတယ် ..."

"ရှင်ဟာ မိုးသား ချစ်သူ ဟုတ်မဟုတ် ကျွန်မ သိချင်ပါတယ် မယ်ဝတီ ..."

"ဟုတ်တယ်၊ မယ်က မိုးသား ချစ်သူပါ ..."

"ကျွန်မက မိုးသား ချစ်သူဆိုတာကိုရော ရှင်သိရဲ့လား ..."

"မယ် ရိပ်မိပါတယ် ...၊ မယ်တို့အားလုံး ဆုံတဲ့ညမှာ ညလေး မိုးသားကိုကြည့်တဲ့ အကြည့်တွေကို မယ် သိခဲ့တယ် ..."

"အဲဒီလို သိပြီးတဲ့နောက်ပိုင်းမှာလည်း ရှင်က မိုးသား



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူအဖြစ် လိပ်ပြာသန့်သန့် ရပ်တည်နိုင်သေးတယ်ပေါ့ ...”

“ဖြည်းဖြည်းပြောပါ ညလေးညို၊ ရှင် သိချင်တာတွေ အားလုံးကို မယ် ဖြေပါ့မယ်၊ ရော့ ... ဒီမှာ ဒီပန်းသီးလေးတော့ စားလိုက်ပါဦး ...”

မယ်ဝတီက နာပြီးသွားသော ပန်းသီးကို ထက်ဝက် ခြမ်းကာ ညလေးထံ ကမ်းပေးလေသည်။ ညလေးက မရိုင်းချင်တာမို့ ပန်းသီးခြမ်းကို လှမ်းယူလိုက်ရပါသည်။

“စားပါ ညလေးညို၊ ရှင် ဒီပန်းသီးကို စားပြီးသွားတော့မှ ... မယ်တို့ စကား ဆက်ပြောကြတာပေါ့၊ မယ်လည်း စားလိုက်ဦးမယ် ...”

မယ်ဝတီက ညလေးနှင့်အတူ ပန်းသီးတစ်ခြမ်းကို ကိုက်စားလေသည် ...။ နှစ်ယောက်လုံးစားပြီးသွားချိန်တွင် ... မယ်ဝတီက ညလေးကို စိုက်ကြည့်ရင်း ...

“တို့နှစ်ယောက်ဟာ ... ပန်းသီးတစ်လုံးကို တစ်ခြမ်းစီ စားခဲ့သလိုပဲပေါ့ ...၊ အချစ်တစ်ခုကို ခွဲဝေပြီး ချစ်ခဲ့ကြတယ်၊ ရှင်က ရှင့်ဘက်ခြမ်းက ရှင်ချစ်နိုင်သလောက် ချစ်ခဲ့သလိုပဲ၊ မယ်ကလည်း မယ့်ဘက်ခြမ်းက ချစ်နိုင်သလောက် ချစ်ခဲ့တယ်၊ ချို့တော့





ချို့ငြိမ်ခဲ့ကြတယ် မဟုတ်လား၊ ဘယ်သူမှ မသာ၊ ဘယ်သူမှ မနာခဲ့ဘူး မဟုတ်လား ...”

“ကျွန်မကတော့ ရှင့်လိုစိတ်မျိုးမထားနိုင်ဘူး မယ်ဝတီ၊ ကျွန်မဟာ ချစ်သူရှိတဲ့ မိန်းမတစ်ယောက် ဖြစ်တယ်၊ ချစ်သူရှိတဲ့ မိန်းမဆိုတာ ကိုယ့်ချစ်သူကို အမြဲသစ္စာရှိနေသလို၊ ကိုယ့်ချစ်သူကိုလည်း ကိုယ့်အပေါ် သစ္စာရှိစေချင်တယ်၊ ကျွန်မက သူ့ တစ်ယောက်ကိုပဲ ချစ်သလို သူကလည်း ကျွန်မ တစ်ယောက်ကိုပဲ ချစ်ရမယ်၊ တခြား မိန်းမတစ်ယောက်နဲ့ ပတ်သက်ရင် သဝန်တိုမယ်၊ ကိုယ့်ချစ်သူကို ကိုယ်ပဲပိုင်ဆိုင်ချင်တယ်၊ ကိုယ့်ချစ်သူရဲ့ ဂရုစိုက်မှုတွေကို ကိုယ်ပဲ အချိန်တိုင်း လိုချင်လောက်အောင် လောဘကြီးတယ်၊ ကျွန်မချစ်သူဟာ သူပါပဲလို့ တစ်လောကလုံးရှေ့မှာ ထုတ်ဖော်ပြောရဲသလို ... ကိုယ့်ချစ်သူကလည်း ကိုယ့်ကို ဒါ ကျွန်တော့် ချစ်သူပါလို့ တစ်လောကလုံးရှေ့မှာ ဝန်ခံရဲတာကို အလိုရှိတယ်၊ အဲဒါ ... ချစ်သူရှိတဲ့ မိန်းမတိုင်းရဲ့ ခံယူချက်ပဲ ...”

“ညလေးပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ကျွန်မသိ တယ်၊ ချစ်သူရှိတဲ့ မိန်းမ ဆိုတာ ... ပိုထူခြ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်တဲ့ ကိုယ့်ချစ်သူက … ကိုယ့်အပြင် တခြားမိန်းမ တစ်ယောက်ကိုလည်း ချစ်သွားနိုင်တာ၊ ကိုယ်မကြိုက်တဲ့ အမှားတွေကို ကျူးလွန်နိုင်တာ၊ ကိုယ့်ကို ဥပေက္ခာ ပြုနိုင်တာတွေ၊ ကိုယ့်အပေါ် လှည့်စားနိုင်တာ …၊ တစ်နေ့နေ့မှာ ကိုယ့်မျှော်လင့်ချက်တွေကို ရိုက်ချိုး ဖျက်ဆီးသွားနိုင်တာ …၊ အဲဒါတွေကို ဘယ်လိုနည်းနဲ့ ရင်ဆိုင်တုံ့ပြန်မလဲ ဆိုတာကိုလည်း ကြိုတင်ပြင်ဆင်ထားသင့်တယ် …"

မယ်ဝတီ့စကားအဆုံးတွင် ညလေးသည် ရုတ်တရက် တိတ်ဆိတ်သွားခဲ့ရပါသည်။ ညလေး တုန်လှုပ်နေသလောက် မယ်ဝတီက သွေးအေးငြိမ်သက်နေလေသည်။

"ရှင် … ရှင်ကရော … ကြိုတင်ပြင်ဆင်ထားခဲ့သလား မယ်ဝတီ …၊ အဲဒီလို ပြုမူခံရရင် ရှင် ဘယ်လို ဖြေရှင်းမှာလဲ …"

"ခွင့်လွှတ်တဲ့နည်းနဲ့ ဖြေရှင်းမယ် ညလေးညို၊ သူ ဘာလုပ်လုပ် မယ် ခွင့်လွှတ်မယ်၊ နားလည်ပေးမယ် အဲဒါအချစ်ပဲ၊ မယ် စံထားတဲ့အချစ်ပဲ"

"ရှင် မိုက်မဲတာပဲ၊ ကျွန်မကတော့ အဲဒီလိုသဘော မထားနိုင်ဘူး မယ်ဝတီ …"



BURMESE CLASSIC .com



"ရှင့်နှလုံးသားက မိုးသားလို အတ္တကြီးတဲ့ ယောကျ်ား တစ်ယောက်ကို ချစ်ဖို့ မရင့်ကျက်သေးဘူး ညလေးညို၊ အတ္တကြီးတဲ့ ယောကျ်ားတစ်ယောက်ကို ချစ်မိတဲ့ မိန်းမဆိုတာ ကိုယ့်အတ္တကို စွန့်ရစမြဲပဲ"

ညလေးသည် မယ်ဝတီ့ရှေ့မှ ဖြည်းလေးစွာ ထ,ရပ်လိုက်မိလေသည်။ ခုတော့ ညလေးသည် … ဘယ်လို အချစ်မျိုးဟာ ကိုယ်နဲ့ထိုက်တန်သလဲဆိုတာ သိခဲ့ပြီ …။


ညလေး … မယ်ဝတီ့ကို ကျောခိုင်းလိုက်တော့ မယ်ဝတီက ခပ်တိုးတိုး လှမ်းပြောလိုက်သည်။

"ဂွတ်ဘိုင် ညလေးညို … မယ်တို့ ပန်းသီးတစ်လုံးကို အတူတကွ စားခဲ့ကြတဲ့အဖြစ်ကို မယ်အမြဲအမှတ် ရနေမှာပါ …"



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

♥ ♥ ♥

ပေါင်မုန့်ဆိုင်ကလေးသည် ... ဟိုတုန်းက လိုပဲ ... အေးဆေးငြိမ်ဝပ်စွာ ရှိနေခဲ့သည် ...။ ဆိုင်ကလေးရဲ့ ကောင်တာဆီမှာ ... ဈေးရောင်းသူက စိတ်မပါ လက်မပါ ငိုက်မျဉ်းနေဆဲ ...။ မုန့်တံခါးတွေကတော့ မသိမသာ မှုန်မှိုင်း လာခဲ့ပြီ။ ညလေးရောက်မလာခဲ့သည့် တစ်ပတ် အတော အတွင်း ... အရာရာဟာ ... ညလေး ဒီဆိုင်ကို မရောက်ခင် အခြေအနေအတိုင်း ခြောက်ခြောက်သွေ့သွေ့ မှိုင်းမှိုင်းမှုန်မှုန် ရှိနေခဲ့သည်။ မုန့်တံခါးမှာချိတ်သည့် ကတ်ပြားလေးကလည်း close ဘက်ကို အပြင်ဘက်မှာ အမြဲမြဲအလျှော့လျှော့ ထားဆဲ ...။

ညလေးသည် ... မုန့်တံခါးချပ်ကို အသာ



www.burmeseclassic.com

www.burmeseclassic.com



အယာ တွန်းဖွင့်ဝင်ခဲ့ပြီး open ဘက်ကို အပြင်သို့ လှည့်၍ ချိပ်လိုက်သည်။ အဲ့ဒီနောက် ... ခြေကို ဖွနင်းကာ နံရံကပ် ဗီရိုလေးကို သွားဖွင့်လိုက်သည်။ လျှော်ဖွပ်ပြီးသား ညလေး ဝတ်နေကျဝတ်စုံကလေးက သူ့နေရာနှင့်သူ အသားတကျ ရှိနေဆဲပင် ...။ ညလေးက ဝတ်စုံဖြူလေးကို ဝတ်လိုက်ပြီး အန်ကယ်သက် ရှိနေသော ဆိုင်နောက်ဘက်သို့ ဝင်လာခဲ့လေသည် ...။

အန်ကယ်သက်က ညလေးဘက်ကို ကျောခိုင်းရပ်လျက် ဂျုံတွေကို နယ်နေခဲ့သည်။ ညလေးက အန်ကယ်သက် နံဘေးက လွတ်နေသော နေရာလေးမှာ ဝင်ရပ်လိုက်ရင်း ... ဂျုံတွေကို မင်သေသေ ဝင်နယ်လိုက်ပါသည် ...။ ညလေး ရှိနေတာကို အန်ကယ်သက် သိသော်လည်း လှည့်မကြည့်ဘဲ အလုပ်တွေကိုသာ ကျုံးလုပ်နေသည်။ ညလေးကလည်း အန်ကယ်သက်ကို မကြည့်ဘဲ ... ဂျုံတွေကိုသာ အားစိုက်နယ်လိုက်ရင်း ...

"အန်ကယ်သက် ... ညလေး အလုပ်ပြန်ဝင်ပြီနော် ... လက်ခံမယ် မဟုတ်လား ..."

"ညလေးကို ဆိုင်ရောင်းဖို့ ကျွန်တော် ဆုံးဖြတ်လိုက်ပြီးပါပြီ၊ ကျွန်တော် ဘယ်တော့ ဆိုင်က





ဖယ်ရပါ့မလဲ ..."

"အန်ကယ်သက် ဖယ်စရာ မလိုတော့ပါဘူး"

"ကျွန်တော့်ကို ဒီမှာပဲ အလုပ်ဆက်ခန့်မယ်ဆိုရင်တော့ ကျွန်တော် ဝမ်းသာမိမှာပါ ..."

"အန်ကယ်သက်က ဘာဖြစ်လို့ ဒီဆိုင်ကို ညလေးကို ရောင်းဖို့ ဆုံးဖြတ်ရတာလဲ ..."

"ညလေး စိတ်ချမ်းသာစေချင်လို့ပါ ..."

"ညလေးကတော့ မဝယ်တော့ဘူးလို့ ဆုံးဖြတ်လိုက်ပါပြီ"

"ဘာဖြစ်လို့လဲ ..."

"အန်ကယ်သက် စိတ်ဆင်းရဲမှာစိုးလို့ပါ ..."

အန်ကယ်သက်က တအံ့တဩ မျက်ဝန်းတွေ ပြူးဝိုင်းကာ ညလေးကို ဆတ်ခနဲ လှည့်ကြည့်လိုက်လေသည်။ သူ ... ညလေးကို အဓိပ္ပာယ်ရှာသလို အကြာကြီး စိုက်ကြည့်နေသည်။ နောက်တော့ သဘောပေါက်သွားပုံရကာ သူ့မျက်နှာက ပြုံးပြုံးကြီး ဖြစ်သွားပြီး သူ့လက်ထဲက ဂျုံတွေကိုသာ ကယောင်ကတမ်းဖြင့် အားပါးတရ ကျုံးကျုံး၍ နယ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းမေတ္တာဆိုသည်မှာ ...

တစ်ယောက် စိတ်ချမ်းသာမှုကို တစ်ယောက်က တတ်နိုင်သလောက် ကြိုးစားဖြည့်ဆည်းပေးခြင်းသာ ဖြစ်ပါသည်။

ပုညခင်

9.1.2003

5 : 36 PM



ရွှေသမင်စာပေ

www.burmeseclassic.com